# လမ်းဖြတ်ကူးသော ဝတ္ထုတိုများ

မင်းလူ

indy.remy ရိုက်တင်သည်

# လမ်းဖြတ်ကူးသော နလုံးသား

(၁)

သူ့ကိုမွေးပြီး နာရီပိုင်းလောက်အကြာတွင် သူ့အမေ ဆုံးသည်။ သူ့အဖေနောက်ကို လိုက်သွားခြင်း ဖြစ်၏။ သူ့အမေသည် သေဆုံးခါနီးဆဲဆဲတွင် သူ့သားလေးအား " မောင်စု " ဟု ခေါ်ပါလေဟု မှာကြားခဲ့သည်။

(၂)

မည်သို့ပင်ဖြစ်စေ မောင်စုသည် ယခုအခါ ရေခဲရေ ရောင်းနေ၏။ ဆူးလေဘုရားအနီး ရသာမုန့်တိုက် (ယခင်ရှားမီး) နှင့် မျက်နှာချင်းဆိုင်၊ မဟာဗန္ဓုလ လမ်းဘေး အမှတ် ၁၃၊၁၃၊၁၄ ဘတ်စကား မှတ်တိုင်များ တစ်ဝိုက်သည် သူ့ရေခဲရေ ဖြန့်ဖြူး ရာဌာနဖြစ်သည်။

ခွေးခြေတစ်ခုပေါ်တွင် သံပုံးဝိုင်းရှိသည်။ သံပုံးဝိုင်း ပေါ်တွင် ရေခွက်တင်ရန် သံဆန်ကာ ရှိသည်။ သံဆန်ကာနှင့်ဆက်လျက် သံတိုင်ကလေးတွင် ရေစစ်သုံးခု အဆင့်ဆင့်ရှိသည်။ အပေါ်ဆုံး ရေစစ်ထဲတွင် ရေခဲတုံးအသေး တစ်တုံးရှိသည်။ သံဆန်ခါပေါ်တွင် ရေခဲတုံးကို စွပ်ကျယ်စဖြင့် ဖုံးအုပ်ထားသည်။

ရေခဲကိုစွပ်ကျယ်စဖြင့် အုပ်ထားလျှင် ကြာရှည် ခံကြောင်း မောင်စုအတွေ့အကြုံအရ သိသည်။ သိပ္ပံပညာအရမူ စွပ်ကျယ်စသည် အပူကာပစ္စည်း ဖြစ်သည်။ ၎င်းသည် အပြင်က အပူဓါတ် ရေခဲဆီသို့ အလွယ်တကူ မရောက်အောင် ရေခဲ၏ အအေးဓါတ် အပြင်သို့ အလွယ်တကူ မရောက်အောင် ထိန်းထား ပေးသည်။ သို့ရာတွင် သိပ္ပံပညာကို မောင်စု မသိချေ။ စိတ်လည်း မဝင်စားချေ။ သူစိတ်ဝင်စားသည်မှာ ပုံးထဲကရေများတဖြည်းဖြည်း လျော့လာ၊ သူ့ပိုက်ဆံခွက်ထဲမှာ ငွေစအကြွေများ တဖြည်းဖြည်း များလာဖို့သာဖြစ်လေသည်။ လောကကြီးတွင် အစစ်အမှန်တရား ဟူသည် ရှိသလော။ ရှိလျှင် မည်ကဲ့သို့သော အရာပေနည်းဟု တွေးခေါ်ရှင်တို့ ကြံဆခဲ့သည်။ အစစ်အမှန် တရားသည် အာပေါဓါတ်ဖြစ်သည် ဟူ၍လည်း ကောင်း၊ အနန္တ ဝိညာဉ်တော် ဖြစ်သည်ဟူ၍ လည်းကောင်း၊ အရာဝတ္ထုတို့၏ ဆန့်ကျင်ပေါင်းစည်း ခြင်း ဖြစ်သည်ဟူ၍လည်းကောင်း အမျိုးမျိုးတွေးဆ ခဲ့ကြသည်။ မောင်စုအဖို့မူ အစစ်အမှန်တရားသည် ရေခဲတုံးနှင့် ရေခဲရေပင်ဖြစ်သည်။ ရေခဲတုံးသည် သူ့ဘဝ၊ ရေခဲရေဖြင့် လူအများကို ငြိမ်းအေး စေမည်။

(၃)

မောင်စုသည် ပိန်၏။ မည်း၏။ ဆံပင်ရှည်၏။ ဆံပင်ညှပ်ရန် ပိုက်ဆံမရှိသောကြောင့် ဖြစ်လေ သည်။ သူ့အင်္ကျီမှာ အဖာရာ အထေးရာတွေရှိ၏။ ထွင်ထားခြင်းမဟုတ်ပါချေ။ တကယ် ပေါက်ပြဲ နေသောကြောင့် ဖာထားခြင်း ဖြစ်လေသည်။ မောင်စုအကြောင်းပြောလျှင် မတူးအကြောင်း ပါရမည်။ မတူးမှာ ခါးမရှိချေ။ ဝမ်းပိုက်နည်းနည်းစူ၏။ သို့ရာတွင် ဝတော့မဝချေ။ သူ့ခုံထိုးသည် တမားသီးထက်တော့ ကြီး၏။ မာလကာသီး လောက်တော့ရှိမည်။ ကျစ်ဆံမြီး ကျစ်ထားသောအခါ ပြားနစ်ဆယ်တန် အိုကြာကွေးနှင့် တူလေသည်။ သူ့အသား ညိုညစ်၏။ သူ့သွားများသည် မညီညာချေ။ သွားမတိုက်သောကြောင့် သူ့သွားအရင်းပိုင်းများသည် အဝါရောင်ဖြစ်နေ၏။ မောင်စု ကမူ ပုလဲလုံးကလေးများကို ရွေကွပ် ထားသည်ဟု ထင်မိလေသည်။ မတူးသည် ကိတ်မုန့်ကို မစားဖူးချေ။ သို့ရာတွင် သူ ကိတ်မုန့် ရောင်းသည်။ အရင်ကတော့ ရသာ မုန့်တိုက်ရှေ့တည့်တည့်မှာရောင်းသည်။ ရသာမုန့်တိုက်ရှေ့တွင် ဈေးမရောင်းရ ကြေညာလိုက် သောအခါ ရသာမုန့်တိုက်ရှေ့တွင် မရောင်း တော့ချေ။ ရသာမုန့်တိုက်ဘေးသို့ ရွှေ့ရောင်း၏။ ကျူလီယာဗလီ၏ ဆင်ဝင်အောက်မှာ...။ မောင်စု၏ ဆိုင်နှင့် မတူး၏ဆိုင်တို့၏ကြားတွင် မဟာဗန္ဓုလ ရှိ၏။ မဟာဗန္ဓုလလမ်းလို့ ဆိုလိုသည်။ မောင်စုသည် ငါးပြားကအစ နမြောတက်သည်။ ပိုက်ဆံငါးပြား ဆိုတော့ ခုခေတ်မှာ ဘာမှ သုံးလို့မရဘူးဟု အချို့က ပြောကြသည်။ မောင်စုအမြင်မှာ သုံးတက်လျှင် သုံး၍ရသည်။ တစ်ခွက်လျှင် တစ်ဆယ့်ငါးပြားတိတိတန်သော မောင်စု၏ ရေခဲရေကို မတူးသည် တစ်နေ့သုံးခွက်လောက် အလကားသောက်သည်။ သူရောင်း သောကိတ်မုန့်ကိုမူ မောင်စုအား တစ်ခါမျှ မကျွေးဖူးချေ။ သို့ရာတွင် မောင်စုကျေနပ်သည်။ မတူးသည် မောင်စုထက် သုံးနှစ်ခန့်ငယ်သည်။ သို့ရာတွင် မောင်စုကို 'နင်' နှင့် 'ငါ' နှင့်ပြောသည်။ ယင်းကိုလည်းမောင်စုကျေနပ်သည်။ အကြောင်းမှာ မောင်စုသည် မတူးကို ချစ်နေသော ကြောင့် ဖြစ်သည်။

(၄)

မောင်စုသည် မတူးနှင့် မည်သို့မည်ပုံ စတင်သိကျွမ်း ခဲ့ရကြောင်းကို မမှတ်မိတော့ချေ။ အကြောင်းမှာ သူသည် ဒိုင်ယာရီ မရေးတတ်သောကြောင့် ဖြစ်လေသည်။ သူ့အလိုလို သိသွားကြသည်ဟု ထင်သည်။ မနက်ဆိုလျှင် မောင်စုက မတူးကို ဝင်ခေါ်သည်။

အတူတူလာကြသည်။ နေ့လယ်မှာ မတူးက မောင်စု၏ ရေခဲရေကိုတောင်းသောက်သည်။ ညနေ အတူတူပြန်ကြသည်။ မောင်စုက မတူး၏ အိမ်ကို လိုက်ပို့သည်။ တခြား ထူးထူးခြားခြားမရှိ။ နှစ်ခုတော့ ရှိသည်။

(၅)

"မတူး ငါ ပိုက်ဆံတစ်ကျပ်ကြီး ကောက်ရတယ်ဆရာ၊ နင်ဘာစားချင်လဲငါဝယ်ကျွေးမယ်" "ငါလား လဟာပြင်ဈေးက ခေါက်ဆွဲပြုတ်ကြော်လည်း စားချင်တယ်။ ပြီးတော့ ဖာလူဒါလည်း သောက်ချင်တယ်။ ပြီးတော့..." "ဟာ...အဲဒီလောက်ကြီးတော့ ငါ ဘယ်တတ်နိုင်ပါ့မလဲ၊ ကောက်ရတာက တစ်ကျပ်တည်းရယ်" "နင်က ဘာစားချင်လဲဆိုလို့ ငါစားချင်ရာပြော ရတာပဲ။ ဒီလိုလုပ်လေ၊ နင်ရောငါရော စားလို့ရအောင် မုန့်ဟင်းခါးတစ်ကျပ်ဖိုး သွားဝယ်ပြီး နှစ်ယောက်တူတူစားမယ်"

(၆)

"မောင်စု နင် ဘာစားမလဲ၊ ငါကျွေးမယ်"
"အာလူး၊ နင်ဘယ်တုန်းက ငါ့ဝယ်ကျွေးဖူးလို့လဲ"
"တကယ်ပြောတာပါဟ၊ ဒီနေ့ ငါ့မွေးနေ့လေ"
"အံမယ် နင်က နင့်မွေးနေ့ကို သိလို့လား"
"သိတာပေါ့ဟ၊ စက်တင်ဘာ သုံးရက်နေ့တဲ့။ ဒီနေ့ပဲ ငါ့အဒေါ်က ပြောလိုက်တာ၊ နင်ကော နင့်မွေးနေ့ကို သိလား"
"ဟင့်အင်း၊မသိဘူး"
"အဲဒါထားစမ်းပါဦး၊ နင်ဘာစားချင်လဲ"
"ဒန်ပေါက်ထမင်း"
"ဟယ်၊ အဲဒါတော့ ငါလည်းမတတ်နိုင်ဘူး"
"ဒီလိုလုပ်လေ၊ နင်ရော ငါရော စားလို့ရအောင် မုန့်ဟင်းခါး တစ်ကျပ်ဖိုး သွားဝယ်ပြီး အတူတူ စားကြတာပေါ့"

(၇)

မောင်စုသည် မတူးကိုချစ်နေသည်။ သို့ရာတွင် သူမပြောရဲချေ။ ပြောဖို့ ကြိုးစားခဲ့သည်မှာလည်း အကြိမ်ကြိမ်။ ဒီနေ့တော့ တကယ်ပြောတော့မည်ဟု ဆုံးဖြတ်သွားခဲ့သော်လည်း မတူးကို တွေ့လိုက် သည်နှင့် သူဆွံ့အသွားရသည်။ သူများ တကာတွေ ဝင်ဦးသွားမည်ကိုလည်းစိုးရိမ်သည်။
"မတူးနော်၊ သကြားလုံးရောင်းတဲ့ ကောင်တွေနဲ့ သိပ်အရောမဝင်နဲ့။ သူတို့က ခြေသလုံးအိမ် တိုင်တွေ" ထို့ထက်ပို၍ မပြောရဲ။ အချိန်တွေ အများကြီး ကျန်ပါသေးတယ်ဟူ၍ သူစိတ်ကိုသူဖြေသည်။ သို့ရာတွင် အချိန်နှင့် ရေခဲတုံးသည် လူကို မစောင့်ချေ။

(၈)

နက်ဖြန်ဆိုလျှင် မတူး တောပြန်ရတော့မည်။ တောက သူ့အမေ အသည်းအသန် ဖြစ်နေသော ကြောင့် ဖြစ်သည်။ သူ့အမေ ပြန်နေကောင်းလာသည်အထိ တောမှာနေရမည်။ သူ့အမေ နေကောင်းပြီးသော်လည်း ပြန်လာချင်မှ ပြန်လာရတော့မည်။ မောင်စုသည် သည်နေ့တော့ သူပြောချင်နေသော စကားကလေးကို ပြောတော့မည်ဟု ဆုံးဖြတ် လိုက်သည်။ မတူး ဆိုင်မထွက်သောကြောင့် မတူးအိမ်သို့လာခဲ့သည်။ သူရင်ထဲက စကားလေးကို ဖွင့်ပြောလိုက်တော့သည်။
"ဟိုရောက်ရင်ငါ့ဆီစာရေးနော်"
မတူးကခေါင်းခါသည်။
"ဘာဖြစ်လို့လဲဟယ်"
"မရေးချင်ပါဘူး"
"ရေးပါဟယ်၊ဘာဖြစ်လို့လဲ"
"ငါမှစာမတက်ဘဲ"
"နင်စာမတက်ဘူးဟုတ်လား"
"အေး...နင်ကော"
"ငါလည်းမတက်ဘူး"
စာထည့်ပါလို့သာပြောရသည်။ မောင်စုထံသို့စာထည့်ရန် လိပ်စာမရှိချေ။ မောင်စု နေသော နေရာသည် အိမ်နံပါတ်မရှိ၊ လမ်းနံပါတ်မရှိ။

ရပ်ကွက်အမည်မရှိ။ အမှန်တော့ မောင်စုမှာ အိမ်ခြေရာခြေပင် အတည် တကျမရှိပါ။ "ရန်ကုန်မြို့မောင်စုကိုပေးပါ" ဆိုလျှင် မောင်စုထံ မည်သို့ ရောက်ပါမည်နည်း။

(၉)

ရန်ကုန်တွင် မတူး မရှိတော့သည့်နောက် ရသာ မုန့်တိုက်သည် မောင်စုအတွက် အဓိပ္ပါယ်မရှိတော့။ မတူး၏ နေရာတွင် ယခု ကုလားမကြီးတစ်ယောက် ရောက်နေသည်။ ထိုကုလားမကြီးကိုမြင်တိုင်း မတူးကိုသတိရသည်။
ကိတ်မုန့်ကို မြင်တိုင်းလည်း သတိရသည်။ ယခုအခါ ရေခဲရေကို အလကားသောက်မည့်သူ မရှိတော့။ သို့ရာတွင် သူဝမ်းမသာ။ မတူးအကြောင်းကို သူသိချင်နေသည်။ မတူးနေထိုင်ကောင်းပါရဲ့လား။ တောမှာ ပျော်ပါ့မလား။ မတူးသည် သူ့ကို သတိရနေမလား။ မတူးကို သူချစ်နေကြောင်း ဖွင့်မပြောလိုက်ရ။ အကယ်၍ မတူးပြန်လာခဲ့လျှင် သူဖွင့်ပြောတော့မည်။ထိုအခါ မတူးသည် သူ့ကို....
"ဟဲ့...မောင်စု"
"အင်...အင်...ဘာလဲဗျ...."
သူ့အတွေးကိုနှောင့်ယှက်သော စီးကရက်သည် မိန်းမကြီးကိုဟောက်လိုက်သည်။
"နင်မတူးအကြောင်းသိပြီးပြီလား"
"ဘာလဲ၊ဘာကိုလဲ"
"ဒီနေ့ သူ့အဒေါ်နဲ့တွေ့လို့ပြောလိုက်တယ်။ မတူးကို သူတို့ရွာက ကုန်စုံဆိုင်ရှင်တရုတ်နဲ့ ပေးစားမလို့တဲ့"
"ဘာပြောတယ်"
"အဲဒီတရုတ်က အသက်လေးဆယ်လောက်ရှိပြီတဲ့။ မုဆိုးဖိုတဲ့၊ ကလေးက လေးယောက်နဲ့"
မောင်စုလက်ထဲတွင် ကိုင်ထားသော ရေခဲတုံး ကြီးသည် ပလက်ဖောင်းပေါ်သို့ လွတ်ကျသွားသည်။ အစိတ်စိတ် အမွှာမွှာ ကွဲထွက်သွားသည်။
သူသည် ပလက်ဖောင်းပေါ်သို့ ဒူးထောက် ကျသွားသည်။ ရေခဲတုံး အစကလေးတစ်တုံးကို ယောက်ယမ်းကောက်ကိုင်မိသည်။ ရေခဲတုံးကလေးသည် ပူလွန်းသဖြင့် ပြန်ပစ် ချလိုက်မိသည်။ ရေခဲတုံးသည် သူ့ဘဝ။
မောင်ထော်လေးလမ်းထဲက ကျူလီယာဗလီဆီမှ အသုဘမော်တော်ယာဉ် ထွက်လာသည်။

(၁၀)

ရေခဲရေသည် အလွန်အေးစက်နေ၏။ သူ့ရင်သည် ခြစ်ခြစ်တောက် ပူနေသည်။ ရေခဲပုံးတွင် ရေစက်ကလေးတွေ ကပ်နေကြသည်။ မောင်စု၏ မျက်နှာတွင် ချွေးစက်တွေ ကပ်နေကြသည်။ "ငြိမ်းချမ်းရေး ရေခဲရေ၊ ငြိမ်းချမ်းရေး ရေခဲရေ" အရင်က သူတက်ကြွစွာအော်ခဲ့သည်။ ခုတော့ဖြင့် မအော်နိုင်။ ငူငူငိုင်ငိုင်ကြီး တိတ်ဆိတ်စွာ ရပ်နေသည်။
သူ့စိတ်သည် မွန်းတည့်နေသော နေလုံးကြီးဆီသို့ ရောက်နေသည်။ ညနေကျတော့ ဆူးလေဘုရားပေါ် သူရောက်သည်။ အရင်က ဆူးလေဘုရားပေါ် ရောက်ဖူးပါသည်။ သို့ရာတွင် တစ်ခါမျှ ရှိမခိုးခဲ့ဖူးပေ။ ကြေးဆင်းတု တော်တစ်ဆူရှေ့တွင် ထိုင်သည်။ လက်အုပ်ချီသည်။ ဆုတောင်းသည်။ "မတူးကို တပည့်တော် တကယ်ချစ်ပါတယ်ဘုရား။ မတူး ရန်ကုန်ပြန်လာအောင် လုပ်ပေးပါဘုရား။ တရုတ်ကြီးကို သေအောင် လုပ်လိုက်ပါဘုရား"
ကြေးဆင်းတုတော်ကြီး၏ အပြုံးမျက်နှာတော်သည် သူ့ကို အားတက်စေသည်။ သူ နေ့တိုင်း ဆုတောင်းသည်။

(၁၁)

"ဟဲ့၊မောင်စု၊မတူးပြန်လာပြီတဲ့။"
"ဘာ ... မတူးပြန်လာပြီ ဟုတ်လား။ မတူးပြန်လာပြီ ဟုတ်လား"
သူ့လက်ထဲက ရေခဲတုံးကြီးသည် ပလက်ဖောင်း ပေါ်သို့ လွတ်ကျသွားသည်။ သို့ရာတွင် ဖွဲပုံပေါ်သို့ ကျသွား သောကြောင့် မကွဲချေ။ ကျူလီယာဗလီ ဆေးအသစ်သုတ်ထားသည်။
မတူးအိမ်သို့ သူပြေးလေသည်။ မတူးကိုတွေ့တော့ သူဘာပြောရမှန်း မသိ။ မတူးက သူ့ကို ငေးကြည့်နေသည်။ မတူး မျက်ရည်ဝဲနေသည်။ မျက်ရည်ဝဲတိုင်း ဝမ်းနည်းသည်ဟု မဆိုနိုင်ပေ။
"မတူး...မတူး...နင်ပြန်လာပြီနော်"
"အေး"
မောင်စုသည် သူ့အပြောချင်ဆုံး စကားကလေးကို ပြောလိုက်လေသည်။

"ဟိုတရုတ်ကြီးကောသေပြီလားဟင်"
မတူးသည် ရုက်၍ ခေါင်းငုံ့သွားသည်။ ပြီးတော့ ပြောပြသည်။ သူ့အမေက အသည်းအသန်မဖြစ်ဘဲ ညာခေါ်ကြောင်း၊ တရုတ်ကြီးနှင့် အတင်းပေးစား သောကြောင့်ထွက်ပြေးလာကြောင်း။
"နှင့်အမေလိုက်လာရင်ကော"
"မလာနိုင်သေးပါဘူး၊ ဒီကိုလာဖို့ အမေ့မှာ ပိုက်ဆံရှိမှာမဟုတ်ဘူး။ လိုက်လာရင်လည်း ငါပြန် မလိုက်တော့ဘူး"
မောင်စု သိပ်ဝမ်းသာသွားသည်။ ပြီးတော့ သူ့ခံ့စားချက်ကို ထုတ်ပြောလိုက်ပြန်သည်။
"နင် သွားနေတုန်းက ငါ သိပ်လွမ်းတာပဲ"
"ငါလည်းဒီလိုပဲ"
"ငါလေ ငါလေ နှင်းတွေကျတာမြင်ရင် နင့်ကို သိပ်သတိရတာပဲ"
"ငါလည်း ဖုန်တွေထတာမြင်ရင် နင့်ကို သိပ်သတိရတာပဲ"

(၁၂)

အချိန်နှင့် ရေခဲတုံးသည် လူကိုမစောင့်ကြောင်း မောင်စု ကောင်းကောင်းသိခဲ့ပြီ။ ထို့ကြောင့် မတူး ဆိုင်စထွက် သောနေ့မှာပင် သူ့အချစ်ကို ဖွင့်ဟ လိုက်လေသည်။
"မတူး ငါခုနပြောတာ ဘယ်လိုလဲ"
"ဘာကိုလဲ"
"နင် ငါ့ကိုပြန်ပြီး ဟိုဒင်းမပြုနိုင်ဘူးလား"
မတူးက ခေါင်းငုံ့ထားသည်။ သူ့လက်သည်းထဲက ချေးများကို တုတ်ချောင်းကလေးဖြင့် ထိုးထုတ် နေသည်။
"ပြောပါဟာ"
"ငါမပြောချင်ဘူးဟာ"
"ဘာဖြစ်လို့လဲဟင်"
"နေမကောင်းလို့"
"ဟင် ... ဟုတ်လား၊ အေဘီစီဒီသောက်မလား၊ ငါပြေးဝယ်လိုက်မယ်လေ"
"နေပါစေ၊ အေဘီစီဒီက ရင်တုန်တယ်ဟ။ ခုန ဆရာမောင်ဆေးနီမှုန့် ဝယ်သောက်ထားတယ်"
"နင် နေကောင်းပျောက်ရင် ပြောမှာမဟုတ်လား"
မတူးကခေါင်းညိတ်သည်
"နင် ဘယ်တော့ နေကောင်းပျောက်မှာလဲ"
"နက်ဖြန်"

(၁၃)

နက်ဖြန်၊ သို့မဟုတ်၊ ယနေ့ တန်ဆောင်မုန်း လပြည့်နေ့။ မောင်စုသည် သူ့ရေခဲရေပုံးကို ငှက်ပျောသီး ရောင်းသော လုဝင်းကို အပ်ပစ်သည်။ လုဝင်းသည် ယုံကြည်ရသူမဟုတ်။ သူ့ကိုအပ်ခဲ့လျှင် ရေခဲရေ လည်း သုံးလေးခွက် ခိုးသောက်တက်သည်။ ရောင်းရငွေကိုလည်း ဖြောင်တက်သည်။ ဒီနေ့တော့ ရေခဲရေပုံးတစ်လုံးကုန်အောင် သောက်ပစ်လည်း မမှုပါ။ မနက်တုန်းက သူရေချိုးနေမိသောကြောင့် အချိန် လင့်သွားသည်။သူဝင်ခေါ်သောအခါ မတူးမရှိတော့ ချေ။ ခုမှပင်သွားရတော့သည်။ မတူးက "ငါကလည်း နင့်ကို ဟိုဒင်းပြုပါတယ်" ဟုပြောလေသည်။
မောင်စုသည် ပလက်ဖောင်းပေါ်တွင် ဒူးထောက် ထိုင်ချ၍ ဆူးလေဘုရားကြီးကို ပုဆိန်ပေါက် ကန်တော့ လေတော့သတည်း။ ထိုနေ့က တစ်နေ့လုံး မတူးနားမှာနေသည်။ ပျော်သည်။ ပျော်သည်။ ညနေကျတော့ သူ့ရေခဲရေပုံးကို သွားပြန်ယူသည်။ လုဝင်းက ခွက်သုံးဆယ်ပဲရောင်းရတယ်ဆိုပြီး ငွေလေးကျပ်ခွဲ ပေးသည်။ လုဝင်း ညာမှန်း သူသိလေသည်။ သို့ရာတွင် ကိစ္စမရှိ။

(၁၄)

တန်ဆောင်မုန်းလပြည့်နေ့၏ညနေခင်း။ တိမ်တောက်နေသည်။ အကျည်းတန်သူတိုင်းလှသောအချိန်ဟု ဆိုကြသည်။ ထို့ကြောင့် သူတို့ နှစ်ယောက်လည်း လှနေကြ လေသည်။ မတူး၏ မျက်နှာတွင် ပေါင်ဒါတွေ ဖွေးနေသည်။ မောင်စု၏ မျက်နှာမှာလည်း ပေါင်ဒါတွေ ဖွေးနေသည်။ သူတို့သည် သူတို့အဖို့ အသစ်လွင် ဆုံးသော အဝတ်အစားများကို ဝတ်ထားကြသည်။ နေ့လယ်ကပင် သူတို့နှစ်ယောက်

ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ပထမဆုံး အချစ်နေ့အဖြစ် လျှောက်လည်ကြသည်။ တန်ဆောင်တိုင်ပွဲတော်သည် စည်ကားလှစွာ၏။ ကားအသစ်ကလေးများသည် လူအသစ်များကို တင်ဆောင်၍ ပြေးလွှားနေကြ၏။ ရပ်ထားသော ကားအသစ် ကလေးများကိုတွေ့လျှင် သူတို့ ပွတ်သပ် ကြည့်ကြ၏။ သူတို့နှစ်ယောက်စလုံး ရင်ခုန် နေကြသည်။ သို့ရာတွင် သူတို့အေပီစီသောက်မထားကြချေ။

"အမှတ်တရဖြစ်အောင် တစ်ခုခုလုပ်ရအောင်"

"ဘာလုပ်မလဲ"

"မသိဘူး၊ နင်ကော ဘာလုပ်ချင်လဲ"

"သိဘူး"

မောင်စု ခဏမျှ စဉ်းစားသည်။ သူနားထဲတွင် ဒီ ...ဒီ ဆိုသောအသံကိုကြားရသည်။

"ဟုတ်ပြီ၊ ငါ့လက်မှာ ဆေးမင်ထိုးမယ်"

"နင်နာမှာပေ့ါ"

"မနာပါဘူးဟာ၊ယောက်ျားပဲ"

ဆေးမင်ကြောင်ထိုးသည့် အဘိုးကြီးနားကို သွားကြ သည်။

"မြွေရုပ်ထိုးမယ်"

"ဟယ်...ကြောက်စရာ"

"အသည်းပုံမြားစိုက်"

"နိမိတ်မကောင်းဘူး"

"ရုပ်ပါတယ်ဟာ စာတမ်းပဲထိုးတော့မယ်"

သူတို့နှစ်ယောက်ကို အဘိုးကြီးက စိတ်မရှည်တော့

"ကဲ...ကဲ ပြောကွာ၊ ဘာစာထိုးမှာလဲ"

မောင်စုသည် သူနှင့်မတူးတို့စချစ်ကြသည့်နေ့ အထိမ်းအမှတ်အဖြစ် သူ့လက်တွင် ဆေးမင်ဖြင့် ထိုးမည်ဖြစ်သော စာတမ်းကလေးကို ပြောလိုက် လေသည်။

"သတ္တိခဲ" ။ ။

(ငွေတာရီ၊ ဇွန် ၁၉၇၇)

# ကျပ်တန်ပုံပြင်

(၁)

ဘတ်စကား စပယ်ယာက လက်ကြားထဲတွင် အလျားလိုက်ခေါက်ပြီး ညှပ်ထားသော ငွေစက္ကူများ ထဲမှ ကျပ်တန် လေးရွက်ကို ဆွဲထုတ်ပြီး ... "ငါးကျပ်တန်ပေးတာ ဘယ်သူလဲ" ဟု မေးသည်။

"ဒီမှာ...ဒီမှာ"

လူတွေကြားထဲက လက်တစ်ဖက် လျှိုထွက် လာသည်။ စပယ်ယာက ဖြန့်ထားသော လက်ထဲသို့ ကျပ်တန်တွေ ထည့်ပေးသည်။ လက်ကိုဆုပ်ပြီး ပြန်ရုပ်သွား၏။

ဘတ်စကားသည် တာမွေ၊ ကျောက်မြောင်း၊ မအူကုန်း၊ သိမ်ဖြူ စသည်ဖြင့် ကျော်ဖြတ် မောင်းနှင်လာသည်။ လမ်းသုံးဆယ် မှတ်တိုင်မှာ ရပ်သောအခါ လူတော်တော်များများ ဆင်းသည်။

(၂)

စာရေးမလေးသည် ဘတ်စကားပေါ်မှ ဆင်းပြီးနောက် ခါးအပေါ်ကို တွန့်လိမ်တက်နေသော အင်္ကျီအောက်နားစကို ဆွဲဆန့်လိုက်သည်။ ထို့နောက် လမ်းကိုဖြတ်ကူးသည်။ ကမ်းနားလမ်းဘက်မှ လှည့်ပြီး ရုံးအပေါ်ထပ်သို့ တက်လာသည်။ အခန်းထဲဝင်သည်။ စားပွဲပေါ် ခြင်းတောင်းချ၊ ကုလားထိုင်ဆွဲပြီး ထိုင်သည်။ ထို့နောက် ခြင်းတောင်းကို ပေါင်ပေါ်တင်လိုက်ပြန်သည်။ အလျားလိုက် ခေါက်ပြီး ထပ်ထားသော ကျပ်တန်လေးရွက်ကို နှိုက်ယူလိုက်သည်။ တစ်ရွက်စီဖြန့်ပြီး ထပ်သည်။ တတိယမြောက် ကျပ်တန်အလှည့်တွင် လက်က တုံ့ခနဲဖြစ်သွားသည်။ ကျပ်တန်အလယ်တည့်တည့်က ထက်ပိုင်းစုတ်ပြဲနေသည်ကို စက္ကူဖြင့် ပြန်ကပ်ထားခြင်း ဖြစ်သည်။ သူမျက်နှာက နည်းနည်းအိုသွားသည်။ ပြီးတော့မှ နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ရုံ ပြုံးလိုက်၏။ ပိုက်ဆံအိတ်ဖွင့်၍ ကျပ်တန်အကောင်းဆုံး သုံးရွက်ကို ထည့်သည်။ ငါးကျပ်တန်တစ်ရွက် ပြန်ထုတ်သည်။ စောစောက ကျပ်တန်အစုတ်ကိုပါယူပြီး ခပ်လှမ်းလှမ်းရှိ စာရေးကြီး စားပွဲသို့ သွားသည်။ "ဆပ်ပြာဖိုးငွေသွင်းလို့ရပြီလား" စာရေးကြီးက ဖိုင်တွဲလေးကို လှန်လှောနေရာမှ မော့ကြည့်ပြီး ... "ရပြီလေ၊ သုံးပိုင်းအတွက် ခြောက်ကျပ်သွင်းရမယ်" စာရေးမလေးက ငွေခြောက်ကျပ် လှမ်းပေးသည်။ စာရေးကြီးက ကျပ်တန်အစုတ်ကို မြင်သွား၏။ "ဟာဗျာ၊ ခင်ဗျားတို့ကလည်း အစုတ်အပြဲမှန်သမျှ ဒီမှာချည်း လာပေးတာပဲ။ ဟိုကျလို့ ငွေသွင်းတဲ့အခါ ခဏခဏစကားများရတယ်" "ရပါတယ်၊ ဟိုကလည်း ဘဏ်သွင်းရမှာပဲဟာ" စာရေးမလေးက ပြောပြောဆိုဆို လှည့်ထွက်သွား၏။ ထိုအချိန်မှာပင် သက်သာလက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကလေး ရောက်လာသည်။ "အစ်ကိုရေ၊ အစိတ်ဖိုးလောက် လဲပေးပါဦး၊ ကျပ်တန်ချည်းပဲရရင် ပိုကောင်းတယ်" "သိပ်ရတာပေါ့ကွာ" စာရေးကြီးက ကျပ်တန်အရွက်အစိတ် ရေတွက်ပြီး ပေးလိုက်သည်။

(၃)

ရုံးအုပ်ကြီးက ကောင်တာပေါ်သို့ ဆယ်တန်တစ်ရွက် တင်လိုက်ပြီး... "လက်ဖက်ရည် နှစ်ခွက်ဟေ့" ဟုပြောလိုက်သည်။ ကောင်တာထိုင်သူက တိုကင်ပြား နှစ်ပြားအရင်ပေးလိုက်သည်။ ထို့နောက် အကြွေပြားနှစ်ဆယ်၊ ကျပ်တန်သုံးရွက်နှင့် ငါးကျပ်တန်တစ်ရွက် ပြန်အမ်းသည်။ ရုံးအုပ်ကြီးက ပြန်အမ်းငွေကိုယူ၍ လက်ဖက်ရည်ဖျော်သည့်နေရာသို့ ထွက်လာပြီးမှ ပြန်လှည့်ကာ ... "ဟေ့ကောင်၊ ကျပ်တန်တစ်ရွက် ပြန်လဲပေးကွာ၊ အစုတ်ကြီး" "ကျပ်တန်က ဒါပဲရှိလို့ပါ၊ ခုနရုံးပေါ်က သွားအမ်းလာတာ အစိတ်ဖိုးက ဒါနောက်ဆုံးကျန်တာပဲ။ သုံးလို့ရပါတယ် ဆရာရဲ့" "ဟာ ... ရမယ်မထင်ဘူးကွ၊ စုတ်တဲ့အပြင် နွမ်းလည်းနွမ်းနေသေးတယ်" "လွယ်ပါတယ်ဆရာရယ်၊ နောက်နေ့လည်း လက်ဖက်ရည် သောက်ဦးမှာပဲ။ အဲဒီတော့မှ ပြန်ပေးပေါ့"

(၄)

ရသာမုန့်ဆိုင်ရှေ့ရှိသုံးဘီး၊ လေးဘီးဂိတ်တွင် လူတွေ ပုံနေသည်။ မှောင်စပြုလာသောအချိန်တွင် လူကပိုကျလာ၏။ ကားက အဝင်နည်းနေသည်။ သုံးဘီးတစ်စီး ဝင်လာသည်။ နောက်ဘက်မှ တွယ်ပြီးလိုက်လာသော ကောင်လေးက "တာမွေ တာမွေ" ဟုအော်သည်။ လူတစ်စု ပြုံပြီးတိုးတက်သည်။ ရုံးအုပ်ကြီးသည် အစွန်ဆုံး တစ်နေရာကို ရလိုက်၏။ ကျောက်မြောင်း သီတာလမ်းထိပ်တွင် သူဆင်းသည်။ ကားမောင်းသမားကို ကျပ်တန်တစ်ရွက်ပေးပြီး ချာခနဲ လှည့်ထွက်လိုက်၏။ ခပ်သုတ်သုတ် လျှောက်သွားသည်။ မိန်းကလေးက သုံးဘီးကားကို လှမ်းတားသည်။ ကားရပ်ပေး၏။ မိန်းကလေးကမေးသည်။

"စိန်ဂွန်းဈေးသွားချင်လို့"
"ရပါတယ် ရှစ်ကျပ်တော့ပေးပေါ့"
"ဟင် ...များတာပေါ့၊ သိပ်မှမဝေးတာ၊ ငါးကျပ်ပဲ"
ကားဆရာက ခေါင်းခါပြီး ... "ငါးကျပ်တော့ မရဘူး၊ ပိုပြောတာမဟုတ်ပါဘူး။ တစ်မနက်လုံး ကားပြင်နေရလို့ အံ့နာခတောင် မရသေးပါဘူးဗျာ"
နောက်ဆုံး ခြောက်ကျပ်နှင့် ဈေးတည့်သွားသည်။ စိန်ဂွန်းဈေးသို့ ရောက်အောင် ဆယ်မိနစ်တောင် မမောင်းရ။ ဈေးရှေ့တွင် ကားရပ်သည်။ မိန်းကလေးက ငါးကျပ်တန် နှစ်ရွက်ပေးသည်။ ကားဆရာက ...
"ကျပ်တန်မပါဘူးလား"
မိန်းကလေးက ခေါင်းခါပြသည်။ ကားဆရာသည် ငါးကျပ်တန် နှစ်ရွက်ယူပြီး ကျပ်တန်လေးရွက် ပြန်အမ်းသည်။ မိန်းကလေးက ကျပ်တန်လေးရွက်ကို ရေတွက်ကြည့်နေရာမှ "ဟင်" ဟု အာမေဋိတ်ပြုလိုက်ပြီး...
"ဒီမှာ ... ဒီမှာ ဟိုး...ဟိုး..." ဟု လှမ်းအော်သည်။ သုံးဘီးကားက မောင်းထွက်သွားပြီ ဖြစ်၏။
အလှကုန်ဆိုင်ရှင် အမျိုးသမီးကြီးသည် ဆိုင်ရှေ့မှာ လာရပ်သော မိန်းကလေးကို ... "ဘာရှာသလဲ ညီမ" ဟု ဆီးကြိုလိုက်သည်။ မိန်းကလေးက...
"မဥ္ဇူခေါင်းလျှော်ရည်ရှိလား"
"ရှိတယ်ညီမ"
"ဘယ်လောက်လဲ"
"ဆယ့်နှစ်ကျပ်ပါ"
"ဟင် ... ဈေးကလည်းများလိုက်တာ" "မများပါဘူးကွယ်၊ ပစ္စည်းမှန် ဈေးမှန်ပါပဲ" "အရင်တစ်ခါဝယ်တုန်းက ကိုးကျပ်ပဲပေးရတယ်" "အခုမရတော့လို့ပါ ညီမရယ်၊ ကောက်တာတောင် ဆယ့်တစ်ခွဲပေးရပါတယ်။ အစ်မတို့ ငါးမူးစားရတာပါ" "တစ်ဆယ်အတိပဲ ထားလိုက်ပေါ့"
"မရလို့ပါ၊ တခြားဆိုင်တွေလည်း မေးကြည့်ပါ" "ထားလိုက်ပါ၊ တစ်ဆယ်ပဲ" "ကဲ ... ဆယ့်တစ်နဲ့ယူသွား၊ ဟုတ်လား။ နောက်လည်း ဒီမှာဝယ်ဖြစ်သွားအောင် ငါးမူးအရှုံးခံပြီး ပေးလိုက်မယ်" ရှီးကော့စ်ထဲမှ ခေါင်းလျှော်ရည်တစ်ပုလင်း ထုတ်ပေးသည်။ မိန်းကလေးက လှမ်းယူပြီး ကြွပ်ကြွပ်အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ပိုက်ဆံအိတ်ကလေးထဲမှ ငါးကျပ်တန်နှစ်ရွက်ကို အရင်ထုတ်ပေးသည်။ ပြီးမှ ကျပ်တန်တစ်ရွက်ကို ခေါက်လျက်သား ပေးလိုက်၏။

(၅)

မိန်းမကြီးတစ်ယောက် ထမင်းချိုင့်ထည့်ထားသော ပလတ်စတစ်လက်ဆွဲခြင်းကိုကိုင်လျက် ထော့နဲ့ထော့နဲ့ လျှောက်လာသည်။ ဆိုင်ရှေ့မှာ လာရပ်သည်။ ဆွဲခြင်းကို ဆိုင်ပေါ်တင်ပြီး နဖူးမှာသီးနေသော ချွေးသီးများကို လက်ဖြင့် သပ်ချလိုက်သည်။ ဆိုင်ရှင်အမျိုးသမီးက...
"နောက်ကျလှချည်လား"
ဟုပြောလိုက်သည်။
မိန်းမကြီးက...
"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဟိုဒင်းဖြစ်နေလို့" "ဘာလဲ၊ လမ်းလျှောက်လာရလို့လား" "အင်း ... ကားကလည်း ကျပ်တာနဲ့" "နောက်နေ့တော့ စောစောလာပို့နော်" "ဟုတ်ကဲ့" ဆိုင်ရှင်အမျိုးသမီးက ပိုက်ဆံသေတ္တာထဲရှိ ငွေစက္ကူများထဲမှ ကျပ်တန်တစ်ရွက်ကို ယူလိုက်သည်။ လေးခေါက်ခေါက်ပြီး မိန်းမကြီး လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။ မိန်းမကြီးက ကျပ်တန်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထော့နဲ့ထော့နဲ့ဖြင့် ပြန်ထွက်သွားသည်။

(၆)

မိန်းမကြီးသည် စိန်ဂွန်းဈေးမှ မြေနီကုန်းအထိ လမ်းလျှောက်ပြန်လာသည်။ လမ်းထိပ် ကွမ်းယာဆိုင်ကို ဝင်သည်။ ကျားပုံမကောက် ဆေးပေါ့လိပ် တစ်လိပ်နှင့် မရန်းပြားတစ်ထုပ် ယူသည်။ ကျပ်တန်ကို လှမ်းပေးလိုက်၏။ ဆိုင်က ကောင်လေးကျပ်တန်ကို ဖြန့်ကြည့်ပြီး ... "အဒေါ်ကြီး ကျပ်တန်ပြန်လဲပေးပါ" "ဟဲ့ ...ဘာဖြစ်လို့လဲ" "ဒီမှာမတွေ့ဘူးလား၊ ထက်ပိုင်းပြဲနေလို့ စက္ကူနဲ့ ပြန်ကပ်ထားတာ" "ဟေ ...ဟုတ်လား၊ အမေကြီးလည်း မျက်စိကမွဲတော့ သေသေချာချာ မကြည့်မိဘူး။ နို့ အဲဒီပိုက်ဆံက သုံးလို့မရဘူးလား" "ပြန်အမ်းတဲ့အခါကျတော့ ဘယ်သူမှ မလိုချင်ဘူးဗျ၊ ပြီးတော့ အမေကလည်း ပြန်လာရင် ဆူနေမှာ" "အေးအေး... ဒါဆိုလည်း ပြန်ပေး"

မိန်းမကြီးက ကျပ်တန်ကို ပြန်ယူလိုက်သည်။ ပြီးတော့ ချွေးခံအင်္ကျီထဲသို့ နိုက်စမ်းပြီးထုတ်လိုက်ရာ မတ်စေ့တစ်စေ့ပါလာ၏။ ဆေးလိပ်မဝယ်တော့ဘဲ အချဉ်ထုပ်သာယူခဲ့သည်။

(၇)

"အမေကြီး မရန်းပြားပါလား" ဟု ကလေးမလေးက မေး၏။ မိန်းမကြီးက မရန်းပြားထုပ်ကို လှမ်းပေးလိုက်ပြီးနောက် ကွပ်ပျစ်ကလေးဘေးတွင် ဟိုစမ်းဒီစမ်းလုပ်နေသည်။

"ဟဲ့... အမေကြီး ဆေးလိပ်တိုလေးထားခဲ့တာ မတွေ့မိဘူးလား"

"ဒီမှာလေ အမေကြီးရဲ့"

ကလေးမလေးက ကြွက်လျှောက်ပေါ်က ဆေးလိပ်တိုကို ယူပေးရင်း...

"အမေကြီး ဆေးလိပ်ကဖြင့် အစီခံနားကပ်နေပြီ။ အသစ်မဝယ်ခဲ့ဘူးလား"

"ဝယ်မလို့ပဲကွယ်၊ ပိုက်ဆံက စုတ်နေလို့တဲ့။ သုံးလို့မရတာနဲ့ မဝယ်ခဲ့ရဘူး"

"ဈေးထဲကပေးလိုက်တဲ့ ပိုက်ဆံလားဟင်"

"အေးပေါ့"

"ဒါဆို အကောင်းနဲ့ပြန်လဲခိုင်းပေါ့"

"အမေကြီးက မျက်စိကမွဲတော့ မမြင်မိဘူး။ ပြန်လဲခိုင်းလို့လည်း မဖြစ်ပါဘူး။ တော်ကြာစိတ်ဆိုးပြီး နောက်မခိုင်းဘဲနေပါဦးမယ်"

"အဲဒီပိုက်ဆံပြပါဦး"

မိန်းမကြီးက ချွေးခံအင်္ကျီအိတ်ထဲက ကျပ်တန်ကို ထုတ်ပြသည်။ ကလေးမလေးက ယူကြည့်ပြီး...

"ဟာ... ဟုတ်ပြီ၊ ဟိုဘက်လမ်းထဲကဆိုင်မှာ ဆေးလိပ်သွားဝယ်ရမယ်။ အဲဒီဆိုင်က အဘွားကြီးက မျက်စိသိပ်မကောင်းဘူး အမေကြီးရဲ့"

"ဟဲ့... မလုပ်ကောင်းဘူး၊ အမေကြီးတောင် ဒီပိုက်ဆံကိုရတော့ တော်တော်စိတ်မချမ်းသာ ဖြစ်သွားရသေးတာ။ သူများတွေလက်ထဲ ရောက်သွားရင်လည်း ဒီလိုပဲခံစားရမှာပေါ့"

"ဒါဆို ဒီလိုလုပ် အမေကြီး၊ ရှင်စောပုဘုရားက အလှူခံပုံးထဲထည့်လိုက်မယ် မကောင်းဘူးလား"

မိန်းမကြီးက ခေါင်းကို တွင်တွင်ခါသည်။

"မလုပ်ပါနဲ့ကွယ်၊ ဟိုဘဝက လှူဒါန်းတာ မစင်ကြယ်ခဲ့လို့ ဒီဘဝမှာ ဒုက္ခိတတစ်ပိုင်းလာဖြစ်နေတာ။ နောက်ဘဝကို ဆက်ပါနေပါဦးမယ်။ လှူတယ်ဆိုတာ သန့်သန့်ရှင်းရှင်းစိတ်ထားမှကွဲ့။ အင်း... ဒီပိုက်ဆံကို မသုံးဘဲ ထားလိုက်တာ အကောင်းဆုံးပါပဲလေ"

မိန်းမကြီးသည် ကျပ်တန်စုတ်ကလေးကို ကွပ်ပျစ်ပေါ်မှာခင်းထားသော ဖျာအောက်သို့ အသာအယာ ထိုးထည့်လိုက်လေသည်။

(စံပယ်ဖြူ၊ ဖေဖော်ဝါရီ ၁၉၈၅)

## စစ်မျက်နှာဖွင့်ခြင်း

ရန်ကုန်တက္ကသိုလ်။
လက်ဖက်ရည်ဆိုင်မှာ စံရှားနှင့် ကိုကြီးကျော်ကလွဲ၍ လူစုံပြီး ထုံးစံအတိုင်း ဟိုအကြောင်းကိုပင် ပြောကြ လေသည်။
"ကဲ ...ကိုဆင့်၊ စိန်ပလိန်တိန်ဂွိန်ကိစ္စကို ဒီနေ့လုပ်မလား၊ မလုပ်ဘူးလား ပြော"
"ဟာကွာ၊ မင်းတို့ကလည်း"
"ဟာကွာလုပ်မနေပါနဲ့၊ ခင်စိန်မေရဲ့ အတန်းရှေ့မှာ မင်းသွားပြီး ရပ်ကြည့်ခဲ့တာ ခြောက်လရှိပြီ။ ခုထိဘာမှ မထူးခြားသေးဘူး"
သူသည် ခေါင်းငုံ့သွား၏။ ကိုဆင့်ရုက်နေပုံ နောက်မှ အသံတိုးတိုးကလေးဖြင့် ...
"ငါ့ကျတော့ ပြောတယ်၊ မင်းတို့ကျတော့ကော ရည်းစားရှိလို့လား"
ကိုဆင့်၏ ချေပချက်သည် ထိရောက်၏။ ဟိုကောင်တွေကလည်း ကိုဆင့်လိုပင် ရည်းစားမရှိကြသောကြောင့် ကိုဆင့်ကို တန်ပြန်ထိုးနက်ရန်နှုတ်ဆွံ့နေကြဆဲ။
ဝိတ်ကွေးသည် ဟင် ဟင် ဆိုပြီး ခေါင်းကို ဆတ်ခနဲထောင်လိုက်သည်။ ဟုတ်သားပဲ၊ ဝိတ်ကွေးမှာ ရည်းစား ရှိသည်။ တာဝတိံသာမှ သိကြားမင်း၏သမီးနှင့် အဝီစိမှ ငရဲသားတို့ ဖူးစာဆုံသလိုပင် သူသည် "အေး" ၏ အချစ်ကိုဖြစ်တောင့်ဖြစ်ခဲ မတော်တဆ ထူးဆန်းစွာရရှိထားပေသကိုး။ သူသည် မောင်ဗမာ ကိုယ်ဟန်ပြသလို အိုက်တင်မျိုးဖြင့် စားပွဲပေါ်သို့ လက်ကိုထောက်လိုက်ပြီး ...
"ကိုဆင့်၊ မင်း ငါ့အကြောင်း သိတယ်မဟုတ်လား"
"ဝိတ်ကွေးက ပေါ်တင်ကြီး ခြိမ်းခြောက်လိုက်ရာ ကိုဆင့်သည် ဘုမသိဘမသိ လန့်သွားလေသည်။"
"အေး ...သိပါတယ်ကွ"
"ဒါဆိုရင် ငါပြောတဲ့အတိုင်း မင်းလုပ်ရမယ်၊ အဲဒါ မင်းတို့ကော သဘောတူလား"
"တူတယ်၊ တူတယ်"
ကျန်တဲ့ကောင်တွေကလည်း ဘာမှန်းမသိဘဲ သဘောတူလိုက်ကြ၏။ ထို့ကြောင့် ဝိတ်ကွေးသည် စစ်ဆင်ရေး အစီအစဉ်ကို ဆွဲလိုက်လေသည်။
"ဒီတော့ ငါပြောမယ်၊ ခု စံရှားနဲ့ ကိုကြီးကျော်ကို ခင်စိန်မေရဲ့ အခြေအနေကို သွားကြည့်ခိုင်းထားတယ် အဲဒါ"
ထိုအချိန်မှာပင် စံရှားနှင့် ကိုကြီးကျော်သည် အမောတကြီးရောက်ရှိလာပြီး သတင်းပို့လေ၏။
"မအေပေးတွေ ခွီး၊ မောလိုက်တာကွာ၊ ဟိုမှာ အတန်းပြီးတော့မယ်ကွ"
စံရှား၏ စကားမဆုံးမီ ဝိတ်ကွေးသည် ဝုန်းခနဲ ထလိုက်သည်။
"အတန်းက ဘယ်အချိန်ပြီးမှာလဲ"
"တစ်နာရီခွဲကွ၊ ခု တစ်နာရီဆယ့်ငါးရှိပြီ" "လာ သွားကြစို့"
လက်ဖက်ရည်ဖိုးကို စားပွဲပေါ်မှာ ပန်းကန်နှင့်ဖိထားခဲ့ပြီး ထွက်လာခဲ့ကြသည်။ ကိုဆင့်ကား စောစောတုန်းက ဝိတ်ကွေးဟောက်ထားသောအရှိန်ကြောင့် လန့်နေတုန်းဖြစ်သည်။ ထို့ကြောင့် မငြင်းရဲဘဲ ကန့်လန့်ကန့်လန့် ပါလာ၏။ ကင်းကောင်၊ ထားဝယ်၊ ကိုကြီးကျော်တို့က ရှေ့မှ မားမား မားမား လျှောက်သွားကြသည်။ စံရှားနှင့် ဝိတ်ကွေးက ကိုဆင့်ကို တစ်ဖက်တစ်ချက်စီ ညှပ်၍ ခေါ်လာသည်။ လောက်ဖျားကား နောက်ဆုံးမှ ကိုဆင့် နောက်ကြောင်းပြန် လှည့်လျှင် တားဖို့၊ ခင်စိန်မေတို့ အတန်းဖြစ်သော ရူပဗေဒ စာသင်ခန်းမရှေ့သို့ ရောက်လျှင်ပင် ကိုဆင့်သည် သတ္တိကို ပြလေ၏။
"ဟော့ကောင်တွေ ဖြစ်ပါ့မလားကွ"
"ဖြစ်တယ်၊ ဖြစ်တယ်"
ကင်းကောင်က အားတင်းပေးလိုက်သည်။ ကိုဆင့်သည် တဖြည်းဖြည်း ပိုကြောက်လာလေသည်။
"စစ်ဦး ဘီလူးတဲ့ကွ၊ ယက္ခဗျူဟာစာအုပ်ထဲမှာ ဖတ်ဖူးတယ်၊ မင်း မကြောက်နဲ့" ထားဝယ်၏ အမြှောက်အပင့်၊ ထိုအချိန်မှာပင် အတန်းပြီးလေသည်။ ကျောင်းသားကျောင်းသူတို့ ပြုံထွက်လာ သည်။ ခင်စိန်မေသည် သူတို့ရှေ့မှ ဣန္ဒြေရစွာ ဖြတ်လျှောက် သွားလေသည်။ ကိုဆင့်ကို သူသိပြီးသား၊ မသိဘဲ နေပါရိုးလား။ ခြောက်လလုံးလုံး သူ့အတန်းရှေ့မှာ လာရပ်ပြီး မျက်လုံးပြူးကြီးနဲ့ ကြည့်ကြည့်နေတဲ့ လူကြီးပဲဟာ။
"ငဆင့် ဟိတ် ဘာလဲ"

ဝိတ်ကွေးသည် ဒီနေ့တော်တော်ဩဇာရှိနေသည်။ သူ့အမိန့်ကို ကိုဆင့် မငြင်းရဲ။ ဖျူဟာမှူးမဟုတ်လား။ ကိုဆင့်သည် ခင်စိန်မေ၏ နောက်သို့ တွန့်တွန့်ဆုတ်ဆုတ် လိုက်သွားရလေသည်။ သူ့နောက်ကို တစ်ချက်လှည့်ကြည့်သေး၏။ ဝိတ်ကွေးက လက်သီးထောင်ပြသောကြောင့် သူ နောက်မဆုတ်သာ။ မိန်းကလေးတို့မည်သည် ယောက်ျားကလေးထက် ခြေလှမ်းနှေးကွေးသည် အမှန်။ သို့ရာတွင် ကိုဆင့်သည် ခင်စိန်မေကို တော်တော်နှင့်မမီ၊ အပန်းဖြေခန်းမရှေ့ကို ရောက်တော့မှ ...

"ဒီ... ဒီမှာ မစိန်"

ကိုဆင့်၏ ပထမဆုံးသော တိုက်စစ်စကား။ ခင်စိန်မေက လှည့်၍ပင် မကြည့်ချေ။

"ကျွန်တော် အောင်ကျော်ဆင့်ပါ"

ဒုတိယ တိုက်စစ်။ "သိသားပဲ"

"အဲ ..."

ခင်စိန်မေ၏ ခံစစ်ကြောင့် ကိုဆင့် တပ်ဦးပြိုလေပြီ။ ဘာဆက်ပြောရမှန်းမသိ။ သူမပြောသော်လည်း ခင်စိန်မေက တစ်ခွန်းပြောသည်။

"လုပ်မနေပါနဲ့ ကိုအောင်ကျော်ဆင့်"

## ဒွိဇာမိပဖျူဟာခေါ် ဂဠုန်တောင်ပံစံစစ်ဆင်နည်း

"လုပ်မနေပါနဲ့တော့လို့ပြောတာကို မင်းက ဘာမှထပ်မပြောဘူးလား"

"ငါ ဘာဆက်ပြောရမှန်းမှ မသိတာ"

"မဖြစ်သေးဘူး၊ ဒီကောင်တစ်ယောက်တည်း လွှတ်လိုက်ရင် မဖြစ်ဘူး။ ဒီတော့ တို့ နောက်ကနေပြီး ရံလိုက်သွားမှ ဖြစ်မယ်"

လောက်ဖျား၏ အကြံကို အားလုံးက သဘောတူကြသည်။ စံရှားသည် သူ့အိတ်ထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ကြည့် သည်။ ခင်စိန်မေ၏ အချိန်စာရင်း ကူးယူထားသော ကတ်ပြား။

"ဒီနေ့ ပရက်တီကယ်ရှိတယ်ကွ၊ သုံးနာရီခွဲမှပြီးမှာ"

"ဒါဆို အချိန်ရှိသေးတယ်၊ ငါ ဒီလိုစဉ်းစားကြည့်တယ်ကွ၊ ကိုဆင့်ကို ဒီအတိုင်းလွှတ်ပေးလိုက်ရင် ကျွန်တော် အောင်ကျော်ဆင့် ပါဆိုတဲ့ အဆင့်က တက်မှာ မဟုတ်ဘူး။ ဒီတော့ စာတစ်စောင်ရေးရမယ်"

"ဟာ ... ဟာ ငါမှမရေးတက်ဘဲ"

တစ်ချိန်လုံး ငြိမ်ကုပ်နေသော ကိုဆင့်ဝင်ပြောသည်။

"မင်းမရေးတက်မှန်း သိသားပဲ။ တခြား တစ်ယောက်ယောက်က ရေးပေးပေါ့၊ စံရှားရေးကွာ၊ မင်းက ကဗျာဆရာပဲ"

"မရေးနဲ့၊ စံရှားက သူ့အတွက်တောင် စွံအောင်မရေးနိုင်ဘဲနဲ့ သူများအတွက်ဆို ပိုဆိုးမှာပေါ့။ ဝိတ်ကွေး ရေးကွာ၊ မင်းက အေးကိုရအောင်ရေးနိုင်ခဲ့တာပဲ"

ဝိတ်ကွေးသည် ဟက်ခနဲ ရယ်လိုက်ပြီ ...

"ငါ့တုန်းကလည်း သူများရေးပေးတာပဲကွ"

"ရှုပ်တယ်ကွာ၊ ငါရေးမယ်"

လောက်ဖျားက တာဝန်ယူ၍ရေးသည်။ ကျန်တဲ့ကောင်တွေက ဖြတ်တောက် ဖြည့်စွက် ပြင်ဆင်ကြလေသည်။

"ဥပေက္ခာတရားတွေ ကြီးစိုးလှချည်လား မစိန်ရယ်၊ အိမ်ကိုလာတဲ့ ဧည့်သည်ကို စိတ်ထဲမှာ မနှစ်မြို့ရှင်တောင်မှ ဟန်ဆောင်အပြုံးလေးဖြစ်ဖြစ် ပြုံးပြသင့်ပါတယ်။ နလုံးသားဆီကို မဝံ့မရဲအလည်လာတဲ့ ကျွန်တော့်ကို"

"မစိန်"

လှည့်ကြည့်သည်။

"ကျွန်တော် အောင်ကျော်ဆင့်ပါ"

ဟိုဘက် ပြန်လှည့်သွားသည်။

"ဒီမှာ၊ ဟို ...စာကလေးတစ်စောင်"

ခင်စိန်မေသည် ခြေလှမ်းကို သွက်လိုက်သည်။ ကိုဆင့် သုံးလှမ်းစာမျှ နောက်ကျ ကျန်ရစ်၏။ ဘာဆက်လုပ်ရမှန်းမသိသဖြင့် နောက်ကို လှည့်ကြည့်သည်။

ဂဠုန်တောင်ပံစစ်ဆင်နည်းအရ နောက် ခပ်လှမ်းလှမ်းမှ ရံ၍လိုက်လာသော သူငယ်ချင်းများ၊ ဝိတ်ကွေးက သူ့လွယ်အိတ်ကို မြှောက်ပြပြီး လွယ်အိတ်ထဲသို့ စာထည့်ပုံမျိုး လုပ်ပြသည်။

ကိုဆင့်သည် ခင်စိန်မေနောက်သို့ လိုက်သွားပြီး ဝိတ်ကွေးသင်ပြသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာကာ ခင်စိန်မေ၏ လွယ်အိတ်ထဲသို့ စာကိုထိုးထည့်ပြီးလျှင် အမြန်ဆုံး ပြန်ထွက်လာခဲ့တော့၏။
သူငယ်ချင်းတွေနှင့် ပြန်ဆုံသောခါ သူ့လက်များသည် အေးစက် လျက်ရှိလေပြီ။

## ဝတ္ထိကဗျူဟာခေါ် ကင်းလက်မကဲ့သို့ စစ်ဆင်နည်း

သိပ္ပံကျောင်းဆောင်၏ ဆင်ဝင်အောက်တွင်ထိုင်၍ တတိယထိုးစစ်အတွက် တိုင်ပင်ကြသည်။ ဒီကြားထဲမှာ စစ်ဆင်ရေး အငယ်စားလေးတွေ ရှိသေးသည်။ သို့ရာတွင် အောင်မြင်မှုမရှိ။ လွယ်အိတ်ထဲသို့ စာထည့်ပေးပြီးသည့်နေ့မှစ၍ ခင်စိန်မေ သည် ကိုဆင့်ကို အတွေ့မခံရှောင်ရှား၍နေလေသည်။
"အဲဒါထူးခြားတယ်ကွ"
"ငါတော့ ငါ့ကို သူလုံးဝစိတ်မဝင်စားလို့ အတွေ့မခံတာလို့ ထင်တာပဲကွ"
ကိုဆင့်က အားလျော့သံကလေးဖြင့် ပြောသည်။ ဒါကို ဝိတ်ကွေးက လက်မခံချေ။ "ဒီနေရာမှာ မင်းအတွက်လွဲနေပြီ၊ မင်းကို စိတ်မဝင်စားဘူး၊ ဂရုမစိုက်ဘူးဆိုရင် ဘာရှောင်နေစရာလိုသလဲကွ။ ခုလို ရှောင်နေပြီဆိုကတည်းက သူ မင်းကို စိတ်ဝင်စားနေပြီဆိုတာ သိသာတယ်" ဝိတ်ကွေးသည် ထုံးစံအတိုင်းပင် လျှို့ဝှက်နက်နဲသော သဘောတရားများကို ဖွင့်ပြောနေသည်။ သူ့စကားကို သေချာစွာ နားမလည်ကြသော်လည်း ဆက်လက်ရှင်းပြနေမည်စိုးသဖြင့် ...
"ဝိတ်ကွေးပြောတာ ဟုတ်တယ်ကွ"
"ဒီတော့ ဘယ်လိုဆက်လုပ်ကြမလဲ"
"သူ့ကို စာအကြောင်းမေးရမှာပေ့ါ"
"ငါ့ကိုမှ အတွေ့မခံဘဲ"
"တွေ့အောင်ကြံရမှာပဲ၊ ခုဟာက မင်းရှိနေရင် အတန်းအပြင်မထွက်ဘဲနေတယ်။ မင်းကိုတွေ့ရင် တခြားလမ်းက ကွေ့သွား တယ်ဆိုတော့ ငါတို့ ဗျူဟာအသစ်တစ်ခု ပြောင်းရလိမ့်မယ်"
ဝိတ်ကွေးသည် အတန်ကြာအောင် စဉ်းစားနေ၏။ ပြီးမှ ...
"ဒီလိုကွ၊ ကင်းလက်မပုံ၊ အဲ ... ပစောက်ပုံပေ့ါကွာ၊ ငါတို့က ထွက်ပေါက်တွေကို ပိတ်ဆို့ထားပြီး လမ်းတစ်လမ်းတည်းကို ဖွင့်ပေးထားရမယ်။ ခင်စိန်မေဟာ အဲဒီလမ်းကလာတဲ့အခါကျမှ ကိုဆင့်က တစ်နေရာက စောင့်ပြီး ချုံခိုတိုက်ခိုက်ရမယ်"
"အေးကွ၊ ငါအကြံပေးချင်တာက ဒီနေ့ ခင်စိန်မေ အတန်းက ဆယ့်နှစ်နာရီပြီးမှာဆိုတော့ သူ ဆာနေမှာပဲ။ အနည်းဆုံး အအေးပဲဖြစ်ဖြစ် ထွက်သောက်ချင်မယ်။ ဒီတော့ အင်းဝကင်တီးကိုသွားတဲ့ လမ်းတစ်လမ်းတည်းကို ဖွင့်ပေးသင့်တယ်"
စံရှား၏ အကြံကို အားလုံးက သဘောတူပြီး စစ်ဆင်ရေးစရန် နေရာယူလိုက်ကြသည်။
မွန်းတည့် ဆယ့်နှစ်နာရီ။ ခင်စိန်မေသည် အခန်းထဲမှ ထွက်လိုက်သောအခါ သစ်ပုပ်ပင်ဘက်သို့ ထွက်သော ထွက်ပေါက်တွင်ရပ်နေသော လောက်ဖျားကို တွေ့ရသည်။ လောက်ဖျားက ပြုံးစေ့စေ့လုပ်နေသဖြင့် ချာခနဲလှည့်ပြီး ထွက်သွားသည်။
ရူပဗေဒစာသင်ခန်းဘက်သို့ ချိုးကွေ့မည်ပြုသော်လည်း မားမားကြီးရပ်နေသော ကင်းကောင်ကို တွေ့ရသဖြင့် ညာဘက်သို့ ချိုးလိုက်ရပြန်သည်။ ငွေစာရင်းဌာနဘက်မှ လာသောလမ်းနှင့် ဆုံရာနေရာတွင်လည်း ထားဝယ်သည် ဆေးလိပ်သောက်ရင်း ခံ့ညားစွာ ရပ်နေပြန် သည်။ ဓါတုဗေဒဌာနဘက်သို့သွားသော လမ်းထောင့်တွင်မူ စံရှားနှင့်ကိုကြီးကျော်တို့သည် တစ်စုံတစ်ခုကို ပြောဆိုရင်း ရယ်မော နေကြ၏။ ခင်စိန်မေသည် သူတို့ကို တွေ့လိုက်သည်နှင့် မဲ့ရွဲ့သွားပြီး ရှေ့ကိုပင်ဆက်လျှောက်ရ၏။
ထိုအချိန်မှာပင် အမျိုးသားအပန်းဖြေခန်း ထောင့်ချိုးဆီမှ ကိုဆင့်သည် ဘွားခနဲပေါ်လာပြီး ...
"မစိန်"
ခင်စိန်မေ လန့်သွား၏။ ပြီးမှ ဣန္ဒြေဆည်ပြီး ခပ်သုတ်သုတ်လျှောက်သွားသည်။ အုတ်တိုင်ကိုကွယ်၍ ရပ်နေသော ဝိတ်ကွေးသည် ဆက်လိုက်ရန် အချက်ပြသည်။
ကိုဆင့်သည် အတွေ့အကြုံရလာပြီဖြစ်သဖြင့် အရင်ကလောက်တုံ့ဆိုင်းမှုမရှိတော့ဘဲ ခင်စိန်မေနောက်သို့ လိုက်သည်။ သူ့အိတ်ထဲမှာ ခင်စိန်မေသောက်သော အအေးဖိုးရှင်းရန် ငွေအသင့်။ ခင်စိန်မေကို အအေးသောက်ရန် ခေါ်မည်။ အအေးသောက်ရင်း စာကိစ္စကို မေးမည်။ သူ့ဇွဲလုပ်မှုသည် ပိုသွက်လာသည်။ မီအုံ့ဆဲဆဲမှာပင် ...
ခင်စိန်မေသည် အမျိုးသမီးအိမ်သာထဲသို့ လုစ်ခနဲချိုးကွေ့ဝင်သွားလေသည်။

ကိုဆင့်သည် စကြ်ံလမ်းပေါ်မှာ ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်ချာချာကျန်ရစ်ခဲ့သည်။ ဝိတ်ကွေးသည် သူ့နဖူးကို လက်ဝါးဖြင့် အကြိမ်ကြိမ်ရိုက်၍ နေလေသတည်း။

## ဥဿဘေဗျူဟာခေါ် စစ်မိရာ ထိုးဖောက်တိုက်နည်း

"တောက် နာလိုက်တာကွာ၊ သေသေချာချာ အကွက်ချပြီး စီစဉ်ကာမှလွတ်သွားရတယ်လို့။ မဖြစ်ဘူး၊ ဒီတစ်ခါတော့ ခပ်ကြမ်းကြမ်းနည်းကို သုံးမှဖြစ်မယ်"

စတုတ္ထထိုးစစ်စတင်ပြီ။

အတန်းပြီးသွားသော်လည်း အခန်းပြင်မှာ ရပ်နေသော ကိုဆင့်ကိုတွေ့သောကြောင့် ခင်စိန်မေ ထွက်မလာချေ။ နောက်ဆုံးအတန်းထဲမှာ ခင်စိန်မေနှင့် အဖော်သူငယ်ချင်း တစ်ယောက်သာကျန်တော့သည်။ ကိုဆင့် သည်အခန်းထဲသို့ ဝင်သင့်မဝင်သင့် စဉ်းစားနေ၏။

"သွားလေကွာ"

ဝိတ်ကွေးက အမိန့်ပေးသောအခါ သူဝင်သွားလေသည်။ မထင်မှတ်ဘဲ ဝင်လာသော ကိုဆင့်ကိုကြည့်၍ ခင်စိန်မေ မှင်တက်မိနေသည်။ ကိုဆင့်အနားကိုရောက်မှ သတိဝင်လာပြီး မတ်တပ်ရပ်လိုက်သည်။ ထိုအချိန်တွင် ဝိတ်ကွေး၏ အဆိုအမိန့်များကို ဖျတ်ခနဲ ကြားယောင်မိသည်။

"စစ်မိရာ ထိုးဖောက်တိုက်နည်းဆိုပါက သတ္တိရှိဖို့လိုတယ်။ အခြေအနေပေးတာနဲ့ အတင်းဝင်ပြောရမယ်။ ဘေးမှာ ဘယ်သူတွေပဲရှိနေနေ ဂရုမစိုက်နဲ့။ အခြေအနေအရ ဗျူဟာကို ချက်ချင်းပြောင်းတက်ရတယ်။ အကောင်းဆုံးက ဝါရိဝေဂဗျူဟာလို့ခေါ်တဲ့ ရေအလျင်လို လျှပ်တစ်ပြက်ထိုးစစ်ဆင်ရမယ်။ ဟစ်တလာသုံးတဲ့ ဘလစ်ဂရိဆိုတဲ့ လျှပ်စစ်နည်းလိုပဲ"

ကိုဆင့်သည် လမ်းကိုပိတ်၍ ရပ်လိုက်၏။

"မစိန်"

ခင်စိန်မေသည် အတန်ငယ်ကြောက်နေသည်။

"ကျွန်တော့်စာကို ဖတ်ပြီးပြီထင်ပါတယ်"

ခင်စိန်မေ ကြောက်လန့်ငြိမ်သက်နေရာမှ စတင်လှုပ်ရှားလိုက်သည်။ လွယ်အိတ်ထဲမှ စာအိတ်တစ်အိတ်ကိုထုတ်၍ ကိုဆင့်လက်ထဲ ထည့်လိုက်သည်။ သူလွယ်အိတ်ထဲသို့ ကိုဆင့်ထည့်ပေးလိုက်သော စာအိတ်အဝါရောင်။ စာအိတ်သည် မဖောက်ရသေး။ ကိုဆင့်၏ စာအိတ်ကို ဖတ်ပင်မဖတ်ဘဲ ပြန်ပေးလိုက်ခြင်းဖြစ်ကြောင်း သေချာသည်။

ခင်စိန်မေသည် စာကိုကိုင်၍ ကြောင်ငေးနေသော ကိုဆင့်ကို တွန်းဖယ်ပြီး အခန်းအပြင်သို့ထွက်သွားသည်။ အခန်းသည် ကိုဆင့် ရင်ခုန်သံမှလွဲ၍ ငြိမ်သက်လျက်။

## စီးချင်းတိုက်ပွဲ

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြသော်လည်း စကားများများမပြောဖြစ်ကြ။ တစ်ခွန်းစနှစ်ခွန်းစ ပြောဖြစ် သော်လည်း ခါတိုင်းလို အနောက်အပြောင်စကားမျိုးမဟုတ်ချေ။ ခင်စိန်မေက ကိုဆင့်၏စာကို ဖတ်ပင်မဖတ်ပဲ ပြန်ပေးလိုက်သည့်နေ့မှ ခုနစ်ရက်စွန်းခဲ့သည်။ ထိုရက်များသည် ကိုဆင့်အဖို့ ဒုက္ခရက်များ။ အစားအသောက်နည်းပါသည်။ ဘာမှမစားဘဲနေခဲ့သော ညနေခင်းများလည်း ပါဝင်၏။ ထို့ထက်ဆိုးသည်မှာ ညမအိပ်ခြင်းပင်ဖြစ်သည်။ ကိုဆင့်၏ မျက်နှာသည် ချောင်ကျ၍နေပြီ။ မျက်တွင်းဟောက်ပက်၊ မေးရိုးများ ငေါ်ထွက်လျက်၊ နလုံးသားကား တုံးခနဲနေအောင် အဖျားတက်ခဲ့လေပြီ။

"မင်း ဘယ်လိုလုပ်မလဲ ကိုဆင့်"

ဝိတ်ကွေး၏ စကားကို ကိုဆင့် သေချာစွာကြား၏။ သို့ရာတွင် လှည့်၍မကြည့်။ မာလာဆောင်ဆီသို့ ငေးကြည့်နေရင်းက ...

"နောက်ဆုံးကြိုးစားတဲ့ အနေနဲ့ ငါ ဒီနေ့သွားတွေ့မယ်"

"ကောင်းတယ်၊ ငါတို့လည်း လိုက်မယ်"

"မလိုဘူး၊ ငါတစ်ယောက်တည်းသွားမယ်"

"ဘာ"

ကိုဆင့်ကို အားလုံးက အံ့သြစွာ ဝိုင်းကြည့်ကြသည်။

"ဟုတ်တယ်၊ ငါတစ်ယောက်တည်းသွားမယ်၊ ဘယ်သူမှမလိုက်နဲ့"

ကိုဆင့်သည် ဆတ်ခနဲထရပ်လိုက်ပြီး ချာခနဲလှည့်ထွက်သွား၏။ သူငယ်ချင်းများသည် ရုတ်ခြည်း ရဲရင့်လာသော ကိုဆင်၏ ကျောပြင်ကိုအံ့ဩစွာငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ကိုဆင့် တကယ်သတ္တိရှိလာပြီ။ သို့ရာတွင် မိုးအုံ့နေသောကြောင့် သူစိတ်သည်လေးလံနေသည်တော့အမှန်။ ကံကောင်းချင်၍လား ကံဆိုးချင်၍လားမသိ၊ အဓိပတိလမ်းကိုဖြတ်၍ သိပ္ပံဆောင်ဘက်သို့သွားနေသော ခင်စိန်မေကို လှမ်းတွေ့လိုက်ရသည်။ တစ်ယောက်တည်း သစ်ပုပ်ပင်ခြေရင်း အရောက်တွင် ခင်စိန်မေကို မီ၏။

"မစိန်"

ခင်စိန်မေသည် ဆတ်ခနဲတုန်သွားသည်။

"ကျွန်တော့်ကိုမြင်လိုက်ရတာ တစ္ဆေတစ်ကောင်ကို မြင်လိုက်ရတယ် လို့များ ထင်နေရော့လားဗျာ"

ခင်စိန်မေသည် ရပ်နေရာမှ ဆက်လျှောက်ရန် ဟန်ပြင်လိုက်သည်။

"နေပါဦး မစိန်"

ခင်စိန်မေ မရပ်၊ ခြေလှမ်းကို ပို၍သွက်သည်။ ကိုဆင့်သည် ခင်စိန်မေ၏ လွယ်အိတ်ကို ဆတ်ခနဲ လှမ်းဆွဲထား လိုက်လေသည်။

"အို ... ဘာလုပ်တာလဲ၊ လွှတ်ပါ၊ ကျွန်မလွယ်အိတ်"

"မလွှတ်နိုင်ဘူး မစိန်၊ ကျွန်တော့်စာကို ဘာဖြစ်လို့ မဖတ်ဘဲ ပြန်ပေးတာလဲ"

"လွှတ်နော်၊ ရှင် ရမ်းကားလှချည်လား"

"မေးတာကို ဖြေပါဦး မစိန်"

ခင်စိန်မေ မျက်နှာသည် ရက်ဒေါသကြောင့် ရဲရဲနီ၏။ သူမျက်လုံးသည် ဝင်းခနဲလက်သွားပြီး ...

"ဩော် ... အဲဒါလား၊ ကျွန်မ ရှင့်ကို လုံးဝစိတ်မဝင်စားလို့၊ နားလည်ပြီလား"

လွယ်အိတ်ကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်သည်။ သို့တည်းမဟုတ် ကိုယ်စိတ်နှစ်ပါး၌ အင်အားတို့မရှိတော့ သောကြောင့် လက်များ ဖြေလျော့သွားခြင်းလည်း ဖြစ်နိုင်သည်။

"နားလည်ပါပြီ၊ မစိန်ကို ကျွန်တော်နားလည်ပါပြီ။ ဒါပေမယ့် မစိန်ကတော့ ကျွန်တော့်ကို နားမလည်ဘူးနော်" ကိုဆင့်က လွယ်အိတ်ကို လွှတ်လိုက်ပြီ ဖြစ်သော်လည်း ခင်စိန်မေသည် ခြေလှမ်းကိုမရွေ့၊ သူတွင်လည်း အင်အားတို့ မရှိတော့ပြီလား။

မိုးဖွဲကလေးများ ကျလာသည်။ ခင်စိန်မေသည် ထီးကလေးကိုဖွင့်၍ ဆောင်သည်။ ကိုဆင့်ကတော့ မိုးရေထဲမှာ။ မိုးမှုန်ကလေးများသည် ကိုဆင့်၏ ကိုယ်ပေါ်သို့ တဖွားဖွား ကျသည်။ သူမျက်လုံးထဲ၌မူ မိုးသည်းထန်နေပြီ။

"ကျွန်တော် မစိန်ကို တကယ်ချစ်တာပါဗျာ၊ ဒါပေမယ့် ကျွန်တော်နောက်ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူးလို့ ကတိပေးပါတယ်။ ကျွန်တော် ကျွန်တော်"

မျက်ရည်တစ်စ စီးမကျခင် ချာခနဲ လှည့်ထွက်ခဲ့သည်။ တကယ့် မိုးသည်လည်း သည်းထန်လာလေ၏။

"ကိုအောင်ကျော်ဆင့်"ဟူ၍ လှမ်းခေါ်သံကို ကြားမိသည်ထင်၏။ သို့ရာတွင် သူလှည့်မကြည့်ရဲ။

"ကိုအောင်ကျော်ဆင့်"

ထိုအသံသည် သူ့နောက်ဆီမှ အမှန်ပင်ရှိ၏။ တုံ့ခနဲ ရပ်သည်။ နောက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

"မိုးတွေသိပ်သည်းလာပြီ၊ ထီးအောက်ကိုလာပါလား"

ခင်စိန်မေသည် ထိုစကားကို အမှန်တကယ်ပြောလေသည်။ သူအံ့ဩစွာ ကြည့်နေဆဲမှာပင် ခင်စိန်မေသည် သူ့ကို ပထမဆုံးအကြိမ် အမှန်တကယ် ပြုံးပြလိုက်၏။

*

ထိုနေ့မှစ၍ နောင်တွင် တက္ကသိုလ်နယ်မြေ၌ အလွန်ကျော်ကြား လာမည့် ဗျူဟာအသစ်တစ်ခုကို အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့လေသည်။ "အသုဗျူဟာ"ခေါ် မျက်ရည်စစ်ဆင်နည်းပင် ဖြစ်ပေသတည်း။

(စစ်ပြန်၊ ဇူလိုင် ၁၉၇၉)

# နေဝင်သွားတော့ လထွက်သည်

(၁)

မမ၏ မျက်နှာသည် လေငြိမ်သော ညအခါတွင် အင်းလျားကန်ရေပြင်၌ ပေါ်ထွန်းနေသော လပြည့်ဝန်းကြီးနှင့် တူပါသည်။ သစ်သစ်၏ မျက်နှာသည် လှိုင်းကြက်ထသော အင်းလျားကန်ရေမျက်နှာပြင်ကို တဖျတ်ဖျတ်ထိခတ်သော နေရောင်ခြည်နှင့် တူပါသည်။

(၂)

ချစ်သူနှစ်ယောက် ထားဖူးကြပါလိမ့်မည်။ နှစ်ယောက်စလုံးက တစ်ချိန်တည်း တစ်ပြိုင်တည်း ချိန်းဆိုထားသောအခါ မည်သူ့ထံသို့ သွားရမည်မသိသော အဖြစ်ကိုလည်း ကြုံဖူးကြပါလိမ့်မည်။ ဇွန်လ ၂၀ ရက်၊ စနေနေ့ ဖြစ်ပါသည်။ မမက အရေးကြီးသော ကိစ္စပြောစရာရှိ၍ လာခဲ့ရန် ချိန်းထားပါသည်။ မွန်းတည့် ဆယ့်နှစ်နာရီတိတိ အချိန်တွင် မမတို့ ရုံးရှေ့က ကြိမ်ခြင်းတောင်းလေးတွေရောင်းသောတဲလေးများရှေ့က စောင့်ရန်။ သစ်သစ်က မွန်းတည့် ဆယ့်နှစ်နာရီတိတိတွင် အဆောင်သို့ လာခဲ့ရန် ချိန်းထားပါသည်။ ဒီနေ့ သစ်သစ် ကျောင်းမတက်သောကြောင့် သစ်သစ်ရှိရာ အင်းကြင်းဆောင်သို့ သွားရမည်။ ကျွန်တော်သည် တက္ကသိုလ်ကျောင်းဝင်းထဲ ကိုအောင်ရင် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေပါသည်။ ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ် ရှိပါပြီ။

(၃)

မမ၏ အချစ်ကိုရရန် တစ်နှစ် တစ်လနှင့် နှစ်ရက်တိတိ ကြိုးစားခဲ့ရပါသည်။ မမ၏အချစ်ကိုရရန် မှုယာမာယာများ သုံးခဲ့ရပါသည်။ မမကမှ ပြန်မချစ်ရင် စာမေးပွဲ မဖြေတော့ဘူး ဆိုတော့မှပင် ချစ်ပါသည်။ မမသည် ကျွန်တော်နှင့်ချစ်ခါစက ကျွန်တော့်ကို "သူ"ဟု ခေါ်ပါသည်။ သုံးနှစ်လောက်ကြာတော့မှ "မောင်" ဟုခေါ်ပါသည်။ "မောင်" ဟုခေါ်ရတိုင်းလည်း မမ ရှက်နေတက်ပါသည်။ သစ်သစ်၏ အချစ်ကိုရရန် ခြောက်ရက်ခန့် ကြိုးစားရပါသည်။ အမှန်မှာ ငါးရက် ဖြစ်ပါသည်။ တနင်္ဂနွေတစ်ရက် ခံသွားသောကြောင့် ခြောက်ရက် ဖြစ်သွားပါသည်။ သစ်သစ်သည် ကျွန်တော်နှင့် မချစ်ခင်က "ယူ" ဟုခေါ်ပါသည်။ ကျွန်တော်နှင့် စချစ်သည်နေ့မှစ၍ "ကိုကို" ဟုခေါ်ပါသည်။

(၄)

မမကို ချစ်ခွင့်ရပြီး လေးလကြာမှ မမ၏ လိုင်စင်ဓါတ်ပုံတစ်ပုံကို ရပါသည်။ ခြောက်လကြာမှ နှစ်ယောက်ချင်း တွေ့ခွင့်ပေးပါသည်။ တစ်လလျှင် တစ်ကြိမ်ခန့်။ သို့ရာတွင် လွန်ခဲ့သော သုံးလခန့်မှစ၍ မမသည် တစ်လတစ်ကြိမ်တွေ့ခွင့်ကို အကန့်အသတ်မရှိ ရုပ်စဲလိုက်ပါသည်။ နောက်ဆုံးတွေ့ကြသောနေ့က မမကို ကျွန်တော်က အတင်းနမ်းမိသောကြောင့် ဖြစ်ပါသည်။ သစ်သစ်သည် ကျွန်တော့်ကို ချစ်ပြီး နောက်တစ်နေ့တွင် သူ၏ ဓါတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်ပေးပါသည်။ လေးလခန့်အတွင်း သစ်သစ်နှင့် ကျွန်တော် ငါးဆယ့်နှစ်ခါတိတိ တွေ့ခဲ့ပါသည်။ သစ်သစ်သည် အဆောင်ကို ပြန်ခါနီးတိုင်း ကျွန်တော့်ကို သတိပေးတက်ပါသည်။ "ကိုကို ဒီနေ့ သစ်သစ်ကို မနမ်းရသေးဘူး"

(၅)

မမသည် ကျွန်တော် ဆေးလိပ်သောက်သည်ကို မကြိုက်ပါ။

"လူကလေးက ငယ်ငယ်လေး၊ မျက်နှာက ရင့်နေလိမ့်မယ်။ ပြီးတော့ ဆေးလိပ်သောက်ရင် အဆုတ်မှာ ကင်ဆာဖြစ်မယ်။ အင်္ကျီမီးပေါက်မယ်။ ပိုက်ဆံကုန်မယ်။ ပါးစပ်က ဆေးလိပ်နံ့ နံမယ်"

သစ်သစ်သည် ကျွန်တော် ဆေးပေါ့လိပ်သောက်သည်ကို မကြိုက်ပါ။

"ဆေးပေါ့လိပ်ဆိုတာ စာရေးဆရာတွေသောက်တာ။ ကိုကိုက သူဌေးသားပဲ။ စီးကရက်သောက်မှပေါ့။ ဇီလ်တာနဲ့ပြောတာနော်။ ပြီးတော့ ဆေးပေါ့လိပ်နဲ့ ကိုကို ဂုက်စ်လိုက်တာနဲ့ မလိုက်ပါဘူးနော်"

(၆)

ဆန်းပြားသော ပုံစံများ၊ ကြောင်ကျားသော အဆင်များဖြင့် ချုပ်ထားသော အဝတ်အစားများဝတ်လျှင် မမ မကြိုက်ပါ။ ဘောင်းဘီဝတ်ခြင်းကို မမ တားမြစ်သည်။ မမထံသို့ တိုက်ပုံအင်္ကျီမပါဘဲသွားလျှင် အဆူခံရတက်ပါသည်။ သစ်သစ်သည် ကော်လာမပါသော လည်ပြတ်အင်္ကျီများ ဝတ်သည်ကို မကြိုက်ပါ။ "ခုခေတ်က ကျော်ဟိန်းခေတ်လေ ကိုကိုရဲ့၊ မောင်ဘတင့်ခေတ် မဟုတ်တော့ဘူး" ထို့ကြောင့် သစ်သစ်သည် ကျွန်တော့်ကို ဘောင်းဘီဝတ်ခိုင်းသည် "ဘောင်းဘီချုပ်ရင် ဖလဲချုပ်နော်။ ပြီးတော့ကျတော့ အီလပ်စတစ်နဲ့ မချုပ်နဲ့။ တောင့်တောင့်ကြီးဖြစ်နေလိမ့်မယ်။ တက်ထရက်စ်ပလိန်းနဲ့ချုပ် သိလား"

(၇)

မမသည် ကျွန်တော်၏ ရှည်လျားသော ဆံပင်ကို မနစ်သက်ပါ။ "မောင့်ဆံပင်ကြီးကလည်းကွယ် စုတ်ဖွားဖွား ညှဉ်းသိုးသိုးနဲ့။ နောက်တစ်ခါ ဒီလိုဆံပင်ကြီးနဲ့ဆိုရင် မမဆီမလာနဲ့" မမထံသို့သွားလျှင် ဆံပင်နားရွက်မဖုံးစေရ။ ကော်လာအောက်သို့ ဆံပင်မရောက်စေရ။ သစ်သစ်သည် ဆံပင် အတိုထားသူများကို ရှုတ်ချတက်လေသည်။ "ဆံပင်အတိုနဲ့ဆို ကြည့်ရတာ သိပ်အောက်တာပဲ။ အေးမြင့်ကိုကြည့်ပါလား ဆံပင်က တိုနံ့နံ့။ ကုပ်သားကြီးက ပြောင်ပြောင်၊ တိုက်ဂေါ်ပုံကြီး။ ကိုကို့ပုံကတော့မိပါတယ်။ ကိုကို့ဆံပင် ခွေခွေကောက်ကောက်ကလေးတွေက ကုပ်သားပေါ်ဝဲကျနေတာ သိပ်မိုက်တာ"

(၈)

မမသည် ဆန်းသစ်တီထွင်သော စကားလုံးများကို နားမလည်ပါ။

"ဟိုနေ့က မမတို့ရုံးကို ဖုန်းဆက်တုန်းကလေ ဖုန်းလာကိုင်တဲ့လူကြီးက ဘယ်သူလဲ၊ ဘယ်ကလဲနဲ့ တကယ်ဒတ်စ်ပဲ"

"ဘာလဲမောင်ရဲ့ဒတ်စ်ဆိုတာ"

"ဒတ်စ်ဆိုတာ အမိုက်လို့ပြောတာ၊ ရှုပ်တယ်လို့ပြောတာပေါ့"

"မောင်တို့ လမ်းသရဲစကားတွေ မမ နားမလည်ဘူး။ ဘာတွေမှန်းလည်းမသိဘူး"

စကားအသစ်အဆန်းတီထွင်မှုတွင် သစ်သစ်ကို ကျွန်တော် လိုက်လို့မမီပါ။

"ကိုကို ကိုမဲလုံးက ကိုကို့ကို လိုက်ရှာနေတယ်"

"ဘယ်က ကိုမဲလုံးလဲ"

"ခါလာကြီးရဲ့သား ကိုမဲလုံးလေ"

"ဘယ်က ခါလာကြီးလဲ၊ ကိုကို မသိပါလား"

"ကိုကိုကလည်း တုံးလိုက်တာ"

"ပြောစမ်းပါဦး သစ်သစ်ရဲ့ ဘယ်သူတွေလဲ"

"ဘယ်သူတွေမှ မဟုတ်ဘူး၊ တကယ်လည်းမရှိဘူး။ ကိုကို့ကို အကြောင်ရိုက်တာ။ ကိုမဲလုံးက လိုက်ရှာနေတယ်ဆိုရင် တွေပြီးပြီလို့ ပြောရတယ်။ ဟင်း … ဘယ်ကလဲ၊ ဘာညာလုပ်နေရင် ကိုကို အကြောင်မိပြီ ဆိုပြီး ဝိုင်းဟားခံရမှာပေါ့"

"ကိုကိုတော့ တစ်ကွက်နောက်ကျသွားပြီကွာ"

(၉)

မမနှင့် နစ်ယောက်တည်း သွားကြသောအခါ ကျွန်တော်တို့ ရှောင်ရာနေရာများမှာ တက္ကသိုလ်ကျောင်းဝင်း၊ အင်းလျားကန်၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဗိုလ်ချုပ်ပန်းခြံ၊ လူရှင်းသော နေရာမှန်သမျှ ဖြစ်ပါသည်။ အမြဲတမ်းသွားနေကျနေရာမှာ ရွှေတိဂုံဘုရားဖြစ်ပါသည်။ အများအားဖြင့် ကြေးဆင်းတုတော်ကြီးတွေ ရှိနေသောနေရာ ဖြစ်ပါသည်။ ဘုရားပေါ်ရောက်လျှင် မမသည် ဘုရားအကြာကြီး ရှိခိုးတက်ပါသည်။ သစ်သစ်နှင့်လျှောက်လည်ကြသောအခါ ဘုရားပေါ်သို့ မတက်ဖြစ်ကြပါ။ သစ်သစ်သည် ဗိုလ်ချုပ်ဈေးနှင့် ရုပ်ရှင်ရုံကလွဲ၍ လူရှုပ်သောနေရာမျိုးကို မကြိုက်ပါ။ "လူတွေမြင်နိုင်တဲ့နေရာမှာ ထိုင်ချင်ပါဘူး ကိုကိုရယ်။ ပေါ်တင်ကြီးဆိုတော့ မကောင်းဘူးလေ၊ သိတယ်မဟုတ်လား"

(၁၀)

မမသည် စိတ်ဘယ်တော့မှမကောက်တက်ပါ။ သို့ရာတွင် ဆရာသိပ်လုပ်တက်ပါသည်။ ဘယ်လိုနေ ဘာလုပ် ဘာတွေဆင်ခြင် ဘာညာကွိကွ မမသည် ကျွန်တော့်ကို အလိုမလိုက်ပါ။ ကျွန်တော်လိုချင်သော အခွင့်အရေးများကို မပေးပါ။ ထိုအခါ ကျွန်တော် စိတ်ကောက်ပါသည်။ နောက်တော့ မနေနိုင်လို့ မမကို ပြန်ခေါ်ပါသည်။ သစ်သစ်သည် တစ်နေ့လျှင် အနည်းဆုံး တစ်ခါ စိတ်ကောက်ပါသည်။ နာရီပိုင်းအတွင်း စိတ်ပြန်ပြေ သွားတက်ပါသည်။ သစ်သစ်သည် တစ်လလျှင် အခါသုံးဆယ် (သို့မဟုတ်) သုံးဆယ့်တစ်ခါ စိတ်ကောက်တက်ပါသည်။ တစ်လလုံးနေလို့မှ သစ်သစ် နစ်ဆယ့်ရှစ်ခါပဲ စိတ်ကောက်တက်သည့်လ လည်းရှိပါသည်။ ဖေဖော်ဝါရီလ ဖြစ်၏။

(၁၁)

အခန်းနံပါတ် AB3 ထဲကကျောင်းသူများ ဆူညံစွာ ထွက်လာကြပါသည်။ ဆယ့်တစ်နာရီ ငါးဆယ်မိနစ် ရှိပါပြီ။ ကျွန်တော်သည် ကားပေါ်တက်၍ မောင်းထွက်ခဲ့ပါသည်။ စီးပွားရေးတက္ကသိုလ်ရှေ့ကလမ်းနှင့်ပြည်လမ်းဆုံရာတွင် ကားကို ရပ်ပါသည်။ ခရိုန်A ထိ

ကျွန်တော် သည်ဘယ်ကိုသွားရမှန်း မသိသေးပါ။ ညာဘက်သို့ချိုးလျှင် သစ်သစ်ရှိရာ အင်ကြင်းဆောင်သို့။ ဘယ်ဘက် သို့ချိုးလျှင် မမတို့ရုံးသို့။
နောက်က ကားတစ်စီးက ဟွန်းတီးနေပါသည်။ ထိုကားသည် ညာဘက်သို့ကွေ့ရန် အချက်ပြမီးကို ဖွင့်ချည်မှိတ်ချည် ပြုလုပ်နေပါသည်။ ကျွန်တော်သည် ကားကို ဘယ်ဘက်သို့ ကွေ့ချလိုက်ပါသည်။

(၁၂)

မမသည် ဗိုလ်ချုပ်ပန်းခြံသို့သွားချင်သည်ဟု ထူးထူးခြားခြား ပြောပါသည်။ ဗိုလ်ချုပ်ပန်းခြံထဲက ကျောက်ခုံကြီးတစ်ခုံမှာ ကျွန်တော်တို့ ထိုင်ကြပါသည်။ "မောင့်ကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်"
မမ၏မျက်နှာသည် ထူးခြားစွာ တည်ငြိမ်နေပါသည်။ အနည်းငယ် တင်းမာသယောင်ရှိပါသည်။ သို့ရာတွင် ကျွန်တော်မမကို မကြောက်ပါ။
"မောင် ဘွဲ့ရပြီးရင် ဘာလုပ်ကြမလဲ" ကျွန်တော်မဖြေတတ်ပါ။ ဘွဲ့ရပြီးလျှင် ဘာလုပ်ကြမလဲ။ ဘာလုပ်ကြမလဲ။ မမသည် ကျွန်တော့်အဖြေကို စောင့်နေပါသည်။
"မမ"
"ဟင်"
"ဘာလုပ်ကြမလဲ"
"မောင်က သိပ်ခက်ပါလား၊ မောင် ဘယ်နနှစ်ရှိပြီလဲ""အသက် နှစ်ဆယ်"
"ဒါကိုပြောတာမဟုတ်ဘူး။ တက္ကသိုလ်မှာ ဘယ်နနှစ်ရှိပြီလဲလို့ မေးတာ"
"တတိယနှစ်"
"မမနဲ့မောင်နဲ့ ချစ်ခဲ့တာ ဘယ်နနှစ်ရှိပြီလဲ"
"လေးနှစ်နဲ့တစ်လနဲ့၊ အင်း ...နှစ်ဆယ်ရက်နေ့ဆိုတော့"
"ထားပါတော့ လေးနှစ်။ လေးနှစ်အတွင်းမှာ မောင် လေးလေးနက်နက် လုပ်ခဲ့တဲ့အလုပ် ဘယ်နခုရှိခဲ့သလဲ"
ဘယ်နခုရှိသလဲ။ ကျွန်တော် မဖြေတတ်ပါ။ မမ ဘာကို ဆိုလိုချင်ပါသနည်း။ မမကြီးများသည် သူတို့ပြောချင်သော စကားများကို သူတို့ကိုယ်တိုင်မပြောဘဲ မောင်လေးများကို အဘယ်ကြောင့် ဖြေခိုင်းရပါသနည်း။
"ဘယ်နခုရှိပါသလဲ"
မမကို ကျွန်တော်က ပြန်မေးပါသည်။ မမက ဖြေပါသည်။
"တစ်ခုမှမရှိဘူး။ မောင်ဟာ မမနဲ့ လျှောက်လည်ဖို့၊ ရုပ်ရှင်ကြည့်ဖို့၊ မမဆီက အခွင့်အရေးတွေ အမျိုးမျိုးတောင်းဖို့၊ မမကို စိတ်ကောက်ဖို့၊ ပြီးတော့"
"ပြီးတော့ကျတော့ ဘုရားရှိခိုးဖို့".
"မမကို မငေါ့နဲ့။ ခုချိန်မှာ မမနဲ့ မောင်တို့အတွက် ရေ့ရှေ့ပြေးစီမံကိန်းဆိုတာ ရှိသင့်လာပြီမောင်"
"ရေ့ရှေ့ပြေးစီမံကိန်း၊ ဟုတ်လား။ အဲဒါတွေက ဘာတွေလဲ"
"မမ မေးမယ်၊ မမနဲ့မောင်နဲ့ ရှေ့ရေးသာယာဖို့ ဘာတွေလိုသလဲ"
"မမနဲ့ မောင်နဲ့ သစ္စာရှိရှိချစ်ဖို့"
"မဟုတ်ပါဘူး"
"မော်တော်ကားလိုတယ်"
"မဟုတ်ဘူး"
"ဟိုဒင်း၊ နေဖို့အိမ်လိုတယ်"
"မဟုတ်ဘူး၊ လိုတာတွေက အများကြီး"
"ဟုတ်တယ်၊ ဟုတ်တယ်၊ အများကြီး ပိုက်ဆံတွေအများကြီးလိုတယ်။ မောင့်ဖေဖေက သူဌေးပဲ"
"မဟုတ်ဘူး၊ တစ်ခုမှ မဟုတ်ဘူး"
"ဒါဖြင့်ဘာလဲ"
"ဒါကို မောင်သိပြီးသားဖြစ်ရမယ်"
ဟော ...မောင်သိပြီးသားတဲ့။ ဘာကိုသိရမှာလဲ။ မမကြီးများသည် အဘယ်ကြောင့် ဝေ့လည်ကြောင်ပတ်လုပ်တက်ရပါသနည်း။
"မောင့်မှာ ဘာအရည်အချင်းတွေရှိသလဲ"
"မောင့်မှာ ဟို..ကားမောင်းတက်တယ်။ ပြီးတော့ ကြက်တောင် အရိုက်ကောင်းတယ်။ ပြီးတော့ လက်ရေးလှတယ်။ ပြီးတော့..."

"မောင့်မှာ ဘာအရည်အချင်းမှမရှိဘူး"
"ဘာပြောတယ် မမ၊ မောင်က အားကိုးလောက်တဲ့လူ မဟုတ်ဘူးပေါ့။ မောင့်မှာ ဦးဆောင်နိုင်တဲ့အရည်အချင်း မရှိဘူးပေါ့။ မောင်က ယောကျ်ားကောင်းတစ်ယောက် မဟုတ်ဘူးပေါ့"
"ဟုတ်တယ်"
"ဘုရားပေါ်ကိုသွားရအောင် မမ"
"ဟင့်အင်း၊ မသွားချင်တော့ဘူး။ ဘုရားဆို ရေစက်ဆုံနိုင်တဲ့လူတွေမှသွားရတာ"
"ဘာ ...မမဘာကိုဆိုလိုတာလဲ"
"မမမှာ စဉ်းစားနေတဲ့အပိုင်းကနေ ဆုံးဖြတ်ရမယ့်အပိုင်း ရောက်လာပြီ"
"မောင်နဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ဖို့လား"
"ဟုတ်တယ်၊ မောင်နဲ့ မမနဲ့ လမ်းခွဲကြဖို့ပဲရှိတော့တယ်"
"မမ မောင်နဲ့ခွဲနိုင်လို့လား"
"ခွဲနိုင်အောင် ကြိုးစားရမှာပေါ့။ တကယ်တော့ ကိုယ့်လမ်းကိုယ် သွားကြရမှာပါ။ခံတော့ ခံစားရမှာပေါ့။ အလွန်ဆုံး တစ်နှစ်ပါပဲလေ။ ကြာတော့လည်း မေ့သွားကြမှာပါ"
နေမင်းကြီးသည် ငိုတက်ပါသလား။ မမ၏ မျက်နှာကို ကြည့်ရသည်မှာ မွန်းတည့်နေသော နေမင်းကြီးကို ကြည့်ရသည်နှင့် တူပါသည်။
"ကောင်းလှပါပြီ ဒေါ်မမရီ၊ ကျွန်တော်ကလည်း ကျွန်တော့်လမ်းကျွန်တော်သွားရမှာပါပဲ။ ဒါပေမယ့် ကျွန်တော့်လမ်းက မော်တော်ကားနဲ့သွားရမှာ။ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"
နေမင်းကြီးသည် အဘယ်ကြောင့် တည်ငြိမ်စွာ ဟန်ဆောင်တက်ပါသနည်း။

(၁၃)

အင်ကြင်းဆောင်ကို ရောက်သောအခါ တစ်နာရီနှင့် ငါးမိနစ်ရှိပါပြီ။ အဆောင်စောင့် ဦးလေးသိန်းအား သစ်သစ်ကို ခေါ်ပေးဖို့ ပြောပါသည်။
"ခဏနေဦးကွာ၊ ငါသွားခေါ်ပေးမယ်။ ခုနတော့ ဧည့်ခန်းထဲမှာ မင်းကိုစောင့်နေတာ တွေ့တယ်"
ဦးလေးသိန်း ထွက်သွားပါသည်။ ဦးလေးသိန်း ပြန်လာသည်။
"မရှိဘူးလို့ ပြောခိုင်းလိုက်တယ်"
"ဦးလေးသိန်း ကျွန်တော်က သိပ်အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့လို့"
သစ်သစ် ဆင်းလာပါသည်။ နှုတ်ခမ်းကို စူထားပါသည်။ ကျွန်တော့်ကို ကြည့်လည်းမကြည့် စကားလည်းမပြောဘဲ ကားပေါ်တက်ထိုင်ပါသည်။
"ကိုကို နည်းနည်းနောက်ကျသွားတယ်ကွာ"
သစ်သစ်က ဘာမျှမပြောပါ။ နှုတ်ခမ်းကို ပို၍စူလိုက်ပါသည်။
"အရေးကြီးတဲ့ကိစ္စရှိရင်ပြော"
"တခြားမဟုတ်ပါဘူး၊ သစ်သစ်ကို ကိုကိုရုပ်ရှင်လိုက်ပြမလို့ ချာလီလေ"
သစ်သစ်က ခစ်ခနဲရယ်ပါသည်။ လမင်းကြီးရယ်သည်ကို တွေ့ဖူးကြပါလိမ့်မည်။
"သစ်သစ် ကိုကို့ကို စိတ်ဆိုးနေတုန်းပဲလား"
"အစကတော့ စိတ်ဆိုးတယ်။ ကိုကို့မျက်နှာကို မြင်လိုက်တော့ စိတ်မဆိုးတော့ဘူး"
လမင်းကြီးသည် ဟန်မဆောင်တက်ပါ။ ကျွန်တော်သည် ကျွန်တော်မဖြေတက်ခဲ့သော မေးခွန်းကို သစ်သစ်အား မေးကြည့်ပါသည်။
"သစ်သစ် ကိုကိုတို့ ဘွဲ့ရပြီးရင် ဘာလုပ်ကြမလဲ"
"ဘွဲ့ရပြီးရင် လက်ထပ်ကြမှာပေါ့ ကိုကိုရဲ".
အို ... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ ကျွန်တော်တို့ ဘွဲ့ရပြီးရင် လက်ထပ်ကြရလိမ့်မှာပေါ့။

(ရုပ်ရှင်ပဒေသာ၊ နိုဝင်ဘာ၊ ၁၉၇၆)

## ခါးနှင့်နှင်းဆီ

ပြကွက်သည် တဖြည်းဖြည်းပို၍ သည်းထိတ်ရင်ဖိုဖွယ် ဖြစ်လာ၏။ မန်နေဂျာ၏ အစီအစဉ် ကောင်းမွန်ခြင်းနှင့် ဇာတ်ခုံပေါ်မှ အခင်းအကျင်းကလည်း ပြကွက်ကို အထောက်အကူဖြစ်စေ၏။

ခုပြကွက်မရောက်ခင် နောက်ဆုံးပြသွားသောအခန်းမှာ လူရွှင်တော်သုံးယောက်တို့၏ ဟာဒယရွှင်ဆေး တိုက်ကျွေးခြင်း ဖြစ်၏။ ဟာသကွက်တွေကို ကိုယ်နှုတ်အမူအရာ နှစ်ပါးလုံးဖြင့် ပြောင်မြောက်စွာ သရုပ်ဆောင်သွားရာ ပရိသတ်များ ပါးစပ်မစေ့နိုင်အောင်ပင် တဝါးဝါး တဟားဟား ပွဲကျနေခဲ့ကြသည်။

ထို့နောက် ရုတ်တရက် ခုပြမည့် ပြကွက်ဝင်လာသောအခါ လုံးဝဆန့်ကျင်ဘက် ရသဖြစ်သောကြောင့် ပို၍ပီပြင်သွားရလေသည်။ ခါးသမားအောင်ငွေ၏ ခါးစွမ်းပြသည့် အခန်းပင်ဖြစ်၏။ ခါးသမားအောင်ငွေသည် အနီရောင်ဝတ်စုံကို ဝတ်ထားသည်။ ခါးရှည်ကုတ်အင်္ကျီ၏ ကျောဘက်တွင် အဖြူရောင် အရိုးခေါင်းပုံတစ်ခုကို ကပ်ထား၏။ ဆလိုက်မီးရောင်တွင် သူ့ဝတ်စုံမှာ မီးလျှံတွေ တောက်လောင်နေသလို၊ သွေးတွေလိမ်းကျံထားသလို ထင်မှတ်ရသည်။

သူနှင့် ပေနှစ်ဆယ်လောက်အကွာ မျက်နှာချင်းဆိုင်တွင် သစ်သားဘီးဝိုင်းကြီးတစ်ခု ရှိ၏။ ဘီးဝိုင်းကြီးတွင် အမျိုးသမီးတစ်ယောက်ကို လက်ကောက်ဝတ်၊ ခြေချင်းဝတ်၊ ခါးနှင့် လည်ပင်းတို့တွင် သားရေပြားများနှင့် စည်းနှောင်ပြီး ကားကျက်ထားသည်။ သူကား ခါးပေါက်ခံမည့် ဇာနည်စိန်ပင်ဖြစ်၏။

ဇာနည်စိန်သည် အနက်ရောင် ကိုယ်ကျပ်ဝတ်စုံကို ဝတ်ထားသည်။ အင်္ကျီက လက်ပြတ်ဖြစ်ပြီး ဘောင်းဘီက ပေါင်လယ်လောက်ထိ တိုသည်။

အနက်ရောင်ဝတ်စုံသည် ဖြူဖွေးသော အသားအရေနှင့် အလွန်လိုက်ဖက်သည်။ သူ့ရုပ်ရည်မှာ ချောမောလှပြီး ကိုယ်လုံးက အချိုးအဆစ်ပြေပြစ်သည်။

"ရွှေပွဲလာ ဧည့်ပရိသတ်များ ခင်ဗျား၊ ခုအချိန်မှစပြီး ခါးဝိဇ္ဇာအောင်ငွေနဲ့ ဇာနည်စိန်တို့ရဲ့ ခါးစကြာအစွမ်းပြခန်းကို ရင်သပ်ရှုမောအံ့သြဖွယ် အသည်းတယားယား ရင်တဖိုဖို ရှုစားကြရပါတော့မယ် ခင်ဗျား"

အစီအစဉ်ကြေညာသူ၏ အသံ ထွက်ပေါ်လာပြီးနောက် တီးဝိုင်းက စိတ်လှုပ်ရှားဖွယ် တီးလုံးကို စတင်တီးခတ်သည်။ ခါးအောင်ငွေသည် ထောင့်တိုင်မှာ လိပ်ပြီး ချိတ်ထားသည့် သားရေခါးပတ်ကြီးကို ဖြေချလိုက်သည်။ စီထည့်ထားသော ခါးမြှောင်များသည် မီးရောင်တွင် ဖွေးခနဲ လက်ခနဲ ဖြစ်သွား၏။

ခါးအောင်ငွေက ခါးမြှောင်နှစ်လက်ကို ဆွဲထုတ်ယူပြီး လှွင့်မြှောက် ကစားပြသည်။ ခါးနှစ်လက်သည် လေထဲတွင် လှည့်ပတ်ဝဲပျံနေကြသည်။

*

ခါးသမားတစ်ယောက် ဖြစ်လာဖို့ဆိုသည်မှာ အလွန်ခက်ခဲသော ကိစ္စပင်ဖြစ်၏။ အောင်ငွေသည် ဆပ်ကပ်လောကသို့ အသက်ဆယ့်လေးနှစ်တွင် စတင်ရောက်လာခဲ့၏။

သူပထမဆုံးလုပ်ရသည့် အလုပ်ကတော့ ခါးဝိဇ္ဇာကြီးတစ်ဦး၏ တပည့်အဖြစ် လုပ်ကိုင်ရခြင်းပင်ဖြစ်၏။ ခါးပေါက်ခံမည့်သူ ငှားမရသည့်အခါမျိုးတွင် သူက လူစားဝင်၍ ခါးပေါက်ခံရသည်။ နောက်ပိုင်းပင်တိုင် ခါးပေါက်ခံသူ ဖြစ်လာသည်။

ထိုအတောအတွင်း ခါးဝိဇ္ဇာကြီးထံမှာ ခါးပစ်လေ့ကျင့်ရသည်။ ဦးစွာ ပန်းကန်ပြားဝိုင်းခန့်ရှိသော စက်ဝိုင်းအတွင်း ဝင်အောင် ပေါက်ရသည်။ စက်ဝိုင်းကို တစ်စတစ်စကျဉ်းသွားပြီး နောက်ဆုံး ကျပ်ပြားဝိုင်းခန့်အတွင်း ဝင်အောင်ပစ်ရ၏။

နောက်တစ်ဆင့်ကျမှ လူပုံသဏ္ဌာန် ကောက်ကြောင်းရေးထားသည့် သစ်သားပြားပေါ် အပစ်ကျင့်ရသည်။ နောက်တစ်ခါ ကောက်ကြောင်းဘေးရှိ တည့်တည့်မတ်မတ် မှန်စေလိုသော နေရာများကို မှတ်သားပြီး ထိမှန်အောင် ပစ်ရသည်။

ဘယ်လိုပဲပစ်ပစ် လိုရာပစ်မှတ်ကို တစ်ဆံချည်မလွဲ ပစ်နိုင်ပြီဆိုမှ လူနှင့် စမ်းသပ်ရသည်။ အလွတ်ပစ်ပေါက်စဉ်က ဘယ်လောက်တိကျစွာ မှန်ခဲ့သည်ဖြစ်စေ လူကိုပစ်ရသောအခါ စိတ်လှုပ်ရှားတုန်လှုပ်ခဲ့သည်မှာ အမှန်ပင်။

ပထမဆုံးပစ်ပေါက်ခံသူအဖြစ်တော့ သူ့ဆရာ ခါးဝိဇ္ဇာကြီးကိုယ်တိုင်က ဝင်နေပေးသည်။ ထိုအဆင့်ကိုရောက်ဖို့ နှစ်ပေါင်းများစွာ ကြာအောင် လေ့ကျင့်ခဲ့ရ၏။။

နောက်တော့ သူသည် ခါးဝိဇ္ဇာဖြစ်လာသည်။ သူက သမားရိုးကျပုံစံများအပြင် ပြကွက်ဆန်းများ အသစ်ထွင်ခဲ့သည်။ ထို့ကြောင့် သူသည် အတော်ဆုံးနှင့် ကြေးအကြီးဆုံး ခါးပေါက်သမား ဖြစ်လာခဲ့၏။ ဆပ်ကပ်အဖွဲ့ပိုင်ရှင်က သူ့ကို စပေါ် သို့မဟုတ် အသုံးငွေ တစ်သောင်းနှင့် ညကြေး တစ်ရာ့ငါးဆယ် ပေးထားသည်။ သူပါမှ ဆပ်ကပ်လူဝင်သောကြောင့် လက်မလွှတ်နိုင်။ ဆပ်ကပ်အဖွဲ့ထဲတွင် ညကြေးအများဆုံး ရသူတွေထဲမှာ သူတစ်ယောက် အပါအဝင်ဖြစ်၏။

ခါးပေါက်သမားက အရေးကြီးသလို ခါးပေါက်ခံမည့် သူလည်းအရေးပါသည်။ ခါးပေါက်ခံသူက တည်တည်ငြိမ်ငြိမ်မရှိဘဲ တုန်လှုပ်ကြောက်ရွံ့နေလျှင် ခါးပေါက်သူအတွက် အနှောင့်အယှက် ဖြစ်နိုင်သည်။ ခါးပေါက်ခံသူမှာ မိန်းကလေးဖြစ်လျှင် ပရိသတ်က ပိုသဘောကျသည်။ ရုပ်ချောပြီး ကိုယ်လုံးကိုယ်ပေါက်လည်းလှမည်၊ အသက်လည်းငယ်မည်ဆိုလျှင်တော့ အကောင်းဆုံးဖြစ်၏။ ဇာနည်စိန်သည် ထိုအချက်အားလုံးနှင့် ကိုက်ညီသည်။ ထို့ကြောင့် သူ့ကိုလည်း ညကြေးအမြင့်ဆုံး ပေးထားသည်။ သူက အောင်ငွေထက်ပင် ငါးဆယ်ပိုရသည်။ ထိုငွေငါးဆယ်မှာ အသက်ဖိုးဟု ဖွင့်မပြောသော်လည်း လူတိုင်းက ဒီအတိုင်းပင် နားလည်ထားကြ၏။

သူတို့နှစ်ယောက်မှာ အလွန်အတွဲညီသည်ဟု အားလုံးက သတ်မှတ်ထားသည်။

*

တီးဝိုင်းရှိ ဒရမ်က အဆက်မပြတ်ခေါက်နေသည်။ အောင်ငွေ ပထမဆုံး ခါးတစ်ချောင်း ပစ်ပေါက်ဖို့ ပြင်ဆင်သည်။ ခါးမြှောင်ကို အရိုးဘက်က ကိုင်ထားရာမှ ဆတ်ခနဲ တစ်ပတ်လည်စေလျက် အသွားထိပ်ကို ဖမ်းကိုင်လိုက်၏။ ဇာနည်စိန်ကို ကားကျက်ထားသည့် သစ်သားဝိုင်းဘေးမှာ ရပ်နေသော တပည့်လူရွှင်တော်ပေါက်စက မျက်လုံးကို လက်နှစ်ဖက်ဖြင့် ပိတ်ထားပြီး မကြည့်ရဲဟန် လုပ်လိုက်သည်။

လက်ခနဲဖြစ်ပြီး ခါးမြှောင်ပြေးသည်။ လင်ကွင်းက ရှဲခနဲမြည့်သံပေးလိုက်၏။ ဒုတ်ခနဲစိုက်ဝင်သွားသည်။ ဇာနည်စိန်၏ လက်မောင်းနှင့် လက်ပြင်ကြား ကျဉ်းမြောင်းသော ကွက်လပ်ကလေးမှာ။ ပေါက်စသည် လက်ဝါးတစ်ဖက်ကို ဖွင့်ကြည့်သည်။ ထို့နောက် သက်ပြင်းကို အသံအကျယ်ကြီးမြည်အောင်ချသည်။ ပရိသတ်ထဲက ကြောက်ရယ်သံ အနည်းငယ် ထွက်လာ၏။ နောက်တစ်ချက် အခြားလက်ပြင်အနီး။

*

ဇာနည်စိန်သည် တော်တော်အံ့သြဖို့ကောင်းသည့်မိန်းကလေး။ ခါးပေါက်ခံဖို့ဆိုသည်မှာ တော်ရုံတန်ရုံ သတ္တိကောင်းသည့် ယောကျာ်းများပင် အလုပ်ဝံ့။ ဇာနည်စိန်ကတော့ တစ်ချက်ကလေး မျက်နှာမပျက်။ တစ်စက်မှ စိုးရွံ့ဟန်မပြ။ သူရောက်လာတုန်းက ကျွမ်းဘားအဖွဲ့မှာ အလုပြုရုံ သက်သက်ဖြစ်၏။

တရက်မှာ ခါးပေါက်ခံသူ အလုပ်ထွက်သွားသဖြင့် လူစားထိုးဖို့ တိုင်ပင်ကြရာ အောင်ငွေက မိန်းကလေးငယ်ငယ်တစ်ယောက်ဆိုလျှင် ကောင်းမည်ဟု ပြောသည်။

ဒါကိုကြားသွားသော ဇာနည်စိန်က သူလုပ်မည်ဟု ဆိုလာသည်။

ပထမဆုံး ခါးစမ်းကြည့်သည့်အခါကပင် သူ့သတ္တိကို လက်ဖျားခါကြရ၏။

ဇာနည်စိန်သည် သတ္တိကောင်းရုံမျှမက ချစ်ဖို့လည်းကောင်း၏။ သူ့အနေနဲ့ အဆိုအကသင်ပြီး ဇာတ်ထဲအငြိမ့်ထဲ ဝင်လျှင် ခေါင်းဆောင်မင်းသမီး ဖြစ်နိုင်သည်။

သူ့ရုပ်က ဆွဲဆောင်မှုအလွန်ရှိသည်။ ကိုယ်လုံးကျစ်ကျစ်ကလေးက အလွတ်တမ်း ထွေးပွေ့ထားချင်စရာ။

အင်း ... ရေစက်ဆုံချင်လို့ပေါ့လေဟု အောင်ငွေ တွေးမိ၏။

အောင်ငွေသည် သူ့ဘဝတစ်သက်တာမှာ ဘယ်မိန်းကလေးကိုမှ အချစ်ခံဖူးချေ။ ယုတ်စွအဆုံး မိန်းမဆိုလျှင် အမေကိုပင် ချစ်ခွင့်မရခဲ့ဖူး။ သူ့အမေက သူ့ကိုမွေးပြီး ဆုံးပါးသွားခဲ့သောကြောင့် ဖြစ်၏။

သူ့တစ်သက်လုံး ခါးဖြင့်သာ အချိန်ကုန်ခဲ့သည်။ သူ့အတွက် အရင်းနှီးဆုံးမိတ်ဆွေမှာ ခါး။ သူ၏ အပျင်းပြေကစားဖော်မှာ ခါး။ သူ့ဘဝသည် ခါး။

ထိုသို့သောဘဝထဲသို့ ဇာနည်စိန် ဝင်ရောက်လာသောအခါ...

အောင်ငွေသည် ဇာနည်စိန်ကိုသံယောဇဉ် တွယ်တာမိသည်။ သူ့ဘဝတွင် ဘယ်သူ့ကိုမှ မချစ်ဖူးသည့် အချစ်နှင့် အရူးအမူး ချစ်မိသည်။

အမှန်အတိုင်းပြောရလျှင် သူသည် သူ့ခါးများထက်ပင် ဇာနည်စိန်ကို ပို၍ ချစ်နေမိလေသည်။ သို့ရာတွင် ဖွင့်မပြောဖြစ်ခဲ့။ သူပြောလည်းမပြောတတ်။ ပြောလည်းမပြောရဲ။ ပြောဖို့လည်း လိုမည်ဟု၍ လည်းမထင်။ သူချစ်နေတာ ဇာနည်စိန်သိလိမ့်မည်။ ဇာနည်စိန်ကလည်း သူ့ကိုချစ်လာလိမ့်မည်။ ထိုအခါ လက်ထပ်ကြမည်။ ဒီလိုပဲ သူစိတ်ကူးယဉ်နေခဲ့သည်။

ဇာနည်စိန်က သူ့ကိုလေးလေးစားစား ဆက်ဆံသည်။ တစ်ခါတစ်ခါတော့ ကလေးလို နွဲ့ဆိုးဆိုးချင်သည်။ ဒါကို သူသိပ်သဘောကျသည်။

*

ခါးလေးချက် ပစ်ပြီးသွားပြီ။ လက်ကြားမှာ နှစ်ချက်။ ပေါင်ကြားမှာ နှစ်ချက်။ ပြကွက်တစ်ဆင့် အရှိန်မြှင့်သည်။ လူရွှင်တော်ပေါက်စက သစ်သားဘီးဝိုင်းကို လှည့်ပေးလိုက်၏။ ဒီတစ်ခါ လှုပ်ရှားနေသော ပစ်မှတ်။

ဓါးနှစ်လက်သည် ဇာနည်စိန်၏ ခါးဘေးမှာ ဒေါက်ခနဲ ဒေါက်ခနဲ စိုက်ဝင်သည်။ သစ်သားဘီး အရှိန်ပိုမြင့်လာသည်။ ဓါးတစ်လက် ဗိုးခနဲ၊ ဇာနည်စိန်၏ လည်ပင်းနှင့် လက်နှစ်လုံးအကွာမှာ စိုက်သည်။ ပရိသတ်များ ဟယ်ခနဲဖြစ်သွား၏။ နောက်တစ်ချက် …။

*

ညနေက အဖြစ်အပျက်က ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့မရအောင် စွဲနေသည်။ ဇာနည်စိန် အခန်းရှိရာသို့သူသွားသည်။ ဘာရယ်မဟုတ်၊ အပျင်းပြေစကားပြောဖို့ မျက်နှာလေးကို ခိုးကြည့်ဖို့။ လိုက်ကာများဖြင့် ဖွဲ့ထားသော အခန်းရှေ့ရောက်တော့ သူခြေလှမ်းတန့်သွားသည်။ အထဲမှာ လူတစ်ယောက်ရှိသည်။ စကားပြောသံကြားရသည်။ ခြင်္သေ့ညိုမိုးဖြစ်၏။ ညိုမိုးသည် တိရစ္ဆာန်များနှင့် ကစားပြရသူဖြစ်၏။ အထူးသဖြင့် ခြင်္သေ့ကြီး၏ ပါးစပ်ထဲသို့ ဦးခေါင်းထိုးထည့်ရသည့်ပြကွက်ကြောင့် သူသည်လည်း အသက်ဖိုး ငါးဆယ်ပိုရနေသူဖြစ်၏။ ညိုမိုးက …

"ကိုယ်တို့နှစ်ယောက်ဟာ ဘဝတူတွေပါ၊ နှစ်ယောက်စလုံး အသက်ကို အလောင်းအစား လုပ်ထားရသူတွေ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့် ကိုယ့်အချစ်ကို လက်ခံခဲ့တာပေါ့"

အောင်ငွေ ရင်ထဲက ဆူဝေပေါက်ကွဲထွက်သွားသလား ထင်မိ၏။

"ကိုက စိုးရိမ်နေတာ"

"ဘာကိုလဲ"

"ကိုအောင်ငွေကိုပေါ့"

"အို …ညီမက ကိုအောင်ငွေကို ဆရာသမားတစ်ယောက်အနေနဲ့ လေးစားတာပါ။ ကိုအောင်ငွေကလည်း သူ့ဓါးတွေကလွဲရင် ဘာမှစိတ်ဝင်စားတက်တာမှ မဟုတ်ဘဲ။ နောက်ပြီးတော့…"

*

နောက်ဆုံးနှင့် သည်းထိတ်ရင်ဖိုစရာကောင်းသော ပြကွက်သို့ရောက်လာခဲ့ပြီ။ ပေါက်စသည် အောင်ငွေနားသို့လျှောက်လာပြီး မျက်လုံးကိုအဝတ်ဖြင့် စည်းနှောင်လိုက်သည်။ အဝတ်မစည်းခင်လေးမှာပင် ဇာနည်စိန်ကို တစ်ချက်လှမ်းကြည့်သည်။ ဇာနည်စိန်က ပြုံးလိုက်၏။ သူ့ကိုပြုံးပြချင်းမဟုတ်။ စင်၏ထောင့်မှာ ကွယ်ရပ်နေသော ညိုမိုးကို လှမ်းပြုံးပြချင်းဖြစ်၏။ အောင်ငွေနှင့် ပေါက်စတို့ မျက်လုံးချင်း တစ်ချက်ဆုံသည်။ မျက်စိကိုလည်း ပိတ်စည်းထားပြီးပြီ။ သစ်သားဘီးဝိုင်းကိုလည်း လှည့်ထားသည်။ အလွန်ခက်ခဲသည့် ပြကွက်ပင်။ ဒီအခန်းကို ပြနိုင်ဖို့ လပေါင်းများစွာ လေ့ကျင့်ခဲ့ရသည်။

ပရိသတ်သည် အသံတစ်ချက်မှမထွက်ဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ တီးဝိုင်းကလည်း ဘာတီးလုံးမှ မတီးဘဲထားပေးသည်။ သို့ရာတွင် အောင်ငွေနားထဲမှာတော့ ညနေက သူလှည့်ထွက်မလာခင် ဇာနည်စိန်က ညိုမိုးကို ပြောလိုက်သည့် စကားတစ်ခွန်းကို ပဲ့တင်ထပ်စွာ ကြားယောင်နေသည်။

"နောက်ပြီးတော့လည်း ကိုအောင်ငွေရုပ်က ကြောက်စရာကြီး"

"ဟုတ်တယ်၊ ငါ့ရုပ်က ကြောက်စရာကြီး၊ ညိုမိုးကတော့ လူချောလူလှကိုး" သူလက်ဖြန့်လိုက်သည်။ ပေါက်စက သူ့လက်ထဲသို့ ဓါးမြှောင်တစ်ချောင်းကို ထည့်ပေးသည်။ သူက ဓါးကို ဆလိုက်၏။ တကယ်လို့ အခု ငါပစ်လိုက်တဲ့ဓါးက သူ့ကိုတည့်တည့်မှန်မယ်ဆိုရင် ဘာဖြစ်သွားမလဲ။ လူတွေက မတော်တဆဖြစ်တာလို့ပဲ ထင်ကြမှာပေါ့။ အမှုအခင်းဖြစ်ရင်တောင် မတော်တဆမှုထက် မပိုနိုင်ဘူး။ အားလုံးက ငါ့ဘက်က သက်သေလိုက်ကြမှာအမှန်ပဲ။ ငါတကယ်လုပ်တာပါလို့ ဘယ်သူက ထင်မလဲ။ ဘယ်သူမှ သံသယရှိမှာမဟုတ်ဘူး။ ငါက ရုပ်ဆိုးတယ်၊ ကြောက်စရာကြီး၊ ဟုတ်တယ်။ ကြောက်စရာ ဓါးအောင်ငွေ။ သူ့အံတစ်ချက် ကြိတ်လိုက်၏။ ပြီးတော့ ဓါးကို ဗိုးခနဲ ပစ်ပေါက်လိုက်သည်။ ဒုတ်ခနဲ။ ငယ်သံပါအောင်အော်သောအသံများ။ မျက်လုံးမှာစည်းထားသော အဝတ်ကို အမြန်ဆွဲဖြုတ်လိုက်သည်။ သူ့ရင်ထဲက ဟာခနဲ ဖြစ်သွားသည်။ ဓါးသည် မူလ သတ်မှတ်ထားသည့်အတိုင်း ဇာနည်စိန်၏ ဦးခေါင်းထိပ်မှာ ပန်ဆင်ထားသော နှင်းဆီပွင့်နီနီကလေးကို ထုတ်ချင်းခတ်ပြီး နောက်ခံသစ်သားမှာ စွဲဝင်လျက်။ ခါတိုင်းနှင့် မတူတာကတော့ ဓါးသည် သစ်သားမှာ အရင်ထက်ပို၍ စူးနစ်ဝင်နေခြင်းပင်။ ဓါးရိုးက ဆတ်ဆတ်ခါလျက်။ လက်ခုပ်သံတွေက မစဲတော့။ ဇာနည်စိန်က တစ်ချက်ပြုံးပြီး ညိုမိုးကိုကြည့်သည်။ ပေါက်စသည် သက်ပြင်းကို အသံမမြည်ဘဲ ဖြည်းဖြည်းမှုတ်ထုတ်၏။

*

ထိုနေ့ညမှာပင် အားလုံး တောင်းပန်တားဆီးနေသည့်ကြားက အလုပ်မှ နုတ်ထွက်လိုက်သည်။ သူတွဲပည့် ပေါက်စကလည်း အလုပ်ကထွက်ပြီး သူနှင့်လိုက်လာသည်။ ညတွင်းချင်းပင် ထွက်ခွာလာသဖြင့် နားမလည်နိုင်အောင် ဖြစ်နေကြသည်။ နားလည်လိုက်သူဟူ၍ ပေါက်စ တစ်ယောက်သာရှိသည်။ "ဆရာ အံတစ်ချက်ကြိတ်လိုက်တော့ ကျွန်တော် တော်တော်စိုးရိမ်သွားတယ်။ ဆရာ့ရဲ့ သဘောထားကြီးတဲ့စိတ်ဓါတ်ကို ကျွန်တော်လေးစားပါတယ် ဆရာ။ တကယ်လို့ ဆရာသာ စိတ်လိုက်မာန်ပါလုပ်ခဲ့ရင် … "

အောင်ငွေသည် ခေါင်းကို ယမ်းခါသည်။ ကျန်ရစ်ခဲ့ပြီဖြစ်သော ရွက်ထည်ရုံကြီးကို တစ်ချက်လှည့်ကြည့်သည်။

"မဟုတ်ဘူး၊ မင်းထင်သလိုမဟုတ်ဘူး။ ငါသူ့ကို အသေပစ်ပေါက်ထည့်လိုက်တာ၊ တကယ်ထိအောင်ပစ်ခဲ့တာ။ ဒါပေမယ့်၊ ဒါပေမယ့်ကွာ ငါဟာ နှစ်ပေါင်းများစွာ ဘေးကိုချော်ပြီး မထိအောင် မမှန်အောင် ပစ်တဲ့အကျင့်ကြီးက ပါနေခဲ့ပြီး တကယ်ထိအောင် ငါ မပစ်တက်တော့ဘူး။ ငါ့စိတ်က သူ့ကိုသတ်ချင်ပေမယ့် ငါ့လက်တွေက ခွင့်မပြုဘူး။ ဒါပါပဲကွာ" ဟု စိတ်ထဲက ပြန်ပြောသည်။

(ရင်ခုန်ပွင့်၊ စက်တင်ဘာ၊ ၁၉၉၀)

## မျက်လုံး၏ အစိတ်အပိုင်း

မျက်လုံးများသည် လူ၏ ကိုယ်ကာယ အစိတ်အပိုင်းများဖြစ်ကြောင်း သေချာလျှင်၊ သို့တည်းမဟုတ် မျက်လုံးဖြင့်ကြည့်သော အကြည့်များသည် ကာယကံမြောက်သည်ဟု သေချာလျှင် ...
ကျွန်တော်တို့ နှစ်ယောက်သည် ကာယကံမြောက် အပြစ်ကျူးလွန်ခဲ့ကြသူများပါတည်း။

*

ညက မိုးသည်းထန်စွာ ရွာခဲ့လိမ့်မည်ထင်၏။ မျက်နှာသစ်ရန်သွားသောအခါ စည်ပိုင်းထဲတွင် ရေများပြည့်လျှံ နေသောကြောင့် ဖြစ်ပါသည်။ ညက မိုးရွာနေသောအချိန်တွင် အိပ်မက်ထဲ ရောက်နေသောကြောင့် မသိလိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ညက အိပ်မက်ထဲတွင် သူ့ကိုထူးထူးခြားခြား ပြန်တွေ့ခဲ့လေသည်။ သူနှင့်ခွဲခွာပြီးနောက် တစ်လ နှစ်လလောက်အထိ သူ့အကြောင်းကို ညစဉ်လိုပင် အိပ်မက် မက်ခဲ့၏။ နောက် မမက်တော့ချေ။ ညကမှ တစ်ကြိမ်ပြန်မက်ခြင်း ဖြစ်သည်။ သုံးနှစ်ရှိခဲ့ပြီ။
သူနှင့်ခွဲခွာခဲ့ပြီးနောက် နှစ်လလောက်အထိ အလူးအလဲခံလိုက်ရပါသည်။ နှစ်လလောက်အထိဟု ဆိုသောကြောင့် နောက်ပိုင်းတွင် မခံရတော့ဟု မဆိုလိုပါ။ ရက်ဆက်၍မခံရတော့ခြင်းကိုသာ ဆိုလိုပါ၏။ ရက်ခြား၍လာခဲ့သည်။ နောက် လခြားလာသည်။ နောက်တော့ တစ်ခါတလေ သူနှင့်ဆိုင်သော အကြောင်းတစ်ခုခုနှင့် တိုက်ဆိုင်လာမှပင် သတိရပါတော့သည်။
ညက သူပါဝင်သော အိပ်မက်သည် ဟိုယခင်အခါဆီက မက်ခဲ့သော အိပ်မက်များထက်ပို၍ လက်တွေ့ဘဝနှင့် နီးစပ်လာသည်။ ထိုအိပ်မက်ထဲ၌ သူ့ကို အိမ်ထောင်ကျပြီးသား အမျိုးသမီးတစ်ယောက်အဖြစ် တွေ့ခဲ့သောကြောင့် ဖြစ်လေသည်။
လွန်ခဲ့သော သုံးနှစ်ခန့်က မက်ခဲ့သော အိပ်မက်များထဲ၌မူ သူ့ကို အပျိုစင်အဖြစ်ဖြင့်သာ မက်ခဲ့သည်။ ထိုအချိန်က သူအိမ်ထောင်ကျပြီးလေပြီ။ သို့ရာတွင် ထိုစဉ်က အိပ်မက်ထဲ၌ သူသည် အပျိုစင် ဖြစ်နေလေ၏။
ညက အိပ်မက်ထဲတွင် သူနှင့်ကျွန်တော်သည် ဘတ်စကားပေါ်တွင် တွေ့ကြသည်။ ထိုင်ခုံတစ်ခုတွင် ဘေးချင်းယှဉ်လျက်၊ သူက သူငယ်ချင်းတစ်ယောက်အိမ် သွားချင်သည်ဆို၍ ကျွန်တော်လိုက်ပို့သည်။
ကျွန်တော်တို့နှစ်ယောက်သည် လက်တွဲ၍ လျှောက်နေကြလေသည်။ ထိုအချိန်မျိုးတွင် သူ့ခင်ပွန်းသည်ကသာ ကျွန်တော်တို့ကို မြင်သွားလျှင် ဘယ်လိုများ သဘောထားလိမ့်မလဲဟု တွေးရင်း ပြုံးမိ၏။
ထိုနေရာအရောက်မှာပင် အတွေးစ ရပ်သွားသည်။ ကိုယ့်အဖြစ်ကို သတိထားမိသောအခါ ကျွန်တော်သည် သွားပွတ်တံကိုကိုင်လျက် ပြုံးပြုံးကြီး ဖြစ်နေလေသည်။ ဆက်လက်၍ ပြုံးမနေမိစေရန် ပါးစပ်ထဲသို့ သွားပွတ်တံကို ထိုးထည့်လိုက်ရသည်။ မျက်နှာသစ်လိုက်သော အချိန်မှာပင် အိပ်မက်အကြောင်း အတွေးထဲက ပျောက်၍ သွားပြန်လေသည်။

*

ဒီနေ့ သူနှင့် တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့။ အမှတ် ခုနစ် ကားပေါ်မှာတုန်းကတော့ သူနှင့်တိုက်ဆိုင်သော နေရာတစ်ခုကို ဖြတ်အသွားမှာ သူ့ကို ခဏတစ်ဖြုတ် သတိရမိခဲ့သည်။ ရွှေတိဂုံဘုရားကို လှမ်းမြင်လိုက်ရသောအခါ သူအိမ်ထောင်ကျပြီးချိန်မှစ၍ တစ်ခါမျှ ပြန်မတွေ့ခဲ့ဘူးသည့် အကြောင်း စဉ်းစားမိခြင်း ဖြစ်ပါသည်။

*

ရန်ကုန်တိရစ္ဆာန်ဉယျာဉ်ထဲသို့ ဝင်ခဲ့သည်။ မြွေစိမ်းမြီးခြောက်ကို ကြည့်ချင်သောကြောင့် ဖြစ်၏။ မမြင်ဖူး၍မဟုတ်ပါ။ ရေးလက်စဝတ္ထုထဲတွင် မြွေစိမ်းမြီးခြောက်အကြောင်း ပါနေသောကြောင့် သေချာအောင် လာကြည့်ခြင်း ဖြစ်ပါသည်။ ဟော ... မြွေဆိုလို့ သူ့ကို သတိရပြန်ပြီ။ သူသည် မြွေကို အလွန်ကြောက်တတ်၏။ သူနှင့် ကျွန်တော် ဒီမြွေရုံထဲကို ဝင်ကြည့်ခဲ့စဉ်က သူသည် ကျွန်တော့်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်၍ ထားခဲ့သည်။
"မကြောက်ပါနဲ့ သားသားရဲ့ မြွေကြီးတွေက လှောင်အိမ်ထဲမှာပါ။ ထွက်လာလို့မရပါဘူးကွ"
လူတို့တွင် ကိုယ်ပိုင်အသံ တစ်မျိုးစီရှိကြသောကြောင့် ညအမှောင်ထဲမှာပင် အသံကိုကျက်၍ တစ်ဦးနှင့်တစ်ဦး မှတ်မိနိုင်ကြသည် မဟုတ်လား။ ထိုအသံရှင်သည် သူဖြစ်ကြောင်းသိလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ဦးခေါင်းသည် ဖျတ်ခနဲလှည့်ကြည့်မိသည်။ ကျွန်တော့်ကို မြင်သောအခါ သူ့မျက်လုံးထဲ၌ အံ့ဩဟန်ကို ခဏတွေ့ရသည်။ "မောင်" ဟု ခေါ်ရန် နှုတ်ခမ်းကို စေ့လိုက်၏။ သူ့ဘေးမှာ ရပ်နေသော နှစ်နှစ်သားခန့် ကလေးငယ်ကို ငုံ့ကြည့်သည်။ ထို့နောက် ...
"သြော်... ကိုဇော်ဦး"

လူစိတ်သည် စက္ကန့်ပိုင်းအတွင်းမှာ အကြောင်းများစွာကို စဉ်းစားနိုင်ပါသလားမသိ။ ထိုအခိုက်အတန့်မှာပင် သူ့ကို အရင်ကလို "မ" ဟုခေါ်ရမလား၊ သို့တည်းမဟုတ် "ခင်မမ" ဟု ခေါ်ရမလား၊ မခင်မမ ဟု ခေါ်ရမလား စဉ်းစားဆုံးဖြတ်ရသည်။

"မ နေကောင်းတယ်နော်"

ခုချိန်မှာ သူ့ကို မခင်မမဟုခေါ်လျှင် ဝေ့ါရာကျမည်ဟု ထင်သည်။ သူ့အနေဖြင့်ကား ကျွန်တော့်ကို "မောင်" ဟု မခေါ်သင့်တော့မှန်း ကျွန်တော် နားလည်ပါသည်။ အမှန်အားဖြင့်မူ ဘယ်လိုခေါ်ခေါ် ခုချိန်မှာ အကြောင်းထူးမလာနိုင်တော့ပါ။

"သားကို တိရစ္ဆာန်ရုံထဲလာပြတာပါ"

နောက်ထပ်ပြောစရာစကားကို စဉ်းစားလိုသောကြောင့် ထင်၏။ သူ့သားကလေးကို ငုံ့ကြည့်နေသည်။ သူ့သားကလေးသည် မှန်လှောင်အိမ်ထဲက ငါးကလေးများကို ငေးကြည့်နေသည်။

ထိုအချိန်တွင် သူ့ကို ဂရုစိုက်ကြည့်ရန် အခွင့်အရေးရသည်။ သူ့မျက်နှာသည် အရင်ကထက်ပို၍ ရင့်ကျက်နေသည်။ သူ့ကိုယ်ခန္ဓာ အချိုးအစားကား လုံးဝပြောင်းလဲနေလေပြီ။ သူ့ပုံးပေါ်က မှဲ့နီကလေးတစ်လုံးကြောင့်သာ သူ့ကို မြင်မြင်ချင်း မှတ်မိနေခြင်းဖြစ်သည်။ သို့တည်းမဟုတ် သူ့အသံကို မှတ်မိခြင်းလည်း ဖြစ်နိုင်သည်။

ခု သူ့ကိုယ်ခန္ဓာအချိုးအစားသည် လွန်ခဲ့သော သုံးနှစ်ခန့်က အချိုးအစားနှင့် ပြောင်းပြန်ဖြစ်နေလေသည်။

အရင်ကဆိုလျှင် သူ့ခန္ဓာကိုယ်အပေါ်ပိုင်းသည် ဖုသင့်ဖောင်းသင့်သည့် နေရာမှလွဲ၍ ချပ်ချပ်ရပ်ရပ်ရှိ၍ ကိုယ်ခန္ဓာအောက်ပိုင်းသည် စွင့်စွင့်ကားကားရှိသည်။ ခုကျတော့ ကိုယ်ခန္ဓာအပေါ်ပိုင်းသည် စွင့်စွင့်ကားကား ဖြစ်နေ၍ အောက်ပိုင်းသည် ချပ်ချပ်ရပ်ရပ်ဖြစ်နေလေပြီ။

သူ့ကို ပထမဆုံးအကြိမ် စတွေ့တုန်းကသာ ခုလို ကိုယ်ခန္ဓာအချိုးအစားမျိုးဆိုလျှင် သူ့ကို ကျွန်တော် ချစ်ချင်မှ ချစ်မိခဲ့ပေလိမ့်မည်။ သူနှင့်မခွဲခွာမီ နောက်ဆုံးတွေ့ခဲ့သောနေ့က ကျွန်တော်ပြောခဲ့သောစကားများကို သတိရမိသည်။

"တစ်ချိန်ချိန်မှာများ မ မောင့်ကို ပြန်ချစ်လာခဲ့မယ်ဆိုရင် အချိန်မရွေး ပြန်လာခဲ့ပါ။ အဲဒီအခါ မ ဘယ်လိုဘဝမျိုးမှာပဲဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ အို ... ကလေးငါးယောက်အမေပဲ ဖြစ်နေပစေ မောင် ကြည်ကြည်ဖြူဖြူလက်ခံမှာပါ" သို့ရာတွင် ထိုသို့စဉ်းစားမိသည့်အတွက် ကျွန်တော် မပြုံးမိပါ။

"ဒါ ကျွန်မသားလေ"

ကလေး၏ ဆံပင်ကို ပွတ်သပ်ရင်း ပြောသည်။ ထိုစကားသည် မထူးဆန်းပါ။ သို့ရာတွင် သေသေချာချာတွေးကြည့်လျှင် ဆန်းသည်။ တစ်မျိုးပဲ သူက ကလေးကို "ကျွန်မကလေး" ဟု ပြောသည်။

သူနှင့်ကျွန်တော်သည် ချစ်သူများ ဖြစ်ခဲ့ဖူးကြ၏။ အမှန်အားဖြင့် ဆိုလျှင် ဒီကလေးသည် သူနှင့်ကျွန်တော်တို့က တစ်ဖက်တစ်ချက်စီ လက်ကိုဆွဲ၍ တိရစ္ဆာန်ဥယျာဉ်အနှံ့ လိုက်ပြသောကလေး ဖြစ်သင့်သည်။

သို့ရာတွင် ကျွန်တော်ဆိုလိုသော ကလေးသည် ယခုတွေ့နေရသော ကလေးမဟုတ်ပြန်။ အတွေးတစ်စရလျှင် တသီကြီး ဆက်တွေးတက်သော ဝါသနာကြောင့်သာ လျှောက်တွေးနေခြင်းဖြစ်သည်။ စိတ်ထဲကမူ ဆွေးဆွေးမြည့်မြည့် မခံစားရပါ။ ရင်လည်း မနာပါ။

"ကျွန်တော်လည်း မြွေစိမ်းမြီးခြောက်ကို လာကြည့်တာ"

ပြောပြီးမှ သတိရသည်။ ကျွန်တော်သည် အရင်တုန်းကလိုပဲ စကားကို ပြောချင်သည့်နေရာက စပြော၍ ရပ်ချင်သည့်နေရာတွင် ရပ်တတ်တုန်းပဲဟု သူထင်သွားမည်လားမသိ။

"ဟို ... ဒီလိုပါ၊ ဝတ္ထုတစ်ပုဒ်ထဲမှာ မြွေစိမ်းမြီးခြောက်အကြောင်း ထည့်ရေးမလို့၊ အဲဒါ သေချာအောင် လာကြည့်တာပါ"

"ဪ ...ဪ ...အင်း ကိုဇော်ဦးရဲ့ဝတ္ထုတွေ ဖတ်ရပါတယ်။ ဟိုတစ်နေ့ကတောင် ငွေတာရီမဂ္ဂဇင်းကို အပျင်းပြေလှန်ရင်း ဝတ္ထုတိုကလေးတစ်ပုဒ် ဖတ်လိုက်ရသေးတယ်။ ရေခဲရေရောင်းတဲ့ ကောင်လေးအကြောင်း"

သူသည် ကျွန်တော့်ဝတ္ထုများကို တမင်တကာရှာဖွေ၍ ကျွန်တော့်ကိုယ်စား အလွမ်းပြေဖတ်ခြင်း ဟူသော အဓိပ္ပါယ်သို့ မရောက်စေရန် "အပျင်းပြေလှန်ရင်း"ဆိုသော စကားကို ထည့်ပြောခြင်း ဖြစ်သည်ဟူ၍ ကျွန်တော် မယူဆပါ။

"ဒီလိုပေါ့ဗျာ"

ကျွန်တော့်စကားသည် ဘာကိုဆိုလိုမှန်း ကျွန်တော့်ဘာသာပင်မသိ။ သူလည်း သိလိမ့်မည်မထင်။ ဘာပြောရမှန်းမသိသောအခါ ဤသို့ပင် "ဒီလိုပေါ့ဗျာ" ဟူ၍ ဘာမှန်းမသိ ပြောတက်သော အလေ့အထပင် ဖြစ်ပါလိမ့်မည်။

သူ့အကြံကို ကျွန်တော်က ဦးသွားသောကြောင့် "ဒီလိုပေါ့ရှင်" ဟု သူပြောရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် သူသည် တခြားစကား တစ်ခုခုကို ရှာဖွေရလေသည်။

"ကျွန်မသူငယ်ချင်းတွေကတော့ ကြိုက်ကြပါတယ်"

"ခင်ဗျာ"

ပြောပြီးမှ သူ့စကား အဆက်အစပ်မရှိမှန်းကို သိသွား၏။ သေသေချာချာ စဉ်းစားရွေးချယ်ပြီးမှ ပြောလိုက်သောစကားသည် ကမောက်ကမ ဖြစ်သွားသောကြောင့် ရယ်ချင်သွားဟန်တူပါသည်။

သူရယ်၏။ ကျွန်တော်လည်းရယ်သည်။ ထိုစကားသည် အကြီးအကျယ် ရယ်စရာမကောင်းသော်လည်း စောစောတုန်းက ရယ်ချင်နေသောကိစ္စများကိုပါ ရော၍ ရယ်လိုက်ရသောကြောင့် နည်းနည်းကြာသွားသည်။

"ဟို … အဟင်း၊ မဟုတ်ပါဘူး၊ ကိုဇော်ဦးရဲ့ ဝတ္ထုတွေကို ပြောတာပါ"

ရယ်မိကြပြန်သည်။ သူ့ဟန်အမူအရာတို့သည် ရဲတင်း၍လာသည်။ သူသည် ကျွန်တော့်ကို ပွင့်လင်းရိုးသားစွာ ဆက်ဆံရန် ဟန်ပြင်လိုက်လေသည်။

"အိမ်ထောင်မပြုသေးဘူးလား"

သူ့မေးခွန်းသည် ကျွန်တော်၏ ကိုယ်စိတ်နှစ်ပါးကို မည်သို့မျှ မထူးခြားစေပါ။ သူသည်လည်း မျက်လွှာကိုချ၍ မနေပါ။ လက်သည်းချင်း ကုတ်ဖဲ့၍မနေပါ။ လက်ကိုင်ပဝါကို လက်ညှိုးမှာ ရစ်ပတ်၍မနေပါ။

"မပြုသေးပါဘူးဗျာ"

မကို လက်မထပ်ရရင် တခြား ဘယ်မိန်းကလေးကိုမှ လက်မထပ်တော့ဘူးဟူသော အဓိပ္ပါယ်ဖြင့် ပြောခြင်းမဟုတ်ကြောင်း သူနားလည်ပါလိမ့်မည်။

"ဘာလဲ၊ များလွန်းလို့ အရွေးရခက်နေတာလား"

"မဟုတ်ပါဘူး၊ ကြိုက်မယ့်လူမရှိလို့ပါဗျာ"

သူက မိတ်ဆွေတစ်ယောက်ကို မေးသလို မေး၍ ကျွန်တော်က သူငယ်ချင်းတစ်ယောက်ကို ဖြေသလို ဖြေသည်။ ကျွန်တော်တို့ကား လွမ်းဆွတ်ဖွယ်ကောင်းသော စကားတို့ကို ရယ်ကာ မောကာ ပြောနေကြလေသည်။

"ဟိုင်းသွားတော့လည်း လူပျိုကြီးပဲ လုပ်နေလိုက်တာပေါ့လေ"

ပြုံးသည်။ ခဏ စဉ်းစားသည်။

"ဟာ … ဟုတ်တယ်၊ ခုမှ ဆေးလိပ်သောက်ဖို့ သတိရတယ်။ ခုလို သတိပေးတာ ကျေးဇူးတင်တယ်ဗျို့" ပြိုင်တူ ရယ်လိုက်ကြသည်။ ခပေါင်းစီးကရက်တစ်လိပ်ကို ထုတ်၍ညှိသည်။ တစ်ဖွာနှစ်ဖွာလောက်ဖွာပြီး တစ်ခုခုပြောရန် ဟန်ပြင်သည်။

"မေမေ၊ ရေ ရေ တောက်"

ကလေးငယ်က ဝင်၍သတိပေးမှပင် လမ်းခွဲကြဖို့ကို သတိရမိတော့သည်။

"အေး …အေး သောက်ရမယ်သား၊ ကဲ … ကိုဇော်ဦး၊ ကျွန်မတို့သွားဦးမယ်"

"ဟုတ်ကဲ့၊ ကြုံရင်လည်းဝင်ပါ၊ ကျွန်တော် မျောက်ရွာမှာနေပါတယ်"

သူ အသံထွက်အောင်ပင် ရယ်၏။ သူ့သားလေးကို ပွေ့ချီလိုက်သည်။

"ကဲ … သားသား၊ ဦးဦးကို နှုတ်ဆက်လိုက်"

ကလေးငယ်က ပြူးကြောင်ကြောင်ကြည့်နေသည်။

"အမေတူသားလေးပဲ၊ ချောတယ်"

"ခုလို မြှောက်ပြောတဲ့အတွက် ကျွေးစရာမွေးစရာဆိုလို့ ဒီနားမှာ မြွေတွေပဲရှိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း မြွေသားကြိုက်ပါတယ်"

"ကဲ … အရွှတ်အနောက်ပြောလို့ မပြီးဘူး၊ သွားလိုက်ဦးမယ်။ သား ပြောလေကွာ၊ ဦးဦး ပြန်ပါဦးမယ် ခင်ဗျာလို့"

ကလေးငယ်သည် တစ်ချက်ရယ်သည်။ လက်မောင်းကလေးကို ကုတ်သည်။ ပြီးတော့ …

"ဝူးဝူး၊ တွားဝါးမယ်"

"အေးအေး၊ ကောင်းပါပြီ သားရယ်"

သူ့ကလေးကို "သား" ဟု လွှတ်ခနဲခေါ်မိသည်။ ထိန်းချုပ်ရန် အချိန်မရလိုက်။ မှားပြီ။

သူ ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ သူ့ကို ပထမဦးဆုံးအကြိမ် ချစ်စကားပြောစဉ်က တစ်ကြိမ်၊ သူ့လက်ကလေးကို ပထမဦးဆုံးအကြိမ် ဆုပ်ကိုင်ခဲ့စဉ်က တစ်ကြိမ် နှစ်ကြိမ်သော တွေ့ခဲ့ဖူးသော အကြည့်မျိုး။

ရင်ထဲက ကျင်ခနဲခံစားလိုက်ရသည်။ စိတ်အစဉ်သည် ကိုယ်မှ ခဏခွာ၍ အတိတ်ဆီသို့ ပြန်သွားသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် အကြောင်းပေါင်းများစွာ။

ချစ်စကားပြောသည်။ ဖျတ်ခနဲကြည့်သည်။ မြွေကြီးများ။ လက်ကို ဆုပ်ကိုင်သည်။ ကြေးဆင်းတုတော်။ ဗိုလ်ချုပ်ပန်းခြံ။ ရယ်သည်။ ဆံပင်ကို ပွတ်သပ်သည်။ နှုတ်ခမ်းစုသည်။ ဆီချက်ခေါက်ဆွဲ။ ငိုသည်။

စိတ်နှင့်ရုပ် ပြန်ပေါင်းမိသော အချိန်တွင် "သွားမယ်" ဟူသော စကားကိုကြားမိသည် ထင်၏။ သူ ထွက်သွားသည်။ သူ့ကျောဘက်ကို ငေးကြည့်မနေမိစေရန် မျက်နှာကို ချာခနဲလှည့်ပစ်လိုက်ရသည်။

လှောင်အိမ်ထဲက စပါးကြီးမြွေကြီးများသည် လူတို့ကို ညှိနိုင်စွမ်း မရှိတော့ဟု ယုံကြည်ရန်ခက်သည်။

## ကျွန်တော်နှင့်အတောင်ပံ

အိပ်ရာမှနိုးသောအခါ ခြင်ထောင်အမိုးမှာ ဇောက်ထိုးရပ်နားနေသော ခြင်တစ်ကောင်ကို "ထူးထူးခြားခြား" မြင်လိုက်ရ၏။ "ထူးထူးခြားခြား" ဆိုသော စကားသည် ခြင်၏ ရပ်တည်နေပုံနှင့် မသက်ဆိုင်။ ခြင်သည် ရေပြင်ညီ ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေ၊ ပြောင်းပြန်ဖြစ်စေ ရပ်နားနိုင်ကြောင်း အများသိပြီးသားပင်။ ခြင်ထောင်ထဲတွင် ခြင်ရောက်နေသောကြောင့် ထူးခြားသည်ဟု ဆိုရခြင်းဖြစ်သည်။

ငယ်ငယ်တုန်းက ခြင်သတ်တမ်းကစားဖူးသည်။ လက်ဝါးနှစ်ဖက်ကို ခပ်ခုံးခုံး ခပ်ဖွဖွလုပ်၍ ရိုက်လိုက်သောအခါ ခြင်သည် လေဟပ်ပြီး မူးမေ့သွားသည်။ အကောင်မပျက် အရှင်ဖမ်းမိခြင်း ဖြစ်သည်။

ခြင်ကောင်ပေါ်သို့ ဖယောင်းစက်ချသည်။ ဖယောင်းခြောက်သွားသောအခါ အသာခွာယူလိုက်လျှင် ဂူသွင်းပြီးသား ရလေသည်။ ဖယောင်းလုံး ဘယ်နှလုံးရသည်ဟု သူငယ်ချင်းတွေနှင့် ပြိုင်လေ့ရှိသည်။ လူပျိုပေါက်အရွယ် ရောက် သောအခါ ခြင်တွေကို မေ့သွားပြန်၏။

တစ်ချိန်တွင် ခြင်ကိုက်ခြင်း၊ ကြမ်းပိုးကိုက်ခြင်းတို့ကို ပေယျာလကန်သဘော ထားခဲ့လိုက်ပြန်သည်။ ခြင်ထောင်ဆိုသည်မှာ အကျင့်ကြီးပါနေသောကြောင့်သာ ညကျလျှင် ဆွဲချ။ မနက်ကျလျှင် လုံးထွေးပြီး ပြန်တင်အပ်သော အရာတစ်ခုအဖြစ် အသိအမှတ်ပြုထား၏။

ကျွန်တော့်ခြင်ထောင်ထဲတွင် ပုံမှန်စတည်းချသော ခြင် လေးငါးကောင်လောက် ရှိချင်ရှိပေလိမ့်မည်။ ကိစ္စမရှိ။ ခြင်တစ်ကောင်သည် တစ်ညတွင် တစ်ကြိမ်လောက်သာ ကိုက်နိုင်မည်။

ခြင် လေး ငါးကောင် အကိုက်ခံရလို့ သွေးနှစ်စက် သုံးစက်အပြင် ပို၍မဆုံးရှုံးနိုင်။ သွေးလှူသောအခါ သွေးတစ်ပုလင်းလုံး ထုတ်ပေးလိုက်တာတောင် ကိုယ်ခန္ဓာအတွက် ပြောပလောက်အောင် ထိခိုက်မှု မရှိနိုင်ဟု ကြားဖူးသည်။ ပြီးတော့လည်း "ခြင်ထောင်" ဆိုသော နာမည်မှည့်ထားပါလျက် ခြင်တွေကို ဝင်ခွင့်မပေးတာတော့ ဘယ်တရားမလဲဟု ကတ်ကတ်သတ်သတ်တွေးသည်။

အိမ်ထောင်ကျသောအခါ "ခြင်ဆန့်ကျင်ရေးသမား" နှင့်မှ သွားတွေ့သည်။ လေးမေသည် ညအိပ်ခါနီးလျှင် ခြင်ထောင်ထဲမှာ ခြင်တစ်ကောင်တစ်မြီးမျှ မကျန်အောင် သုတ်သင်ပြီးမှ အိပ်တက်သည်။

"တစ်ကောင်တစ်လေကျန်လည်း ကိစ္စမရှိပါဘူးဟာ။ သိပ်နမနေစမ်းပါနဲ့။ ခြင်ကိုက်တာလောက်တောင် မခံနိုင်ဘူးလား။ ခြင်ထောင် ထောင်စရာမရှိတဲ့လူတွေ ဘယ်လိုလုပ်မလဲ" ဟု ကျွန်တော်က သူ့ကိုထေ့သည်။ သူက ...

"ခြင်ထောင်မရှိအခါကျတော့လည်း မရှိသလိုနေနိုင်အောင် ကြိုးစားရမှာပေါ့။ ခု ခြင်ထောင်ရှိနေလျက်သားနဲ့တော့ တမင်တကာ ခြင်ကိုက်မခံနိုင်ပါဘူး" ဟု ကျွန်တော့်ကို ပြန်တွယ်ပြီးလျှင် ခြင်ကြောင့် ဖြစ်နိုင်သောရောဂါများအကြောင်းကို ပညာပေးဟောပြောလေသည်။

"ပလပ်စမိုဒီယမ်ခေါ် ငှက်ဖျားပိုးကြောင့် သွေးတွေ အဆိပ်တက်ပြီး ..."

"ဒါတွေ ကိုယ်သိပြီးသားပါကွာ။ ဆယ်တန်းတုန်းက ဘိုင်အိုယူခဲ့တာကွ" ဆိုပြီး အနိုင်နှင့်ပိုင်းလိုက်သည်။ သူကတော့ ညတိုင်ကျလျှင် ခြင်တွေကိုရှာမြဲ၊ သတ်မြဲပင်။

တစ်ခါကျတော့ ကျွန်တော့်အစ်ကိုတစ်ယောက် ငှက်ဖျားရောဂါဖြစ်သည်။ အချိန်မှန်မှန်တက်တက်သော အဖျား။ သူအဖျားတက်ပြီဆိုလျှင် တစ်ကိုယ်လုံးတုန်နေသည်။ စောင် လေးငါးထပ်ခြုံလို့လည်းမရ။ လူသုံးလေးယောက် တက်ဖိထားလို့လည်း တုန်နေတုန်း။ အဖျားကျသွားပြီဆိုလျှင် လူက ယူပစ်လိုက်သလိုပင် ဟိုက်ခနဲ ကျသွားတက်သည်။

ကျွန်တော်တို့ အိမ်နားက ကလေးတစ်ယောက်ကျတော့ သွေးလွန်တုပ်ကွေးဖြစ်သည်။ ဆေးရုံမှာ အတော်ကုယူလိုက်ရသည်။ ဆေးရုံကဆင်းပြီးသည့်တိုင် ရက်အတန်ကြာသည်ထိ နာလန်မထူနိုင်သေးဘဲ ဖြစ်ခဲ့ရသည်။

ထိုအခါမှစ၍ ကျွန်တော်သည် ခြင်တွေကို နည်းနည်းလန့်လာသည်။ ခြင်သုတ်သင်ရေးကို အားပေးအားမြှောက်ပြုသည်။ စာရေးခါနီးတွင် စားပွဲအောက်ကို နန္ဒင်းမှိုင်းတိုက်သည်။ ညအိပ်ခါနီး လေးမေ ခြင်ရှာသောအခါတွင် "ဟိုမှာတစ်ကောင်၊ ဟိုမှာတစ်ကောင်" ဟု ဝင်အော်ပေးတက်လာလေ၏။

ခြင်ထောင်အမိုးမှာ နားနေသော ခြင်ကို သေသေချာချာကြည့်သည်။ ငှက်ဖျားရောဂါပိုးကို သယ်ဆောင်သော အနိဖလီခြင်သည် နားသောအခါ ဖင်ထောင်နေတက်သည်။ ခုခြင်ကတော့မဟုတ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက်ကို ကိုက်ထားသောခြင် ဖြစ်သည်မှာ သေချာ၏။

ညက ညဉ့်နက်သည်အထိ စာရေးခဲ့သည်။ စာရေးပြီး ခြင်ထောင်ထဲအဝင်တွင် ဒီခြင်က ကပ်လိုက်လာတာဖြစ်မည်။

ခြင်တို့သည် နေ့နှင့်ည သဘာဝချင်းမတူ။ ညဆိုလျှင် လှစ်ခနဲ ပီးခနဲနေအောင် လျင်မြန်သည်။ နေ့ဘက်ကျတော့ အာရုံခံအင်္ဂါများ အားနည်းနေတက်သလားမသိ။ ပျံသန်းလျှင်ပင် ခပ်နှေးနှေး။

ဖြန်းခနဲရိုက်ချလိုက်သည်။ မိမိရရရှိကြောင်း လက်ဖဝါး၏ အတွေ့အထိက သိနေ၏။ လက်ဖြန့်ကြည့်သောအခါ လက်ဖဝါးပေါ်တွင် စိစိညက်ညက်ကြေနေသော ခြင်ကို တွေ့ရသည်။ သွေးတွေက ရဲနေသည်။ သူ့ကိုယ်ထဲက ထွက်လာခြင်း ဖြစ်သော်လည်း သူ့သွေးမဟုတ်။ ကျွန်တော်တို့၏ သွေးတွေ။

သွားပွတ်တံပေါ်တွင် သွားတိုက်ဆေး ညှစ်ထည့်ပြီး မျက်နှာသစ်ရန်ထွက်ခဲ့သည်။ စာရေးစားပွဲပေါ်တွင် လက်ဖက်ရည်တစ်ခွက်နှင့် "မည်ကာမတ္တ"ဟု ကျွန်တော်နာမည်ပေးထားသော ထမင်းကြော်တစ်ပန်းကန် တွေ့ရသည်။

ဆီကလေး ပါလေဟန်နှင့် အိုးကင်းပူတိုက်ပြီး ပဲပြုတ်ဖြူးထားခြင်းဖြစ်သည်။ လေးမေကတော့ "ထမင်းလှော်"ဟု သူ့ဘာသာ နာမည်ပြောင်ပေးထားသည်။ မျက်နှာမသစ်ခင် တစ်ဇွန်းလောက် မြည်းကြည့်မလို့စိတ်ကူးသေးသည်။ ဇွန်းကိုင်ပြီးမှ ပြန်ချထားလိုက်ပြီး ထွက်လာခဲ့သည်။ လေးမေသည် ရုံးကြိုကား မမီမှာစိုးသဖြင့် ခပ်သုတ်သုတ်ပြင်ဆင်နေသည်။ ထမင်းဘူးအဖုံးကို ပိတ်ရင်း ...

"ညနေ လက်ဖက်ခြောက်ဝယ်ဖို့ မမေ့နဲ့နော်။ ရွှေပလောက်နဲ့ ကုန်တိုက်ကဟာ ပေါင်ဝက်စီဝယ်ခဲ့" ဟု လှည့်မကြည့်ဘဲပြောသည်။ ကျွန်တော်ကလည်း ခေါင်းညိတ်ပြလိုက်၏။

မီးဖိုဆောင်ကို ဖြတ်ထွက်လိုက်သောအခါ ရေစည်ရှိရာသို့ ရောက်လာသည်။ စင်ပေါ်က ရေခွက်ကိုယူပြီး ရေခပ်မည်ပြုသည်။ ခွက်ကိုင်ထားသော လက်က တန့်ခနဲဖြစ်သွား၏။ ရေမျက်နှာပြင်ပေါ်မှာ ခြင်တစ်ကောင်နားနေသည်။ စိတ်တိုသွား၏။ ခြင်တွေကလည်း နေရာတကာပဲဟု စဉ်းစားမိသည်။ ရေခွက်နှင့် ရိုက်သတ်မည်ပြုပြီးမှ မရိုက်ဖြစ်။

ကြည့်စမ်းပါဦး။ သူသည် ရေပြင်ပေါ်မှာ နားနေခြင်းမဟုတ်။ ရေမျက်နှာပြင်အောက်မှ ထိုးထွက်ဖို့ ကြိုးစားနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူ၏ဘဝ ပထမပိုင်းဖြစ်သော ပိုးလောက်လန်းအခွံထဲမှ လူးလွန့် ရုန်းထွက်နေခြင်း ဖြစ်သည်။

သူ့လှုပ်ရှားမှုကို ဆက်ကြည့်နေမိ၏။ သူသည် ကိုယ်တစ်ပိုင်းက ရေပေါ်ရောက်နေပြီး ခြေထောက်များက နှံ့ပြီး ထုတ်နေသည်။ အတောင်ပံကိုမခတ်ဘဲနေသည်။ မခတ်နိုင်သေးလို့လား။

ကောင်းကောင်းမခတ်တက်သေးလို့လားမသိ။ ရေဖွေးခြမ်းများထွက်လာသည်။ ထိုခြေထောက်များဖြင့် ရေပြင်ကို ကန်၍ရုန်းနေပြန်သည်။ အတောင်ပံများ လှုပ်စပြုလာသည်။ ကိုယ်ကို လွန့်လိုက်ရာ တစ်ပတ်လည်သွားသည်။

ထိုစဉ်တွင် ဝမ်းဗိုက်ပိုင်းကို မြင်လိုက်ရသည်။ အရစ်အရစ်တွေနှင့် "ခြင်ကျား"။ "သွေးလွန်တုပ်ကွေး ကာကွယ်ရေး၊ ခြင်ကျားခေါ် ခြင်ပုန်း နှိမ်နင်းပေး" ဆိုသော ကျန်းမာရေးဆောင်ပုဒ်ကို ရုတ်တရက် သတိရသည်။ သူသည် ကလေးတွေကိုကိုက်လျှင် ...။ ကျွန်တော့်မှာ တူကလေးတွေ၊ တူမကလေးတွေ ရှိသည်။ ရေခွက်ကို စင်ပေါ် အသာပြန်တင်သည်။ လက်ညှိုးပေါ် လက်မနှင့်ဖိပြီး အသင့်ပြင်သည်။ တဖြည်းဖြည်း အနားတိုးကပ်လိုက်၏။

သူသည် တောင်ပံတဖျတ်ဖျတ်ခတ်သည်။ ရေပြင်ပေါ်မှ ကြွတက်၍ကား မလာ။ ရေမျက်နှာပြင်၏ တင်းအားကို သူမအောင်နိုင်သေး။ ကျွန်တော်၏ လက်ညှိုးသည်လည်း မတောက်ဖြစ်သေးချေ။

*

သူ၏ ဘဝတွင် အစိတ်အပိုင်းနှစ်ခုရှိသည်။ ပထမတစ်ပိုင်းက ရေအောက်မှာ။ ဒုတိယတစ်ပိုင်းက ရေအောက်မှာ။ ဒုတိယတစ်ပိုင်းက လေထဲမှာ။ သူသည် ဥအဖြစ်မှ တရွေ့ရွေ့ ပြောင်းလဲပြီး ပိုးလောက်လန်းဖြစ်ခဲ့သည်။ ကိုယ်ကို ကွေးချည်ဆန့်ချည်ဖြင့် လှုပ်ရှားသွားလာရသည်။ ထိုအခြေအနေမှ ခြေထောက်တွေထွက်လာ၊ အတောင်ပံတွေပေါက်လာပြီး ရေပြင်ကို တွန်းထိုး၍ ထွက်ကာအပလေကို စတင်ထိတွေ့ရသည်။ ထိုအခါတွင် သူ့ကိုယ်သူ ဘယ်လောက်အံ့ဩလိုက်လေမည်နည်း။ ခုအခါ သူ၏ဘဝ ပထမပိုင်းမှ ဒုတိယပိုင်းသို့ ကူးပြောင်းနေခြင်းဖြစ်၏။ သူသည် ရေအောက်က ကမ္ဘာကျဉ်းကျဉ်းကလေးထဲမှာသာ နေခဲ့ရသည်။ ရေစည်၏ ဟိုဘက်စွန်း ဒီဘက်စွန်း ရေအနက် အပေါ်အောက် ရှိသလောက်သာ သူ့နယ်ပယ် အကျယ်အဝန်း ဖြစ်ခဲ့သည်။ ခုဆိုလျှင် သူရေပြင်ပေါ်ရောက်နေပြီ။ လေကို စတင်မြင်ဖူးပြီ။ သို့ရာတွင် သူသည် မပျံသန်းဖူးသေး။ လေတွင် ဝဲပျံရသည့် အရသာကို မကြုံရဖူးသေး။ အပြောကျယ်သော ပြင်ပလေထုအောက်ရှိ အရောင်အဆင်းများ၊ ပန်းပွင့်များ၊ ရေပြင်လို စေးထန်းပျော့အိမနေဘဲ မာကျောခိုင်မြဲသော နားခိုစရာ နေရာများအကြောင်းကို သူမသိရသေး။ ယုတ်စွအဆုံး ခြင်တစ်ကောင် ပီသဖို့အတွက် သွေးတစ်စက်မျှကိုပင် မစုပ်မျိုဖူးသေး။ ကျွန်တော့်လက်များသည် ကွေးနေဆဲ။ လက်ညှိုးကို လက်မဖြင့် ဖိထားရသဖြင့် လက်က တုန်နေသည်။ လွှတ်အံ့ဆဲဆဲ ...

"မျက်နှာသစ်တော့လေ၊ ဘာငေးနေတာလဲ"

လေးမေ၏ အသံကြောင့် ဖျတ်ခနဲလန့်သွားသည်။ သူသည်လည်း ဆတ်ခနဲရုန်းပြီး လေထဲသို့ ပျံတက်သွား၏။ လေးမေ ကျွန်တော့်ဘေးလာရပ်ပြီး ...

"ဘာကြည့်နေတာလဲ"
"ဟိုကိစ္စပါ၊ ဘာမှမဟုတ်ပါဘူး" ဟု ပြောပြီး ရေမျက်နှာပြင်တွင် ကျန်ရစ်ခဲ့သော ပိုးလောက်လန်းအခွံကို တစ်ချက်ကြည့်မိသည်။
လေးမေက ရေစည်နား တိုးကပ်လာပြီး ကျွန်တော်ကြည့်သလို လိုက်ကြည့်သည်။
"ဟင် ... ရေစည်ထဲမှာလည်း ပိုးလောက်လန်းတွေပါလား။ ညနေကျရင် ရေစည်ကို လှယ်ပစ်ရအောင် သိလား"
ကျွန်တော် ဘာမှုပြန်မပြော။ ပါးစပ်ထဲသို့ သွားပွတ်တံကို ထိုးထည့်လိုက်သောကြောင့် ဖြစ်သည်။

(ရှုမဝ၊ မတ်၊ ၁၉၈၃)

## အပြန်လားပေါ့ အသွားပါကွဲ .

"ပိုက်ဆံများ ထားစရာတောင်မရှိဘူး" ဟု ကျွန်တော်တို့ အချင်းချင်း ပြောလေ့ရှိပါသည်။ ထားစရာနေရာ မရှိလောက်အောင် ပိုက်ဆံတွေ များနေသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ပေးစရာပိုက်ဆံကို မရှိခြင်းကို ဆိုလိုပါသည်။

တစ်ခါတလေကျတော့လည်း...

"ပိုက်ဆံမရှိရင် အိမ်လာယူ၊ ပိုက်ဆံတွေ မင်းတစ်ရပ်လောက်ရှိတယ်" ဟု ပြောတတ်ပြန်သည်။ ထိုအခါ အပြောခံရသူက ...

"ဘာလဲ၊ ငါ့တစ်ရပ်လောက်ရှိတယ်ဆိုတာက ငါးကျပ်တန်ကို ကြိုးနဲ့ချည်ပြီး တုတ်မှာဆွဲထားတာကို ပြောတာလား" ဟု ပြန်လည်ချေပတတ်၏။

လူတို့သည် ငွေတွေပေါများနေသည့်အခါ လူတကာကို လျှောက်ပြောမနေတတ်ကြချေ။ အမြတ်ခွန်ကို ကြောက်လို့လည်း ဖြစ်ချင်ဖြစ်မည်။ ငွေမရှိသောအခါတွင်ကား လူမြင်လျှင် ဆီးပြောဖို့ ဝန်မလေးကြ။

ဤသို့ ဖွင့်ပြောကြသည်မှာ ပိုက်ဆံချေးမှာစိုးလို့၊ လက်ဖက်ရည်တိုက်ခိုင်းမှာစိုးလို့ ကြိုတင်ကာကွယ်ခြင်းလည်း ဖြစ်နိုင်သည်။ သနားပြီး လက်ဖက်ရည်တိုက်သွားအောင်လို့လည်း ဖြစ်နိုင်သည်။ တချို့ကျတော့လည်း ကိုယ့်မှာ မပြေလည်သည့်အကြောင်းကို ရင်ဖွင့်လိုက်မှ နေသာထိုင်သာရှိသွားသည့် သဘောလားမသိ။ ဒကာရာတစ်ခုက နာနေသောအခါ ကြိတ်မှိတ်ခံတာထက် အသံထွက်ပြီး ညည်းလိုက်ရလျှင် သက်သာသွားသလို ထင်ရသည် မဟုတ်လား။ ဘိုင်ကျရသည့်ကြောင်းကိုပင် ဂုဏ်ယူစရာတစ်ခုလို လျှောက်ပြောနေသူမျိုးလည်း ထူးထူး ခြားခြားရှိသေး၏။

ပိုက်ဆံမရှိသည်မှာ ဂုဏ်ယူစရာဟု ကျွန်တော်တော့မထင်ပါ။ ထိုသို့ ဂုဏ်ယူတတ်သူများသည် တကယ်မဟုတ်ဘဲ ပိုက်ဆံမရှိချင် ယောင်ဆောင်နေသူများဟုပင် ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ပိုက်ဆံဆိုသည်မှာ သုံးလောက်စွဲလောက်ရုံတော့ရှိနေသင့်ကြောင်း မည်သူမျှ မငြင်းနိုင်။

ကျွန်တော်တို့ စာရေးဆရာများမှာ သူများထက် အခွင့်အရေးတစ်ခု ပိုပြီးသာတာရှိသည်။ ကိုယ်ဘိုင်ကျသည့် အကြောင်းကို ပါးစပ်ဖြင့် လျှောက်ပြောရုံသာမဟုတ်၊ ဝတ္ထုတွေ ဘာတွေထဲမှာပါ ထည့်ရေးလို့ရနေခြင်းပင် ဖြစ်၏။

စာရေးဆရာအများစုသည် စာရင်းဇယားများကို မကျွမ်းကျင်ကြချေ။ သို့တည်းမဟုတ် စာရင်းဇယားမကျေသူများသာ စာရေးဆရာ ဖြစ်လာတတ်သလော မပြောတတ်။ ခုခေတ်မှာ နာမည်ကလေး အသင့်အတင့်ရနေသော စာရေးဆရာများသည် (အပျင်းမထူဘူးဆိုလျှင်) ဝင်ငွေ သိပ်မဆိုးလှပါ။ သို့ရာတွင် စနစ်တကျနှင့် တိုင်းတိုင်းထွာထွာ မသုံးတတ်သဖြင့် မကြာခဏဆိုသလို ငွေကြေးပြတ်လပ်မှုနှင့် ကြုံရတတ်သည်။ ကျွန်တော်အပါအဝင်။

ကျွန်တော့်မိန်းမသည် အသုံးအစွဲကြမ်းသူတစ်ယောက် မဟုတ်ပါ။ ထို့အတူ ခြစ်ခြစ်ချုတ်ချုတ် ကုတ်ကုတ် ကတ်ကတ် နေတတ်သူမျိုးလည်းမဟုတ်ပါ။

သူသည် ရုံးပိတ်ရက်များတွင် အမေ့ကို ဈေးမသွားခိုင်းဘဲ သူ့ဘာသာသွားသည်။ ကိုယ်တိုင်စိတ်ကြိုက် ချက်ပြုတ်လေ့ရှိသည်။ ဈေးကပြန်လာပြီးဆိုလျှင် စာရွက်တစ်ရွက်နှင့် စာရင်းတွက်လေ့ရှိ၏။ တွက်ချက်ရာတွင် နံနံပင်ဖိုး ဆယ့်ငါးပြားပါမကျန် အသေးစိတ်ရေးမှတ်သည်။ တွက်ပြီးသည့် အခါတိုင်းလည်း "ဟင် ... ပိုက်ဆံကလည်း ဘယ်လိုက ဘယ်လို ကုန်သွားမှန်းမသိဘူး" ဟု ပြောတတ်စမြဲ။

သူက ငွေစုတာတော့ ဝါသနာပါသလိုလိုရှိပါသည်။ သူ့အဲသုံးစရိတ်ထဲက နည်းနည်းပါးပါးခွဲပြီး စုထားတတ်သည်။ ကျွန်တော်ကလည်း မသိချင်ယောင်ဆောင်နေသည်။ ကျွန်တော် ငွေပြတ်သည့်အခါ စုဆောင်းငွေထဲက ပြန်နှိုက်လို့ရသည် မဟုတ်လား။

သူကလည်း ကျွန်တော့်ကို တစ်နည်းပြန်၍ ချည်နှောင်ထား၏။ သမီးကိုမွေးသောအခါ ကလေးရေရှည်ရေးအတွက် ငွေစုရမည်ဟုဆိုသည်။ ကျွန်တော်ကလည်း ထုံးစံအတိုင်း ပြီးပြီးရောဆိုပြီး "အေး ... ကောင်းတယ်" ဟု ပြောမိ၏။

သူသည် ပစ်တိုင်းထောင်ရုပ် စုဘူးကြီးနှစ်ဘူး ဝယ်လာသည်။ တစ်ဘူးတွင် သူ့နာမည်ထိုးပြီး တစ်ဘူးတွင် ကျွန်တော့်နာမည်ထိုးထားကာ နှစ်ဘူးယှဉ်လျက် ချထားသည်။ သူ့အကြံကား ပိုင်ပါပေသည်။ စုဘူးက ကိုယ့်နာမည်နဲ့ကိုယ်ဆိုတော့ ရောယောင်ပြီး နပ်ချလို့မရ။ ကိုယ့်ဘူးထဲ ကိုယ်အမြင်လှအောင် ထည့်ရတော့သည်။ ပြီးတော့ ဒါက သမီးအတွက်။

ဘာပဲဖြစ်ဖြစ် သူသည် ကျွန်တော့်ထက်စာလျှင် တိုင်းတိုင်းဆဆ သုံးစွဲတတ်တာ အမှန်ပင်ဖြစ်သည်။ ကျွန်တော် စာမူခရလာလို့ သူ့ကိုပေးလျှင် ...

"နောက်တစ်ခါ စာမူခ ဘယ်တော့ရမလဲ" ဟုမေးတတ်သည်။

"ခုရေးနေတဲ့ စာမူပြီးလျှင် ထပ်ရမှာပေါ့"

"စာမူက ဘယ်တော့လောက်ပြီးမလဲ"

"နှစ်လလောက်နေရင် ပြီးမှာပါ"

ထိုအခါ သူက ငွေကို သုံးပုံ ပုံလိုက်သည်။ နှစ်ပုံက နှစ်လအတွက် အသုံးစရိတ်။ တစ်ပုံက စုဆောင်းရန် ဖြစ်သည်။ သူတွက်ကိန်း မကြာခဏလွဲတတ်သည်။ တစ်လစာဟု သတ်မှတ်ထားသော အသုံးစရိတ်သည် မလောက်မင ဖြစ်တတ်သည်။ ရုတ်တရက် ပေါ်ပေါက်လာသော အရေးကိစ္စများအတွက် သုံးလိုက်ရခြင်း၊ သာရေးနာရေးကိစ္စများအတွက် ကုန်ကျခြင်းတို့ကြောင့် ဖြစ်သည်။ စုဆောင်းရန်ဆိုသော ငွေသည် အမြဲလိုလို ပဲ့ပါသွားတတ်၏။

ထို့ပြင် တစ်ခါတစ်ရံ ကျွန်တော့်စာမူရေးပြီးမည်ဟု ခန့်မှန်းထားသောရက်တွင် မပြီးသည့်အခါမျိုး၌လည်း သူ့ဘတ်ဂျက် အစီအစဉ်မကိုက်ဘဲဖြစ်ရသည်။ ထိုအခါ စုဆောင်းရန်ဆိုသည့် ငွေကိုပင် သုံးလိုက်ရပြန်၏။

အထက်ပါ အကြောင်းများကြောင့် တစ်ခါတစ်ခါတွင် ထူးထူးခြားခြား ငွေကြေးပြတ်လတ်သည့် အဖြစ်မျိုးနှင့် ကြုံရလေတော့သည်။

*

"ငွေတစ်ဆယ်လောက်ပဲ ရှိတော့တယ်" ဟု သူက ပြောသည်။

"နင့်လခကော"

ကျွန်တော်က ပြန်မေးသည်။

"ပြောင်ပြီလေ"

"ဟင် တစ်နေ့ကမှ လခထုတ်ထားတာမဟုတ်လား"

"အမယ်လေး လခလေး တစ်ရာ့လေးဆယ်လောက်ကိုများ၊ ဖယ်ရီခက အစိတ်၊ ရုံးမှာ စုတာကအစိတ်၊ ဆန်ရမယ်ဆိုလို့ သွင်းရတာက ..."

"တော်ပြီ တော်ပြီ နားလည်ပြီ"

အလျင်အမြန် သဘောတူလိုက်ရသည်။ သူတင်ပြသော စာရင်းကို ဆက်လက်နားထောင်နေလျှင် အနတ်လက္ခဏာပြလာလိမ့်မည်။ သူသည် ခြောက်ကျပ်ခွဲ နေ့စားဖြစ်သဖြင့် တစ်လ တစ်ရာ့လေးဆယ် ပတ်ဝန်းကျင်လောက်သာ ရသည်။ စနေနေ့များကို ရုံးပိတ်အဖြစ် သတ်မှတ်လိုက်သောကြောင့် တစ်လလျှင် လေးရက်စာလောက် ဝင်ငွေလျော့သွားခဲ့ရသေးသည်။

ငွေ ဘယ်ကရစရာရှိသလဲဟု စဉ်းစားသည်။ ချက်ချင်းပင် အကြံရလာ၏။ ကျွန်တော့်စာအုပ်များ ထုတ်နေသော ထုတ်ဝေသူဆီ ဖုန်းဆက်ပြီး ငွေထပ်တောင်းဖို့ ဖြစ်သည်။

ဖုန်းဆက်လိုက်သည်။ လိုင်းမအားဖြစ်နေ၏။ သုံးကြိမ်မြောက်ခေါ်မှ ဖုန်းကိုင်သည်။

"ဟလို"

"ကိုအောင်သန့်ရှိလား"

"ခုပြောတာ ဘယ်သူပါလဲ၊ သြော် ... ဟုတ်ကဲ့ ဟုတ်ကဲ့၊ သူမရှိဘူးရှင့်။ ရှင် ... ဆေးရုံတက်နေပါတယ်။ ဟုတ်ပါတယ်၊ အဲဒါကြောင့်ပါပဲ"

ကျွန်တော့်ထုတ်ဝေသူ ကိုအောင်သန့်က လိပ်ခေါင်းရောဂါရှိသည်။ ထို့ကြောင့် အရှေ့ပိုင်းဆေးရုံမှာ တက်ရောက်ကုသနေရသည်တဲ့။ ခုလိုအချိန်မျိုးမှာ ငွေတောင်းလို့မကောင်း။ ကျွန်တော်လည်း ဆေးရုံ သွားကြည့်လိုက်ပါဦးမယ်ဟု ပြန်ပြောလိုက်ရသည်။

ကျွန်တော်က မိန်းမကို လက်ခါပြလိုက်၏။ "ဘယ်လိုလုပ်မလဲ" ဟုလည်း အရင်ဦးအောင် မေးလိုက်သည်။ သူက ... "တို့စုထားတဲ့ ပိုက်ဆံလည်း မရှိတော့ဘူး။ ဟိုလက ရေကပြင် ပြင်လိုက်တဲ့အထဲ ပါသွားပြီ"

"အေး ... ဟုတ်ပြီ၊ ခုမှသတိရတယ်။ နင်တို့ရုံး ငွေစုငွေချေးကနေ ပိုက်ဆံချေးပါလား"

"သူပြောတာက နောက်ကျနေပြီ။ တို့က လျှောက်လွှာတောင် တင်ပြီးပြီ"

"ဒါဆိုလည်း ပြီးတာပဲ"

"မပြီးသေးဘူးလေ၊ အစည်းအဝေးထိုင်မှာနဲ့ ဘာနဲ့ဆို နောက်ဆယ်ရက်လောက်နေမှရမှာ"

"ငါ့ဆီမှာတော့ အစိတ်လောက်ရှိသေးတယ်။ နင့်ဆီမှာကော"

"အလွန်ဆုံးရှိ တစ်ဆယ့်ငါးကျပ်ပေါ့"

"ဒီလောက်ဆို မဖြစ်ဘူးလား"

"မဖြစ်သေးဘူးလေ၊ စနေနေ့ကျရင် သူ့သူငယ်ချင်း မင်္ဂလာဆောင် ရှိတယ်ဆို၊ ရွှစ်ဆိုလား"

"ပွစိပါကွာ၊ ငါတို့နဲ့ သိပ်ခင်တာ၊ မသွားလို့မဖြစ်ဘူး"

"တို့ကလည်း တနင်္ဂနွေနေ့ကျရင် စိုးရဲ့သားလေး မွေးနေ့ သွားရဦးမယ်"

လက်ဖွဲ့ဖို့ ပစ္စည်း ဝယ်ရမည်။ မွေးနေ့လက်ဆောင် ဝယ်ရမည်။ အမေ့ကို ဈေးဖိုးပေးရမည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် အသုံးစရိတ် ရှိသောငွေနှင့် ဘယ်နည်းနှင့်မျှမလောက်နိုင်။ တစ်ယောက်ယောက်ဆီမှာ ချေးဖို့သာ ရှိတော့သည်။ ချေးဖို့ဆိုတော့ ...

"ဟော့ ... သမီးဆီက ခဏချေးရင် မကောင်းဘူးလား"

ကျွန်တော်က ကိုယ့်အတွေးနှင့်ကိုယ် ပြောလိုက်သည်။ သူ ကြောင်တောင်တောင် ဖြစ်သွားသည်။ သမီးက ခုမှ ငါးလသမီး။
"ဩော်... ဒီလိုပါ၊ ဟိုဒင်းလေ၊ သမီးစုဘူးထဲက ခဏထုတ်ဖို့ ပြောတာပါ။ ပိုက်ဆံရတော့ ပြန်ထည့်တာပေါ့"
"စုဘူးတော့ မဖောက်ချင်ဘူးလေ"
"ဖောက်ဖို့ မဟုတ်ဘူးလေ၊ ပိုက်ဆံထည့်ပေါက်ကနေ ဇာဂနာနဲ့အသာလေး ဆွဲယူဖို့"
ကျွန်တော်က သူ့ကိုမကြည့်ဘဲ ပြောလိုက်သည်။ သူက သိပ်သဘောတူပုံမရ။ အတန်ကြာငြိမ်နေပြီးမှ ...
"အင်းလေ၊ တစ်ခုတော့ရှိတယ်။ သမီးစုဘူးထဲမှာ ဟိုလက အထူးဈေးငွေ နှစ်ရာရတဲ့အထဲက ရာတန်တစ်ရွက်
ထည့်ထားတာတော့ရှိတယ်။ ထုတ်ကြည့်ပေါ့"
သူက သူနာမည်တပ်ထားသည့် စုဘူးကို သွားယူလာသည်။ ကျွန်တော်ကလည်း တိုလီမိုလီပစ္စည်းတွေထည့်သော ခွက်ထဲက ဇာဂနာ သွားယူသည်။
သမီးသည် အိပ်ပျော်နေပြီး ဖြစ်၏။ နိုးနေသည့်တိုင် ကျွန်တော်တို့ ဘာလုပ်နေသည်ကို သိနိုင်သော အရွယ်မဟုတ်ချေ။ သို့ရာတွင် ကျွန်တော့်စိတ်ထဲက မလုံမလဲဖြစ်နေသည်။ ကျွန်တော့်မိန်းမကလည်း တမင်ရည်ရွယ်ခြင်း မဟုတ်သော်လည်း သမီးအိပ်နေသည့်ဘက်ကို ကွယ်ပြီး ထိုင်လိုက်သည်။
စုဘူးက ပလတ်စတာခေါ် မြေဖြူမှုန့်တစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ ပိုက်ဆံထည့်သည့် အပေါက်က ကျဉ်းကျဉ်းရှည်ရှည်။ ဇာဂနာက ထိပ်ဖျားသာဝင်သည်။ ညပ်ပြီးဆွဲယူလို့မရ။ တအားထိုးထည့်လျှင် စုဘူးပဲ့ထွက်သွားနိုင်သည်။
ရာတန်က လေးခေါက်ချိုးပြီးထည့်ထားခြင်း ဖြစ်သည်။ ဘူးထဲရောက်တော့ ခေါက်ရိုးတွေ ပြန်ပွပြီး ပြန့်ကားသွားသဖြင့် အထုတ်ရခက်နေသည်။ ထောင့်စွန်းကို အပေါက်မှ ပြူထွက်အောင် ကလန့်ပြီး ထုတ်ယူရသည်။ အစတစ်စထွက်လာ၏။ ဆွဲထုတ်ကြည့်သည်။ မရချေ။ အခြားထောင့်စွန်းများက ထစ်ပြီး ခံနေသည်။ အတင်းဆွဲလျှင် ပြဲထွက်သွားမည်။ ရင်တထိတ်ထိတ်ဖြင့် အသာကလေး ချော့ပြီး ...
သမီးက ဝါးခနဲထငိုသည်။ ကျွန်တော် လန့်ဖျန့်ပြီး လက်ထဲက ဇာဂနာ လွတ်ကျသွားသည်။ ကျွန်တော့်မိန်းမက သမီးဆီ ပြေးသွား၏။ သမီးကို နို့တိုက်ရင် ...
"သမီးပိုက်ဆံကို မယူပါနဲ့တော့ကွယ်"
သမီးပိုက်ဆံကို မယူလျှင် ...

*

လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်ကို သွားသတိရလိုက်သည်။ အဖေက ငွေတာရီ၊ မြဝတီမှာ ရေးသည့် သူ့ဝတ္ထုတိုကရသော စာမူခကို အမေ့အား ပေးထားသည်။ ကျွန်တော့်အစ်ကိုနှင့် ကျွန်တော်တို့က စာမူခသွားထုတ်ပေးရသည်။ အဖေ့စာမူခမှာ တစ်ရာ့ငါးဆယ် ရသော်လည်း ကျွန်တော်တို့က အမေ့ကို တစ်ရာပဲရသည်ဟု ပြောကြသည်။ ငါးဆယ်ကို ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အစိတ်စီဖြောင်ကြလေသည်။
မိန်းမကပြောသည်။ သမီးပိုက်ဆံကို မယူပါနဲ့တဲ့။ သမီးပိုက်ဆံကို မယူလျှင် ဘယ်သူ့ပိုက်ဆံကို ယူမည်နည်း။ ရှင်းပါသည်။

*

နောက် လေးငါးရက်နေမှ ပိုက်ဆံရမည်။ လောလောဆယ်တော့ ဈေးဖိုးကို ပင်စင်လခထဲက စိုက်သုံးထားနှင့်ဦးဟု အမေ့ကို ပြောရမည်။ ဒီလ ပေဖူးလွှာမဂ္ဂဇင်းထဲမှာ အဖေ့ဝတ္ထုတိုတစ်ပုဒ်ပါသည်။ လဆန်းရှစ်ရက်နေ့ စာမူခ ထုတ်ပေးမည် ဖြစ်လေသည်။

(ပေဖူးလွှာ ၊ ဩဂုတ် ၊ ၁၉၈၄)

## ဘဝပျက်ခြင်း

မိုးတဖွဲဖွဲရွာနေသည်။
လွန်ခဲ့သော နှစ်ရက်လောက်ကစ၍ မိုးဆက်တိုက်ရွာခဲ့သည်။ တစ်ခါတစ်ရံ သည်းလိုက်၊ တစ်ခါတစ်ရံ ဖွဲလိုက်။ပြတ်သည်မရှိခဲ့။ နေရောက်ကို လုံးဝမမြင်ခဲ့ရချေ။
သူကားရပ်ထားသော နေရာနောက်ဘက်ရှိ ကွင်းပြင်ကြီးတွင် ရေတွေ ဖွေးဖွေးလှုပ်နေ၏။ မနေ့ကဆိုလျှင် မြို့လယ်ရှိ လမ်းဆုံလမ်းခွများတွင် ယာဉ်အသွားအလာ ခေတ္တရပ်တန့်သွားလောက်အောင် ရေတွေလျှံနေခဲ့သေးသည်။ ဒီနေ့ထိမိုးက မတိတ်သေး။
သူ့ကားသည် ညာဘက်အစွန်ဆုံးမှာ ရပ်ထားသည်။ သူ့ကား၏ ဘယ်ဘက်တွင် ဂျစ်ကားတစ်စီး၊ နောက် ကားနှစ်စီးစာလောက် လွတ်နေသည်။ ပြီးမှ မော်ဇ်ဖစ်တစ်စီး ရပ်ထား၏။ သူ့ကားကတော့ တံခါးနှစ်ပေါက် စကိုဒါကား။
ကိုသောင်းအေးသည် ပရိုက်ဗိတ်တက္ကစီမောင်းသူ ဖြစ်သည်။ နံပါတ်အနက် ကိုယ်ပိုင်ကားဖြင့် အငှားလိုက်ခြင်းကို ဆိုလို၏။ ခုနေရာသည် သူ ဂိတ်ထိုးနေကျနေရာမဟုတ်။ မြို့ထဲမှာသာ ဂိတ်ထိုးခဲ့ခြင်း ဖြစ်သည်။ ခုတစ်လော မြို့ထဲမှာ အလုပ်သိပ်မဖြစ်။ ခက်တာက သူသည် တချို့လို "လိုင်စုံ" လုပ်ချင်သူမျိုး မဟုတ်ချေ။
"ဟို မိန်းကလေး"မျိုးတွေ လိုက်ရှာပေးတာတို့၊ အကြိုအပို့ လုပ်ပေးတာတို့ဆိုလျှင် ခပ်မြက်မြက်ရနိုင်ကြောင်း သူသိသည်။ ဂျင်၊ တစ်ချပ်မှောက်ဝိုင်းတို့အတွက် လူလိုက်စုခြင်း၊ ဒိုင်အိမ်သို့ လိုက်ပို့ခြင်းတို့လည်း မလုပ်ချင်။ အနီတွေ၊ အစိမ်းတွေ၊ အဖြူတွေကိစ္စအတွက် မောင်းပို့ပေးရတာမျိုး၊ ပစ္စည်းသယ်ပေးရတာမျိုးလည်း မလုပ်ရဲ။
တရားဥပဒေအပြင်ဘက်က ဒုစရိုက်သမားများနှင့် အရောတဝင်မလုပ်ချင်။ ရိုးရိုးအလုပ်ကိစ္စ၊ ကျောင်းပို့ကျောင်းကြို ၊လူနာပို့ခြင်း၊ အရေးပေါ်ကိစ္စသုံးခြင်းတို့ကိုသာ အားကိုးရသည်။
လွန်ခဲ့သော တစ်ပတ်လောက်ကတော့ သူ့လိုပင် ကားဆွဲသော ကိုဝင်းမြင့်နှင့် တွေ့သည်။ ကိုဝင်းမြင့်က ဒီဈေးရှေ့မှာ ဂိတ်ထိုးနေကြောင်း မြို့လယ်မဟုတ်သော်လည်း စည်ကားသော ဈေးကြီးဖြစ်၍ အခြေအနေမဆိုးကြောင်း ပြောသည်။ သူ့ကိုလည်း ဂိတ်လာထိုးဖို့ခေါ်သည်။
ထို့ကြောင့် တစ်နေ့ကစပြီး ဒီဈေးရှေ့မှာ ဂိတ်လာထိုးကြည့်သည်။ ကံဆိုးချင်လို့ပဲလားမသိ။
သူဂိတ်စထိုးသည့်နေ့မှစ၍ မိုးဆက်တိုက်ရွာခဲ့ရာ ဒီနေ့ထိ မစဲသေးချေ။
ပထမနေ့က ကားပိုင်ရှင်ကို ပေးဖို့ငွေ၊ ဓါတ်ဆီ၊ အင်ဂျင်ဝိုင်ဖိုး နုတ်ပြီး အစိတ်လောက်သာ ကျန်သည်။ မနေ့ကဆိုလျှင် အစိတ်ပင်မပြည့်။ ဒီနေ့ ပိုတောင်ဆိုးနိုင်သည်။ ခု ဆယ့်တစ်နာရီထိုးခါနီးထိ အံ့နာခပင် မရသေး။
မိုးရွာနေသောကြောင့် ဈေးထဲမှာလည်း ခြောက်ကပ်နေသည်။ အရောင်းအဝယ်လည်း သိပ်ဖြစ်ဟန်မတူချေ။
လူအနည်းအကျဉ်းလောက်သာ အဝင်အထွက်ရှိသည်။
သူတိုဂိတ်မှာလည်း ကားသိပ်မရှိ။ ပရိုက်ဗိတ်တက္ကစီထဲက သူ့ကားနှင့် ဟိုဘက်အစွန်က မော်ဇ်ဖစ်ကားသာရှိသည်။ တခြားကားတွေက မိုးသိပ်ရွာလို့လည်း လာကြဟန်မတူ။ ကိုဝင်းမြင့် ကလည်း ထောက်ကြံ့ဘက် အော်ဒါရလို့ သွားနေရသည်။
ခဏကြာတော့ မော်ဇ်ဖစ်ကား မောင်းထွက်လာသည်။ သူ့ကားရှေ့မှ အဖြတ်တွင် ကားမောင်းသူက ပါးစပ်နားမှာ လက်ကို တေ့ပြသွားသည်။ ထမင်းစားသွားမည့်သဘော။ ကိုသောင်းအေးသည် ထမင်းလည်း မစားချင်သေး။ ပြီးတော့ ခုလိုကားတစ်စီးမှ မရှိသောအခါ ငှားစရာရှိ သူ့ကားကိုသာ ငှားရမည်ဖြစ်၍ စောင့်လိုက်ချင်သေးသည်။
သို့တိုင်အောင် အတော်ကြာသည်ထိ ဘယ်သူမှ ဘာမငှား။ ဘေးနားက ဂျစ်ကားလည်း ထွက်သွားပြန်သည်။ သူ့ကားတစ်စီးတည်းသာ ငေါင်စင်းစင်း ကျန်ခဲ့သည်။
မိုးကလည်း ဖွဲတုန်း။ စကားပြောဖော်လည်း မရှိ။ ရာသီဥတုကလည်း ချမ်းစိမ့်စိမ့်မို့ အိပ်တောင်ငိုက်လာ၏။

*

ကားတစ်စင်း အရမ်းမောင်းလာပြီး ရုတ်တရက် ရပ်လိုက်သံ ကြားလိုက်ရသည်။ လှမ်းကြည့်သောအခါ ဖင်မလီယာခိုပြာရောက်ကလေး။ နောက်ပြန်ဆုတ်၍ ကိုသောင်းအေးကားနှင့် ခပ်လှမ်းလှမ်းမှာ ဖင်ထိုးပြီး ရပ်လိုက်သည်။
ကားတံခါးသည် ဟရုံလေး ပွင့်လာ၏။ ထီးကိုကိုင်ထားသော လက်ကလေး ထောင်ထွက်လာသည်။ အော်တိုမစ်တစ်ထီးကလေးသည် လုပစ္စာပွင့်လာသည်။ ပြီးတော့ ကားထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။ ကိုသောင်းအေးလည်း ကြည့်စရာဆိုလို့ ဒါပဲရှိသဖြင့် သေသေချာချာပင် ကြည့်နေမိ၏။ တော်တော်လှသည့် အမျိုးသမီး၊ အပေါ်အောက် ပန်းနုရောင်ဆင်တူဝတ်ထားသည်။ ဒေါက်မြင့်ဖိနပ်နှင့်။ ခုလိုမိုးတွေ ရွာနေသော ကာလမျိုးမှာ အရောင်နုနုကလေး ဆင်နိုင်သူမှာ သူတို့လို ကားစီးနိုင်သူများသာ ဖြစ်လေသည်။ အမျိုးသမီးသည် ကားတံခါးကို သော့ခတ်၍ ဈေးဘက်သို့လျှောက်သွားသည်။ ဒီလောက် မိုးစွတ်စွတ် လေစွတ်စွတ်မှာ ဘာကြောင့်

ဈေးလာဝယ်ရသနည်း။ အင်္ကျီစတို့ ထမီစတို့ လာဝယ်တာဆိုလျှင် ခုရက်ပိုင်းမှာ အရေးတကြီး သွားစရာရှိနေသောကြောင့် ဖြစ်ရမည်။ သူတို့လို လူမျိုးသည် မွေးနေ့တို့ အလှူတို့ တစ်ခါသွားလျှင် အဝတ်အစားသစ် တစ်စုံချုပ်တက်သည်။

ကိုသောင်းအေးသည် ပျင်းပျင်းနှင့် အလုပ်မရှိအလုပ်ရှာပြီး လျှောက်စဉ်းစားနေခြင်း ဖြစ်သည်။ တကယ်တော့ သူ့ဘာသာ ဘာကိစ္စနှင့်လာလာ ကိုယ်နှင့်ဘာဆိုင်သနည်း။ ကိုယ့်အလုပ် ကိုယ်လုပ်ရုံသာ။ ကိုယ့်အလုပ်ကလည်း ဘာမှမရှိ။ တစ်ရေးတစ်မော အိပ်လိုက်ဖို့သာရှိသည်။

ကားရှေ့ခန်းထဲမှာပင် လှဲချလိုက်၏။ ထိုအချိန်တွင် မိုးက ပြန်သည်းလာပြန်သည်။ ထထိုင်ပြီး မှန်တွေ ပိတ်လိုက်ရသည်။ ပြန်လှဲချလိုက်ရာ လက်က နောက်ကြည့်မှန်ကို တိုက်မိသွားသည်။

မှန်နည်းနည်းစောင်းသွားသည်။ ခုမှပင် လှဲနေရာမှကြည့်လျှင် အပြင်ကို နောက်ကြည့်မှန်ထဲမှ မြင်နေရသည်။ မှန်ကို ပြန်မပြင်တော့။

*

မိုးကာအင်္ကျီဝတ်လူတစ်ယောက် ဖြတ်လျှောက်သွားသည်ကို နောက်ကြည့်မှန်ထဲက မြင်လိုက်ရသည်။ ကားငှားမည့်သူများ ဖြစ်မလားဟု ထကြည့်လိုက်သည်။ မဟုတ်။ သူ့ကားကို လွန်ထွက်သွား၏။ ကိုသောင်းအေးလည်း ပြန်လှဲချလိုက်သည်။ ထိုသူလျှောက်သွားသည်ကို နောက်ကြည့်မှန်ထဲမှ မြင်နေရသည်။ ထိုသူသည် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၏။

စောစောက အမျိုးသမီး၏ ဖင်မလီယာကားနားမှာ မယောင်မလည်လုပ်ရင်း ရပ်နေသည်။ ဟိုဒီကြည့်သည်။ ကိုသောင်းအေးကားဘက်ကိုလည်း ကြည့်သည်။ ကိုသောင်းအေးက ကားရှေ့မှာ လှဲအိပ်နေခြင်းဖြစ်သောကြောင့် သူမမြင်။ ကိုသောင်းအေးကသာ သူ့ကို နောက်ကြည့်မှန်ထဲမှ မြင်နေရသည်။

ကိုသောင်းအေးက သူ့ကို မသင်္ကာ။

သူသည် လက်ထဲမှ သော့တွဲရှိ သော့တစ်ချောင်းကို ကားတံခါး သော့ပေါက်ထဲ ထိုးထည့်လိုက်ပုံရသည်။ သူ့လှုပ်ရှားပုံဟန်ပန်ကိုကြည့်၍ သိရ၏။ သော့ကို လှည့်ဖွင့်သည်။ ရဟန်မတူ။ နောက်သော့တစ်ချောင်း ပြောင်း၍ဖွင့်သည်။ မရသေး။ သော့ လေးငါးချောင်းလောက် ပြောင်းနေပုံရသည်။

ကားတံခါးပွင့်သွားသည်။ ထိုသူသည် တံခါးကို ဆွဲဖွင့်ပြီး အေးအေးဆေးဆေးပင် ဝင်ထိုင်လိုက်သည်။ တံခါးပြန်ပိတ်သည်။ အတော်ဟန်ကောင်းသည့်လူ၊ လောကကြီးတစ်ခုလုံးမှာ သူတစ်ယောက်တည်း ရှိနေပုံမျိုး၊ ဟုတ်တော့လည်း ဟုတ်သည်။ မိုးသည်းနေသောကြောင့် လူအသွားအလာမရှိသလောက် ဖြစ်နေသည်။

နောက်ပြီး သူလုပ်ပုံကိုင်ပုံက ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ အကြောင်းမသိသူဆိုလျှင် သူပိုင်ကားထဲ ဝင်ထိုင်နေသည်ဟု ထင်ကြလိမ့်မည်။ သူ့လှုပ်ရှားမှုကို အစအဆုံးမြင်နေရသော ကိုသောင်းအေးကတော့ ပို၍မသင်္ကာ ဖြစ်လာသည်။

ထိုသူသည် ကားပိုင်ရှင်အမျိုးသမီးနှင့် အတူလာသူမဟုတ်။ ကားတံခါးဖွင့်ရာတွင် သော့လေးငါးချောင်း ပြောင်းပြီး အသုံးပြုခဲ့ရသည်။ တစ်ခုတော့ရှိ၏။ ဟိုအမျိုးသမီးနှင့်သူသည် အသိအကျွမ်း ဖြစ်ချင်ဖြစ်မည်။ အမျိုးသမီးက သူ့ကို ကားသော့တွဲပေးလိုက်တာ ဖြစ်ချင်ဖြစ်မည်။ ကားသော့ကို ဖွင့်နေကျမဟုတ်သဖြင့် အလွယ်တကူ ဖွင့်လို့မရတာလည်း ဖြစ်နိုင်သည်။ ဆက်ပြီး အကဲခတ်ဖို့သာရှိ၏။

ကားရှေ့ခန်းမှာ လှဲနေရသည်မှာ ကြာတော့ ညောင်းလာသည်။ ကိုသောင်းအေးကားသည် ခပ်ကျဉ်းကျဉ်းဖြစ်၍ ခြေထောက်ကို ကွေးထားရသည်။ အညောင်းပြေ ထထိုင်လိုသော်လည်း မထိုင်ဖြစ်။ ထိုလူ၏ လှုပ်ရှားမှုကို မှန်ထဲမှ ဆက်ကြည့်နေမိသည်။ ထိုသူသည် တစ်ခုခုကို အာရုံစူးစိုက်ကြည့်နေဟန်တူသည်။ ခေါင်းကို ငုံ့ထားသည်။ တစ်ချက်တစ်ချက်မှ ဈေးဘက်ကို လှမ်းလှမ်းကြည့်သည်ကို တွေ့ရ၏။ ထူးခြားသည်မှာ သူသည် ကားထဲရောက်နေသည့်တိုင် ဦးထုပ်မချွတ်ခြင်းပင် ဖြစ်သည်။

နောက်တစ်ချက်၊ ခုမှ ကိုသောင်းအေး စဉ်းစားမိသည်။ ထိုသူသည် ဈေးဘက်မှ လျှောက်လာခဲ့ခြင်းမဟုတ်။ အခြား တစ်ဖက်လမ်းဆုံမှ လာခြင်းဖြစ်သည်။ သို့ဖြစ်လျှင် ကားပိုင်ရှင်အမျိုးသမီးနှင့် ဘာမျှ ပတ်သတ်စရာမရှိ။ သူတို့နှစ်ယောက် ဘယ်နည်းနှင့်မျှ တွေ့ဆုံခဲ့စရာအကြောင်းမမြင်။

ထိုသူသည် ကားအတွင်းသို့ သော့တူနှင့်ဖွင့်ဝင်၍ ပစ္စည်းတစ်ခုခု ဖြုတ်ခိုးနေခြင်းသာ ဖြစ်ရမည်။ ကားထဲမှာ အလွယ်တကူ ဖြုတ်ခိုးစရာဘာရှိသလဲ။ အဖြစ်နိုင်ဆုံးမှာ ကားကက်ဆက်။

ဘာလုပ်ရမလဲဆိုသောအတွေး ရုတ်တရက်ဝင်လာသည်။ ကားတံခါးဆွဲဖွင့်၊ ကားပေါ်ကခုန်ဆင်း၊ ဟိုနားပြေးကပ်၊ ကားတံခါးဆွဲဖွင့်၊ ဟိုလူကို ဆွဲထိုးပြီး ဖမ်းလိုက်။

ဒါမျိုးတော့ မလုပ်ရဲ၊ ဟိုက ပြန်တွယ်ရင် ဒုက္ခ၊ အနီးအနားက လူတွေကို အော်ဟစ် အကူအညီတောင်းဖို့၊ ဤသို့ စဉ်းစားမိသောအခါကျမှ နောက်ကြည့်မှန်ထဲသို့ ပြန်ကြည့်မိသည်။ အပြင်က အအေးဓါတ်ကြောင့် ကားမှန်များ ရေငွေ့တွေ

ပြန်နေသည်။ အပြင်ကို ကောင်းကောင်းမမြင်ရ။ မှန်ဝါးနေသည်။ ဟိုကားထဲကလူ၏ လှုပ်ရှားမှုကိုလည်း မမြင်သာတော့။ သို့ဆိုလျှင် ဟိုလူကလည်း ကိုသောင်းအေးကားထဲကို မြင်သာမည်မဟုတ်။
ကိုသောင်းအေး ထထိုင်လိုက်သည်။ ကားရှေ့မှန်မှ ရေငွေ့များကို လက်တစ်ဝါးစာလောက် ပွတ်လိုက်သည်။ အပြင်ကိုကြည့်သည်။ ခပ်လှမ်းလှမ်းက ပရိဘောဂဆိုင်ထဲမှာ မိန်းမကြီးတစ်ယောက် ထိုင်နေသည်။ ဟိုးက လက်ဖက်ရည်ဆိုင်မှာ ကလေး ငါးယောက်ရှိသည်။
သူတို့ဆီသွားပြီး အကျိုးအကြောင်းပြောပြ ဝိုင်းဖမ်းရင် ကောင်းမလား။ တစ်ခုရှိသည်။ ဝိုင်းဖမ်းပြီးကာမှ ဟိုလူက သူထင်သလို မဟုတ်ခဲ့လျှင် အရှက်တကွဲ ဖြစ်ရဦးမည်။
တစ်ခုတော့တွေးပြီး စိုးရိမ်မိလာသည်။ တကယ်လို့ ဟိုလူက အမှန်ပင် ပစ္စည်းတစ်ခုခု ခိုးသွားပြီဆိုပါစို့။ အချိန်မီ မတားဆီးနိုင်ခဲ့ပါက သူ့အပေါ် အမှုပတ်လာနိုင်သည်။ ဒီအနီးအနားမှာက သူ့ကားတစ်စီးပဲ ရှိတာ မဟုတ်လား။ ခုနေ ကားကို မောင်းထွက်သွားလျှင်ကော၊ ဒီလောက်တော့ ကိုသောင်းအေး တာဝန်မမဲ့ချင်။ ကိုသောင်းအေးသည် ဘယ်ဘက် ကားပြတင်းမှန်မှ ရေငွေ့များကို မျက်လုံးတစ်လုံးစာလောက် ပွတ်လိုက်ပြန်သည်။ အသာချောင်းကြည့်သည်။ ဟိုကားမှန်သည်လည်း ရေငွေ့တွေ ပြန်နေသဖြင့် သေချာစွာမမြင်ရ။ အထဲမှာ လူရှိနေသေးကြောင်းကိုတော့ ဝိုးတဝါးမြင်ရသည်။
တစ်ခုခုတော့ လုပ်မှဖြစ်မည်။

*

နည်းနည်းတော့ စွန့်စားရမည်။
ဟိုလူ မမြင်အောင် ကားညာဘက်တံခါးကို ဟသွားရုံအသာကလေးဖွင့်သည်။ ပြီးတော့ လျှောဆင်းလိုက်သည်။ အပြင်ရောက်တော့ ကားဘေးမှာ ဆောင့်ကြောင့်ထိုင်နေရသေးသည်။ တစ်ခုတော်သွား၏။ မိုးနည်းနည်း စဲသွားသည်။ ကားကိုကွယ်လျက် တဖြည်းဖြည်းချင်းထရပ်သည်။ ဟိုဘက်ကားကို ချောင်းကြည့်လိုက်သည်။ ထိုစဉ်ပင် ... ဈေးဘက်ဆီမှလှပသော ထီးကလေးကိုစောင်းရင်း လှုပ်လီလှုပ်လဲ့လျှောက်လာနေသော ကားပိုင်ရှင် အမျိုးသမီးကို တွေ့လိုက်ရသည်။
ပြီးတော့ ...
ဖင်မလီယာကားတံခါးသည် ရုတ်တရက်ပွင့်လာသည်။ မိုးကာဝတ်လူသည် လှစ်ခနဲထွက်လာ၏။ ကားနားမှာ အလျင်အမြန်ခွာဖို့ ပြင်သည်။ သို့ရာတွင် တစ်ခုခုက တုံ့ဆွဲထားသလို ဖြစ်သွား၏။ သေသေချာချာကြည့်လိုက်တော့ သူမိုးကာအကျီကြားထဲမှ ထွက်နေသော ဝါယာကြိုးတစ်စသည် ကားအတွင်းခန်းနှင့် ဆက်လျက်သား ရှိနေသေးကြောင်း တွေ့ရသည်။
ထိုသူသည် အမျိုးသမီးလျှောက်လာရာသို့ ဖျတ်ခနဲကြည့်သည်။ ဝါယာကြိုးကို ဆောင့်ဆွဲဖြုတ်လိုက်သည်။ ချာခနဲလှည့်ထွက်သည်။ ကားတံခါးကိုပင် ပြန်မပိတ်နိုင်။
ထိုသူ ခပ်သုတ်သုတ်လျှောက်လာသည်။ ကိုသောင်းအေး ကားရှေ့ကဖြတ်သည်။ ခုနေ ပြေးဖမ်းလိုက်ရ ကောင်းမလား။ မဖမ်းရဲ။ ထိုသူက ကိုသောင်းအေးကို ဆတ်ခနဲလှည့်ကြည့်သည်။ ကျောထဲက စိမ့်ခနဲဖြစ်သွား၏။ အမျိုးသမီး လျှောက်လာရာသို့ ကိုသောင်းအေး လှည့်ကြည့်မိသည်။ ကားတံခါးပွင့်နေသည်ကို အမျိုးသမီးက မြင်သွားပြီ။ အံ့သြသွား၏။ ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့။
"ဟေ့ ...မပြေးနဲ့"
ကိုသောင်းအေး အော်လိုက်သည်။ အမှန်တော့ သူမအော်ခင်ကပင် ဟိုလူက သုတ်ခြေတင်နေပြီ၏။ ကိုသောင်းအေး ခဏကြောင်ပြီး ရပ်နေသည်။ ပြီးမှ ...
"ဟိုမှာ ဟိုမှာ ပြေးပြီ၊ ကားကတ်ဆတ်ဖြုတ်သွားတယ်။ ဟို... ဟိုမှာ"
ကိုသောင်းအေး အော်ပြီးလိုက်သည်။ သူခိုးသည် လက်ဖက်ရည်ဆိုင်ဘေးက လမ်းကြားထဲ ဝင်ပြေးသည်။ ကိုသောင်းအေး အော်သံကြားသဖြင့် လက်ဖက်ရည်ဆိုင်ထဲက လူလေးငါးယောက် ထွက်လိုက်လာသည်။ လိုက်ရင်းလည်း ပြိုင်တူအော်သွားကြသည်။
"သူခိုး၊ သူခိုး မိုးကာနဲ့ ရှေ့မှာပြေးပြီ"
သူခိုးက တော်တော်မြန်သည်။ သူတို့လမ်းကြားထဲအဝင်မှာ မျက်ခြည်ပြတ်သွားသည်။ အိမ်တွေထဲက ထွက်ကြည့်နေသူများကိုမေးရာ လှစ်ခနဲတော့ တွေ့လိုက်တာပဲဟုသာ ပြောနိုင်သည်။ အော်သံတွေကြားသဖြင့် ရပ်ကွက်ထဲက လူတစ်ချို့ထွက်လာသည်။ သူတို့က ...
"ဒီကောင် ပြေးစရာ ဒီတစ်လမ်းပဲရှိတာပဲ။ တစ်နေရာရာမှာ ဝင်ခိုနေတာဖြစ်ရမယ်။ လမ်းဟိုဘက်ဒီဘက်ပိတ်ပြီး ရပ်ကွက်ထဲမှာ ပိုက်စိပ်တိုက်ရှာရင် ပြေးမလွတ်ပါဘူး" ဟု ပြောကြသည်။ ထိုစဉ်မှာပင် ...
"ဟိုမှာ မိုးကာနဲ့လူကြီး ကျွန်တော်တို့အိမ်ဘေးမှာ ကပ်နေတယ်"
ကလေးတစ်ယောက်က ပြေးလာပြီး ပြောသည်။
"ဟင် ... ဟုတ်လား"

ကလေးငယ် ညွှန်ပြရာသို့ ပြာသံပေးပြီး လိုက်ကြသည်။ လမ်းကြားကွေ့တစ်ကွေ့သို့ အရောက်တွင် ခပ်လှမ်းလှမ်းမှ အားကုန်သွန် ပြေးနေသော မိုးကာဝတ်လူကို တွေ့လိုက်ကြရသည်။
"လိုက်ဟေ့၊ လိုက်"
"ဒီကောင် လမ်းမဘက်ထွက်မလို့"
သူခိုးက ခြေလှမ်းပိုသွက်သည်။ လိုက်သူတွေမီဖို့မလွယ်။ သူသည် လမ်းမကြီးနှင့် လမ်းကြားဆုံရာသို့ ရောက်သွားသည်။ လမ်းမကြီးပြေးလျှင် သူ့နောက်မိုက်သူမရှိ။ ရွေးစရာလမ်း မရှိတော့။ လမ်းမကြီးကိုဖြတ်ပြီး ဟိုဘက်ရပ်ကွက်ထဲ ဝင်ပြေးရုံသာ။
သူသည် ခဏမျှ တုံ့ဆိုင်းသွားသည်။ နောက်မှလိုက်လာသူတွေက ပိုနီးလာပြီ။
"ဒီကောင် မလွတ်စေနဲ့"
ဆိုသော အသံက သူ့ကို သတိပေးလိုက်သည်။ သူသည် လမ်းမကြီးကို ဖွတ်ဖြတ်ပြေးသည်။ ထိုစဉ်တွင် အရှိန်ဖြင့် မောင်းလာသော ဘတ်စကားကြီးတစ်စင်းသူ့ကို ဝုန်းခနဲ ဖြတ်တိုက်လိုက်လေသည်။
နောက်မှလိုက်လာသော ကိုသောင်းအေးတို့လူစု သူ့အနီးသို့ ဝိုင်းသွားကြသည်။ သူသည် သတိလစ်နေပြီး တစ်ကိုယ်လုံး သွေးတွေ ရွှဲနစ်နေ၏။
"ရဲကို အကြောင်းကြား၊ ဆေးရုံပို့ဖို့လည်း စီစဉ်ရမယ်"
ကိုသောင်းအေးက ပြောလိုက်သည်။ သူစိတ်ထဲတွင် လောလောဆယ်၌ ထိုသူ့ကို သူခိုးဟုမမြင်ဘဲ လူနာတစ်ယောက်ဟုသာ မြင်မိသည်။ လူငယ်တစ်ယောက်က လဲကျနေသောသူခိုးနားမှာ ထိုင်ပြီး စစ်ဆေးကြည့်သည်။ အသက်ရှူနေတုန်း ခိုးရာပါပစ္စည်းကိုတော့ မတွေ့ရချေ။
ကားတစ်စီး ထိုးဆိုက်သံကြားရသည်။ ဝိုင်းကြည့်နေသော လူအုပ်က လမ်းဖယ်ပေးသည်။ "ဒီမှာ သူခိုးမိပြီ အစ်မကြီးရဲ့" ဟု ပြောသံကြားရသည်။ ကားပိုင်ရှင် အမျိုးသမီးသည် ထဘီကို နည်းနည်းမပြီး လူအုပ်ကြားမှ လျှောက်ဝင်လာသည်။ မှောက်လျက်ကြီးလဲနေသော သူခိုးကို မြင်သောအခါ တွန့်ခနဲဖြစ်သွားသည်။ မျက်နှာတော့ လွှဲမသွား။
"ဒီကောင် ပစ္စည်းကို တစ်နေရာရာမှာ ဝှက်ထားခဲ့တာဖြစ်ရမယ်"
"တော်တော်မြန်တဲ့ကောင်ဗျာ။ ကားသာ မတိုက်မိရင် မလွယ်ဘူး"
တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ တိုက်မိသော ဘတ်စကားကို မောင်းလာသည့် ဒရိုင်ဘာမှာ မျက်နာငယ်ကလေးနှင့် ရပ်နေသည်။ သူ့ကို အပြစ်တင်ရန် ဘယ်သူမျှ သတိမရကြ။ ကိုသောင်းအေးက …
"ကဲ … ခင်ဗျားကားနဲ့ပဲ သူ့ကို ဆေးရုံပို့ရမှာပဲ။ စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားအပြစ် မဟုတ်ပါဘူး။ ကျွန်တော်တို့ သက်သေလိုက်ပါ့မယ်"
သူခိုးကို သယ်ယူရန် ပြင်ဆင်ကြသည်။ သူ့ကို ထူမရန်အတွက် ပက်လက်လှန်လိုက်သည်။ သူ့မျက်နှာက ဒီဘက်သို့ လည်ကျလာ၏။
"အို"
အမျိုးသမီးမျက်နှာလွှဲသွားသည်။ ထို့နောက် မရဲတရဲပြန်ကြည့်၍
"ဟင် … သူ …သူ"
သူခိုးကို သေချာစွာစိုက်ကြည့်သည်။
"သူ … သူ သေသွားပြီလားဟင်"
အမျိုးသမီးကို ဝိုင်းကြည့်လိုက်ကြသည်။
"သူခိုးပဲဗျာ၊ သေသွားလည်း အေးတာပဲ" ဟု လူတစ်ယောက်က ဝင်ပြောသည်။ အမျိုးသမီးမျက်လုံးက တောက်ပြောင်လာသည်။ ပြီးတော့ …
"သူသေသွားရင် ကျွန်မ ကက်ဆက်လည်း ဘယ်မှာ ဝှက်ထားခဲ့တယ်ဆိုတာ ဘယ်လိုလုပ် ပြန်ပြောနိုင်တော့မှာလဲရှင်"
တီးတိုးရေရွတ်သံမျိုးစုံ ထွက်ပေါ်လာသည်။ သူခိုး၏ ခြေထောက်များက ဆတ်ခနဲတစ်ချက် အကြောဆွဲသွားသည်။
ကိုသောင်းအေးစိတ်ထဲတွင် သူမသေပါစေနှင့်ဟု ဆုတောင်းလိုက်သည်။ သို့ရာတွင် အတိတ်မေ့ရောဂါ ဖြစ်သွားရင် ကောင်းမယ်ဟူ၍ တွေးမိ၏။
မိုးတိတ်သွားလေပြီ။

(သောင်းပြောင်းထွေလာ ၊ အောက်တိုဘာ ၁၉၈၄)

## မလိုသည်ကို ခြစ်ပစ်ပါ

ငှက်ကလေးတွေကိုတော့ ဘယ်တုန်းကမှ အနိုင်မရခဲ့။ သူအိပ်ရာမှ နိုးသည့်အခါတိုင်း ဦးစွာနိုးနေသော ငှက်ကလေးများ၏ အော်မြည်သံကို ကြားရစမြဲဖြစ်သည်။ ဩော် ... သူတို့ကတော့ ညည ဟိုတွေးသည်တွေးနှင့် အိပ်မပျော်တာမျိုးမှ မရှိကြဘဲဟု တွေးမိသည်။ သူမှာသာ လကုန်ခါနီးရက်များဆိုလျှင် အိပ်မပျော်နိုင်တာမျိုး ကြုံရသည်။ ဘယ်လောက်ပင် အိပ်ပျက်ပျက် မနက် ငါးနာရီခွဲဆိုလျှင် နိုးရစမြဲ ဖြစ်သည်။ နာရီဝက်လောက် ပိုမိုန်းမိလျှင် အစီအစဉ်တွေ အကုန်ကမောက်ကမ ဖြစ်ကုန်လိမ့်မည်။
ဒီနေ့လည်း ခါတိုင်းလိုပင် အချိန်မှန်နိုးသည်။ ကိုယ့်မျက်လုံးကို ကိုယ်စိတ်ချသော်လည်း ပြုမြဲထုံးစံအတိုင်း အစ်ကို့ခေါင်းအုံးအောက် လက်လျှို၍ လက်ပတ်နာရီကို ယူကြည့်သည်။ ညကြည့်နာရီ၏ ဒိုင်ခွက်မှာ ငါးနာရီသုံးဆယ့်လေးမိနစ်ကို ပြနေသည်။ အစ်ကို့နာရီ နည်းနည်းမြန်နေတာ ဖြစ်ရမည်။
အစ်ကိုသည် စောင်ကို တင်းတင်းခြုံပြီး စန့်စန့်ကြီးအိပ်နေသည်။ သူတို့နှစ်ယောက်ကြားမှာ အိပ်သော သမီးငယ်က သူ့ရင်ခွင်ကြားမှာအတင်းတိုးဝင်နေသည်။ အစ်ကို့ဟိုဘက်မှာ အိပ်သည့် သားငယ်သည် ထုံးစံအတိုင်း စောင်လွတ်နေမှာ သေချာသည်။
သားကြီးနှင့် သားငယ်တို့အတွက် စောင်တစ်ထည်ပေးထားရာ သားကြီးက အရအမိ လုခြုံတက်သည်။ အစ်ကို့ကိုယ်ပေါ်ကကျော်ပြီး စမ်းကြည့်နေသောအခါ အေးစက်နေသော သားငယ်၏ လက်မောင်းကို စမ်းမိသည်။ အစ်ကို့စောင်ကို သားငယ်အား မျှခြုံပေးလိုက်ရသည်။ သူတို့လင်မယား ညားခါစတုန်းက စောင်တစ်ထည်တည်း နှစ်ယောက် ပူးကပ်ပြီးခြုံသဖြင့် စောင်တစ်ထည် ပိုနေသည်ကို သတိရသည်။
အိပ်ရာမှ အသာထသည်။ ခဏကြာလျှင် သမီးငယ်သည် သူ့အာ့ဖေဘက် တိုးကပ်သွားပေလိမ့်မည်။ မီးဖိုချောင်ဘက်သို့ လာခဲ့သည်။ ခုချိန်မှစ၍ မနက်ပိုင်း လုပ်ငန်းအစီအစဉ်ကို မရပ်မနား ဆက်တိုက် လုပ်ရတော့မည် ဖြစ်သည်။
ကျွမ်းကျင်သော တိုက်ခိုက်ရေး ခေါင်းဆောင်တစ်ယောက်သည် ရန်သူစခန်းကို ဝင်စီးရာတွင် ဘယ်အပိုင်းကို ဘယ်နမိနစ်နဲ့အပြီးလုပ်၊ ဘယ်နေရာကို ဘယ်အချိန်အရောက်သွား၊ ဘယ်ဖုံးကို ဘယ်အချိန်မှာ ဖောက်ကွဲ စသည်ဖြင့် အချိန်အတိအကျလုရသည်။
ခုလည်း သူသည် စက္ကန့်များကို အကျိုးရှိစွာ ကွက်တိအသုံးချရပေလိမ့်မည်။ မီးဖိုထဲ ရောက်ရောက်ချင်း မီးသွေးမီးဖိုကို မွှေးရသည်။ အစဦးမီးရှိန်ရအောင် ထင်းရှူးချောင်းကလေးကို အသုံးပြုရ၏။
ကျွမ်းကျင်နေပြီဖြစ်၍ ခဏအတွင်းမှာ မီးရှိန်ကောင်းလာသည်။ရေနွေးအိုးတင်လိုက်သည်။
ထို့နောက် ရေကပြင်ဘက်ထွက်သည့် တံခါးကို ဖွင့်လိုက်သည်။ ဆောင်းလေအေးက ပက်လိုက်သည်။ တုံ့ခနဲဖြစ်သွားသည်။ ကိစ္စမရှိ။ ခဏကြာလျှင် ချွေးပင်ပြန်လာလိမ့်ဦးမည်။ သွားတိုက်သည်။ မျက်နှာသစ်သည်။ ရေနွေးကို အရင်တည်ထားနှင့်သဖြင့် ခုချိန်မှာ အလုပ်နှစ်ခု တစ်ပြိုင်တည်းလုပ်နေသလို ဖြစ်သွားသည်။
စဉ့်အိုးထဲမှရေက ရေခဲရေလိုအေးစက်နေသည်။ သို့ရာတွင် လူကိုလန်းဆန်းစေသည်။
အိပ်ခန်းထဲဝင်ပြီး မျက်နှာသုတ်ရင်း ခြင်ထောင်ထဲသို့ ချောင်းကြည့်လိုက်၏။ သားငယ် စောင်လွတ်နေပြန်ပြီ။ ခြင်ထောင်ထဲ ပြန်ဝင်၍ သားငယ်ကို သားကြီးခြုံထားသော စောင်ကြားထဲ ထည့်ပေးလိုက်ရသည်။ အစ်ကို့အသက်ရှူသံက ခပ်ပြင်းပြင်း။
ထိုအချိန်မှာပင် "ပဲပြုတ်"ဆိုသောအသံ ကြားရသည်။ ဝယ်နေကျဖြစ်၍ တမင်အသံပြုခြင်းပင်။ နောက်ဖေးဘက်သို့ပြန်ထွက်လာသည်။ ပဲပြုတ်သည်ကြီးက တောင်းကို ရေကပြင်ပေါ်ချပြီး စောင့်နေသည်။ သံပန်းကန်ပြား လှမ်းပေးသောအခါ အဆင်သင့် ချိန်ထားပြီးသား ပဲပြုတ်တစ်ဆယ်သား ထည့်ပေးသည်။ ငွေတစ်ကျပ်ပေးလိုက်သည်။
မီးတောက်နည်းသွားသော မီးဖိုကို ယပ်ခတ်ပြီး မီးရှိန်ပြန်မြှင့်သည်။
ကြောင်အိမ်ထဲက ထမင်းအိုးကို ထုတ်၍ မီးဖိုဘေးချလိုက်သည့်အချိန်မှာပင် ရေနွေးအိုးဆူသည်။ ဒယ်အိုးကို မီးဖိုပေါ်တင်ပြီး ဆီနည်းနည်း ဖြူးလိုက်၏။ ရေနွေးကြမ်းအိုးထဲသို့ ရေနွေးထည့်သည်။ လက်ဖက်ခြောက်ခတ်ပြီး အဝတ်အုပ်ဆောင်းဖြင့် ပြန်အုပ်ထားလိုက်သည်။
ဒယ်အိုးထဲကဆီ ကျက်ပြီး တဖျစ်ဖျစ်မြည်လာသည်။ အိုးထဲက ထမင်းကြမ်းတစ်ခဲလုံး ထည့်လိုက်သည်။ ပြီးတော့ သံယောက်မဖြင့် ချေသည်။ တရှဲရှဲမြည်လာသောအခါ ပဲငံပြာရည် လောင်းထည့်ပြီး မွှေသည်။ ဆားနည်းနည်း၊ အချိုမှုန့်နည်းနည်းခတ်သည်။ ခဏအုပ်ထားပြီးသောအခါ ထမင်းကြော်ကျက်၏။ ဒီနေ့တော့ ကြက်သွန်ကလေးတောင် မထည့်ဖြစ်တော့။
သံပန်းကန်ပြားလေးချပ်နှင့် ကြွေပန်းကန်ပြားတစ်ချပ်ကို ရေနည်းနည်းဖြင့် ကျင်းလိုက်သည်။ ကြွေပန်းကန်ထဲကို များများထည့်သည်။ အစ်ကို့အတွက်၊ ကလေးသုံးယောက်ဖို့ အညီအမျှ ထည့်သည်။ ကျန်တာကို ချိုးကပ်နေတာတွေပါခြစ်ထည့်ပြီး သူစားလိုက်သည်။
ကိုယ်ကိုယ်တိုင် ကြော်ချက်ပြီး ကိုယ်စားချင်သလောက် အရင်စားလို့ရပါလျက် လျှော့စားတက်သည်မှာ အိမ်ရှင်မတို့၏ သဘာဝပင်။
ရေနွေးကြမ်းပူပူတစ်ခွက်ကို မှုတ်သောက်လိုက်သောအခါ နွေးထွေးသွားသည်။

ခြောက်နာရီဆယ့်ငါးလောက်ရှိပြီဖြစ်၏။ သားနှစ်ယောက်ကို သွားနှိုးရသည်။ သားကြီးက လူပ်နိုးလိုက်သည်နှင့် ငေါက်ခနဲထလာသည်။ သားငယ်က နိုးလို့မရ။ ခြေနှစ်ချောင်းကို ကိုင်ပြီးဆွဲရာ လျှောပြီးပါလာသည်။ အတင်းဆွဲထူရသည်။ သူ့လည်ပင်းကိုဖက်ပြီး ခိုလိုက်သည်။ သားငယ်ကို ရေကပြင်သို့ ချီသွားရသည်။ ခြောက်နှစ်သားရှိပြီးဖြစ်၍ တနင့်တပိုးကြီး။

သားငယ်ကို ရေကပြင်မှာ ချလိုက်သည်။ သားငယ်က ဆောင့်ကြောင့်ထိုင်ပြီး ဒူးပေါ်လက်တင်ကာ မျက်စိမှိတ်ထားဆဲ။ ရေအေးအေးနှင့် မျက်နှာသစ်ပေးလိုက်တော့မှ ကိုယ်ကလေးတွန့်ပြီး မျက်စိပွင့်လာသည်။

"အေးလိုက်တာ မေမေရာ"

"သားငယ် မျက်နှာမြန်မြန်သွားသုတ်ဦး၊ ထမင်းကြော်လာစား၊ တော်ကြာ ကျောင်းနောက်ကျနေမယ်"

ထိုအချိန်တွင် သားကြီးသည် စားပွဲမှာ ထိုင်နှင့်ပြီး ထမင်းကြော်ပန်းကန်များအနက် ဘယ်ဟာက ပဲပြုတ်ပိုများသလဲဟု ရွေးချယ်နေပြီဖြစ်၏။

အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့ပြန်သည်။ သားနှစ်ယောက် ကျောင်းသွားလျှင်ဝတ်ဖို့ အဝတ်အစားတွေ စီစဉ်ပေးရဦးမည်။ သားကြီး၏ အင်္ကျီနှင့်ဘောင်းဘီက သိပ်မပေရေသေး။ မနေ့ကဟာတွေ ပြန်ဝတ်လို့ရသည်။ သားငယ်၏ အင်္ကျီကတော့ ညစ်ပတ်ပေရေနေပြီ။ အသစ်တစ်ထည် ထုတ်ပေးရ၏။ ဘောင်းဘီကတော့ မနေ့ကဟာပဲဝတ်ခိုင်းရမည်။

သားငယ် အင်္ကျီအပေါင်းမှာ ရွှံ့စက်တွေ စင်နေသည်။ ဒီအတိုင်းထားလျှင်စွဲသွားလိမ့်မည်။ မြန်မြန်လျှော်မှ၊ မြန်မြန်ဆို ခုလျှော်လိုက်တာ ကောင်းပါတယ်ဟု တွေးပြီး ရေကပြင်သို့ ထွက်လာသည်။

အင်္ကျီကို ကတိုက်ကရိုက် ဖွပ်လျှော်ပြီး တန်းမှာ လှန်းနေတုန်းသားနှစ်ယောက် အိမ်သာရှေ့မှာ ပြဿနာတက်နေသည်ကို တွေ့ရ၏။ သားကြီးက အိမ်သာထဲမှာ ဆောင့်ကြောင့်ထိုင်နေသည်။ သားငယ်က ဖွင့်ထားသော အိမ်သာတံခါးကိုကိုင်ပြီး ...

"ကိုကို မညစ်ပတ်နဲ့ကွာ၊ အိမ်သာကို ငါအရင်ရောက်တာ"

သားကြီးကလည်း ...

"ဟ ... ငါအရင်ရောက်လို့ ငါက အိမ်သာထဲတောင် ရောက်နေတာပေါ့ကွ"

"ဘာလဲ၊ မဟုတ်ဘူး။ ငါက တံခါးကို အရင်ကိုင်မိတာ၊ ငါတံခါးဆွဲဖွင့်တုန်း ကိုကိုက အတင်းဖြတ်ဝင်တာ၊ ကိုကိုပြန်ထွက်ကွာ"

"ထွက်လို့မရတော့ဘူး၊ ငါက ပါတောင်ပါနေပြီ"

"မင်း သိပ်ယုတ်တယ်"

သူတို့ပြောနေသည်ကို အတိုင်းသား ကြားနေရသော်လည်း သွားရောက် မဖြေရှင်းပေးနိုင်တော့။ ဈေးသွားဖို့ အချိန်ကျနေပြီ။ ဈေးခြင်းတောင်းနှင့် ပိုက်ဆံအိတ်ယူပြီး နောက်ဖေးပေါက်မှပင် ထွက်လိုက်သည်။

"သားကြီး၊ သားငယ်၊ မြန်မြန်လုပ်ကြနော်၊ ကျောင်းနောက်ကျနေမယ်"

ဟု လှမ်းအော်ခဲ့ရသေးသည်။ သားကြီးက

"မေမေ မုန့်ဖိုး"

ဟု သတိတရလှမ်းပြောသည်။

"ကြောင်အိမ်ပေါ်မှာ ငါးမူးစေ့တစ်စေ့နဲ့ ဆယ်ပြားစေ့နှစ်စေ့ တင်ခဲ့တယ်။ တစ်ယောက် သုံးဆယ့်ငါးပြားစီ"

*

ကြိုတင်စီစဉ်တွက်ချက်လို့မရသော ကိစ္စတွေထဲတွင် ဈေးဝယ်ခြင်းလည်းပါဝင်သည်။ ဒီနေ့ ဘာချက်မယ် ဆိုသည်ကို အတိအကျ စိတ်ကူးထားလို့မဖြစ်။ ငါးဝယ်မယ် စိတ်ကူးပြီး သွားသော်လည်း ဟိုရောက်မှငါးဈေးက ခေါင်ခိုက်ချင် ခိုက်နေတက်သည်။ တွက်ခြေကိုက်အောင် ဝက်သားပဲ ဝယ်မည် စဉ်းစားသွားသော်လည်း ငါးတွေဖောချင်းသောချင်း ဖြစ်နေတက်၏။

ဒီနေ့အဖို့တော့ သိပ်ပြဿနာမရှိ။ ဘာအသားငါးမှ ဝယ်မည်မဟုတ်သောကြောင့်ပင်။ "ပြုတ်တုန်းလပ်တုန်း နှစ်ဆယ့်သုံး" ၊ "ဟိုဈေးသည်ဈေး နှစ်ဆယ့်လေး" ကိုကျော်၍ "သတ်သတ်လွတ်စား နှစ်ဆယ့်ငါး" ပင် ရောက်လာပြီ မဟုတ်လား။

ထို့ကြောင့် ဟင်းသီးဟင်းရွက်တစ်ခုခု ဝယ်မည်ဟုသာ စိတ်ကူးထားသည်။ အိမ်နောက်ဖေးဘက်မှ ထွက်၍ ရပ်ကွက်တွင်းရှိ လမ်းကြိုလမ်းကြားက သွားရသည်။ ဈေးသို့ရောက်ရန် ဆယ်မိနစ်နီးပါးတော့ လျှောက်ရ၏။ ဈေးကြီးမဟုတ်၊ ရပ်ကွက်တွင်းရှိ ဈေးတန်းကလေးသာ ဖြစ်သည်။ ငါးသည် အသားသည် တို့၏ ခေါ်သံများကို လျစ်လျူရှု၍ ဆက်လျှောက်လာခဲ့သည်။ ပန်းဂေါ်ဖီပွင့်တွေက ပေါ်ဦးပေါ်ဖျားမို့ ဈေးကြီးလှ၏။ မိုက်ကရိုဖုန်းသာသာလောက် အပွင့်ကလေးတွေ တစ်ပွင့်တစ်ကျပ်တဲ့။ ဘူးသီးအလုံးလတ်လတ်တွေ သုံးကျပ်။ တစ်ခြမ်းဆိုလျှင် သူတို့မိသားစု အနေတော်ပဲ။ ဦးနောက်က ကွန်ပျူတာလို ချက်ချင်းအဖြေထုတ်ပေးသည်။ ဘူးသီးကို အတုံးကြီးကြီးတွေတုံးပြီး နပ်မည်။ အစ်ကို့အတွက် ကြက်ဥတစ်လုံးကျန်တာ ကြော်ပေးလိုက်မည်။ ဘူးသီးနပ်လျှင် ပုစွန်ခြောက်ကလေးတော့ နည်းနည်းဝယ်ရမည်။

*

ဒီနှစ်ဆောင်းက တော်တော်အေးသည်ဟု ပြောကြသည်။ သူကတော့ ဈေးကအပြန် ခပ်သုတ်သုတ်လျှောက်လာခဲ့သဖြင့် ချွေးပင်စို့နေပြီ။ ရေကပြင်မှာ ငုတ်တုတ်ကလေး ထိုင်စောင့်နေသော သမီးငယ်က သူမြင်သောအခါ ပြေးလာပြီး ကြိုသည်။ ခြင်းတောင်းကို ကူဆွဲပေး၏။ ပေါ့ပေါ့လေး ဖြစ်သောကြောင့် ပေးဆွဲလိုက်သည်။ သမီးငယ်က ခြင်းတောင်းထဲသို့ ငုံ့ကြည့်ပြီး ...

"မေမေ ပုစွန်မပါဘူးလား"

ဟု မေးသည်။

ဟိုတစ်ရက်က ပုစွန်ဆိတ်ကလေးတွေ ဝယ်ရာတွင် ပုစွန်ကျော့ကြီးတစ်ကောင် ညပ်ပါလာသည်။ သမီးငယ်ကို မီးဖုတ်ကျွေးလိုက်သည်။ ထို့ကြောင့်သမီးငယ်က မေးခြင်းဖြစ်၏။

"ဘူးသီးကို ဝက်သားတုံးကြီးတွေလို ကောင်းကောင်းနပ်မှာ။ သမီးကြိုက်တယ်မဟုတ်လား"

သမီးငယ်က"ဝက်သားတုံးကြီးတွေလို"ဆိုသော စကားလုံးကြောင့် ကျေနပ်သွားသည်။ ခေါင်းညိတ်ပြီး ...

"တကယ်ဝက်သားလိုပဲလား"

"တကယ်လိုပဲပေါ့၊ သမီး ထမင်းကြော်စားပြီးပြီလား"

"စားပြီးပြီ"

"ဖေဖေကော နိုးပြီလား"

"နိုးသေးဘူး"

အစ်ကိုလည်း ညက အိုဗာတိုင်ဆင်းရသဖြင့် ဆယ့်နှစ်နာရီလောက်မှ အိမ်ပြန်ရောက်သည်။ ရှစ်နာရီလောက်ထိတော့ အိပ်ပေလိမ့်မည်။ အစ်ကိုသည် အိမ်ထောင်ရှင်ပီသသော ယောက်ျားတစ်ယောက်ဖြစ်၏။ ရသမျှလခကို အကုန်အပ်သည်။ အသောက်အစား အပျော်အပါး လောင်းကစား ကင်းသည်။ မိသားစုပေါ် သံယောဇဉ်ကြီးသည်။ အပြစ်ရှာမည်ဆိုလျှင်တော့ အအိပ်မက်တာတစ်ခုပဲရှိသည်။ အိပ်ချိန်ကို အပြည့်အဝ ရအောင်ယူတက်သည်။ ဒါကလည်း ပိုက်ဆံကုန်တာမဟုတ်၍ ခွင့်လွှတ်ထိုက်ပေသည်။ တစ်ခါတစ်ရံ သူက ချက်ပြုတ်ရေးဖြင့် အလုပ်ရှုပ်နေချိန် အစ်ကိုက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကိုသာ မကျေနပ်သလို ဖြစ်မိ၏။ သူဈေးသွားနေတုန်း အစ်ကိုက ထမင်းအိုးတည်ထားနင့်လျှင် ဘယ်လောက်ကောင်းမလဲဟု တွေးမိသည်။ ခုတော့ တစ်ယောက်တည်းပင် တက်သုတ်ရိုက်၍ ကြံရပေတော့မည်။

ထမင်းအိုး တင်ထားလိုက်ပြီးနောက် ဘူးသီးအခွံနွှာရသည်။ ပုစွန်ခြောက် မညက်တညက် ထောင်းရသည်။ ကြက်သွန်နွှာပြီး ထောင်းရသည်။

သမီးငယ်က ဘေးနားမှာထိုင်နေသည်။ သမီးက ကူညီချင်သောအမူအရာပြသည်။ သို့ရာတွင် ငယ်သေးသဖြင့် ဖြစ်ဖြစ်မြောက်မြောက် မကူညီနိုင်ရှာ။ ကြက်သွန်သွားနှိုက်ခိုင်းရုံ နနွင်းပုလင်း ယူခိုင်းရုံလောက်သာ ခိုင်းလို့ရသည်။ ဟင်းအိုးကိုပြင်ပြီးနောက် သားနှစ်ကောင် ပစ်ချထားခဲ့သော ပန်းကန်တွေနင့် ဒယ်အိုးကို ဆေးရသည်။ ထမင်းအိုးက ရေခန်းချက်ခြင်းဖြစ်၍ ငဲ့စရာမလိုပေ။

ထမင်းအိုးနပ်ပြီ။ အဆင်သင့်နယ်ထားပြီးသား ဟင်းအိုးကို တင်လိုက်သည်။ အချိန်နည်းနည်းရသည်။ ဘာလုပ်စရာရှိသလဲ၊ အိမ်သာမဝင်ရသေးတာ ခုမှ သတိရသည်။ ထိုအခါကျမှပင် ဝမ်းထဲက ရစ်လာတော့သည်။ အိမ်သာဝင်သည်။ တစ်ဖက်အိမ်ရှိ ရေဒီယိုမှ မြန်မာစံတော်ချိန် ကြေညာသံ ထွက်ပေါ်လာသည်။ ရှစ်နာရီတိတိ။

အိမ်သာထဲမှထွက်လိုက်သည်။ စားပွဲဝိုင်းမှာ အစ်ကိုက ထမင်းကြော်စားနေ၏။ သမီးက အစ်ကို့ဘေးမှာ ထိုင်နေသည်။ အစ်ကိုက သမီးကို ပဲပြုတ်နှစ်ဇွန်းသုံးဇွန်း ခွံ့သည်။

"အစ်ကို ရုံးဘယ်အချိန်သွားမှာလဲ" ဟု သူမေးသည်။

"ဒီနေ့ မနက်ပိုင်း အွန်ဂျူတီ၊ နေ့လယ်မှ ရုံးသွားရမယ်။ ဘဏ်ကိုဝင်စရာရှိလို့"

အစ်ကိုသည် ကိုးနာရီကျော်မှ အိမ်ကထွက်ဖြစ်လိမ့်မည်။ ဟင်းအိုးအဖုံးကို ဖွင့်ပြီး ဘူးသီး နူးမနူး သံယောက်မနင့် ထိုးကြည့်သည်။ သမီးကို မူကြိုကျောင်း သွားပို့ပေးဖို့ အစ်ကို့ကို ပြောရင်ကောင်းမလားဟု စဉ်းစားသည်။ လှည့်ကြည့်သောအခါ အစ်ကိုမရှိတော့။ အိမ်သာထဲဝင်သွားတာဖြစ်မည်။ ကိုယ့်ဘာသာကိုယ်ပဲ ပို့လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ဟင်းအိုးကျက်ပြီ။ ဒယ်အိုးကိုတင်ပြီး ဆီဆမ်းလိုက်သည်။ မီးရှိန်ကောင်းပြီဖြစ်၍ ချက်ချင်းကျက်လာသည်။ ကြက်ဥကြော်လိုက်သည်။

ထို့နောက် ထမင်းဘူးတွေထည့်သည်။ မီးဖိုချောင်အလုပ်ပြီးချိန်တွင် တစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲနစ်နေပြီ။

"ဤတွင် သတင်းများကို ကြေညာလို့ပြီးပါပြီ"

ရေဒီယိုမှအသံ ရှစ်နာရီခွဲမှာ အိမ်က ထွက်နိုင်မှဖြစ်မည်။ မိနစ်နှစ်ဆယ်ပဲ အချိန်ရတော့သည်။ ထိုအချိန်အတွင်းမှာ ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ရမည်။ သမီးကို ကိုယ်လက်သန့်စင်ပြီး ကျောင်းဝတ်စုံ လဲပေးရမည်။

*

ရှစ်နာရီခွဲသာသာလောက်တွင် သမီးကို လက်ဆွဲပြီး ထွက်လာခဲ့သည်။ သမီးတို့ မူကြိုကျောင်းက အိမ်နှင့်ဘတ်စကား နှစ်မှတ်တိုင်လောက်ဝေးသည်။ မြို့ထဲဘက်မှလာသော ဘတ်စကားကိုစီးသွားလျှင် ဖြစ်သော်လည်း နှစ်မှတ်တိုင်လောက်နှင့်ပြားသုံးဆယ် အကုန်မခံချင်။ သို့ဖြင့်လမ်းလျှောက်သွားသည်။ သမီးကို ကျောင်းပို့ပြီးတော့မှပင် မြို့လယ်ရှိရုံးကိုသွားရန် ကားမှတ်တိုင်သို့ လာခဲ့သည်။ ကားမှတ်တိုင်ရှိ လူအုပ်ကြီးမှာ ဘတ်စကားနှစ်စင်းစာလောက်တောင်ရှိမည်။ ဆိုက်လာသမျှ ဘတ်စကားတို့ကား နဂိုကပင် "သံယောဇဉ်"တွေ တိုးလိုးတွဲလောင်း ပါလာပြီးသား။

အတန်ကြာအောင်စောင့်ပြီးနောက် "ဖုတ်သွင်းဘတ်စကား" ဆိုက်ရောက်လာ၏။ ရှေ့ပေါက်က သူနှင့်တည့်တည့်နေရာမှာ ကွက်တိလာကျခြင်းပင် ဖြစ်သည်။

တုံ့ဆိုင်းမနေတော့ဘဲ အားနေသော လက်တစ်ဖက်ဖြင့် သံလက်ကိုင်ကိုင်းကို ဖမ်းကိုင်သည်။ ခြေထောက်တစ်ချောင်းကို ခြေနင်းခုံ ပထမဆင့်ကို လှမ်းတက်သည်။ နောက်က လူအုပ်က စောင့်တွန်းလိုက်သဖြင့် ကားပေါ်သို့ အလိုက်သင့် မြောက်တက်သွားသည်။

ရပ်စရာတစ်နေရာတော့ ရသွားပြီ။

ကားထဲတွင် လူတွေကျပ်ညပ်နေသည်။ ထမင်းဘူးထဲသို့ အပြည့်အသိပ်ထည့်ထားသော ထမင်းစေ့များလိုပင်။ ချွေးနံ့၊ ကိုယ်နံ့၊ ပေါင်ဒါနံ့တွေရောထွေးပြီး ဘာမှန်မသိသော အနံ့ကြီးကို တစ်လမ်းလုံး ရှူသွားရသည်။ ကားကြီးက အိုနေပြီဖြစ်၍ အိပဲ့အိပဲ့သာ မောင်းနိုင်သည်။

ရုံးနှင့်အနီးဆုံးမှတ်တိုင်တွင် ကားရပ်သောအခါ ငရုဉ်တိုး တိုး၍ဆင်းခဲ့သည်။ ပလက်ဖောင်းပေါ်ခြေချမိတော့မှ အသက်ကို ဝအောင်ရှူ လိုက်ရသည်။

နေ့တစ်နေ့၏ အချိန်ကာလ သုံးပုံတစ်ပုံ မကျိုးခင်မှာပင် အင်အားတစ်ဝက်လောက် ကုန်ဆုံးသွားပြီ ဖြစ်၏။

ရုံးက အထက်ဘလောက်မှာဖြစ်၍ ငါးမိနစ်လောက် လမ်းလျှောက်သွားရသေးသည်။ ရုံးရောက်တော့ ကိုးနာရီ သုံးဆယ့်ငါးမိနစ်။ သက်သာလက်ဖက်ရည်ဆိုင်မှာ လူစည်ကားစပြုပြီ။

ရုံးအပေါ်ထပ်သို့ တက်လာခဲ့သည်။ အခန်းထဲဝင်သည်။ စားပွဲပေါ်မှာ ခြင်းတောင်းကိုချသည်။ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ခုမှပင် အေးအေးဆေးဆေး နားရပေတော့မည်။

(လုံမလေး ၊ ဇန်နဝါရီ ၁၉၈၅)

## မေ့ကို အိပ်မက် မမက်ဘူးလား

"သမီးရည်းစားဘဝမှာ ကိုယ့်ရည်းစားကလွဲရင် ကျန်တဲ့ ကောင်မလေးတွေဟာ သရဲမလေးတွေချည်းပဲလို့ ထင်တယ်။ လင်မယားဘဝကျတော့ ကိုယ့်မိန်းမကလွဲရင် ကျန်တဲ့မိန်းမတွေဟာ နတ်မိမယ်တွေ ဖြစ်ကုန်ကြ တာပဲကွ"

အစ်ကိုကဲ့သို့ ခင်မင်နေသော ဒါရိုက်တာလူထွက် ဘာသာပြန်စာရေးဆရာတစ်ယောက်က ပြောဖူးပါသည်။

"ဒါဆို အစ်ကိုရာ သူတို့ကလည်း ကျွန်တော်တို့ ယောကျ်ားတွေအပေါ်မှာ ဒီလိုပဲပြန်မြင်မှာပေါ့ဗျ"

ဟု ကျွန်တော်က ပြန်ပြောရာ

"အေး ... ဒါလည်းဟုတ်တယ်ကွ၊ သမီးရည်းစားဘဝမှာသာ သူတို့က ငါတို့ကို သိပ်အထင်ကြီးတက်တာ၊ ငါတို့ ကြိုက်ကာစတုန်းက ကဗျာတစ်ပုဒ် ရေးဖူးတယ်ကွ။ အလွမ်း အဆွေး မှောင်ရိပ်မှာ ပန်းပေးကာ မောင်အိပ်တော့ မန္တလေးတောင်ထိပ်မှာ စောင့်နေမယ်ဆိုတာ သူက သိပ်သဘောကျတယ်။ ဒီလောက်ကောင်းတဲ့ကဗျာမျိုး တစ်ခါမှ မဖတ်ဖူးဘူးတဲ့၊

ဟား ... ဟား အိမ်ထောင်သက် ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်လောက်လည်းရလာရော ငါ့မှာ စာမျက်နှာတစ်ထောင်လောက်ရှိတဲ့ စာအုပ်ကြီးကို ကြိုးစားပမ်းစား ဘာသာပြန်ပြီးတော့ ဘယ်လိုနေလဲ ဖတ်ကြည့်စမ်းပါကွာလို့ ပြောတာကို ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်လို့ မအားရတဲ့ကြားထဲမှာ အရည်မရအဖတ်မရတွေ မလုပ်နိုင်ဘူးတဲ့ကွ" ထို့အပြင် အမည်မမှတ်မိတော့သော ပညာရှိကြီးတစ်ဦး၏။ အဆိုအမိန့်ကိုလည်း ဖတ်ခဲ့ဖူးပါသည်။ သမီးရည်းစားဘဝတွင် ယောကျ်ားများက သဝန်တိုတက်ပြီး လင်မယားဘဝတွင် မိန်းမများက သဝန်တိုတက်ကြလေသည်။

*

ကျွန်တော်သည် အကြောင်းအချက်တစ်စုံတစ်ခုကို တွေးမိသည့်အခါ ချစ်ဇနီးလေးမေနှင့် နှိုင်းယှဉ်ထိုးကြည့် တတ်ပါသည်။

*

လေးမေနှင့် ကျွန်တော် စတင်ချစ်ကြိုက်ကာစတုန်းက သူသည် တော်တော်လှသည်ဟု ကျွန်တော်ထင်ပါ၏။ သူ့မျက်နှာလှပုံမှာ ပင်ကိုအလှဖြစ်သည်။ မွမ်းမံခြယ်သပြီးမှ လှတာမျိုးမဟုတ်။ အင်္ဂလိပ်ဝတ္ထုကျမ်းဆရာများ၏ အလိုအရ ကျက်သရေရှိပြီး မင်းကတော်ဖြစ်မည့် ရုပ်လက္ခဏာမျိုးဟု ဆိုပါသည်။

(ကျွန်တော်သည် မင်းစိုးရာဇာမဟုတ်သည့်တိုင် ကလောင်နာမည်တွင် "မင်း" ပါသည်ကို သတိပြုလေ)

သူ့ကိုယ်ခန္ဓာ အချိုးအဆက်သည် အလွန်ပြေပြစ်လေသည်။ ဆရာကြီးရွှေဥဒေါင်းက သူ၏ ဇာတ်ကောင် ဇော်ဟိတ်ကို မွမ်းသလို အသားပိုတစ်ကျပ်သားမျှမရှိအောင် လေ့ကျင့်ထားသောကြောင့် ကျွန်ုပ်၏ စိတ်တိုင်းကျ ရှိနေပေတော့သည်ဟု ကျွန်တော်ဆိုခဲ့ဖူးသည်။

ကျွန်တော်နှင့် အိမ်ထောင်ကျပြီးနောက်ပိုင်းတွင် သူ့ကိုယ်အလေးချိန်သည် တဖြည်းဖြည်း တိုးလာခဲ့ပါသည်။ မက်စီမံသာမိုမီတာကဲ့သို့လည်းကောင်း၊ ကုန်ဈေးနှုန်းကဲ့သို့လည်းကောင်း ကျရိုးမရှိသော တိုးခြင်းမျိုး ဖြစ်ပေသည်။

ကလေးတစ်ယောက်ရရှိပြီးသောအခါတွင်ကား ကျွန်တော်နှစ်သက်သော ကဗျာတစ်ပုဒ်ကို သူနှင့် လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ဖျက်ဆီးလိုက်ရပါတော့သည်။

"အဘယ်မိန်းမ၊ ဝသောရုပ်နှင့်၊ ကျွန်ုပ်လိုလူ၊ မငြူစူနှင့်၊ ပိန်သူကိုကား၊ သင်ဖိထား၍၊ ပြားပြားဝပ်နေပါပြီတည်း" သမီးလိုချင် အမေ့ကြည့်ဆိုသော စကားအတိုင်း ကြည့်ခဲ့ပါသည်။ သူ့အမေက ပိန်ပိန်သွယ်သွယ်ကလေး၊ တစ်ကွက်မှားသွားသည်က သူသည် အမေဘက်မလိုက်ဘဲ အဖေဘက် လိုက်သွားခြင်းပင် ဖြစ်သည်။ သူ့အဖေက ခပ်ဝဝ၊ ထို့ကြောင့် အဖေကိုလည်းကြည့်ဟု ဖြည့်စွက်သင့်ပေသည်။

*

သူက ကျွန်တော်ကို အထင်ကြီးမှုရှိမရှိဆိုသောကိစ္စ၊ ကျွန်တော့်အမြင်ကတော့ အထင်လည်းမကြီး၊ အထင်လည်းမသေးဟု ထင်သည်။

ကျွန်တော်တို့နှစ်ယောက်သည် သူငယ်ချင်းအဖြစ်မှ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ သူနှင့်ကျွန်တော် ချစ်ကြိုက်ကြစဉ်တုန်းက ကျွန်တော်သည် ဘာကောင်မျှမဟုတ်။ ထို့ကြောင့် အထင်ကြီးစရာအကြောင်းမရှိ။ ထို့အတူ ဘာကောင်မျှမဟုတ်သော ကျွန်တော့်ကို ချစ်ခဲ့ခြင်း၊ ကျွန်တော် ကဗျာရူး စာရူးလုပ်နေသည်ကို မကန့်ကွက် မငြူစူခဲ့ခြင်းကိုကြည့်၍ ကျွန်တော့်ကို အထင်လည်းမသေးခဲ့ကြောင်း သိသ၏။

ကျွန်တော် စာရေးဆရာဖြစ်လာသောအခါ ကျွန်တော့်ဝတ္ထုတွေ၊ ကဗျာတွေကို ဖတ်ပြီးသည့်အခါတိုင်း "ကောင်းပါတယ်" ဟူ၍သာ သူပြောခဲ့သည်။ ယင်းအတွက် သူကျွန်တော့်ကို အထင်ကြီးလာပြီဟု ဆိုလို့မရပါ။ သူသည် ကျွန်တော့်မိန်းမသာ ဖြစ်သည်။ စာပေဝေဖန်ရေးဆရာ မဟုတ်ချေ။

*

သမီးရည်းစားဘဝတွင် ယောကျ်ားတွေက သဝန်တိုတက်သည်ဆိုသည်မှာ မှန်ပါသည်။ ကျွန်တော်လည်း ဖြစ်ခဲ့ဖူးသည်။ ဥပမာ တစ်ခုလောက်ပြရလျှင် လုံလောက်ပါ၏။

တစ်ခါက သူတို့အိမ်သို့ ကျွန်တော်သွားလည်သည်။ ထိုစဉ်က သူဝတ်ထားသောအင်္ကျီသည် သူနှင့်ချောင်နေသည်။ ထို့ကြောင့် လည်ပင်းက နည်းနည်းဟိုက်နေ၏။

"အင်္ကျီက ဘယ်လိုဖြစ်တာလဲ"

သူက ရယ်၍ ...

"အစ်မကြီးရဲ့အင်္ကျီလေ၊ သူနဲ့ မတော်တော့လို့ တို့ယူဝတ်ထားတာ"

"လေးမေနဲ့ကျတော့ ကြီးနေတယ်"

"ဟုတ်တယ်၊ ပြန်တောင်သီရဦးမယ်"

"လည်ပင်းပေါက်ကလည်း အကျယ်ကြီး"

"အိမ်နေရင်ပဲ ဘာဖြစ်လဲ"

"လူမြင်လို့ ဘယ်ကောင်းမလဲ"

"ဩော် ... အိမ်မှာ ဘယ်သူတွေရှိတာမှတ်လို့၊ ကိုယ့်မောင်နှမတွေချည်းပဲဟာ။ အဲ ... သူစိမ်းဆိုလို့ သူတစ်ယောက်ပဲရှိတယ်"

သူက ရယ်သည်။ ကျွန်တော်က မရယ်။

"ဟုတ်တာပေါ့၊ ခုချိန်မှာ ကိုယ်နဲ့လေးမေဟာ သမီးရည်းစားပဲရှိသေးတယ်။ လင်မယားမဟုတ်သေးဘူး။ ဒီတော့ ကိုယ့်ကိုလည်း သူစိမ်းလိုပဲ သဘောထားသင့်တယ်"

ကျွန်တော်သည် လေးမေနှင့် ပတ်သတ်လျှင် ကိုယ့်ကိုယ်ကိုပင် သဝန်တိုမိခဲ့လေသည်။

*

လင်မယားဖြစ်လာသောအခါ လေးမေက ကျွန်တော့်အပေါ် သဝန်တိုတက်ပါသလားဟု ဆန်းစစ်ကြည့်ကြပါစို့။ မိန်းမတော်တော်များများသည် ကိုယ့်ယောကျ်ားအပေါ် မယုံသင်္ကာဖြစ်တက်ကြသည်။ တခြားမိန်းကလေးတွေနှင့် စကားပြောတာတို့ ရင်းရင်းနှီးနှီးနေတာတို့ကို မကြိုက်ကြ။

လေးမေကတော့ ဒီလိုမဟုတ်။ ကျွန်တော် သူ့စိတ်ကို စမ်းဖူးသည်။

သူနှင့်အတူတူသွားလာရင် တခြားမိန်းကလေးများကို တမင်တကာ ပြုံးပြုံးကြည့်ပြသည်။ သူက လုံးဝဂရုမစိုက်။ မိန်းကလေးအချို့ထံမှ ကျွန်တော့်ဆီရေးသော မိတ်ဆက်စာများကို သူ့ကိုပေးဖတ်သည်။ သူက ဖတ်ကြည့်ပြီး ဘယ်လိုဘယ်လို စာပြန်ရေးရင်ကောင်းမယ်ဟူ၍ပင် အကြံဉာဏ်တွေ ပေးလိုက်သေးသည်။ တကယ်တော့ ကျွန်တော်တို့လိုကောင်မျိုးတွေဆီရေးသော မိန်းကလေးများ၏ မိတ်ဆက်စာဆိုသည်ကလည်း ဟိုလိုလို ဒီလိုလိုတွေမဟုတ်။ ဘယ်ဝတ္ထုကို သဘောကျကြောင်း၊ ဘယ်ဝတ္ထုကို သိပ်ဘဝင်မကျကြောင်း၊ ဘယ်ဝတ္ထုက အကြောင်းအရာပေါ့သည်ထင်ကြောင်း၊ ဘယ်ကဗျာကို ကောင်းကောင်းနားမလည်ကြောင်း စသည့် စာအကြောင်း ပေးအကြောင်းတို့သာ။

"ဒီနေ့ကွာ ငါ မြို့ထဲကအပြန် ဘတ်စကားစီးလာတော့ ဘေးမှာ ကောင်မလေးတစ်ယောက် လာထိုင်တယ်။ နေရာတွေ အကျယ်ကြီးရှိရဲ့သားနဲ့ ငါ့ဘက်ကို အတင်းတိုးတာပဲ"

ဟု ကျွန်တော်က ပြောသောအခါ သူက မနာလိုမဖြစ်သည့်အပြင် ...

"ဣန္ဒြေရှိတဲ့ မိန်းမကောင်းလေးတွေဆို ဒါမျိုးဘယ်လုပ်မလဲ"

ဟု ခပ်အေးအေးပြန်ပြော၏။

မတက်သာသဖြင့် ခပ်ပြောင်ပြောင်ပင် ပြောကြည့်ပြန်သည်။

"နင်နဲ့ ငါနဲ့ဟာ နောက်ထပ် နှစ်သုံးလေးဆယ်လောက်ကြာအောင် ပေါင်းသင်းသွားရမှာဆိုတော့ တော်တော်ပျင်းစရာကောင်းမှာပဲနော်"

"ဒီတော့ နောက်မိန်းမတစ်ယောက် ထပ်ယူလိုက်ရင် စိတ်အပြောင်းအလဲကလေး ဖြစ်သွားမှာပဲ" ဟု ထပ်မပြောဖြစ်လိုက်။ သူက ...

"ပျင်းရင် ကွာလိုက်ပေါ့"

ဟု ဖြတ်ပြောလိုက်သောကြောင့် ဖြစ်သည်။

ကျွန်တော်သည် သူတစ်ယောက်ကိုပင် မနည်းကုတ်ကတ်ပြီး ရအောင် ယူထားရကြောင်း သူသိနေသည်။ ယင်းပျော့ကွက်ကို အပိုင်ကိုင်ထားနိုင်သဖြင့် ကျွန်တော့်အပေါ် စိတ်ချလက်ချရှိနေခြင်း ဖြစ်နိုင်၏။ ဘာပဲဖြစ်ဖြစ် သူသည် မိန်းမပီပီ သဝန်တိုသင့်ပါသည်။ ကျွန်တော်ကလည်း ယောက်ျားပီပီ ကိုယ့်မိန်းမ သဝန်တိုခြင်းကို ဂုဏ်ယူစွာ ခံချင်ပါသည်။

*

"ငါ မနေ့ညက အိပ်မက် မက်တယ်"
ဟု ကျွန်တော်က ပြောသည်။
"ဘာလဲ ဝတ္ထုစာအုပ် တစ်အုပ်အတွက် စာမူခတစ်သိန်းရတယ်လို့ မက်ပြန်ပြီလား"
သူက ပြန်မေးသည်။
တစ်ခါတုန်းက ဝတ္ထုတိုတစ်ပုဒ်အတွက် မဂ္ဂဇင်းက စာမူခငါးရာပေးသည်ဟု အိပ်မက်မက်ကြောင်း သူ့ကိုပြောပြရာ သူက ဟားဖူးသည်။
"ဒီတစ်ခါ မက်တာက တကယ်ဆန်းတာကွ"
"ပြောစမ်းပါဦး"
"အိပ်မက်ထဲမှာ ငါက နောက်မိန်းမတစ်ယောက် ထပ်ရတယ်"
သူက ပြုံး၍ ...
"တယ်ဟုတ်ပါလား ၊ ဘယ်သူနဲ့လဲ"
"တခြားလူမဟုတ်ဘူး နင်နဲ့ပဲ"
"ဘယ်လို ဘယ်လို"
"ဒီလိုလေ၊ အိပ်မက်ထဲမှာ နင်က နှစ်ကိုယ်ခွဲ၊ မယားကြီးနေရာရော၊ မယားငယ်နေရာပါ နင်ချည်းပဲ။ ဒါပေမယ့် တစ်ခုတော့ကွာတယ်။ မယားကြီးနေရာက နင်အခုဖြစ်နေတဲ့ပုံစံမျိုး၊ မယားငယ်နေရာကျတော့ ငါနဲ့စကြိုက်ကာစ ပုံစံမျိုး"
သူ မျက်နှာတည်သွား၏။
"ဘာလဲ၊ သူက ဖောက်ပြန်ချင်နေပြီပေါ့"
ဟု ခပ်ဆတ်ဆတ်မေးသည်။
"ဟာ ... မဟုတ်ပါဘူး၊ နင်စဉ်းစားကြည့်လေ၊ အိပ်မက်ထဲမှာ နောက်ယူတဲ့ မိန်းမကလည်း နင်ပဲမဟုတ်လား။ ဘာထူးလို့လဲ တူတူပဲဟာ"
"မတူဘူး၊ မတူဘူး နောက်ကို အဲဒီလို အိပ်မက်မျိုး ဘယ်တော့မှ မမက်နဲ့ ၊ ဒါပဲ"
ဟု တစ်ချက်လွှတ်အမိန့် ချမှတ်လိုက်သည်။
ကျွန်တော်သည် နောက်မိန်းမယူချင်စိတ် မဖြစ်ပေါ်လာသေးပါ။ ယူလည်းမယူရဲပါ။ ထို့အပြင် ကိုယ့်မိန်းမကလွဲရင် တခြားမိန်းကလေးတွေအားလုံး နတ်မိမယ်ကလေးတွေနှင့်တူသည်ဟုလည်း မယူဆသေးပါ။ အကြောင်းမှာ ...
လေးမေသည် လည်ပင်းအထိ စောင်ခြုံအိပ်နေသောအခါများတွင် ကြည့်လို့လှနေသေးသောကြောင့်ပင် ဖြစ်ပါသည်။

(ရုပ်ရှင်အောင်လံ ၊ မတ် ၊ ၁၉၈၅)

## နိုင်ပဲ့မလား - ဟာရီ ့

ကျွန်တော်က သိပ်ချမ်းသာသည်။

အဲ ...မဟုတ်သေး၊ ကျွန်တော့်မိဘက သိပ်ချမ်းသာသည်။ ဘယ်လောက်ထိ ချမ်းသာသလဲဆိုတော့ တော်တော်လေးကို ချမ်းသာသည်။

ရန်ကုန်မြို့ ဆိတ်ငြိမ်ရပ်ကွက်ရှိ ခြံကျယ်ကြီးတစ်ခုထဲမှာ ခေတ်မီပုံစံသုံးထပ်တိုက်တစ်လုံး ရှိသည်။ သာမာန်အားဖြင့်ကြည့်လျှင် နှစ်ထပ်ဟု ထင်ရသော်လည်း မြေတိုက်ခန်းပါသဖြင့် သုံးထပ်ဖြစ်သည်။ ခြံဝင်းထဲတွင် ကမ္ဘာပေါ်မှာ အလှပဆုံး၊ အရှားပါးဆုံး၊ သစ်ပင်ပန်းမန်တွေရှိသည်။ ဘဲဥပုံ ရေကူးကန်ကြီးက ပြာလဲ့ကြည်လင်နေ၏။

ထိုမျှမကသေး။

မန္တလေးမှာ နှစ်ထပ်တိုက်တစ်လုံးရှိသေးသည်။ (မီးလောင်တုန်းက ပါမသွား)

တောင်ကြီး၊ ပြင်ဦးလွင်၊ မြစ်ကြီးနား စသည့်မြို့များတွင် အပန်းဖြေအနားယူဖို့ တစ်ထပ်တိုက်ကလေးတွေ ဆောက်ထားသည်။ ဒါပဲလား မက။ ငပလီကမ်းခြေက ဘန်ဂလိုတစ်ခုကို အချိန်မရွေးသွားနေနိုင်အောင် တစ်နှစ်လုံးအတွက် ငှားထားသေးသည်။ ကျွန်တော်တို့ဆီမှာ ကားသုံးစင်းနှင့် ဆိုင်ကယ်တစ်စင်း ရှိသည်။

ဖေဖေ နှင့် မေမေ တို့စီးဖို့က မာစီဒီး၊ ကျွန်တော့်အတွက် သီးသန့်ထားတာက တိုယိုတာစပရင်တာ။ ခရီးထွက်သောအခါတွင်ဖြစ်စေ၊ အရေးအကြောင်းရှိလျှင်ဖြစ်စေ သုံးဖို့က ရိန်းဂျ်ရိုဗာ၊ ဟွန်ဒါဆိုင်ကယ်ကြီးကတော့ ကျွန်တော့်လက်စွဲတော်။ ကျွန်တော်တို့သည် ပွဲရုံလုပ်ငန်း၊ အဝေးပြေးကားလုပ်ငန်း၊ ဆေးလိပ်ခုံ၊ အိမ်တွင်းစက်မှုလက်မှု စသည့် လုပ်ငန်းများစွာကို ပိုင်သည်။ ထိုလုပ်ငန်းများသည် ဘယ်တော့မှမရှုံး၊ အမြဲမြတ်သည်။

ကျွန်တော်သည် ထိုလုပ်ငန်းများအကြောင်းကို တစ်ခါမှ မလေ့လာဖူးပါ။ သို့ရာတွင် ကျွန်တော်က ဘာမျှမသိဘဲ ဝင်ရောက်ကြီးကြပ်လိုက်သောအခါ ဆတက်ထမ်းပိုးအောင်မြင်ပြီး အမြတ်ငွေတွေ သောက်သောက်လဲ ပိုရရှိလာပြန်ပါ၏။ (မယုံလျှင်လည်း ဘာမျှ မတက်နိုင်ပါ)

*

ကျွန်တော်က ဘွဲ့ရပြီးသားဖြစ်သည်။ ကျွန်တော့်ရုပ်ရည်က ယောက်ျားပီပီသသ၊ ခန့်ခန့်ချောချော။ ကြည့်လေ။ အရပ်ငါးပေ ဆယ့်တစ်လက်မ၊ အသားလတ်လတ်၊ အချိုးအဆက်ကျပြီး ကျစ်လျစ်သန်မာသော ကိုယ်လုံး ကိုယ်ထည်။ နှတ်မှောင်သန်စွမ်းပြီး သပ်ရပ်သောဆံပင်၊ ကြံ့ခိုင်သောမေးရိုး၊ ထူထဲသောမျက်ခုံး၊ စူးရှတောက်ပသောမျက်လုံး၊ နှာတံပေါ်ပေါ်တိကျပြတ်သားသော နှုတ်ခမ်း။

အမေရိကန် ဂျင်းဂျက်ကက်နှင့် ဘောင်းဘီကိုဝတ်ပြီး ဟိုက်ဟီးစီးလိုက်သောအခါ ကျွန်တော့်ဘေးမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည် နေတော့သည်။

သို့ပေမယ့် ကျွန်တော်က လုံးဝဂရုမစိုက်။

ကျွန်တော် ဂရုစိုက်မိသည်က တစ်ယောက်တည်း။

ဂမုန်းခတ္တာ။

*

ရန်ကုန်တက္ကသိုလ်။

ကော်ရစ်ဒါခေါ် စင်္ကြံထောင့်ချိုးမှာ မိန်းကလေးတစ်ယောက်နှင့် ကျွန်တော်ဝင်တိုက်မိသည်။

သူ့ရင်မှာပိုက်လာသော စာအုပ်တွေ သမံတလင်းပေါ် ဖရိုဖရဲကျသွား၏။

"လူတစ်ယောက်လုံးလာတာ မမြင်ဘူးလား"

သူမေးသည်။

"ဒီမေးခွန်းကို ကျွန်တော်ကလည်း မေးခွင့်ရှိတာပဲ"

ကျွန်တော်က ပြန်ပြောသည်။

"ရှင့်မှာ မျက်စိမပါဘူးလား"

"အချစ်မှာ မျက်စိမပါဘူးလို့ပဲကြားဖူးပါတယ်"

"ဘာပြောတယ်၊ တော်တော်ရိုင်းပါလား"

"ထင်လို့ပါ"
ကျွန်တော်က မခိုးမခန့်ရယ်လိုက်၏။ သူ့စာအုပ်တွေကို ကျွန်တော်က ကောက်ယူပေးသည်။ သူက ဆတ်ခနဲဆွဲယူပြီး ခြေဆောင့်ထွက်သွား၏။
ကျွန်တော် သချာကျွမ်းပါသည်။
၃၂၊ ၂၆၊ ၃၄။
(ကျွန်တော်သည် ဤသို့ပင် စကြံဝိုဝင်မှ ကောင်မလေးတွေနှင့် မကြာခဏ တိုက်မိတက်သည်။ ရင်ဘတ် တွေတောင် အောင့်လို့)

*

ကျောင်းသူများ အပန်းဖြေစခန်းဘေးမှ ဖြတ်အလျှောက်တွင် ကျွန်တော့် ရင်ဘတ်ကို တစ်စုံတစ်ယောက်က ရေနှင့်ပက်လိုက်၏။
"ဘယ်လိုလဲ မျက်စိမပါဘူးလား"
ကျွန်တော် မေးသည်။
"ရေခွက်မှာ မျက်စိမပါဘူးရှင့်"
သူက ပြန်ပြောသည်။ ဟိုနေ့က ကော်ရစ်တာထောင့်မှာ ဝင်တိုက်မိသည့် အမျိုးသမီး။
"ဩော် ... မင်းကိုး"
"ဒီကနာမည် မင်းကိုးမဟုတ်ဘူး"
"ဒါဖြင့် ဂမုန်းခတ္တာတဲ့လား"
"ဟယ် ... ဘယ်လိုလုပ်သိ"
"ဒီလိုလုပ် သိတာပါ"
"သူ့နာမည်ရော"
"နောက်လည်းခေါ်ရမယ့်အတူတူ ကိုကိုလို့ပဲ မှတ်ထားလိုက်ပေါ့"
သူရယ်သည်။
(နောက်ထပ် စာမျက်နှာ ငါးမျက်နှာခန့် ကြာသောအခါ ကျွန်တော်တို့နှစ်ယောက် ချစ်သွားကြသည်။)

*

နယ်စပ်အနီးရှိ မြို့ကလေးတစ်မြို့သို့ ကျွန်တော် ခရီးထွက်လာခဲ့သည်။ ကမ်းပါးယံကို ကွေ့ကောက် ဖောက်လုပ်ထားသော တောင်ပေါ်လမ်းမှာပင် ဆိုင်ကယ်ကို တစ်နာရီ ကီလိုမီတာ ရှစ်ဆယ်နှုန်းဖြင့် မောင်းလာခဲ့သည်။ ကျွန်တော့်ဆိုင်ကယ်နောက် ခပ်လှမ်းလှမ်းမှာ ဝီလီဂျစ်ကားတစ်စီး လိုက်လာသည်။ အန္တရာယ်၏ အနံ့ကို ကျွန်တော်ရလိုက်ပြီ။ ဒိုင်းခနဲမြည်သံတစ်ချက် ကြားလိုက်ရသည်။ ဆိုင်ကယ်ဦးထုပ်နောက်ဘက်ကို တစ်စုံတစ်ခုက ဒုတ်ခနဲလာမှန်သည်။ သို့ပေမယ့် ဘိုင်ဖမ်နီယမ်သတ္တုရောဖြင့်ပြုလုပ်ထားသော ဦးထုပ်ကို ကျည်ဆန်မဖောက်နိုင်။ ဆိုင်ကယ်ကို ကီလိုမီတာတစ်ရာထိ အမြန်နှုန်း မြှင့်လိုက်သည်။ ရှေ့မှာဂငယ်ကွေ့တစ်ကွေ့။ အကွေ့၏ ထိပ်အရောက်တွင် ဆိုင်ကယ်လက်ကိုင်ကို ဆတ်ခနဲပင့်တင်လိုက်သည်။ ဘီးနှစ်ဘီးက လမ်းပေါ်မှ တစ်စင်တီမီတာလောက် ကြွတက်သွားသည်။ ခြေထောက်တစ်ဖက်ကိုထောက်ပြီး ဆုံလည်မောင်းတံအဖြစ် အသုံးချလိုက်သည်။ ဆိုင်ကယ်သည် တစ်ပတ်လည်ပြီး နောက်မှလိုက်လာသည့်ကားနှင့် မျက်နှာချင်းပြန်ဆိုင်မိ၏။
"ကဲ ... ကိုယ့်အလှည့်"
ဂျာမနီနှင့် အစ္စရေး ပူးပေါင်းထုတ်လုပ်သော ဒသမသုံးရှစ် "အူဂါ" ပစ္စတိုကို ပခုံးသိုင်းအိတ်ထဲက ထုတ်သည်။ ဂျစ်ကား ညာဘက်ဘီးကို ချိန်သည်။ လက်ညှိုးကို ကွေးညှစ်လိုက်၏။
တစ်ချက်တည်း။
ဂျစ်ကား ချောက်ထဲ ထိုးကျသွားသည်ကို စောင့်ကြည့်မနေတော့။

*

လောင်ပန်းဂမုန်းအင်ဟိုတယ်မှာ ကျွန်တော်တည်းသည်။ ဂမုန်းဆိုသော အမည်က ပါလာပြန်၏။ ဂမုန်းခတ္တာကို သတိရလိုက်သည်။ မြို့ငယ်ကလေးဖြစ်သော်လည်း ဟိုတယ်က လေးထပ်အဆောက်အအုံ။ သပ်ရပ်သန့်ရှင်း သားနားသည်။ အဆင်းအတက်အတွက် ဓါတ်လှေကားကို အသုံးပြုသည်။

ဟိုတယ်ပိုင်ရှင်က ဦးလောင်ပန်း။ ဂမုန်းခတ္တာ၊ ဦးလောင်ပန်း၊ ဟိုတယ်နာမည်တို့သည် တစ်စုံတစ်ခု ဆက်စပ်နေရမည်။ ကျွန်တော် ဒီမြို့ကို မရောက်ခင်မှာပင် လုပ်ကြံသတ်ဖြတ်မည့်သူများနှင့် ကြုံခဲ့ရသည်။ ကျွန်တော့်ကို ဘာကြောင့် ရှင်းပစ်ချင်ရသနည်း။

ဘာပဲဖြစ်ဖြစ် ပထမဆုံးပွဲတွင် သူတို့ဘက်က မှဆိုးမနစ်ယောက်တိုးသွားပြီး ဖြစ်သည်။

အရုပ်တော်ပုံတစ်ခုထဲ ကျွန်တော်ဝင်မိပြီဟု အလိုလိုသိနေသည်။

(ကျွန်တော်သည် မကြာခဏဆိုသလိုပင် ဤသို့အလိုလိုသိနေသည့် အဖြစ်မျိုး ကြုံရသည်။ အင်ကျူအီရှင်းဆိုပါစို့)

*

ည။

မှောင်သည်၊ မည်းသည်၊ နက်သည်၊ မိုက်သည်။ လမထွက်၊ မိုးသားတွေက ကြယ်ရောင်ကို ဖုံးကွယ်ထားပြန်သည်။ သို့ပေမယ့် ကျွန်တော့်မျက်စိတွေက စူးရသည်။

ရှေ့မှာ လူလေးယောက်၊ သုံးယောက်ကကျား၊ ကျန်တစ်ယောက်က မ။ မိန်းကလေးကို သူတို့ရန်မူနေတာ ရှင်းနေပြီ။ သူတို့နားကို လျှောက်သွားပြီး ပြောလိုက်သည်။

"လုပတဲ့ သမင်ပျိုမလေးကို ခွေးအတွေ ဝိုင်းဆွဲနေသလိုပါပဲလားဟေ့"

ငနဲသုံးကောင် ကျွန်တော့်ကို လှည့်ကြည့်သည်။ သုံးခွန်းသောစကားကို ဆိုကြ၏။

"မင်းက ဘာကောင်လဲ"

"ဘာကိစ္စဝင်ရှုပ်တာလဲ"

"ညစာ စားပြီးပြီလား၊ တမလွန်မှာ ထမင်းမရှိဘူးနော်"

ကျွန်တော်က ဟက်ခနဲရယ်လိုက်ပြီး...

"ကိုယ့်လူတို့၊ ကောင်းကောင်းအိပ်မပျော်တာ ကြာပြီထင်တယ်။ ကျုပ်မှာ အိပ်ဆေးကောင်းကောင်းရှိပါတယ်လေ"

ချောက်ခနဲမြည်သံနှင့်အတူ သူတို့လက်ထဲကို ဓါးမြှောင်သုံးချောင်းရောက်လာသည်။ မှောင်နှင့်မည်းမည်းထဲမှာပင် ဓါးမြှောင်တွေက ဖျတ်ခနဲ ဖျတ်ခနဲ အရောင်လက်နေကြသည်။ ဟာဒလေနှင့် ချေစ့် သံမဏိကုမ္ပဏီက ထုတ်လုပ်သော ဓါးမြှောင်များ။ ကျွန်တော့်ကို ထောင့်မှန်တြိဂံပုံဝိုင်းထားသည်။ ကျွန်တော့်ဦးနှောက်ထဲတွင် တြိဂိုနိမက်ထရီပုစ္ဆာများ တွက်ချက်နေသည်။ ဆိုင်းနည်း၊ ကိုဆိုင်းနည်း၊ အယ်လ်ဖာ၊ ဘီတာ၊ ဂမ်မာ၊ ဒီဂရီများ။ အဖြေကို တဒင်္ဂအတွင်း ရလိုက်၏။ ကျွန်တော် စတင် လှုပ်ရှားသည်။ ဘာမျှမကြာလိုက်။ ငမိုက်သားသုံးကောင် လက်ရှိ ကမ္ဘာ့အရေးအခင်းများနှင့် နာရီဝက်လောက်အဆက်အသွယ် ပြတ်သွားကြရှာပြီ။

(သူတို့ကို တိုက်ခိုက်ရာတွင် စုစုပေါင်း လေးဒသမငါးစက္ကန့်သာကြာသည်။ တစ်ယောက် တစ်ဒသမငါးစက္ကန့်နှုန်း မြန်သည်။ သိပ်မြန်သည်။ မည်သို့မည်ပုံ တိုက်ခိုက်လိုက်ကြောင်း ကျွန်တော်ဘာသာကျွန်တော်ပင် မသိလိုက်အောင် မြန်သည်။)

*

မိန်းကလေးကို ခုမှသတိပြုမိသည်။ ကျွန်တော် အရမ်းအံ့သြသွား၏။ "ဟင် ... ဂမုန်းခတ္တာ" သူကျွန်တော့်ကို ကြောင်ကြည့်နေ၏။ အကြောက်လွန်နေဟန်တူသည်။ သူ့လက်မောင်းကို ကျွန်တော် ကိုင်လှုပ်လိုက်သည်။

"ဂမုန်းခတ္တာ"

သူက ကျွန်တော့်လက်ကို ပုတ်ချလိုက်ပြီး ...

"ရှင် ဘယ်သူလဲ"

"ဘယ်လို ဖြစ်နေတာလဲကွယ်၊ ကိုကိုလေ"

"ဘယ်ကကိုကိုလဲ၊ ရှင့်ကိုကျွန်မ မသိဘူး။ ကျွန်မနာမည်လည်း ဂမုန်းခတ္တာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ဒေါ်နဇီဇဝါပါတဲ့"

ကျွန်တော်ပြုံးလိုက်သည်။

ပြဿနာက ပိုရှုပ်လာပြီ ဖြစ်သည်။

(ရှုပ်လေ ကောင်းလေပေ့ါ)

*

သူတို့အုပ်စုက ကျွန်တော့်ကို အမျိုးမျိုးနှောင့်ယှက်သည်။ ရန်ရှာသည်။ မရ။ ထို့ကြောင့် ကျွန်တော့်ကို သူတို့နှင့်ပူးပေါင်းရန် စည်းရုံးသည်။ ကျွန်တော် လက်ခံလိုက်၏။
သူတို့ခေါင်းဆောင် ဆရာကြီးရှေ့မှာ ကျွန်တော့်အရည်အချင်းကို စမ်းသပ်သည်။ ဆရာကြီးဆိုသူကတော့ ဦးလောင်ပန်း။
ပထမဆုံး လေးယောက်တစ်ယောက် လက်ရည်စမ်းပွဲ။ ကျွန်တော်က လေးစက္ကန့်ဖြင့် စံချိန်သစ်တင်လိုက်သည်။ နောက်တစ်ခု မီတာတစ်ရာ အကွာအဝေးရှိ တိုင်ထိပ်မှာ တင်ထားသော လစ်ပိုဇစ်တန်ပုလင်းကို ဝင်ချက်စတာ ရိုင်ဖယ်ဖြင့် ပစ်ရမည်ဖြစ်သည်။
ကျွန်တော်က သေနတ်ကို အေးဆေးစွာကိုင်ပြီး ချိန်လိုက်သည်။ ပစ်သည်။ လစ်ပိုဇစ်တန်ပုလင်းက လုံးဝမလှုပ်။
ဆရာကြီးက သရော်တော်တော်ပြုံးလိုက်သည်။ ကျွန်တော်က ပြောသည်။
"လစ်ပိုဇစ်တန်ကို ဆရာကြီး အဆင်သင့်သောက်နိုင်ပါပြီ။ ပုလင်းကို မထိခိုက်စေဘဲ အဖုံးဖွင့်ပေးလိုက်တာပါ ခင်ဗျာ"
ဦးလောင်ပန်း အကြီးအကျယ် အံ့သြသွားသည်။
(ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ဒီလောက်တောင် တော်နေသဖြင့် အံ့သြရသေး၏)

*

ဦးလောင်ပန်းတို့ ဂိုဏ်းအတွက် ကျွန်တော် အလုပ်လုပ်ပေးသည်။ သူတို့လုပ်ငန်းအကြောင်းကို တဖြည်းဖြည်း သိလာရသည်။ ဟိုတယ်လုပ်ငန်း၊ အဝေးပြေးကုန်တင်ကားလုပ်ငန်းကို ဟန်ပြထားပြီး ဘိန်းဖြူအရောင်းအဝယ်နှင့် မှောင်ခိုလုပ်ငန်း လုပ်ကိုင်နေခြင်းဖြစ်သည်။
ဒီနေရာမှာပင် ဒေါ်နဇီဇဝါ အမည်ခံထားသော မိန်းကလေးနှင့် ပြန်ဆုံရသည်။ သူက ဦးလောင်ပန်း၏ သမီးဟု ဆို၏။ သူတို့နှစ်ယောက်သည် သားအဖရင်း မဟုတ်နိုင်ကြောင်း ကျွန်တော်သိနေသည်။ ထိုနှစ်ယောက်ကြားမှာ တစ်စုံတစ်ခုသော လျှို့ဝှက်ချက်ရှိနေကြောင်းကိုလည်း ကျွန်တော် အလိုလိုသိနေ၏။
(အင်ကျူအီရှင်းဖြင့် သိခြင်းပင်)

*

ဒေါ်နဇီဇဝါက ကျွန်တော့်ကို ခပ်မှန်မှန်ဆက်ဆံသည်။ ကျွန်တော်က ဂမုန်းခတ္တာဟုခေါ်တိုင်း သူမျက်နှာပျက်ပျက် သွားတက်သည်ကို သတိပြုမိသည်။ ဦးလောင်ပန်းရှေ့တွင် ကျွန်တော့်ကို မယုံသင်္ကာဟန် လုပ်ပြသည်။ တစ်နေ့တွင် ကျွန်တော်က သူတို့လုပ်ငန်းထဲမှာ ဝင်ရောက်ထိုးဖောက်မွှေနှောက်နေသည်ဟု ဦးလောင်ပန်းက စွပ်စွဲသည်။ ဒေါ်နဇီဇဝါက အားလုံးရှေ့မှာပင် ကျွန်တော့်ကို ပါးရိုက်သည်။ ထို့နောက် ကျွန်တော့်ကို နံနက် လေးနာရီတွင် ထုံးစံအတိုင်း စီရင်ရန် လောလောဆယ်တွင် မြေတိုက်ခန်းထဲ၌ ချုပ်ထားရန် ဦးလောင်ပန်းက အမိန့်ချလိုက်သည်။

(သတ်မည့် ကိစ္စကို ချက်ချင်းမသတ်ဘဲ မနက်လေးနာရီထိရွှေ့ဆိုင်းထားသည့်အကြောင်းကို ကျွန်တော် စဉ်းစားလို့မရ)

*

ညသန်းခေါင်ကျော်လောက်တွင် အချုပ်တံခါး ပွင့်လာသည်။ လူတစ်ယောက် ဝင်လာသည်။
"ဒေါ်နဇီဇဝါ"
"မဟုတ်ဘူး ကိုကို၊ ဂမုန်းခတ္တာပါ"
သူက အကြောင်းစုံကို ရှင်းပြသည်။
ဂမုန်းခတ္တာနှင့် ဒေါ်နဇီဇဝါ အမြွှာညီအစ်မနှစ်ယောက် ရှိသည်။ အဖေနှင့် အမေကွဲကြတော့ ဂမုန်းခတ္တာက အဖေနှင့်ပါလာသည်။ ဒေါ်နဇီဇဝါက အမေနှင့် ကျန်ခဲ့သည်။
အမေက ဦးလောင်ပန်းနှင့် အိမ်ထောင်ထပ်ပြုသည်။ အမေဆုံးသောအခါတွင် အမွေပေးရမည်စိုးသဖြင့် ဦးလောင်ပန်းက ဒေါ်နဇီဇဝါကို လုပ်ကြံပစ်လိုက်သည်။ ထိုအကြောင်းကို သိသွားသော ဂမုန်းခတ္တာက ဒေါ်နဇီဇဝါ မသေဘဲ ပြန်ရောက်လာဟန်ဖြင့် ဦးလောင်ပန်းဆီ

ဝင်နေခြင်းဖြစ်သည်။ ကျွန်တော်ထွက်ပြေးလွတ်မြောက်ဖို့အတွက် အချိန်သည် စက္ကန့်ပိုင်းနှင့်အမျှ အရေးကြီးနေသော်လည်း သူပြောပြသမျှကို အေးအေးဆေးဆေးပင် နားထောင်နေလိုက်သည်။ ထိုအချိန်တွင် မြေအောက်ခန်းသို့ ဆင်းလာသော ခြေသံများကြားရသည်။ ဂမုန်းခတ္တာက ကျွန်တော်၏ လက်စွဲတော် "အူဂါပစ္စတို" ကို ပြန်ပေးသည်။ အပြတ်ရှင်းကြရတော့မည်။ ကျွန်တော့်မှာက သေနတ်တစ်လက်တည်း။ သူတို့က လက်နက်မျိုးစုံဖြင့် လူသုံးဆယ်လောက်။ သို့ပေမယ့် သူတို့အားလုံးကို ကျွန်တော်ရှင်းပစ်လိုက်သည်။ ဦးလောင်ပန်းအခန်းရှိရာသို့ ပြေးတက်ခဲ့သည်။ သူက ထွက်ပြေးမည့်ဆဲဆဲ။ ကျွန်တော် သူ့နောက်ကျောကို လှမ်းပစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် သူ့အလှည့်ကျမှ ကျည်ဆန်ကုန်သွားသည်။ သူကောက်ကျစ်စွာပြုံးသည်။ ကျွန်တော့်ဘက် ပြန်လှည့်သည်။ သူ့လက်ထဲမှာ သေနတ်တစ်လက်။ ကျွန်တော့်နှလုံးသားတည့်တည့်ကို ချိန်သည်။ ခလုတ်မောင်းကိုညစ်၏။

သေနတ်သံတစ်ချက်။ ဦးလောင်ပန်းလက်ထဲက သေနတ် လွင့်ထွက်သွားသည်။ တံခါးဝမှာ ရပ်နေသူက မိန်းမကိုင်ပစ္စတိုကလေးကို ကိုင်ထားသော ဂမုန်းခတ္တာ။

*

ကိစ္စအားလုံး ရှင်းသွားပြီ။ တစ်ခုပဲကျန်သည်။ ဂမုန်းခတ္တာနှင့် ကျွန်တော့်ကိစ္စ။ သူမျက်ရည်ဝဲနေ၏။

"ကိုကို့ကို ခတ္တာချစ်ပါတယ်။ ဒါပေမယ့် ကိုကိုဟာ ဥပဒေပြင်ပကလူ၊ ပြီးတော့ ..."

သူ့နှုတ်ခမ်းကို လက်ဖြင့် လှမ်းပိတ်လိုက်၏။

"ကိုကိုဟာ ဥပဒေပြင်ပကလူ မဟုတ်ပါဘူးကွယ်။ ဦးလောင်ပန်းတို့ရဲ့ ဂိုဏ်းအကြောင်းကို အတွင်းကျကျစုံစမ်းဖို့ ရောက်လာတဲ့ ရဲတပ်ဖွဲ့က မှူးခင်းထောက်လှမ်းရေးမှူးပါ"

"ဟင် ... တကယ်"

"တကယ်ပါ အချစ်ရယ်"

"ဝမ်းသာလိုက်တာ ကိုကိုရယ်"

သူကျွန်တော့်ရင်ခွင်ထဲ ရောက်လာသည်။ ကျွန်တော် သူ့ကိုတင်းကျပ်စွာ ဖက်ထားလိုက်၏။ (ကျွန်တော်သည် သူဌေးသားအဖြစ်ကနေ ဘယ်လိုက ဘယ်လို ရဲတပ်ဖွဲ့ထဲ ရောက်သွားမှန်းမသိပါ။ ဒီလိုမှမဖြစ်လျှင်လည်း ကျွန်တော့်ဇာတ်လမ်းက ဆုံးတော့မည်မဟုတ်။ ခုတောင် ပထမတွဲ၊ ဒုတိယတွဲ နှစ်ခုပေါင်း စာမျက်နှာ ကိုးရာကျော်နေပြီမဟုတ်လား။ ထို့ကြောင့် ဤတွင် ပြီးပါပြီ။)

မှတ်ချက်။ ။ ဤဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးရန် လာရောက်ကမ်းလှမ်းလိမ့်မည်ဟု အင်ကျူအီရှင်းဖြင့် အလိုလိုသိနေပြီ ဖြစ်ပါကြောင်း။

(ချယ်ရီ ၊ မေ ၊ ၁၉၈၅)

## သုံးဖက်မြင်ဝတ္ထု

(၁)

ကျွန်တော့်နာမည်သည် မောင်မျိုးအေး ဖြစ်ပါသည်။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် နေထိုင်ပါသည်။ ကျွန်တော်တို့ မြို့နယ်သည် ရန်ကုန်မြို့ကြီးနှင့် သိပ်မဝေးလှသော်လည်း လမ်းပန်းအဆက်အသွယ် အတန်ငယ် ခက်ခဲပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရန်ကုန်မြို့ကြီးကို နှစ်ခေါက် သုံးခေါက်သာ ရောက်ဖူးပါသည်။ သို့တိုင်အောင် တန်ခိုးကြီးဘုရားအချို့နှင့် တိရစ္ဆာန်ရုံလောက်သာ ရောက်ခဲ့ပါသည်။

ခုအခါမူ ရန်ကုန်မြို့ကြီးကို ထပ်မံရောက်ရပေဦးမည်။ အကြောင်းမှာ ကျွန်တော်သည် အခြေခံပညာ အထက်တန်းစာမေးပွဲကို အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးမှာ တက်ရောက်သင်ကြားခွင့် ရရှိခဲ့သောကြောင့်ပင်တည်း။

တက္ကသိုလ်နှင့်ပတ်သတ်၍ ဝတ္ထုတွေ ဆောင်းပါးတွေထဲ၌ ဒဏ္ဍာရီပုံပြင်ကဲ့သို့ ဖတ်ဖူးမှတ်ဖူးနေပါသည်။

ကျောင်းစဖွင့်ဖွင့်ချင်းနေ့တွင် ဘွဲ့နှင်းသဘင်ခန်းမကြီးထဲ၌ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ပြုလုပ်သည်ဟု ဆိုပါသည်။ ထိုနေ့တွင် ကျောင်းသားဟောင်းကြီးများက အတန်းလစ်ပြီး ခန်းမရှေ့မှာ ရုံးစုရုံးစု လုပ်နေကြလေသည်။

မကြာမီမှာပင် သစ်လွင်ကျောင်းသား ကျောင်းသူများ တဖွဲဖွဲရောက်ရှိလာပါတော့သည်။ ထိုအချိန်တွင် ကျောင်းသားကြီးများက သစ်လွင်ကျောင်းသူကလေးများ ဝင်ရမည့် အနောက်ဘက်အပေါက်၌ တန်းစီပြီးဖြစ်နေပါပြီ။ ကျောင်းသူကလေးများ ဝင်ရမည့်လမ်း၏ ဝဲယာနှစ်ဖက်ညပ်၍ တန်းစီထားခြင်းပင် ဖြစ်ပေသည်။ ထိုကြားထဲမှာ ကျောင်းသူကလေးများ လျှောက်လှမ်းဝင်ကြရပါသည်။ ကျောင်းသားကြီးများက သစ်လွင် ကျောင်းသူကလေးများကို နောက်ပြောင်ကြ၊ ကျီစယ်ကြပါသည်။ ကျောင်းသူအသစ်ကလေးများကား ရှက်လွန်းလှ၍ ခေါင်းငုံ့ပြီး ခပ်သွက်သွက်လျှောက်လာကြပါသည်။ ခလုတ်တိုက်မိသူက တိုက်မိ၊ စိတ်ဆိုးပြီး ခြေဆောင့်သွားသူကသွား၊ ပျော်စရာကောင်းလှသည်ဟု ဆိုသည်။

ထို့အပြင် တက္ကသိုလ်နယ်မြေ၏ ခမ်းနားကြီးကျယ်မှုကလည်း အံ့မခန်းပင်။ တက္ကသိုလ်ပရိဝုဏ်သည် ဧကခြောက်ဆယ်ခန့်ကျယ်သည်ဟု သိရပေသည်။

ဤသည်မှာ လှိုင်နယ်မြေ၊ ဗိုလ်တထောင်နယ်မြေ၊ ကြည့်မြင်တိုင်နယ်မြေတို့မှ ကျောင်းခွဲများ မပါသေးပါ။

တက္ကသိုလ်ရှိ စာသင်ဆောင်များသည် အလွန် လှပခံ့ညားသည်ဟုဆိုပါသည်။ အဆောင်ဆောင်အခန်းခန်းရှိပြီး စာသင်ဆောင်တစ်ခုသည် ပင်ကျောင်းသား သုံးထောင်ခန့်ဆံ့သည်ဟု သိရလေသည်။

ကျွန်တော်တို့မြို့ကအထက်တန်းကျောင်းကလေးမှာ ကျောင်းသားတစ်ထောင်ပင် ကျပ်ကျပ်တည်းတည်း ရှိလှပါသည်။

အခြားသောနာမည်ကျော် အဆောက်အအုံများလည်း ရှိပါသေးသည်။ ဘွဲ့နှင်းသဘင်ခန်းမ၊ အပန်းဖြေရိပ်သာ၊ စာကြည့်တိုက်၊ ဂျပ်ဆင်စသည်တို့ ဖြစ်ပါသည်။

သစ်ပင်ကြီးငယ်တို့ကလည်း ဝေဝေဆာဆာ အုပ်အုပ်ဆိုင်းဆိုင်း ရှိလေသည်။ယင်းတို့ထဲတွင် ကံ့ကော်တောနှင့် သစ်ပုပ်ပင်တို့က နာမည်အကြီးဆုံး ဖြစ်ပါသည်။ ကျွန်တော်တို့မြို့က ကျောင်းမှာတော့ ကံ့ကော်တော မပြောနှင့်၊ ကျောင်းရှေ့က သရက်ပင်ကလေးနှစ်ပင်တောင် ကျောင်းသားတွေက တက်တက်ဆော့၍ အကိုင်းတွေ ကျိုးနေပါပြီ။ တက္ကသိုလ်ကျောင်းတော်ကြီးတွင် အထူးခြားဆုံးနှင့် ကျွန်တော်ကို အစွဲဆောင်နိုင်ဆုံး အချက်ကား နလုံးသားရေးရာနှင့်ပတ်သတ်၍ လွတ်လပ်မှုရှိခြင်းပင်တည်း။

ကျောင်းမှာ ရည်းစားထား၍ရသည်။ ကျောင်းဝင်းထဲမှာ ကိုယ့်ချစ်သူနှင့်အတူတူ တွဲလျှောက်လျှင်လည်းရသည်။ ဆရာတွေက ဆူပူခြင်းမရှိသည့်အပြင် ချစ်သူစုံတွဲများ အတူထိုင်၍ နားနေရန် ကျောင်းဝင်းအနှံ့အပြားမှာ ခုံတန်းလျားကလေးတွေပင် ပြုလုပ်ထားသည်ဟု သိရပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် ယင်းတက္ကသိုလ်ကျောင်းတော်ကြီးတွင် တက်ရောက်ပညာသင်ကြား ရပါတော့မည်။ တက္ကသိုလ် ကျောင်းသားကျောင်းသူတို့သည် မည်ကဲ့သို့ ဝတ်စားဆင်ယင်ကြပါသနည်း။ မည့်သည့်စကားများ ပြောကြပါသနည်း။ ဟန်ပန်အမူအရာ မည်သို့ရှိပါသနည်း။ ထိုအကြောင်းများကို မကြာမီ သိရပါတော့မည်။

ယခုအခါတွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို သက်ဆိုင်ရာ ဘာသာရပ် ဌာနအလိုက် ပြုလုပ်ကြသည်ဟု သိထားရပါသည်။ ထိုပွဲတွင် မိမိတို့ ဌာနရှိ သစ်လွင်ကျောင်းသူလေးများထဲမှ အလှဘုရင်မကို ကျောင်းသားကြီးများက ရွေးချယ်ကြပါသည်။

ထိုအလှဘုရင်မသည် တစ်နေ့သောအခါ ကျွန်တော်၏ချစ်သူ ဖြစ်လာလိမ့်မည်မဟုတ်ဟု မည်သူ ပြောနိုင်ပါသနည်း။

မည်သို့ပင်ဖြစ်စေ၊ တက္ကသိုလ်ကျောင်းဖွင့်ရက် နီးလာလေလေ ကျွန်တော်၏ ဝမ်းသာပျော်ရွှင်မှုက ကြီးမားလာလေလေ ဖြစ်ပါတော့သတည်း။

( ၂ )

နွေရာသီကို ကျွန်တော်မုန်းသည်။ မီးလောင်မှုတွေ ဖြစ်လာတတ်လို့တော့မဟုတ်။
နွေဆိုရင် ကျောင်းတွေပိတ်လို့။
ကျောင်းတွေပိတ်တော့ ဘာဖြစ်သလဲဆိုတော့ကာ ချစ်နဲ့မတွေ့တော့ဘူးပေါ့။
ချစ်က နယ်မှာနေတယ်လေ။
ကျောင်းပိတ်ပြီဆိုရင် သူ့အိမ်ကို ပြန်ရတာပေါ့။
ကျွန်တော်က ရန်ကုန်မှာ ကျန်ခဲ့တယ်။
ဆွေးရော ...
ချစ်နဲ့ ကျွန်တော်နဲ့အကြောင်းကို အစကနေပြီး ပြန်ပြောပြမယ်။
ချစ်ကို ကျွန်တော် ချစ်သွားတယ်။
ဟုတ်တယ်လေ၊ အဲဒါအစပဲ။
ဘာကြောင့်ဆို ကျွန်တော်က ချစ်ကိုမြင်မြင်ချင်း ချစ်သွားမိတာကိုး။
ချစ်က လှတယ်။ ပြီးတော့ ခေတ်လည်းမီတယ်။
ကျွန်တော်က ချောတယ်။ သားလည်းသားနားတယ်။
ဒီတော့ကာ ကျွန်တော်တို့နှစ်ယောက် ချစ်သွားကြတာ အဆန်းမဟုတ်ပါဘူး။
ကျွန်တော်တို့ နှစ်ယောက် ဘယ်လိုစပြီး တွေ့ကြတယ်၊ ဘယ်လိုသိကျွမ်းသွားကြတယ်၊ ဘယ်လိုနည်းနဲ့ ချစ်သွား ကြတယ်ဆိုတာတော့ မပြောတော့ပါဘူး။ ထုံးစံအတိုင်းပဲ ဆိုပါစို့။
တက္ကသိုလ်ကျောင်းမှာတော့ ကျွန်တော်တို့အတွဲဟာ လိုက်ဖက်အညီဆုံးပဲ။
မိုးအာကာဇော်နဲ့ မဥ္ဇူသကထွန်းဆိုရင် မသိတဲ့လူမရှိ။
ဒါပေါ့လေ၊ ကျွန်တော်တို့နှစ်ယောက်က ဘယ်တော့မှမခွဲဘဲ တတွဲတွဲရှိနေကြတာကိုး။
ချစ်နဲ့ကျွန်တော် နေ့တိုင်းတွေ့ကြတယ်။ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်ဆိုရင်တောင် ချစ်နေတဲ့ အဆောင်ကို ကျွန်တော်က သွားလည်တယ်လေ။
ကျွန်တော်တို့နှစ်ယောက် ဘယ်တော့မှမခွဲဘူး။ ခွဲနေကြတဲ့အချိန်ဆိုလို့ အတန်းတက်တဲ့အချိန်ရယ်၊ အဆောင်ပိတ်လို့ ချစ် အပြင်ထွက်ခွင့်မရတဲ့ အချိန်ရယ်ပဲ ရှိတယ်။
ညအိပ်ရင်တောင် အိပ်မက်ထဲမှာ တွေ့ကြသေးတာကော။
ကျွန်တော်တို့နှစ်ယောက် ချစ်ကြတာကို အားလုံးသိတယ်။
ဂျပ်ဆင်ကြီးလည်းသိတယ်။
ဘွဲ့နှင်းသဘင် ခန်းမကြီးလည်းသိတယ်။
သစ်ပုပ်ပင်ကြီးလည်းသိတယ်။
ကံ့ကော်တောလည်းသိတယ်။
ခုံတန်းလျားလေးတွေလည်း သိတယ်။
အို ... အင်းလျားကန်စပ်က မြက်ပင်ကလေးတွေတောင် သိကြပါတယ်။
ကျွန်တော်တို့ လွမ်းရတဲ့အခါကျတော့ ဘယ်သူတွေကများ သိကြပါသလဲ။
ဘဝတူ ဥသြငှက်ကလေးတစ်ကောင်တည်းသာ သိမယ်ထင်ပါရဲ့။
ကျောင်းပိတ်တဲ့အခါ ချစ်က သူ့အိမ်ကို ပြန်သွားတယ်။
အဲဒီနေ့ကစပြီး ကျွန်တော်လွမ်းတယ်။
ချစ်မရှိတဲ့အခါ ရန်ကုန်နွေရာသီရဲ့ အပူချိန်ဟာ ထောင့်ငါးရာစင်တီဂရိတ်။
ရန်ကုန်တက္ကသိုလ်ဆိုတာဟာ ကန္တာရနဲ့တူတယ်။ ကံ့ကော်တော်က ဆူးရိုင်းပင်တွေလို။
ကျောင်းပြန်ဖွင့်မယ့်ရက်ကို စောင့်ရတာ မောလှပါပြီ။ ဟော ... ကြည့်စမ်း။
မကြားဘူးလား။

ဟုတ်တယ်၊ တက္ကသိုလ်ကျောင်းတွေ ပြန်ဖွင့်တော့မယ်။
ချစ်နဲ့ကျွန်တော် ပြန်တွေ့ရတော့မယ်။
တွေ့တဲ့အခါကျရင် ကျောင်းပိတ်ရက် လေးဆယ့်ကိုးရက်အတွက် လေးဆယ့်ကိုးခါ နမ်းမယ်။
ကျောင်းပိတ်ထားတုန်းက ဘယ်လောက်လွမ်းကြတယ်ဆိုတာ ပြောမယ်။
အို ... ဘယ်လောက်များ ပျော်စရာကောင်းလိုက်ပါသလဲကွယ်။

(၃)

တက္ကသိုလ်ကျောင်းတွေ ပြန်ဖွင့်တော့မယ် ဆိုပါလား။ ကျွန်မအလွန်ပျော်ပါသည်။ ဘာကြောင့်လဲဆိုတာ ကျွန်မ ပြောပြပါမည်။ ကျွန်မက တက္ကသိုလ်ကပေါ့။ ဆရာမတော့မဟုတ်ဘူး။ ကျောင်းသူလည်းမဟုတ်ဘူး။ ဈေးသည်ဖြစ်ပါသည်။ ဈေးသည်ဆိုလို့ ဆိုင်တွေဘာတွေနဲ့ ရောင်းတာမဟုတ်ပါဘူး။ စီးကရက်ရောင်းတယ်။
ကျွန်မရောင်းတဲ့နေရာက ဆိုင်းယင့်ဘီတင်လို့ခေါ်တဲ့ သိပ္ပံကျောင်းဆောင်မှာပေါ့။
ဒူးယားလိုက်ရောင်းတဲ့လူ ကျွန်မလိုပဲ လေးငါးယောက်ရှိသေးတယ်။ ဒါကြောင့် ကိုယ့်နေရာနဲ့ကိုယ်ရောင်းဖို့ သတ်မှတ်ထားရတယ်။ ကျောင်းသားရေးရာဌာနက စည်းကမ်းနဲ့ သတ်မှတ်ပေးထားတာတော့မဟုတ်။ ကျွန်မတို့အချင်းချင်း သဘောတူခွဲထားကြတာ။ တစ်ယောက်နေရာကို တစ်ယောက်က လုမရောင်းရဘူး။ ဒါတောင် ကောင်စုတ်တွေက ကျွန်မအလစ်မှာ ကျွန်မနေရာမှာ လာလာရောင်းကြသေးတယ်။ ဟုတ်တော့လည်း ဟုတ်သား။ ကျွန်မနေရာက ရောင်းကောင်းတာကိုး။ တကယ်တော့ သူကုသိုလ်နဲ့သူ ဖြစ်လာတာ။ သူတို့ ညစ်စုတ်လို့ သူတို့ခံရတာ။
ရောင်းဖို့နေရာရွေးကြတော့ သူတို့က အနိုင်ကျင့်ပြီး နေရာကောင်းတွေ ယူကြပါသည်။ ကျွန်မကိုကျတော့ သူတို့မလိုချင်တဲ့နေရာကို ပေးသည်။ ကျွန်မနေရာက ကျောင်းသူတွေ အနားယူတဲ့အခန်းကနေ မိန်းမအိမ်သာအထိ လမ်းတစ်လျှောက်။
ကဲလေ မိန်းကလေးတွေပဲ အနေများတဲ့နေရာမှာ ဒူးယားဘယ်လိုလုပ်ရောင်းမလဲ၊ ရောင်းမကောင်းမယ့်နေရာကို ကျွန်မကို ပေးလိုက်ကြတာလေ။
ဒါပေမယ့် သူတို့မသိလိုက်တဲ့အကြောင်းတစ်ခုရှိတယ်။ ကျောင်းသူတွေများတဲ့ နေရာမှာ ကျောင်းသားတွေလည်း များတာပဲဆိုတာပေါ့။ ဘာကြောင့်လဲဆိုတော့ ကျောင်းသားတွေက ကျောင်းသူတွေကို လာလာရစ်ကြတာကိုး။ ဒီတော့ ဒူးယားလေးတွေခဲပြီး စတိုင်ထုတ်ကြတယ်လေ။ တချို့အစ်ကိုကြီးတွေဆို တခြားနေရာတွေမှာ ဆေးပေါ့လိပ်ကြီးတွေပဲ သောက်ကြပေမယ့် ကျောင်းသူတွေအနားယူတဲ့ အခန်းနားရောက်ရင် ဒူးယားပဲသောက်ကြတယ်။ ဒါကြောင့် ကျွန်မနေရာက ရောင်းကောင်းပါတယ်။
ကျွန်မတို့ သွားမရောင်းရတဲ့နေရာလည်း ရှိပါသေးတယ်။ ကျောင်းလခတွေ ဘာတွေပေးတဲ့ နေရာနားမှာ မရောင်းရဘူး။ အဲဒီလူကြီးက မောင်းထုတ်တက်တယ်။ ပြီးတော့ ဖန်ဘူး၊ ဖန်ခွက်တွေရှိတဲ့ အခန်းကြီးတွေနားမှာ မရောင်းရပါ။ အဲဒီနားက လူကြီးက "သွား ... သွား လက်တွေ့ခန်းနားမှာ လာမရောင်းနဲ့၊ အကုန်မီးလောင်ပေါက်ကွဲကုန်လိမ့်မယ်" တဲ့။ ဒါပေမယ့် ကျောင်းသားတွေကတော့ အဲဒီအခန်းကြီးတွေနားမှာ ဆေးလိပ်တဖွားဖွားနဲ့ လျှောက်သွားနေကြတာပါပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ တစ်နေ့ကို အနည်းဆုံး ဒူးယားနစ်ဘူးလောက်တော့ အသာလေးကုန်တယ်။ ကျွန်မအတွက် ငါးကျပ် ခြောက်ကျပ်လောက် ကျန်တယ်။ ပြီးတော့ ကျောင်းထဲမှာရောင်းရတာ ပျော်စရာလည်း ကောင်းတယ်။ တစ်ခါတစ်လေ ကျောင်းသား အစ်ကိုကြီးတွေက ကျွန်မကို စကြပါသည်။ ဒူးယား တစ်ယောက်တစ်လိပ်စီ ယူသောက်ပြီး၊ ဟင် ... နင့်ဒူးယားက လတ်လည်မလတ်ဘူးဆိုပြီး ပိုက်ဆံမပေးဘဲထွက်သွားတယ်။ ကျွန်မက အတင်းလိုက်တောင်းတော့ ထွက်ပြေးကြတယ်။ ကျွန်မ ထိုင်ငိုတော့မှ သူတို့က ရယ်ပြီး ပိုက်ဆံပေးတယ်။ ပိုတဲ့ ပိုက်ဆံကိုလည်း ပြန်မအမ်းခိုင်းတော့ဘဲ ကျွန်မကို မုန့်ဖိုးဆိုပြီး ပေးတယ်။ သူတို့စတယ်ဆိုတာ ကျွန်မသိသားပဲ။ တမင်တကာ သူတို့ကျေနပ်အောင် ငိုပြရတာလေ။ အဖေက ကျောင်းမှာ သန့်ရှင်းရေးအလုပ်သမား ဖြစ်ပါသည်။ အဖေ့လခနဲ့ ဘယ်လောက်ပါမလဲ။ ကျွန်မအောက်မှာ မောင်လေးတစ်ယောက်နဲ့ ညီမလေးနှစ်ယောက် ရှိတယ်။ မောင်လေးက ခြောက်နှစ်ရှိပြီ။ ကျောင်းမနေရသေးဘူး။ ရှေ့နှစ်ကျမှ ထားနိုင်မယ်လို့ အမေကပြောတာပဲ။ ကျွန်မကတော့ သုံးတန်းအထိ ကျောင်းနေရလို့ တော်သေးတာပေါ့။ အမေက ပုလင်းဆိုင်မှာ ပုလင်းတွေဆေးတဲ့အလုပ်လုပ်တယ်။ ဒါနဲ့တောင် မလောက်သေးလို့ ကျွန်မကပါ တစ်ဖက်က ပိုက်ဆံ ရှာနေရတာပါပဲ။ အမေက ကျွန်မကို တစ်နေ့ မုန့်ဖိုး သုံးဆယ့်ငါးပြားပေးတယ်။ငှက်ပျောသီးတစ်လုံး၊ ဒါမှမဟုတ် ဗယာကြော်တစ်ခု ဝယ်စားလို့ရတာပေါ့။ ဒါပေမယ့် ကျွန်မ ဝယ်မစားဘူး၊ အဲဒီပိုက်ဆံကိုစုတယ်။ ဆာတာတော့ ဆာတာပေါ့။ ဒီလိုပဲ ရေအဝသောက်ပြီး နေရတယ်။ သိပ်အရမ်းဆာလာပြီဆိုရင်တော့ အာလူးကြော်သည်ကြီးဆီသွားပြီး "မာမူကြီးရယ်၊ ဆလံပေးပါတယ်။ အာလူးကြော် ဆယ်ပြားဖိုး ရောင်းပါ" လို့ သွားပြောတာပေါ့။ အာလူးကြော်က တစ်ကျပ်ဖိုးမှ ရောင်းတာလေ။ ဒါပေမယ့် မာမူကြီးက သနားလို့ ကျွန်မကိုဆိုရင် ဆယ်ပြားဖိုးရောင်းတယ်။ နည်းနည်းလေးပဲပေါ့။ ကျွန်မ ဘာကြောင့် ပိုက်ဆံစုရသလဲဆိုတော့

အကျီလေးတစ်ထည်ချုပ်ချင်လို့။ ကျွန်မမှာ အကျီလေးနှစ်ထည်ကို တစ်လှည့်စီ ဝတ်နေလိုက်တာ ခုဆိုရင် စုတ်ပြတ်ပြီး အရောင်တွေတောင် လွင့်နေပြီ။ လှည်းတန်းဈေးမှာ ပလိပ်တက်ထရွန်ပွင့်ရိုက်ကလေးတွေ တစ်ကိုက်မှ ၁၆ ကျပ်ရယ်။ တစ်ထောင့်ထွာဆိုရင် အကျီတစ်ထည် ကောင်းကောင်းရတယ်။ ခု ကျွန်မ စုထားတာ ရှစ်ကျပ်နဲ့ပြားလေးဆယ်တောင်ရနေပြီ သိလား။ အဲဒီလိုအချိန်ကျမှ ကျောင်းကပိတ်တာ။ သိပ်နာတာပဲ။ ကျောင်းထဲမှာ ဒူးယားမရောင်းရတော့ဘူး။ မြေနီကုန်းက ရုပ်ရှင်ရုံရှေ့မှာ သွားရောင်းရပါတယ်။ အဲဒီကလူတွေက ကျောင်းသားတွေလောက် စီးကရက်မသောက်ကြပါ။ အလကားလူတွေ။ ပြီးတော့ အဲဒီမှာက ကျွန်မလို ဒူးယားရောင်းတဲ့လူတွေ အများကြီး။ ပြီးတော့ အဲဒီကောင်တွေက ကျွန်မကို နောက်မှရောက်လာပြီး သူတို့နေရာမှာ ဝင်လုရကောင်းမလားဆိုပြီး ရန်လုပ်ချင်ကြသေးတယ်။ ရောင်းမကောင်းဘူး။ တစ်နေ့ သုံးကျပ်လောက်ကျန်အောင် မနည်း လိုက်ရောင်းနေရတယ်။ ပိုက်ဆံ သိပ်မဝင်တော့လို့ အမေကလည်း ကျွန်မကို မုန့်ဖိုးမပေးတော့ဘူး။ ပိုက်ဆံ မစုနိုင်တော့ စိတ်ညစ်ရတဲ့အထဲ ဟိုဘက်ခန်းက မိတုတ်က တစ်မျောင့်။ ကြည့်မြင်တိုင်ညဈေးက ဝယ်လာတဲ့ ဆယ့်နှစ်ကျပ်တန် လေဘေးအကျီကိုဝတ်ပြီး လာလာကြွားနေတယ်။ အဲဒီအကျီကို မလျှော်ဘဲဝတ်နေတာ ငါးရက်ရှိပြီ။ ဟ … ကြွားနှင့်ဦးပေါ့မိတုတ်ရယ်။ ကျောင်းတွေပြန်ဖွင့်လို့ ဒူးယားရောင်းကောင်းရင် မုန့်ဖိုးပြန်ရမှာပါ။ ပိုက်ဆံပြန်စုနိုင်မှာပါ။ အဲဒီအခါကျမှ တက်ထရွန်အကျီကို လက်ဖောင်းလေး ချုပ်ဝတ်ပြီး သူတို့အိမ်ရှေ့မှာ ဆယ်ခါလောက် ဖြတ်လျှောက်ပြလိုက်မယ် သိလား။

(မိုးဝေ ၊ စက်တင်ဘာ ၊ ၁၉၈၅)

## ငါလည်းမသိဘူးကွာ

မေမေဆိုတာ ဘာလဲလို့ ငါ သိပ်သိချင်တာပဲကွာ။ ဟိုအရင်တုန်းကတော့ မေမေဆိုတာ ဖေဖေနဲ့ တူတူပဲလို့ထင်တယ်။ ဒါပေမယ့် တူတူပဲမဟုတ်ဘူးတဲ့။ မေမေဆိုတာ သတ်သတ်တစ်ယောက်ရှိသေးတယ်။ မူယာစိုးတို့၊ သူဇာစိုးတို့ဆီမှာဆိုရင် ဖေဖေကတစ်ယောက် မေမေကတစ်ယောက်ရှိတာပဲ။ ငါ့ဆီမှာကျတော့ ဖေဖေပဲရှိတယ်။ မေမေဆိုတာ မရှိဘူး။

မူယာစိုးကပြောတယ်။ သူတို့ကိုမွေးတာ သူတို့မေမေက မွေးတာတဲ့။ ငါ့ကျတော့ ဘယ်သူက မွေးတာလဲ။ ငါတို့ဖေဖေကို မေးကြည့်တော့ သားကို ဖေဖေက မွေးတာပေါ့တဲ့။ ဟုတ်ပြီကွ၊ ငါသိပြီ။

သူတို့က ကောင်မလေးတွေမို့လို့ သူတို့မေမေက မွေးတာပေါ့။ ငါကတော့ ကောင်လေးမို့ ငါတို့ဖေဖေက မွေးတာပေါ့။ ဟင် … ဟုတ်သေးပါဘူး။ ဖိုးထောင်ကလည်း သူ့မေမေက သူ့ကိုမွေးတာလို့ ပြောတာပဲ။ ငါ့ကျမှ ဖေဖေက ဘာလို့မွေးရတာတဲ့လဲ။ တချို့ကောင်တွေဆို ဖေဖေမွေးပြီး တချို့ဆိုရင် မေမေက မွေးတာလား။ မသိပါဘူးကွာ။

မေမေရှိတယ်ဆိုတာ သိပ်ကောင်းတယ်ကွ၊ ဘာသိလို့လဲ။ မူယာစိုးတို့ သူဇာစိုးတို့ မေမေဆိုရင်ကြည့်၊ သူတို့အိမ်မှာ ငါသွားကစားနေကျပဲ။ အန်တီလေးက မူယာစိုးတို့ကို သိပ်ချစ်တာပဲ။ မုန့်တွေဘာတွေ ကောင်းကောင်းကျွေးတယ်။ ရေချိုးပေးတယ်။ အကျီလည်း လဲပေးတယ်။ ထမင်းလည်း ခွံ့ကျွေးတယ်။ တစ်ခါတစ်လေ ငါလည်း သူတို့နဲ့တူတူထမင်းစားရတယ်။

အန်တီလေး ထမင်းခွံ့ကျွေးတာက ငါ့ဟာငါ ငါ့လက်နဲ့ ငါစားရတာထက် ပိုပြီး စားလို့ကောင်းတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူးကွာ။

ဖိုးထောင်တို့ မေမေကလည်း ဒီလိုပဲ။ ဖိုးထောင်က ငါ့ကို ပြောတယ်။ နွေတွင်းကျရင် မိတ်ဖုတွေ ပေါက်ပါလေရောလား။ အဲဒီအခါကျရင် သူတို့မေမေက သနပ်ခါးလိမ်းပေးတယ်တဲ့။

နောက်ပြီးကျတော့ ယပ်ခတ်ပေးတယ်တဲ့။ ကျောကုန်းက မိတ်ဖုလေးတွေကို ကုတ်ပေးတာ သိပ်ဇိမ်ကျတာပဲတဲ့။ ငါလည်း ငါတို့ဖေဖေကို ကုတ်ခိုင်းဖူးတာပဲ။

ဒါပေမယ့် ငါတို့ဖေဖေ ကုတ်ပေးတာက ဇိမ်မကျတဲ့အပြင် စပ်တောင်စပ်သေးတယ်။ တအားကြီး နင်းကန်ကုတ်တာကိုးကွ။ ဖိုးထောင်တို့ မေမေက တစ်ခါတစ်ခါကျ ဖိုးထောင်ကို ရိုက်တယ်။ ဒီကောင်က အားကြီးဆိုးတယ်။ သူ့မေမေကရိုက်ရင် ကျောကော့ပြီး အော်ငိုရတယ်။ ငါလည်းဆိုးတာပဲ။ ငါတို့ဖေဖေကတော့ ငါ့ကို မရိုက်ပါဘူး။ ငါ့မှာ မေမေရှိရင်တော့ ရိုက်ချင်ရိုက်မှာပဲ။ ဒါပေမယ့် ငါတော့ မကြောက်ပါဘူး။

မေမေက ရိုက်တဲ့အခါကြောက်ပါပြီ မေမေရဲ့ နောက်မလုပ်တော့ပါဘူးလို့ အော်ငိုရင် ဘယ်လောက်ပျော်စရာ ကောင်းသလဲ။ ခုတော့ ငါ့မှာ မေမေမရှိတာ သိပ်နာတာပဲ။

အေးကွာ၊ ငါက ဒီလိုပဲ၊ ငါလို့ပဲ ပြောတက်တာပဲ။ ငါတို့ ဖေဖေကလည်း မဆူပါဘူး။ ဘွားဘွားကြီးကတော့ ငါ ဒီလိုပြောတာ မကြိုက်ဘူး။ လူကြီးတွေကိုလည်း ငါငါနဲ့ မပြောရဘူး။ ငရဲကြီးတက်တယ်လို့ ပြောတယ်။ ငါကတော့ ဒီလိုပဲပြောတက်တယ်။ ငါ ငယ်ငယ်လေးတုန်းက စကားမပီလို့ နာနာနဲ့ပြောတာကို ပီအောင် တအားလုပ်ထားရတာ။ ငါတို့ဖေဖေရုံးကို ငါလိုက်သွားတယ်။ အဲဒီက ဦးဦးတွေ အန်တီတွေက သိပ်ကောင်းတာပဲ။ ငါ့ကို မုန့်တွေဘာတွေ ဝယ်ကျွေးတယ်။ အဲဒီမှာ အန်တီလှလှလေးတွေလည်းရှိတယ်။ ဦးဦးတစ်ယောက်က ငါ့ကို မင်းနာမည် ဘယ်လိုခေါ်လဲကွလို့ မေးတယ်။ ငါက ငါ့နာမည် တိုင်းကျော်မိုးကွလို့ ပြောတော့၊ ဟာ တယ်ဆော်ပါလား။ ငါတို့ဖေဖေက ဒီကောင်က ဒီလိုပဲဗျာ။ စကားတက်ခါစကတည်းက မင်းနဲ့ငါနဲ့ပြောလာတာ အကျင့်ပါနေပြီလို့ပြောတယ်။

အန်တီဝဝကြီးတစ်ယောက်က "ဟော့ … မင်းနာမည် ဘယ်သူလဲကွ၊ တိုင်းလုံးကျော်တဲ့လား"

ငါက "ဘယ်ကလာ တိုင်းလုံးကျော်ရမှာလဲ၊ တိုင်းကျော်မိုးပါကွ။ လူကြီးဖြစ်ပြီးတော့ ခုနပြောထားတာ မမှတ်မိဘူးလား" ဆိုတော့ ဝိုင်းရယ်ကြတယ်။

နောက် အန်တီတစ်ယောက်က လာစမ်းပါဦး သားရဲ့၊ အန်တီတစ်ခု မေးပါရစေဦး။ လာပြန်ပြီတစ်ယောက်လို့ ငါပြောတယ်။ အန်တီက ကောင်းကောင်းမေးမလို့ပါ။ ဒါဆိုမေးကွာ၊ သားမှာ မေမေရှိလားလို့မေးတယ်။ ငါက မရှိဘူးလို့ပြောတော့ မေမေတစ်ယောက်လောက် မလိုချင်ဘူးလားတဲ့။

ဟာ … လိုချင်တာပေါ့ကွာလို့ပြောတော့ အေးအေး ရမယ် ရမယ်တဲ့။ ငါက တကယ်လားလို့မေးတယ်။ တကယ်ပေါ့၊ မယုံရင် သားတို့အဖေကို မေးကြည့်ပါလား။ ငါတို့ဖေဖေကိုမော့ကြည့်တယ်။ ငါတို့ဖေဖေက ရယ်ပြီး ခင်ဗျားတို့ကလည်းဗျာ ဒါပဲပြောနေကြတာပဲလို့ ပြောတယ်။

ငါတို့ဖေဖေ ရုံးသွားတဲ့အခါကျရင် မူယာစိုးတို့အိမ်မှာဖြစ်ဖြစ် ဖိုးထောင်တို့အိမ်ဖြစ်ဖြစ် သွားနေရတယ်။ ငါတို့ကစားကြတယ်။ ကစားရင်းနဲ့ ရန်ဖြစ်ကြတယ်။

မူယာစိုးတို့ သူတို့မေမေနဲ့ သွားသွားတိုင်တယ်။ အန်တီလေးကတော့ မဆူပါဘူး။ ကောင်းကောင်းကစားကြလို့ပဲ ပြောတယ်။ ငါကတော့ ဘာပဲဖြစ်ဖြစ် ငါတို့ဖေဖေကို ဘယ်တော့မှ ပြန်မတိုင်ဘူး။ ဖေဖေဆိုတာ မတိုင်ရဘူး။ မေမေဆိုမှ တိုင်ရတာလို့ ထင်တယ်။

ဟိုနေ့က ဖိုးထောင်ကပြောတယ်။ သူတို့မှာ မေမေရှိပြီးတော့ ငါ့မှာကျတော့ ဘာလို့မရှိတာလဲတဲ့။ ငါက မရှိလို့ မရှိတာပေါ့ကွ။ မရှိဘဲနဲ့ မင်းကို ဘယ်သူက မွေးတာလဲတဲ့။

ငါတို့ဖေဖေက မွေးတာပေါ့ကွ၊ ဟားဟား။ ဖေဖေက မွေးလို့မရဘူးကွ။ မေမေကသာ မွေးလို့ရတာ။ မင်း ဘာမှလည်းမသိဘဲနဲ့ အားလုံးမှာ မေမေရှိတာပဲ။

မူယာတို့ သူဇာတို့မှာလည်းရှိတယ်။ ငါတို့အိမ်မှာဆိုကြည့်၊ ဘုမကပဲ အမြဲတမ်း ခွေးလေးတွေ မွေးတယ်မဟုတ်လား။ ကျားမောင်ကြီးက ဘယ်မှာမွေးလို့လဲ၊ မူယာတို့အိမ်က ပူစီမကြီးကော ကဲ...။

အေးကွာ၊ ဟုတ်သားပဲ။ ငါ့ကျမှ ဘာဘယ်လိုဖြစ်တာလဲ မသိပါဘူးကွာ။

မူယာက နင့်မှာလည်း အရင်တုန်းက မေမေရှိပါတယ်ဟလို့ ပြောတယ်။ ငါက "ဘာ ငါ့မှာ အရင်က မေမေရှိတယ် ဟုတ်လား။ သွားစမ်းပါ၊ ငါ့ဟာငါတောင်မသိဘဲနဲ့ နင်က သိမှာလား" လို့ပြောတော့ ..."ငါသိတာပေါ့ဟ။ ငါတို့မေမေက ပြောတယ်"

"ဘာ ... အန်တီလေးကပြောတယ်။ ဘာပြောလို့လဲ" " မေမေကပြောတယ်။ နင့်မှာ အရင်က မေမေရှိတယ်တဲ့။ နောက်တော့ သေသွားလို့မရှိတော့တာတဲ့"

"သေသွားလို့၊ သေတယ်ဆိုတာ ဘာလဲ။ သြော် ... သိပြီ၊ ဟိုတစ်ခါက ဖိုးထောင်ဘွားဘွားဖြစ်သလိုမျိုး ဖြစ်သွားတာပေါ့။ ဒါဆို ငါတို့မေမေက အဘွားကြီးမို့လို့ သေသွားတာလား"

အဲဒီအကြောင်း အန်တီလေးကို မေးကြည့်တော့ ဟယ်... ဒီမူယာဆိုတဲ့ ကောင်မလေး ပေါက်ကရတွေ လျှောက်ပြောတာပါ။ ကဲ ...ကဲ လာကြ လာကြ၊ အန်တီလေး သာကူကျိုထားတယ်လို့ ပြောတယ်။ ငါတို့ဖေဖေကို မေးကြည့်တယ်။ "ငါ့မှာ အရင်က မေမေရှိတယ်ဆို" လို့။ ငါတို့ဖေဖေက ဟေ ... သားကို ဘယ်သူပြောလဲ။ ငါက အန်တီလေးပြောတယ်ဆိုတော့ ဟာ ...ခက်တာပဲ ဆိုပြီး ငါ့ကိုအကြာကြီး ကြည့်နေတယ်။

မေမေက သေသွားတာဆိုလို့ ငါက မေးတယ်။ ငါတို့ဖေဖေက ဟိုဘက်ကို လှည့်သွားတယ်။ ငါက ဟုတ်လားဖေဖေလို့ မေးတော့မှ "ဟုတ်တယ်သား၊ အန်တီလေးပြောတာ မှန်တယ်" လို့ ပြန်ပြောတယ်။

ဟင် ...ငါ့မှာ မေမေရှိတယ်တဲ့၊ ရှိတယ်တဲ့။ ငါက ငါတို့ဖေဖေရဲ့လက်မောင်းကို ကိုင်ပြီး "ဒါဆို ဒါဆို မေမေက ငါ့ကိုမွေးတာပေါ့နော်" ဖေဖေက ခေါင်းညိတ်ပြတယ်။ "မေမေက သေသွားတာဆိုတော့ ပြန်မလာတော့ဘူးလားဟင် ဖေဖေ" ငါတို့ဖေဖေက အကြာကြီးကြာအောင် ဘာမှမပြောဘူး။

ငါကတော့ မေမေပြန်လာမှာလား၊ မလာဘူးလားဆိုတာ သိပ်သိချင်တယ်။ ငါတို့ဖေဖေက ဟင်း... ဆိုလုပ်ပြီး လာချင်လည်း လာမှာပေါ့ကွာလို့ ပြောတယ်။

မေမေပြန်လာရင် သိပ်ကောင်းမှာပဲနော်၊ ငါတို့ဖေဖေ ခေါင်းညိတ်ပြတယ်။ ငါက "မေမေက အဘွားကြီးမို့လို့ သေသွားတာလားဟင်" ဆိုတော့ ငါတို့ဖေဖေက ငါ့ကို တအားဖက်ထားလိုက်ပြီးတော့ "သားမေမေက အဘွားကြီးမဟုတ်ဘူး၊ သိပ်လှတယ်" လို့ပြောတယ်။ ငါက ငါတို့ဖေဖေကို ပြန်ဖက်ထားလိုက်တယ်။ မေမေက သိပ်လှတယ်တဲ့။ ဒါဆို လာခဲ့ပါလား။ ဘာလို့မလာသေးတာလဲ။ ငါ့ကို မချစ်လို့လား။ မဟုတ်ပါဘူး။ ငါတို့ဖေဖေက သွားခေါ်လာခဲ့မယ်ဆိုလည်းရတာပဲ။ မူယာကတော့ ပြောတယ်။

ညည ဘုရားရှိခိုးရင် ပြန်လာချင်လာမှာပေါ့တဲ့။ ငါလည်း ညတိုင်း ညတိုင်း ဘုရားရှိခိုးတယ်။ မေမေ၊ မေမေရေ လာခဲ့ပါလို့ ဘုရားရှိခိုးတိုင်း ငါပြောတယ်။

မေမေကတော့ မလာသေးဘူး၊ ဘွားဘွားကြီးပဲလာတယ်။ ငါ့ကို လာခေါ်တာ။ ငါတို့ဖေဖေကပြောတယ်။ ဘွားဘွားကြီးနဲ့ ခဏသွားနေတဲ့။ ဖေဖေ အလုပ်ကိစ္စနဲ့ ခရီးသွားစရာရှိလို့တဲ့။

ဘွားဘွားကြီးက ငါ့ကိုချစ်ပါတယ်။ ငါကလည်း ဘွားဘွားကိုချစ်ပါတယ်။ ဒါပေမယ့် ဘွားဘွားကြီးနဲ့နေရတာ သိပ်မပျော်ဘူး။ တကယ်ဆိုရင် ဘွားဘွားကြီးနဲ့ နေရတာ ပိုပြီးတော့တောင်မှ စားသာသေးတယ်။ မနက်ဆို ငါ အိပ်ရာကနိုးတာနဲ့ အိုဗာတင်းနဲ့ မုန့်နဲ့ စားရတယ်။ မုန့်တွေကလည်း အများကြီးပဲ။ ဘီစကွတ်ရော၊ ပေါင်မုန့်ရော၊ ပူတင်းလည်း ကျွေးတယ်။ ထမင်းဆိုလည်း ငါစားချင်တဲ့ဟင်းကို ကောင်းကောင်းလေးချက်ကျွေးတယ်။

ငှက်ပျောသီးတို့၊ လိမ္မော်သီးတို့၊ ပန်းသီးတို့လည်း စားရတယ်။ ချောကလက်လည်း စားရတယ်။ ကစားစရာတွေလည်း အများကြီး ဝယ်ပေးတယ်။

ငါတို့ဖေဖေနဲ့တုန်းက မနက် မနက်ဆို ငါတို့ဖေဖေနိုးမှ ဦးမန်းကြီးတို့ဆိုင်မှာ လက်ဖက်ရည်နဲ့ မုန့်နဲ့ သွားစားရတယ်။ ထမင်းဆိုလည်း အန်တီလေးတို့အိမ်မှာ စားရတယ်။ ညနေ ငါတို့ ဖေဖေပြန်လာမှ တူတူစားရတယ်။ ဒါပေမယ့် ငါတို့ဖေဖေနဲ့နေရတာပဲ ပျော်ပါတယ်ကွာ။

ဘွားဘွားကြီးဆိုရင် ငါ့ကို အမြဲပဲလိုက်ကြည့်နေတာပဲ။ အီးအီးပါရင်တောင်မှ အပြင်ကနေ လာစောင့်ပြီး သားလေး ကောင်းကောင်းပါနော်လို့ ခဏခဏပဲ ပြောနေတာပဲ။ နောက်ပြီးတော့ ငါက ငါလို့ပြောတာကို ဘွားဘွားကြီးက မကြိုက်ဘူး။ ကျွန်တော်လို့ ပြောချင်ပြော၊ သားလို့ပြောချင်ပြော ဆိုတာပဲ အမြဲပြောနေတယ်။ ငါကလည်း မပြောတက်ဘူး။

ဧည့်သည်တွေဘာတွေလာရင် မိတဆိုလေးမို့ ဂရုစိုက်ရတယ်ကွယ်လို့ ပြောတယ်။ မိတဆိုးဆိုတဲ့ နာမည်ကိုတော့ ငါ အရမ်းကြိုက်တယ်ကွာ။ ဘွားဘွားကြီးဝယ်ပေးတဲ့ စစ်ဗိုလ်ကြီးဦးထုပ်ကို ဆောင်းပြီး မြင်းရုပ်ကလေးစီးပြီးတော့ လာပြီနော်၊ မိတဆိုးတဲ့ကွ၊ ဒန့်တန့်တန့်ဆိုပြီး ကစားရတာ သိပ်ပျော်တယ်။ အဲဒီအခါကျရင် ဘွားဘွားကြီးက သားလေးရယ်ဆိုပြီး မျက်ရည်တွေကျလာရော။ ကလေးမဟုတ်လည်းမဟုတ်ဘဲနဲ့ ဘွားဘွားကြီးက ငိုတာ ဘာလို့လဲမသိဘူး။ နောက်တော့ကတော့ ငါတို့ဖေဖေက ငါ့ကို လာပြန်ခေါ်တယ်။ ငါတို့ဖေဖေကပြောတယ်။ သား ကျောင်းနေရတော့မယ်တဲ့။ မူကြိုကျောင်းမှာ ဖေဖေပြောထားပြီးပြီတဲ့။ နောက်ပြီးတော့လည်း အိမ်မှာ သားမေမေရောက်နေတယ်တဲ့ကွ။ ဟင် ... ဟုတ်လား၊ မေမေရောက်နေပြီ။ ငါ သိပ်ပျော်တာပဲ။ မေမေက ငါ့ကို ထမင်းခွံ့ကျွေးမှာပဲ။ ဒါဆို အသားတွေအများကြီးစားရမယ်။ အန်တီလေး ခွံ့ကျွေးရင် အသားနည်းနည်းပဲ စားရတယ်။ မေမေက ငါ့ကို ရေချိုးပေးမယ်၊ ချေးတွန်းပေးမယ်။ ညကျရင် မေမေ့ကို ဖက်ပြီး အိပ်မယ်။ ငါဆိုးလို့ မေမေကရိုက်ရင် ငါငိုမယ်ကွာ၊ ဇိမ်ပဲ။ အဲဒါ သားရဲ့မေမေပဲလို့ ငါတို့ဖေဖေက ပြောတယ်။ ဟင် ... မေမေဆိုတာ တခြားလူမှမဟုတ်ဘဲ။ ဟိုတစ်ခါ ငါတို့ဖေဖေရုံးကို လိုက်သွားတုန်းက ငါ့ကို မုန့်တွေဝယ်ကျွေးတဲ့ အန်တီပဲ။ အဲဒါက ခုတော့ မေမေတဲ့။ မေမေဆိုရင်လည်း ဟိုတုန်းကတည်းက လာပါလား။ မေမေက သိပ်လှတယ်လို့ ဟိုတစ်ခါက ငါတို့ပြောဖူးတယ်။ ဟုတ်တယ်။ ဒီမေမေက သိပ်လှတာပဲ။ တခြားလူတွေရဲ့ မေမေတွေလို ဝဝကြီးတွေ ပိန်ပိန်ကြီးတွေ မဟုတ်ဘူး။ အဲဒီမေမေက ငါ့ကိုရယ်ပြတယ်။ ဒီနားလာပါဦးကလေးရဲ့လို့ ပြောတယ်။ ငါတို့ဖေဖေက သွားလိုက်လေ သားတဲ့။ ငါ အဲဒီမေမေနားကိုသွားတယ်။ အဲဒီမေမေက ငါ့ဆံပင်တွေကို ကိုင်ကြည့်တယ်။ "သား မေမေလို့ခေါ်လိုက်လေ" လို့ ငါတို့ဖေဖေက ပြောတယ်။ ငါ မခေါ်ရဲဘူးကွာ။ အဲဒီမေမေကတော့ ငါ့ကို ရယ်ပြီးတော့ပဲ ကြည့်နေတယ်။ မေမေဆိုရင် ငါ့ကိုရိုက်မှာလားလို့ပြောတော့ "အို ... ဘာဖြစ်လို့ ရိုက်ရမှာလဲ သားရယ်" ဆိုပြီး ငါ့ကို တအားဖက်ထားလိုက်တယ်။ ငါ ငိုချင်လာပြီကွာ။ ဒါပေမယ့် ငိုချင်တာလည်း မဟုတ်ပါဘူး။ ဘာမှန်းလည်းမသိဘူး။ "ဖေဖေ" လို့ ငါခေါ်လိုက်တယ်။ "ဘာလဲသား" ၊ "ဒီမေမေက ငါ့ကို မွေးတာလားဟင်" ။ ငါတို့ဖေဖေက ဘာမှမပြောဘူး။ ဟုတ်လားဟင် ဖေဖေလို့ မေးတော့မှ အဲဒီမေမေက အမှန်အတိုင်းပြောထားတာ ကောင်းမယ်ထင်တယ်လို့ ငါတို့ဖေဖေကို ပြောတယ်။

ငါတို့ဖေဖေက "ဒီမေမေက သားကို မွေးတာတော့မဟုတ်ဘူး။ ဒါပေမယ့် ဒါလည်း မေမေပဲသားရဲ့" တဲ့။ မေမေဆိုတာ နှစ်မျိုးရှိတယ်ဆိုတာ ခုမှပဲ ငါသိရတယ်ကွာ။ မမွေးပေမယ့်လည်း မေမေတော်လို့ရတယ်တဲ့။ အေးလေ ဘာပဲဖြစ်ဖြစ် မေမေဆိုရင်လည်း ပြီးတာပါပဲ။ မေမေမရှိတာထက်တော့ ဒါက ပိုကောင်းသေးတာပေါ့။ နောက်ပြီးကျတော့ နွေတွင်းလည်း ရောက်လာပြီလေ။ မိတ်ဖုတွေလည်း ပေါက်လာတော့မယ်။ ငါ့ကျောကုန်းကို ငါ့ဘာသာငါကုတ်လို့မရဘူး မဟုတ်လားကွာ။ အဲဒီမေမေကို ငါတအားပြန်ဖက်ထားလိုက်တယ်။

(ကလျာ ၊ စက်တင်ဘာ ၊ ၁၉၈၅)

ဆံပင်ညှပ်ဆိုင်ထဲသို့ ဝင်လာသောသူကို ဆံသဆရာက "ဆံပင်ညှပ်မလို့လား" ဟုမေးသည်။ ထိုသူက ခေါင်းညိတ်ပြပြီး ဆုံလည်ကုလားထိုင်ပေါ် ထိုင်သည်။ ဆံသဆရာက ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာကို ယူပေးသည်။ ထို့နောက် အဝတ်ဖြူစကို ကိုယ်ပေါ်မှာ လွှမ်းခြုံပေးသည်။

"ဘယ်လိုပုံစံညှပ်မလဲ"

"ခပ်ပါးပါး သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ဗျာ၊ နက်ဖြန် အင်တာဗျူးဝင်စရာရှိလို့"

ဆံသဆရာက ခေါင်းတစ်ချက်ဆတ်လိုက်သည်။ ဆံပင်ကို ဘီးဖြင့်ဖွပြီး ကတ်ကြေးဖြင့် စ၍ညှပ်သည်။ ညှပ်နေရင်းက လေထဲမှာ ကတ်ကြေးကို အလွတ်ကစားနေသည့် အသံတစ်ချက်ချက်သည် စည်းချက်ညီညီ ထွက်ပေါ်နေ၏။

ပြီးလျှင် ခွကတ်ကြေးဖြင့် ပါးသွားအောင် ညှပ်ပြန်သည်။ စွန်းထွက်နေသော ဆံပင်များ၊ ကော့လန် ကွေးကောက်နေသော ဆံစများကို ကတ်ကြေးထိပ်ချွန်ဖြင့် သပ်ရပ်ညီညာသွားအောင်တိသည်။

"ဒီအနေတော်ပြီလား" ဟု ဆံသဆရာက မေးသည်။ ရှေ့နောက်နှစ်ဖက်ညှပ်၍ တပ်ဆင်ထားသော မှန်များကြောင့် ရှေ့မှန်ထဲမှာပင် နောက်ဘက်မြင်ကွင်းပါ မြင်နေရ၏။

"ရပါပြီ"

ဆံသဆရာသည် ရေဆွတ်ထားသော ဝက်မှင်ဘီးကလေးဖြင့် ကုပ်သားတစ်လျှောက်၊ နားသယ်စပ်တစ်လျှောက် လိုက်သုတ်ပေးသည်။ သင်ဓုန်းခါးကို သားရေပြားပေါ်မှာ တရှိုရှိုမြည်အောင် ပွတ်သွေးသည်။ ပြီးတော့ ဒေါက်တိပေးသည်။ ဓါးဖြင့်ရိတ်ထားသော နေရာများကို ပေါင်ဒါတို့သည်။ မျက်နှာသုတ်ပဝါအသေးဖြင့် ဆံပင်များကို ပွတ်ခါပေးသည်။ ဆံပင်ကို သပ်ရပ်အောင် ဖြီးသင်ပေးသည်။

ထို့နောက် သူညှပ်ပေးထားသောခေါင်းကို ရှေ့နောက် ဝဲယာတို့မှရှုထောင့်အမျိုးမျိုးပြောင်းလျက် ကြည့်သည်။ သူ့ပုံစံမှာ သူကိုယ်တိုင်စိတ်ကြိုက် အနုစိတ်ထုလုပ်ထားသော ပန်းပုရုပ်တစ်ခုကို တစ်စိမ့်စိမ့်အရသာခံ၍ ကြည့်နေသလိုမျိုးပင်။

**(အချစ်ရေ ... ကိုယ်လည်းမင်းကို အရိပ်တကြည့်ကြည့်နဲ့နေခဲ့ပါတယ်နော်)**

ရွှေဂုန်ရုပ်ရှင်ရုံ၏ ပန်းဆိုးတန်းဘက် ဆင်ဝင်အောက်တွင် ဝက်သားတုတ်ထိုးသည်၊ ကြာဇံသုတ်သည်၊ ဆေးလိပ်သည်တို့ကြားတွင် ခွေးခြေကလေးနှင့် လူတစ်ယောက် ထိုင်နေသည်။ ထိုသူကား နားဖာကလော်ဆရာ ဖြစ်၏။ ခပ်ဝဝလူကြီးတစ်ယောက် ရောက်လာပြီး ခွေးခြေမှာ ဝင်ထိုင်သည်။ နားဖာကလော်ဆရာက သံဘူးကလေးထဲမှ ပစ္စည်းကိရိယာများကို ထုတ်သည်။ လူကြီး၏ နားထဲသို့ အုန်းဆီအနည်းငယ်ထည့်ပေးပြီးနောက် လုပ်ငန်း စလေသည်။ လူကြီးက ခေါင်းကလေးကိုစောင်းပြီး မျက်လုံးမှေးထားသည်။

နားဖာကလော်ဆရာသည် ကွန်ပျူတာတစ်ခုကို ပြုပြင်နေသူ တစ်ယောက်၏ မျက်နှာထားဖြင့် နားဖာကလော်ကိရိယာများကို သတိကြီးစွာ ကိုင်တွယ်ဆောင်ရွက် နေလေသည်။

**(အချစ်ရေ ... ကိုယ်လည်း မင်းကို အရမ်းဂရုစိုက်ခဲ့ပါတယ်နော်)**

လမ်းသုံးဆယ် မြေကွက်လပ်တစ်ခုတွင် လူတစ်ယောက်သည် ကုလားထိုင်တစ်လုံးပေါ်မှာထိုင်လျက် ခြေထောက်တစ်ဖက်ကို ခုံပုကလေးပေါ် ဟန်ပါပါတင်ထားသည်။ အခြားလူတစ်ယောက်က ထိုသူ၏ ခြေသည်းများကို လှီးပေးနေသည်။

"ဖြည်းဖြည်းလုပ်နော်၊ အသားကို လှီးမိဦးမယ်"

ထိုသူက ပြောသောအခါ ခြေသည်းလှီးဆရာက ...

"စိတ်ချပါ၊ ကျွန်တော် ဒီအလုပ်လုပ်နေတာ ငါးနှစ်ကျော်ပါပြီ။ ကျွန်တော့်လက်က တစ်ဆံခြည်မျှင်တောင် မလွဲပါဘူး" ဟု ပြန်ပြောသည်။ ခုံပုပေါ်တင်ထားသော ခြေထောက်သည် ခြေဆီတွေထွက်ပြီး ဖုန်တွေလည်းပေနေသဖြင့် မည်းညစ်ညစ်ဖြစ်နေ၏။

ခြေဖမိုးပေါ်ရှိ သည်းကြိုးရာတစ်လျှောက်မှာလည်း ချေးကြောင်းရာတွေ ထင်နေသည်။ သို့ရာတွင် ခြေသည်းလှီးဆရာကတော့ ထိုခြေထောက်ကြီးကို မိန်မလှလေးတစ်ယောက်၏ မျက်နှာကို အလှပြင်ပေးနေသကဲ့သို့ တယုတယ ကိုင်တွယ်လှုပ်ရှားနေသည်။

**(အချစ်ရေ ... ကိုယ်လည်း မင်းကို သိပ်ကြင်နာခဲ့ပါတယ်နော်)**

မဟာဗန္ဓုလပန်းခြံလမ်းထိပ်တွင် အိန္ဒိယအမျိုးသား ဖိနပ်ချုပ်ဆရာကလေးတစ်ဦး ရှိလေသည်။ သူသည် ခါလီးယားဇာတ်ကားထဲမှ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်းလျက် မိန်းမစီးဖိနပ် အဖြူကလေးတစ်ဖက်ကို ပြုပြင်နေ၏။

ပထမဦးစွာ ခေါင်မှပြုတ်ထွက်နေသော သည်းကြိုးကို အပေါက်ထဲပြန်ထည့်သည်။ နိုင်လွန်ကြိုးဖြင့်ချုပ်သည်။ အပ်ချက်တစ်ချက်က လွဲချော်ပြီး ခြေနင်းအဖြူပေါ်တွင် အခြစ်ရာကလေး နည်းနည်းထင်သွား၏။ သူသည် "ကျွတ်ကျွတ်" ဆို စုတ်သပ်လိုက်ပြီး ဒဏ်ရာတစ်ခုကဲ့သို့ အသာအယာပွတ်သပ်လိုက်သည်။ ခေါင်ချုပ်ပြီးသောအခါ ဖိနပ်ဦးပိုင်းက ဖတ်လတ်လန်နေသော "ဆိုး" ကို ကော်သုတ်သည်။ ကော်သွေ့သွားအောင် တဖူးဖူးမှုတ်သည်။ ထိုအခိုက်တွင် သီချင်းအညည်း ခဏရပ်၏။ သူ့ခေါင်းကတော့ စည်းလိုက်သလို တလှုပ်လှုပ်ဖြစ်နေတုန်း။ ကော်အနေတော်ဖြစ်သောအခါ ဖိကပ်ပြီး တူနှင့် ခပ်ဖွဖွထုသည်။ ထို့နောက် သံတုံးတစ်ခုဖြင့် ဖိထားလိုက်၏။

အတန်ကြာသောအခါ ဖိနပ်သည်းကြိုးကြားကို လက်ညှိုးနှင့် လက်ခလယ် လျှိုထည့်ပြီး မျက်စိနှင့် ရေပြင်ညီထား၍ ကြည့်သည်။ သူသည် ကျေနပ်စွာ ပြုံးလိုက်၏။ ဖိနပ်ကလေးကို ကိုင်တွယ်ကြည့်ရှုပုံမှာ ဘိုးဘွားလက်ထက်က ရရှိခဲ့သော အမွေပစ္စည်းတစ်ခုအတွက် နှစ်သိမ့်ဂုဏ်ယူနေသလိုမျိုး။

**(အချစ်ရေ ... ကိုယ်လည်း မင်းကို အမြတ်တနိုး တန်ဖိုးထားခဲ့ပါတယ်နော်)**

"ဖရဲသီးစိတ် ချိုချိုလေး"

မိန်းကလေးသည် ကြွေရည်သုတ် ဗန်းကလေးကို ခေါင်းပေါ်ရွက်၍ တစာစာအော်ရင်း လျှောက်သွားသည်။ အတော်ဝေးဝေး လျှောက်ပြီးမှသာ တစ်စိတ်နှစ်စိတ် ရောင်းရ၏။ နီရဲသော ဖရဲသီးစိတ်များပေါ်တွင် ရေဆွတ်ထားသော အဝတ်စကိုအုပ်ထားသဖြင့် အပူဒဏ်ကိုမခံရဘဲ လန်းဆန်းနေသည်။ သူမျက်နှာကတော့ နေရောင်ကို တိုက်ရိုက်အထိခံရ၏။ မျက်နှာပေါ်မှာ ချွေးစီးကြောင်းအသွယ်သွယ်။ အိမ်ကထွက်ခါနီး လိမ်းလာခဲ့သော သနပ်ခါးမှာ နားရွက်ကြားမှာ သဲလွန်စလောက်သာ ကျန်တော့သည်။ သူသည် လမ်းဘေးအုတ်ခုံတစ်ခုမှာ ခဏထိုင်နားသည်။ ဗန်းထဲမှာရှိသော အကြွေစများကို ရေတွက်ကြည့်သည်။ ပြီးတော့ ခါးကြားရှိဘော်လီအကျီအိတ်ထဲမှ ငွေစက္ကူအလိပ်လိုက်ကလေးကိုထုတ်သည်။ ငါးကျပ်တန် တစ်ရွက်နှင့် တစ်ကျပ်တန်များ။ ငွေစက္ကူကလေးများသည် ဟောင်းမြည့် နွမ်းနယ်နေသည်။ သို့ရာတွင် ထိုငွေစက္ကူများတွင် ရိုးသားမှုချွေးစက်များ စိမ့်ဝင်နေလေ၏။

**(အချစ်ရေ ... ကိုယ်ဟာဆင်းရဲပေမယ့် မင်းကို ရိုးသားသန့်ရှင်းတဲ့ မေတ္တာနဲ့ ချစ်ခဲ့ပါတယ်နော်)**

ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ပြီးနောက် မြင်းလှည်းဆရာသည် လှည်းပေါ်တက်လိုက်သည်။ ဇက်ကြိုးသားရေပြားဖြင့် မြင်း၏ တင်ပါးကို အသာပုတ်လိုက်ပြီး ...

"သမီးရေ၊ ရှန်းလိုက်စမ်းပါဦးကွယ်"

မြင်းမလေးက တုတ်တုတ်မျှမလှုပ်။

"ဟော ... လုပ်ပြန်ပြီ"

ဇက်ကြိုးကို ခတ်ဆတ်ဆတ် တစ်ချက်ဆွဲသည်။ မြင်းမသည် ခေါင်းကိုသာမော့သည်။ ခြေထောက်တွေက ကြွမလာချေ။

"ဩော် ... ဒီမြင်းဟာ ပေကတ်ကတ်နဲ့"

ကြာပွတ်လက်ကိုင်တုတ်အဖျားနှင့် မြင်းတင်ပါးကို တစ်ချက်နှစ်ချက်တို့သည်။ မြင်းက နှစ်လှမ်းသုံးလှမ်း လှမ်းပြီး တောင့်ခနဲရပ်လိုက်ပြန်၏။

မြင်းလှည်းဆရာ ဒေါသဖြစ်လေပြီ။

"တောက် ... ကမြင်းမ ဖွဲဆိုးဖောက်လာပြန်ပြီ။ ကောင်းကောင်းပြောလို့မရဘူး။ အသားနာမှ သခင့်စကား နားထောင်မယ်၊ ဟုတ်စ ... ကိုင်း"

မြင်းလှည်းဆရာက ကြာပွတ်ကိုဝင့်၍ ရွှမ်းခနဲ ရိုက်လိုက်သည်။ မြင်းမသည် တစ်ချက် တွန့်ခနဲ ဖြစ်သွားပြီးနောက် ကဆုန်ပေါက် ပြေးလေတော့သည်။

**(လွန်လေပြီးသော အချစ်ရေ၊ မင်း နဲ့ ငါချစ်နေခဲ့စဉ်က ကြာပွတ်ကိုမသုံးခဲ့မိတာ ငါ့ရဲ့မှဟာအမှားပေါ့)**

(ကလျာ၊ မေ၊ ၁၉၈၇)

## ယန္တရား

ဈေးကြီးသည် စည်ကားနေ၏။ ဈေးဝယ်ပြီး ပြန်ထွက်လာသောသူများ၊ ဈေးဝယ်ဖို့ ဝင်သွားသူများ၊ ဈေးဝယ်နေသူများဖြင့် အုတ်အုတ်ကျက်ကျက် ရှိသည်။ ဈေးသည်တို့၏ ဈေးခေါ်သံ၊ ဝယ်သူတို့၏ ဈေးဆစ်သံ၊ ငါးများကို ထုရိုက်သံ၊ ကြက်အရှင်တို့၏ အော်သံ၊ အလေးချိန်တွယ်သံ တို့ဖြင့် ဆူညံနေ၏။ သားစိမ်းနံ့၊ ငါးညှီနံ့၊ ဟင်းရွက်စိမ်းနံ့၊ မဆလာနံ့ လှိုင်ပျံ့လျက်ရှိသည်။ ဈေးဝယ်လာကြသူ အမျိုးသမီးအများစုမှာ သားနားသန့်ပြန့်သော အဝတ်အစားများ ဝတ်လာကြသည်။ လှလှပပ ပြင်ဆင်ထားကြသည်။ ပိုက်ဆံအိတ် အကောင်းစားကလေးများကိုကိုင်၍ ရှေ့မှလျှောက်သွားကြပြီး၊ မိန်းကလေးငယ် တစ်ယောက်စီက ခြင်းတောင်းကိုဆွဲ၍ နောက်မှလိုက်ကြရ၏။ ထိုမိန်းကလေးငယ်များသည်လည်း သားသားနားနားမဟုတ်သည့်တိုင် သန့်ပြန့်သော အဝတ်အစားများ ဝတ်ထားကြလေသည်။ ဈေးကြီး၏ ရှေ့ပလက်ဖောင်းတစ်လျှောက်တွင် မော်တော်ကားမျိုးစုံစီ၍ရပ်ထားကြသည်။ ကားသစ်၊ ကားလတ်၊ ကားစုတ် စသည်ဖြင့် ဈေးရှေ့တစ်နေရာရှိ သစ်ပင်ရိပ်အောက်တွင် ကားဒရိုင်ဘာတစ်စု ထိုင်၍ စကားပြောနေကြသည်။

အသက်ခပ်ကြီးကြီး ဒရိုင်ဘာတစ်ယောက်က ... "ငါတော့ မနက်ဖြန်ကစပြီး ကားအသစ်တစ်စီး မောင်းရတော့မယ်ဟေ့" ဟု စကားစသည်။ ခပ်ပိန်ပိန်ဒရိုင်ဘာက ... "ခင်ဗျားအဘိုးကြီးက လွန်လှချည်လားဗျာ၊ အခုစီးနေတဲ့ကား ဝယ်ထားတာတောင် တစ်နှစ်ကျော်ကျော်လောက် ရှိသေးတာ" ခပ်လှမ်းလှမ်းမှာ ရပ်ထားသော မစ်ဆူဘီရှိဂဲလင့်ကားကို ကြည့်ရင်း ပြောသည်။ "ငါတို့ဆရာကြီးအကြောင်းလည်း မင်းတို့သိသားပဲ။ ကားတစ်စီးကို ကြာကြာစီးတာမှမဟုတ်ဘဲ။ အသစ်တစ်မျိုးပေါ်လာတာနဲ့ ပြောင်းစီးတာပဲမဟုတ်လား။ ခုဟာကတော့ နောက်ဆုံးဝင်လာတဲ့ကားမို့လို့ မရရအောင်လိုက်ဝယ်ထားရတာ" "ဘာကားတဲ့လဲ" "ကားနာမည်က ခပ်ဆန်းဆန်းပဲ။ ဆရာကြီးကတော့ ပက်ဂျေ့လို့ပြောတယ်။ သားအကြီးကောင်က ပိုဂိုလို့ပြောတယ်။ သမီးငယ်က ပြင်သစ်စာတက်တဲ့ လူတစ်ယောက်ကို မေးကြည့်တော့ ပွေ့ဂျိုလို့ အသံထွက်တယ်ဆိုလား။ ငါကတော့ လွယ်လွယ်ကူကူ ပဂိုးလို့ပဲ မှတ်ထားလိုက်တာပဲဟေ့" ဝိုင်းရယ်ကြသည်။ တစ်ယောက်က ဝင်၍ပြောပြန်သည်။ "လူဆိုတာ တစ်ယောက်ဝါသနာတစ်မျိုးစီ ရှိကြတာကိုးဗျ။ ကျွန်တော်တို့ သူဌေးကျတော့ ဒီလိုဗျ။ ရှားရှားပါးပါးကားမျိုးမှ ကြိုက်တယ်။ ဒီကောင်ကြီးကြည့်ပါလား။" ဟု အနီးမှာ ရပ်ထားသော ကားပြားပြားကြီးကြီး ကြီးကို မေးငေါ့ပြ၍ အခြားတစ်ယောက် ... "ဆီတော့ တော်တော်စားမှာပဲ" "စားတာပေါ့ ၊ ရှစ်လုံးပဲဟာ။ တစ်ဂါလံကို ဆယ့်နှစ်မိုင်လောက်ပဲရတယ်" "မလွယ်ပါလား" "သူဌေးက ဓါတ်ဆီဖိုးလောက်ကို ဂရုစိုက်တာ မဟုတ်ဘူး။ ဒီကဓါတ်ဆီဈေးက နိုင်ငံခြားငွေနဲ့တွက်ရင် တစ်ဒေါ်လာရဲ့ တစ်ဝက်တောင်မရှိဘူးပဲ။ တခြားနိုင်ငံတွေမှာ ဓါတ်ဆီက ဆိုင်ကပေးတဲ့ ဈေးတောင် ဒီက အပြင်ဈေးထက် ကြီးတယ်တဲ့" ပတ်ဗလစ်ကာကားကို မှီရပ်နေသော ဒရိုင်ဘာတစ်ယောက်ကလည်း ... "ကျုပ်ရဲ့ဘော့စ်ကတော့ အမေရိကန်ရောက်နေတဲ့ သူ့သားဆီကို ကားတစ်စီး တိုက်ရိုက်ပို့ပေးဖို့ မှာထားတယ်။ ကက်တလောက်တော့ ရောက်လာပြီ။ ဘော့စ်ပြောပုံအရတော့ တော်တော်ကောင်းတဲ့ကားပဲ။ အားလုံး အော်တိုမစ်တစ်စစ်စတန်တဲ့ဗျ။ စက်နှိုးပြီး မောင်းထွက်ရုံပဲ။ ဂီယာထိုးစရာမလိုဘူး။ သူ့အလိုလို ချိန်းသွားတယ်။ မှန်အတင်အချလုပ်တာလည်း အော်တော်မစ်တစ်ပဲ။ ကားဘီးတွေ ဘာတွေပေါက်လို့ ချိုင့်ထောက်တာတောင် ခလုတ်နှိပ်လိုက်ရုံ ဘီးတွေက အလိုလိုကြွတက်လာတယ်ဆိုပဲ" "ကျွန်တော်ကတော့ ဂျပန်ကားကြီးပဲ ကြိုက်တယ်ဗျာ လှလည်း လှတယ်။ သွက်တယ်၊ စပယ်ယာလည်းပေါ၊ ဆီစားလည်းသက်သာတယ်" တစ်ချိန်လုံး ဘာမှမပြောဘဲ နားထောင်နေသော ဒရိုင်ဘာ တစ်ယောက်က ... "ဘာကားပဲဖြစ်ဖြစ်ပါဗျာ၊ ကားမှန်ရင် ကျွန်တော်တို့ရဲ့ ထမင်းအိုးပဲ မဟုတ်လား။ ရှိရှိသေသေနဲ့ မပျက်စီးအောင် မတိုက်ခိုက်အောင် မောင်းဖို့ပဲရှိတယ်" ဟု ဝင်ပြောလိုက်လေသည်။

*

ဈေးကွဲစပြုပြီ။ ဈေးဝယ်ကြသော အမျိုးသမီးကြီးငယ် ရှယ်လတ်တို့သည် ဝယ်လို့ခြမ်းလို့ ပြီးသလောက်ရှိပြီ။ ထိုအခါတွင် နောက်လိုက် မိန်းကလေးတို့ကို ခြင်းတောင်းများနှင့်အတူ ကားများရှိရာသို့ ပြန်လွှတ်လိုက်ကြပြီး သူတို့ကတော့ နှစ်သက်ရာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ် စားသောက်ဆိုင်များမှာ ထိုင်ကြလေသည်။ နောက်လိုက် မိန်းကလေးများလည်း ဈေးအပြင်သို့ ထွက်လာကြသည်။ ဈေးပေါက်ဝတွင် မိန်းကလေးငယ်သုံးယောက် ဆုံကြ၏။ ကားများရပ်ထားရာဘက်ကိုလျှောက်လာကြရင်း တစ်ယောက်က ...

"ဘာတွေဝယ်ခဲ့သလဲဟေ့"

ဟု မေးသည်။

"စုံနေတာပဲ။ ကြက်ရော၊ ပုစွန်ရော၊ ငါးမြင်းရော။ နင်ကော"

"ကျွန်မကတော့ ထုံးစံအတိုင်း ငါးဖယ်လိုက်ရှာရတာတစ်ခုပါပဲ။ ကံကောင်းလို့ ဒီဈေးမှာရလို့ပေါ့။ မရရင် ဈေးတကာလှည့်ပြီး မတွေ့တွေ့အောင် ရှာရမှာ။ အစ်ကိုလေးက ငါးဖယ်စားချင်တယ်ဆိုလို့။ အစ်ကိုလေးက သိပ်ဆိုးတာဟ။ သူစားချင်တာမပါရင် ဟင်းပန်းကန်တွေ အကုန်ရိုက်ခွဲပစ်မှာ"

"အဲဒီ အစ်ကိုလေးက ချောတော့ချောသားနော်"

"အံမယ်၊ ကောင်မ၊ တန်ရာတန်ရာပြော"

"ငါက ချောတယ်လို့ပဲပြောတာပါ။ နင်သာ သတိထားနေ၊ ရုပ်ကလေးက သနားကမားနဲ့၊ ဟိုက တစ်ခါတည်း ..."

"အို ... အစ်ကိုလေးက ဆိုးသာဆိုးတာပါ၊ မဟုတ်တာတော့ မလုပ်ပါဘူး"

ပြောပြီး အစွန်ဆုံးက မိန်းကလေး၏ ခြင်းတောင်းထဲသို့ လှမ်းကြည့်သည်။

"နင့်ခြင်းတောင်းက ချောင်လှချည်လား"

အမေးခံရသူက ...

"အေး၊ ဒီနေ့ အမဲသားနဲ့ ကြက်ဥပဲဝယ်တယ်"

"ဟင် ... နင်တို့ အိမ်က ဒီလောက်တောင် မွဲသွားပြီလား"

"ဟား ... ဟား၊ ငါတို့အိမ်က ဟင်းချက်စရာတွေ တစ်ပတ်စာ အပြည့်အစုံရှိပြီးသား။ အခုဟာက အိမ်က မြီးတိုကြီးအတွက် အမဲသားနဲ့ ကြက်ဥ ကုန်ခါနီးလို့ လာဝယ်တာ"

"ဟင် ... နင်တို့ကလည်း ဒီခွေးဘီလူးကြီးကိုများ ဂရုစိုက်နေလိုက်ရတာ။ သူ့အတွက် သက်သက်တကူးတက လာဝယ်ရတယ်လို့"

"အံမယ်၊ ဒီခွေးကြီးက သိပ်အိမ်လုံတာ သိရဲ့လား။ ပြီးတော့ ကိုကိုကြီးရော မမလေးရော မြီးတိုကြီးကို သိပ်ချစ်တာ။ ငယ်ငယ်လေးကတည်းက မွေးလာရတာဆိုတော့ သားသမီးလို ဖြစ်နေပြီတဲ့။ မရယ်နဲ့ဟ။ တကယ်ပြောတာ၊ ဒီကောင်ကြီးကလည်း အရမ်းစားတာပဲ။ တစ်နေ့တစ်နေ့ကို အမဲသား လေးဆယ်သား၊ ကြက်ဥခြောက်လုံး၊ နွားနို့ ငါးဆယ်သားကျွေးရတယ်။ နိုင်ငံခြားကလာတဲ့ အားဆေးလည်း တိုက်သေးတယ်။ ညအိပ်တော့လည်း မမလေးတို့ အခန်းထဲမှာ ကော်ဇောခင်းပြီး သိပ်တာ" "ဟယ် ... ခွေးကလည်း ငါတို့ထက်တောင် စားသာသေးတယ်နော်"

စကားပြောရင်း လမ်းလျှောက်လာကြရာ ကားများရပ်ထားသည့်နေရာသို့ ရောက်လာ၏။ လူစုမခွဲသေးဘဲ ရပ်ပြီး စကားဆက်ပြောကြပြန်သည်။

"ဟေ့ ... ဒီည တီဗွီမှာ ကားကောင်းတယ်နော်" "ဘာကားလဲ" "နမ်းဖတ်ဆိုလားပဲ" "ဘာ နမ်းဖတ်ရယ်လို့ တစ်ခါမှ မကြားဖူးပါဘူး"

"စစ်တိုက်တဲ့ကားလေ"

"ကုန်းဖတ်ပါဟာ"

"အို နင်တို့ကလည်း ပီလည်းမပီဘဲနဲ့ ပြောချင်ရသေးတယ်" "ကွန်းဘတ်ပါဟ" မိန်းကလေးတစ်ယောက်က ... "နေဦး၊ ကားထဲကို ခြင်းတောင်းသွားထည့်ဦးမယ်"

ဆိုပြီး အနားမှာ ရပ်ထားသော ပတ်ဗလစ်ကာကား၏ နောက်ခန်းထဲသို့ ခြင်းတောင်းကို သွားထားသည်။ ကျန်ခဲ့သော မိန်းကလေး နှစ်ယောက်အနက် တစ်ယောက်က မေးသည်။ "နင်တို့အိမ်က တီဗွီက ဘယ်နလက်မလဲ" "ဆယ့်လေးလက်မ" "သေးတာပေါ့၊ ငါတို့အိမ်က လက်မနှစ်ဆယ်" "သေးတာ ကြီးတာနဲ့ မဆိုင်ပါဘူး။ အမျိုးအစားကောင်းဖို့ပဲ အရေးကြီးတယ်။ ပြီးတော့ ငါတို့ အိမ်ခေါင်မိုးမှာ ထောင်ထားတဲ့ ငါးရိုးတိုင်က နင်တို့ဟာထက် ပိုပြီးအရိုးများတယ်" "ဒါပေမယ့် နင်တို့အိမ်မှာ ဗီဒီယိုပြတဲ့စက်ရှိလို့လား၊ ငါတို့အိမ်မှာဆိုရင် တစ်ပတ်တစ်ပတ် နိုင်ငံခြားကား လေးငါးကားလောက် ကြည့်ရတယ်" "ဗီဒီယိုများဟာ နိုင်ငံခြားသွားတဲ့ ကိုလတ်ကြီးက ပို့လိုက်တာ မရောက်သေးလို့။ အခုလည်း ကြည့်ရတာပဲ။ ပိုက်ဆံရှိရင် ဘယ်နေရာသွားငှားငှား ရတယ်" "အံမယ် ပိုက်ဆံရှရင်တဲ့ နင့်မှာရှိလို့လား" "ငါ့မှာတော့ ဘယ်ရှိမလဲ၊ ဘဘကြီးတို့ဆီမှာ အများကြီးရှိတယ်။ ဆယ်သက်လောက် စားမကုန်ဘူး" "ငါတို့ကို တစ်သက်တာလောက် ခွဲပေးရင် ကောင်းမှာပဲနော်" "ကြိုက်တက်လိုက်တာ" ခြင်းတောင်းသွားထားသော မိန်းကလေး ပြန်ရောက်လာပြီး ... "ဘာတွေပြောနေကြတာလဲ"

"တို့အိမ်မှာ ဗီဒီယိုပြတာ ပြောတာပါ" "အေး၊ ငါတို့အိမ်မှာလည်း မနက်ဖြန်ပြမယ်၊ ငါးကားတောင်။ မလေးရှားသရဲကားလည်းပါတယ်၊ သိပ်ကောင်းတယ်တဲ့။ ဘုရားသိကြားမလို့၊ မေမေကြီး အိပ်သွားမှ အဲဒီကား ပြပါစေ။ နို့မဟုတ် မေမေကြီးကို နင်းပေးရတာနဲ့ ကောင်းကောင်းကြည့်ရမှာမဟုတ်ဘူး"

အမျိုးသမီး ကြီးငယ် ရွယ်လတ်တို့ စားသောက်ပြီး၍ ဈေးထဲမှ ရှေ့ဆင့်နောက်ဆင့် ထွက်လာကြသည်။ မိန်းကလေးများလည်း လူစုခွဲပြီးကားများပေါ် တက်စောင့်နေကြ၏။ ဒရိုင်ဘာများလည်း အသင့်နေရာယူထားကြသည်။ ခဏအကြာတွင် ကားတွေ တစ်စီးပြီးတစ်စီး ထွက်သွားကြသည်။ အသီးသီး အိမ်ပြန်ရောက်ကြသောအခါ ဒရိုင်ဘာများက သူတို့မောင်းသောကားများကို

ရေဆေးခြင်း၊ ဖုန်သုတ်ခြင်းများ ပြုလုပ်ကြ၏။ မိန်းကလေးများလည်း လျှပ်စစ်အိုးဖြင့် ထမင်းချက်သူကချက်၊ အဝတ်လျှော်စက်ဖြင့် အဝတ်လျှော်သူကလျှော်၊ လျှပ်စစ်ဖုန်စုပ်စက်ဖြင့် တံမြက်စည်းလှည်းသူက လှည်းဖြင့် အလုပ်များ နေကြသည်။ ဆိတ်ငြိမ်ရပ်ကွက်အတွင်း၌ မြက်ရိတ်စက်သံသဲ့သဲ့သာ တစ်ချက်တစ်ချက် ပျံ့လွင့်လျက်ရှိပေသည်။

**(ပေဖူးလွှာ ၊ ဒီဇင်ဘာ ၊ ၁၉၈၅)**

## အသည်းကွဲသူများအသင်း နှစ်ပတ်လည် အစီရင်ခံစာ

အသည်းကွဲသူများအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို အသင်းပိုင် ချစ်ဒုက္ခခန်းမ၌ပြုလုပ်ရာ အသင်းသားများ စုံညီစွာ တက်ရောက်ကြပါသည်။ ရှေးဦးစွာ သဘာပတိက အမှာစကားပြောကြားရာတွင် ...

မိမိတို့၏ အသည်းကွဲသူများအသင်းကို စတင်တည်ထောင်ခဲ့သည်မှာ ဆယ်နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် အသင်းဝင်ဦးရေ ပိုမိုတိုးတက်များပြားလာသည်ကို တွေ့ရကြောင်း ၊ အသင်းဝင်ဦးရေ လက်ခံရာတွင် စည်းကမ်းချက်များနှင့်အညီ စိစစ်ရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ခံများအနေဖြင့် အကြံဉာဏ်ပေးစေလိုကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ အခမ်းအနားမှူးက အစီရင်ခံစာကို တင်သွင်းဖတ်ကြားရာတွင် အသင်း၏ ဘဏ္ဍာရေး အခြေအနေ ၊ တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ၊ ရှေ့လုပ်ငန်းစဉ်များကို ပြောကြားပြီး အသင်း၏ စည်းကမ်းချက်များကို ဖတ်ကြားရာ စည်းကမ်းချက်များမှာ ...

အသင်းဝင်တိုင်းသည် ...

၁။ အနည်းဆုံး သုံးကြိမ် အသည်းကွဲဖူးသူ ဖြစ်ရမည်။

၂။ အသက် ဆယ့်ရှစ်နှစ်မှ နှစ်ဆယ့်ငါးနှစ်အတွင်း ဖြစ်ရမည်။

၃။ မိမိက စတင်စွန့်ပစ်သူမဟုတ်ဘဲ စွန့်ပစ်ခံရသူ ဖြစ်ရမည်။

၄။ အသည်းကွဲဖူးသူဖြစ်ကြောင်း သက်သေခံပစ္စည်း တင်ပြနိုင်ရမည်။ (ဥပမာ ... မျက်ရည် တစ်ဂါလံ ၊ သို့တည်းမဟုတ် ချစ်သူထံမှ ဖြတ်စာများ)

၅။ ငါးကြိမ်အထက် အသည်းကွဲဖူးသူများကို ရာသက်ပန်အသင်းသားအဖြစ် သတ်မှတ်မည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ခံများက ဆက်လက်၍ ဆွေးနွေးကြပါသည်။

### ဗိုလ်ချုပ်ဈေးတာဝန်ခံ

ကျွန်တော်ကတော့ ဗိုလ်ချုပ်ဈေး တာဝန်ခံ ဖြစ်ပါတယ်။ ဈေးသစ်ဈေးဟောင်းအပြင် လေဟာပြင်ဈေး ၊ စိန်ဂွန်းဈေးတို့ကိုပါ တာဝန်ယူရသူ ဖြစ်ပါတယ်။

ကျွန်တော့်နယ်မြေအတွင်းမှာရှိတဲ့ အသင်းသားများရဲ့ အခြေအနေနဲ့ တိုက်ရိုက်သက်ဆိုင်ခြင်း မရှိသော်လည်း သွယ်ဝိုက်ပြီး သက်ဆိုင်နေတဲ့ အကြောင်းများကို တင်ပြပါ့မယ်။

ကျွန်တော့်နယ်မြေအတွင်းမှာရှိတဲ့ ဈေးတွေဆိုရင် အဝတ်အဆန်းတွေဟာ တစ်ပတ်တစ်ခါလောက်ပေါ်ပါတယ်။ အလှကုန်တွေ ၊ အလှပြင်ပစ္စည်းတွေဟာလည်း အမျိုးစုံရှိပါတယ်။ ဈေးလည်း အရမ်းကြီးပါတယ်။

အဲဒီ အဝတ်အထည်တွေ ၊ ပစ္စည်းတွေကို ဝယ်ပေးဖို့ ကောင်မလေးတွေဟာ သူတို့ရဲ့ ကောင်လေးတွေကို နည်းအမျိုးမျိုးနဲ့ ပူဆာကြပါတယ်။ ချော့မော့ပြီးတော့တစ်မျိုး ၊ မြှောက်ပင့်ပြီးတော့တစ်သွယ် ခြေဆောင့်ခြင်း ၊ နှုတ်ခမ်းစူခြင်း စတဲ့ စိတ်ကောက်ချင် ယောင်ဆောင်တာတွေ ၊ ခြိမ်းခြောက်တာတွေ လုပ်ကြပါတယ်။ ကောင်လေးတွေဟာ ရှိစုမဲ့စုလေးတွေနဲ့ ရှာဖွေစုဆောင်းပြီး ဝယ်ပေးကြပါတယ်။

ဝယ်မပေးနိုင်တဲ့ကောင်လေးတွေဟာ စွန့်ပစ်ခြင်းခံရပါတယ်။ အဲဒီလို စွန့်ပစ်ခံရတဲ့အတွက် အသည်းကွဲပြီး အသင်းဝင်တွေ ဖြစ်လာကြရပါတယ်။

တချို့ကောင်လေးတွေကျတော့ ဈေးရောင်းတဲ့ ကောင်မလေးတွေကို စိတ်ဝင်စားပြီး ဆိုသမျှ ဈေးမဆစ်ဘဲ ပစ္စည်းတွေ ဝယ်ကြရာက လုံးပါးပါးကုန်ကြပါတယ်။

နောက်ဆုံးကျမှ ကောင်မလေးတွေမှာ ရည်းစားရှိတာတို့ ၊ စေ့စပ်ထားတဲ့လူရှိတာတို့ သိကြရပြီး အသည်းကွဲကုန်ကြရပါတယ် ခင်ဗျား။

### တက္ကသိုလ်တာဝန်ခံ

ကျွန်တော့်အနေနဲ့ ပင်မတက္ကသိုလ်အပြင် အခြားနယ်မြေတက္ကသိုလ်များ ၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များပါ တာဝန်ယူရတဲ့ အတွက် နယ်မြေကျယ်ပြန့်သလို အသင်းဝင်ဦးရေလည်း များပြားလှပါတယ်။

ကျွန်တော်ကတော့ စောစောက ဗိုလ်ချုပ်ဈေးတာဝန်ခံ တင်ပြသွားတဲ့ အချက်ကိုပဲ ကိုးကားပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ ခုချိန်မှာ အလှအပနဲ့ပတ်သတ်တဲ့ ပစ္စည်းတွေဟာ အလွန်ပေါများတဲ့အပြင် ထူးထူးခြားခြား ခေတ်မီဆန်းပြားမှုလည်း ရှိပါတယ်။

တက္ကသိုလ်ကျောင်းသူတချို့ဟာ ဒိုင်ယာနာပုံစံ ၊ မက်ဒေါနားပုံစံ ၊ အကြေကောက် စတဲ့ ဆံပင်ပုံစံတွေ ၊ အကောင်းစား ကြွေမိတ်ကပ်တွေ ၊ ဆွဲဆောင်မှုရနံ့ရှိတဲ့ နှုတ်ခမ်းဆိုးဆေးတွေ ၊ ထိုင်းဆစ် ၊ အကြေသား ၊ အညာသား အစရှိတဲ့ အဝတ်အထည်ဆန်းတွေနဲ့ အစွမ်းကုန် ပြင်ဆင်ခြယ်သထားကြပါတယ်။

တခြား အထောက်အကူပြုပစ္စည်းတွေပါသုံးတဲ့အတွက် ပိန်ခြောက်ခြောက်တွေကလည်း စွင့်စွင့်ကားကားဖြစ် ၊ ဝဝတုတ်တုတ် တွေကလည်း ခါးသေးရင်ချီတွေဖြစ် ၊ မွဲခြောက်ခြောက်တွေကလည်း စိုစိုပြည်ပြည်ဖြစ်ပြီး ရှုပါရုံ အစရှိတဲ့ အာရုံငါးပါး မဟာဗျူဟာ ၊ နည်းဗျူဟာတွေသုံးပြီး တိုက်ခိုက်နေကြပါတယ်။

ဒါကြောင့် အသည်းကွဲသူများ အသင်းဝင်တွေဟာလည်း ကြောက်ခမန်းလိလိ တိုးတက်လာတာကို တွေ့ရပါတယ်။ နောက်တစ်ခု ပြောလိုတာကတော့ အသင်းရဲ့စည်းကမ်းချက်တစ်ခုဖြစ်တဲ့ အနည်းဆုံးသုံးကြိမ် အသည်း ကွဲဖူးရမယ်ဆိုတဲ့ အချက်နဲ့ပတ်သတ်ပြီးတော့ပါပဲ။

ရန်ကုန်တက္ကသိုလ်က ကဗျာဆရာလေး တစ်ယောက်ဟာ တစ်ကြိမ်တစ်ခါတည်းသာ အသည်းကွဲဖူးပေမယ့် တစ်ခါဆို ဆိုသလောက် သူ့အသည်းဟာ လုံးဝသုံးလို့မရတော့လောက်အောင် ကွဲအက်ကြေမွခဲ့ရပါတယ်။ သူ့အဖို့ နောက်ထပ်ကွဲစရာအသည်း မရှိတော့ပါဘူး။ ဒီလိုလူမျိုးကိုတော့ တစ်ကြိမ်တည်းသာ အသည်းကွဲဖူးပေမယ့် အသင်းဝင် လက်ခံသင့်တယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။

## ရန်ကုန်မြို့လှယ်တာဝန်ခံ

ကျွန်တော့်အနေနဲ့လည်း အသင်းရဲ့ စည်းကမ်းချက်တစ်ခုကို ဆွေးနွေးလိုပါတယ်။ အသက်ကန့်သတ်ချက်ပဲ ဖြစ်ပါတယ်။ အသက် နှစ်ဆယ့်ငါးနှစ်ထက်မကျော်ရ ဆိုတဲ့ ကိစ္စပါပဲ။ ကျွန်တော် သိထားရတဲ့ကိစ္စတစ်ခုကို တင်ပြလိုပါတယ်။ ကိုအေးမြင့်ဆိုတဲ့သူဟာ အသက်သုံးဆယ်ကျော်မှ ရည်းစားထားမိပြီး ခုအခါမှာ ရည်းစားက စွန့်ပစ်သွားလို့ အလူးအလဲခံစားနေရပါတယ်။ နောက် ထူးခြားတဲ့ အသင်းဝင်လိုသူ တစ်ယောက်အကြောင်း တင်ပြလိုပါတယ်။ သူကတော့ ဦးထွန်းစိုးဆိုသူ လူပျိုကြီးပဲ ဖြစ်ပါတယ်။ သူဟာ အသက်လေးဆယ်ကျော်တဲ့အထိ ချစ်သူရည်းစားတစ်ယောက်မှ မထားဘဲ နေခဲ့ပါတယ်။ ဒါကြောင့် တစ်ခါမှ အသည်းမကွဲဖူးသူလို့ သာမာန်အားဖြင့် ဆိုနိုင်ပါတယ်။ ဒါပေမယ့် သူဟာ စိတ်ကူးထဲမှာ အသည်းကွဲတဲ့ ဝေဒနာကို အကြိမ်ကြိမ်ခံစားကြည့်ဖူးပြီး ကြောက်လွန်းလို့ ခုလို တစ်ကိုယ်တည်းနေတာပါတဲ့။ ဒါကြောင့် သူ့ကို အသင်းဝင်အဖြစ်လက်ခံဖို့ လျှောက်ထားပါတယ်။
(ရယ်သံများ)

ဒ့ါအပြင် ပြောလိုတာက တချို့သူများဟာ အသင်းဝင်ဖို့ မျက်ရည်တစ်ဂါလံ မပြည့်သေးတဲ့အတွက် ရေရောလာတာလည်း တွေ့ရှိရပါတယ်။ နောက်ပြီးတော့ တချို့လူတွေဟာ အချစ်ကြောင့် အသည်းကွဲတာမဟုတ်ဘဲ အရက်သောက်လွန်းလို့ အသည်းရောင်ရောဂါဖြစ်ပြီး အသည်းအက်ကွဲတာကို အကြောင်းပြကာ အသင်းဝင်ဖြစ်ဖို့ လျှောက်ထားကြပါတယ်။ အဲဒါမျိုးကိုတော့ ငြင်းပယ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ် ခင်ဗျား။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်များမှာ**

- တစ်ကြိမ်တည်းသာ အသည်းကွဲဖူးသော်လည်း တစ်သက်စာနာလန်မထူနိုင်အောင် ဟက်တက်ကွဲခြင်းဖြစ်လျှင် အသင်းဝင်အဖြစ် လက်ခံရန်။

- အသင်းဝင် အသက်ကန့်သက်ချက်ကို ခြွင်းချက်ဖြင့် တိုးမြှင့်လက်ခံရန်။

- အရက်ကြောင့် အသည်းကွဲသူများကို အသင်းက လက်မခံဘဲ ငြင်းပယ်ရန်။

- အသင်းဝင်များ မျက်ရည်သုတ်ရန် လက်ကိုင်ပဝါ တစ်ခါဇင်စီ ထောက်ပံ့ရန်။

- လူပျိုကြီးများကို ဂုဏ်ထူးဆောင် အသင်းသားအဖြစ် လက်ခံရန် တို့ပင် ဖြစ်ပေသတည်း။

(ချယ်ရီ ၊ ဖေ‌ဖြေ ၊ ၁၉၈၆)

## ဝမ်းမီးကို တောက်စေတက်၏

ခနိမိုးများသည် ကော့ပျံနေကြသည်။ နွေ၏ ပူပြင်းသော နေရောင်အောက်မှာ အရာရာတို့သည် ကြွပ်ရွနေလေသည်။ ကုက္ကိုပင်၊ ဗာဒံပင်တို့သည်လည်း အရွက်ကြွေပြီးကာစ၊ ရွက်နုလည်းမထွက်သေးသဖြင့် အလွန်ကြီးမားသော ငါးခြောက်ကြီးတွေလို ဖြစ်နေ၏။

မိုးတွင်းဆိုလျှင် ဗွက်ပေါက်လေ့ရှိသောမြေကြီးမှာ ခုတော့ ဖုန်မှုန့်တွေ ဖြစ်နေပြန်သည်။ လေကငြိမ်နေပြီး တစ်ချက်တစ်ချက် လေပွေဝှေ့သောအခါ သစ်ရွက်ခြောက်တွေ၊ စက္ကူစုတ်တွေ၊ အမှိုက်သရိုက်တွေနှင့်အတူ ဖုန်မှုန့်တွေ ထကြွလှုပ်ရှားတက်သည်။

ထိုမှတစ်ပါး အရာရာသည် ငြိမ်သက်လျက် ပူပြင်းလွန်းလှသဖြင့် အသံတွေတောင် မကြားရဘဲ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ခါမှသာ ရေဆာသော ကလေးတစ်ယောက်တလေ၏ စူးစူးဝါးဝါး အော်ငိုလိုက်သည့်အသံ ထွက်လာသည်။

မြင်ကွင်းကား အဖြူအမည်း ဓါတ်ပုံတစ်ပုံလို ခြောက်သွေ့လှသည်။ စိမ်းစိုလန်းဆန်းမှု တစ်ကွက်တလေ တောင်မှမရှိ။ သာညွန့်သည် သူ၏ ဂေဟာဖြစ်သော တဲတစ်လုံး၏ အဖီကလေးထဲမှာ ထိုင်ရင်း အပြင်ကို ငေးကြည့်နေသည်။ သူ့ဘေးက ကြမ်းပြင်ပေါ်မှာ ချိုင်းထောက်တစ်စုံ ချထားသည်။

ချိုင်းထောက်ကသစ်သားကို လက်ရာခပ်ကြမ်းကြမ်းဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ ချိုင်းထောက်၏ အောက်ခြေအဖျားက သိပ်မပွန်းပဲ့သေးခြင်း၊ လက်ကိုင်ရာမှာ လက်ဆီမတက်သေးခြင်းတို့ကြောင့် သူချိုင်းထောက် ဆောင်ရသည်မှာ သိပ်မကြာသေးကြောင်း သိသာသည်။

သူအကျီဝတ်ထားချေ။ ပုဆိုးကြမ်းအဟောင်းတစ်ထည်ကို ခပ်တိုတိုဝတ်ထားသည်။ သူ၏ ညာဘက် ခြေသလုံးက နည်းနည်းသိမ်နေသည်။ သူ့ကိုယ်က ချွေးသီးချွေးပေါက်တွေ စိမ့်ထွက်နေသည်။ ချွေးစက်များသည် ပေါင်းစည်းသွားပြီး နံရိုးများကြားမှ ချိုင့်နေသော လမ်းကြောင်းအတိုင်း လိမ့်ဆင်းသွားကြသည်။

သူသည် ချွေးများကို လက်ဝါးဖြင့် သပ်ချနေသည်။ သူက ချွေးများနှင့်အတူ အင်အားတွေပါ ထွက်ကုန်သလို ခံစားလိုက်ရ၏။ သူသည် ချွေးမထွက်ချင်၊ သူ့ကိုယ်ထဲမှာ ကျန်ရှိသမျှ အာဟာရဓါတ်ကလေးများ ချွေးထဲပါသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ချွေးကိုတောင် ချွေတာရမည့် အခြေအနေပဲဟု တွေးမိသည်။

အပြင်က ပူရသည့်ကြားထဲ ဝမ်းထဲက ပူလာပြန်သည်။ ထမင်းဆာလာခြင်း ဖြစ်၏။ ခု စားလို့မဖြစ်သေး။ စောနေသေးသည်။ တက်နိုင်သမျှ နောက်ကျပြီး စားရမည်။ ဒါမှ နောက်တစ်ကြိမ် ဆာဖို့အတွက် အချိန်ပိုရမည် ဖြစ်၏။

ထမင်းက တစ်နပ်စာပဲရှိတော့သည်။ ကြက်သွန်နီ သုံးလေးလုံးရှိသည်။ ဆားရှိသည်။ ဆီလုံးဝမရှိ။ ထမင်းကို ဆားဖြူး၊ ကြက်သွန်နီ ကိုက်ပြီးစားမည်။

ရေဆာလာသည်။ ရေအိုးရှိရာသို့ ဖင်ရွှေ့သွားပြီး ရေအဝသောက်လိုက်သည်။ အဆာပြေသယောင်ရှိ၏။ ထိုအခါ ခံတွင်းချဉ်လာပြန်သည်။ ဆေးလိပ်သောက်ချင်လာ၏။ သူမှာ ဆေးပေါ့လိပ်တစ်လိပ် ကျန်နေသေးကြောင်း သိရသဖြင့် အလွန်ပျော်သွားသည်။ ဒီဆေးလိပ်သာမရှိလျှင် လောကတွင် နေဖို့တောင်မကောင်းတော့ဟု ထင်မိသည်။ ဆေးလိပ်ကို မီးညှိပြီး အားရပါးရ ရှိုက်ဖွာလိုက်သောအခါတွင် အင်အားတွေ ချက်ချင်းပြည့်ဝလာလေသည်။

ချိုင်းထောက်များကို ကြည့်မိပြန်သောအခါ ငိုင်တွေသွားပြန်သည်။ သူ့ခြေထောက် ကောင်းတုန်းကဆိုလျှင် ဘာကိုမျှမမှု၊ တစ်ကိုယ်ရေတစ်ကာယသမားဖြစ်သောကြောင့် ဘာမှပူစရာမလို။

သူက အလုပ်ရွေးတက်သူမျိုးမဟုတ်။ ရေထမ်းရမလား၊ ပစ္စည်းသယ်ရမလား၊ မြေကြီးပေါက်ရမလား၊ ဒါမှမဟုတ် ပစ္စည်းထိုင်ရောင်းရမလား၊ အင်တိုက်အားတိုက်တွန်းအားစိုက်ပြီး ပင်ပင်ပန်းပန်းလုပ်ရမည့် အလုပ်မျိုးလည်း လုပ်နိုင်သည်။ လမ်းဘေးဈေးသည်လည်း လုပ်ဖူးသည်။ ထိုစဉ်ကဆိုလျှင် စားဖို့သောက်ဖို့အပြင် နည်းနည်းတောင်ပိုသေးသည်။ သူကြိုက်သော ကျော်ဟိန်းကားကို မကြာခဏကြည့်နိုင်သည်။ ထိုမျှသာမက တစ်ခါတစ်ခါ အဖြူဆိုင်တောင် ထိုင်နိုင်သေးသည်။

တစ်နေ့တော့ သူ ကားတိုက်ခံရသည်။ ဒဏ်ရာက သိပ်မပြင်း။ ညာဘက် ခြေထောက် နည်းနည်းထိခိုက်သွားခြင်းသာ ဖြစ်သည်။ ထိုအတွက် ကားပိုင်ရှင်က ဆေးဖိုးဝါးခအဖြစ် ငွေငါးဆယ်တောင် ပေးသွားသေးသည်။ ဘာမှ မဖြစ်လောက်ပါဘူးဆိုပြီး ခပ်ပေါ့ပေါ့နေလိုက်သည်။ ဒဏ်ရာကလည်း ပျောက်သလိုလိုရှိသွားသည်။

အမှန်မှာ အပေါ်ယံအသားက ကျက်သွားသော်လည်း အတွင်းလှိုက်စားနေခြင်း ဖြစ်သည်။ မခံမရပ်နိုင်တော့မှ ဆေးရုံသွားပြသည်။ အနာကိုခွဲပြီး အထဲကပြည်တွေ စုပ်ထုတ်ပစ်ရသည်။

နောက်တော့ အကြောထိပြီး သေသွားလို့ဆိုလား၊ ခြေထောက်က တဖြည်းဖြည်းသိမ်လာသည်။ ဆေးရုံပေါ်မှာ နှစ်လလောက်နေပြီး ဆင်းလာတော့ လမ်းမလျှောက်နိုင်တော့။ ချိုင်းထောက်ဆောင်လာရသည်။

အရင်လို အလုပ်ကြမ်း မလုပ်နိုင်တော့ချေ။ လမ်းဘေးမှာ ဈေးရောင်းဖို့ဆိုတာတောင် ပြေးနိုင်လွှားနိုင်မှ တော်ကာကျမည်။ ထို့ကြောင့် ဘတ်စကားမှတ်တိုင်မှာ ဒူးယားတို့ သကြားလုံးတို့ရောင်းရသည်။ ဒီကြားထဲ အပြင်းဖျားပြီး အိပ်ရာထဲ လဲလိုက်သေးသည်။ ခုမှ နာလန်ထကာစ။

သူ့ဆီမှာ ပိုက်ဆံပြားခြောက်ဆယ်သာ ကျန်တော့သည်။ နက်ဖြန်ဘယ်လိုစခန်းသွားရမည် မသိသေး။ သူရောင်းနေကျ ဘုန်းကြီးလမ်းကားဂိတ်က ကောင်တွေဆီမှာ ပိုက်ဆံချေးကြည့်ရမည်။

သူတို့ကကော ချေးနိုင်ပါ့မလားမသိ။ ငွေတစ်ဆယ် ဆယ့်ငါးကျပ်လောက်ရလျှင် ဖြစ်နိုင်သည်။

ဆေးပေါ့လိပ်တိုကို တံတွေးဆွတ်၍ မီးသတ်ပြီး ညနေအတွက်ချန်ထားလိုက်သည်။ ထိုစဉ်တွင် အိမ်ရှေ့ဆီက ဆူဆူညံညံအသံတွေ ကြားရသဖြင့် လှမ်းကြည့်သည်။ လူအချို့ ရေပုံးတွေဆွဲပြီး အိမ်ရှေ့က ဖြတ်ပြေးသွားကြသည်။ "မီးဗျို့ မီး မီး" ဆိုသော အသံတွေကြားရသည်။ သူနှာခေါင်းထဲမှာ မီးခိုးညှော်နံ့ရလာသည်။ သူငေးကြောင်ကြည့်နေဆဲ။

"ဟေ့ကောင်၊ သာညွှန့်၊ ဘာလုပ်နေတာလဲ၊ မသန်မစွမ်းနဲ့ ပြေးပါတော့လား၊ မီးက နီးနီးလေးကွ"

တစ်စုံတစ်ယောက် ပြေးရင်လွှားရင်း လှမ်းအော်သွားသည်။ ထိုအခါကျမှ သူသတိရပြီး ထရပ်လိုက်သည်။ ယိုင်ပြီးလဲသွား၏။ ချိုင်းထောက်ကိုယူပြီး ပြန်ထသည်။ သူမှာ သယ်စရာပစ္စည်း ဘာရှိသလဲ။ ဘာမှမရှိ။ တန်းပေါ်က ပုဆိုးဟောင်းတစ်ထည်၊ စွပ်ကျယ်စုတ်တစ်ထည်နှင့် စစ်အကျီဟောင်းတစ်ထည်ကို လှမ်းဆွဲသည်။

ဘာကျန်သေးလဲ။ သူသည် ခုနတုန်းက ကြမ်းပြင်ပေါ်မှာ ချထားသော ဆေးပေါ့လိပ်တိုလေးကို ကောက်ပြီးခဲလိုက်သည်။ ထို့နောက် တဲပေါ်မှ ဆင်းလာခဲ့၏။

သုံးလေးလှမ်းလောက် လှမ်းပြီးမှ သတိရသည်။ သူငှားနေသော အိမ်ရှင်၏ ပစ္စည်းတွေကို တက်နိုင်သလောက် ကူသယ်ပေးဖို့ ပြန်လှည့်သည်။ သို့ရာတွင် မရတော့။ မီးက သူတို့ အိမ်ခေါင်မိုးကို စွဲနေပြီ။ အိမ်ရှင်မိန်းမကြီးသည် ကလေးတစ်ယောက်ကို ခါးထစ်ခွင်၊ ကျန်နှစ်ယောက်ကို လက်ကဆွဲပြီး ပြေးထွက်လာသည်။ အိမ်ရှင် ယောက်ျားက နောက်မှ ဓါးမတစ်ချောင်းဆွဲပြီး လိုက်လာ၏။

သာညွှန့်လည်း မီးခိုးလုံးတွေကြားမှာ ယောက်ယက်ခတ် ပြေးလွှားနေကြသော လူအုပ်ကြားထဲမှာရောရော၍ ပါသွားသည်။

*

ငယ်ငယ်တုန်းက ကြည့်ရသော ဆယ်ပြားတန် ကလေးရုပ်ရှင်ကို ကိုဖိုးတေ သတိရနေသည်။ အလျားဆယ်ပေ၊ အနံ လေးပေလောက်ရှိသော တွန်းလှည်းရုံကလေးထဲမှာ "တုံချမ် တုံချမ်" ဆိုင်းသံနှင့်အတူ ပြခြင်းဖြစ်သည်။ ပြစက်က လက်လှည့်ပြီး ပြရခြင်း ဖြစ်သဖြင့် အနေးအမြန်လိုသလိုရသည်။ ပြရင်းက ရပ်ထားလို့ရသည်။ စက်ကို နောက်ပြန်လှည့်လျှင် အရုပ်တွေက ပြောင်းပြန်လှုပ်ရှားသည်။ ဥပမာ ... တာဇံက ရေထဲ ဒိုင်ဗင်ထိုးချသည့်အခန်း ဆိုပါစို့။ တာဇံက ဒိုင်ဗင်ထိုးချလို့ ရေထဲအကျမှာစက်ကိုရပ်ပြီး နောက်ပြန်လှည့်လိုက်သည်။ ထိုအခါ တာဇံသည် ရေထဲရောက်နေရာမှ လေထဲသို့ နောက်ပြန် ပြန်တက်ပြီး ကုန်းပေါ်ပြန်ရောက်သွားသည်။ ကလေးဘဝက အလွန်သဘောကျခဲ့၏။

ခုလည်း သူ့ဘဝကို ထိုရုပ်ရှင်ပြစက်လို နောက်ပြန်ပြန်လှည့်လို့ရလျှင် ကောင်းမည်။ သို့ဖြစ်နိုင်လျှင် သူ့အသက်သည် တဖြည်းဖြည်းပြန်ငယ်သွားမည်။ သူ့ကလေး လေးယောက်တို့သည် တစ်ယောက်ပြီး တစ်ယောက် သူတို့အမေဗိုက်ထဲ စွတ်ခနဲ ပြန်ဝင်သွားကြမည်။ နောက်တော့ သူလည်း လူပျိုကလေး ပြန်ဖြစ်သွား။

ထိုနေရာတွင် သူစိတ်ကူကို ရပ်လိုက်သည်။ လူပျိုဘဝလောက်ထိတော့ ပြန်ရောက်လို့မကောင်း။ သူတို့လင်မယား ညားခါစအချိန်လောက်ဆို ကောင်းမည်။ လင်မယားနှစ်ယောက်တည်းဆိုလည်း ပျင်းစရာ။ ကလေး တစ်ယောက်လောက်တော့ရှိမှ။ သမီးအကြီးဆုံးက လိမ္မာသည်။ သူတစ်ယောက်လောက်ဖြင့် ကိစ္စမရှိ။ အင်း ... ဒါဆိုပြန်တော့လည်း ကျန်တဲ့ အငယ်သုံးယောက် သနားစရာ။ မထူးပါဘူး။ ခုအတိုင်းပဲ ကောင်းပါတယ်ဟု တွေးလိုက်သည်။ လင်မယားနှစ်ယောက်၊ သားသမီး လေးယောက် မိသားစုခြောက်ယောက်၏ စားဝတ်နေရေးတာဝန်ကို ထမ်းရတာမလွယ်ကူလှ။ သူ့လို ပုံမှန်ဝင်ငွေမရှိသော လက်လုပ်လက်စား တစ်ယောက်အဖို့ ပြေးနိုင်လွှားနိုင် လုပ်နိုင်ကိုင်နိုင်ပါမှ တော်ကာကျမည်။ ဒါတောင်မှ မကြာခဏဆိုသလို အခက်အခဲ ဖြစ်ရသေးသည်။ မိန်းမကလည်း ကြုံရာအလုပ်ကလေးတွေလုပ်ရင်း တစ်ဖက်တစ်လမ်းက ရှာသေးသဖြင့် ခံသာနေခြင်း ဖြစ်၏။

ကလေး လေးယောက်တို့သည် ကျွေးသမျှနှင့် စာသည်ဆိုသည့်တိုင် စားလုံးကတော့ ကြီးသည်။ ကလေးသာဆိုရသည် စားတော့ လူကြီးစာလောက်နီးပါး စားနိုင်ကြသည်။

စောစောတုန်းက မိန်းမကပြောသည်။ ဈေးသုံးဖို့ ပိုက်ဆံနည်းနေပြီးတဲ့။ ဆန်ထုတ်ဖို့လည်း ပိုက်ဆံလိုတယ်တဲ့။ ပြီးတော့ မိုးမကျခင်အိမ်ကို ခေါ်မိုးရဦးမည်။ ကျောင်းပြန်ဖွင့်လျှင် ကလေးတွေ ကျောင်းအပ်ရဦးမည်။ အင်း ... မလွယ်ပါလား။ ထိုသို့ စဉ်းစားနေစဉ်တွင် အရန်မီးသတ် ရဲဘော်လေးနှစ်ယောက်က တောင်းကြီးတစ်တောင်းကို တစ်ဖက်စီဆွဲရင်း အိမ်ရှေ့

ရောက်လာသည်။
"ကိုဖိုးတေ၊ ထမင်းထုပ်ပြီးပြီလား"
ဟု တစ်ယောက်ကပြောသည်။ ထိုအခါကျမှ ဟိုဘက်ရပ်ကွက်မှ မီးဘေးဒုက္ခသည်များအတွက် ထမင်းထုပ်ပေးဖို့ သတိရသည်။
"ခဏစောင့်ကြဦးနော်"
မီးဖိုဘက်သို့ဝင်သည်။ စပါးလုံးရွေးနေသော သူမိန်းမကို ...
"ထမင်းထုပ်ရပြီးလားတဲ့"
ဟု ပြောသည်။ သူမိန်းမက အင်း ... ဆိုပြီး တစ်စုံတစ်ခုပြောမည်ပြုစဉ် ...
"ငါတို့တုန်းကလည်း ဒီလိုပဲ၊ တခြားရပ်ကွက်တွေက ထမင်းထုပ်ပို့ကြတာပဲမဟုတ်လား"
ဟု ကိုဖိုးတေက ပြောလိုက်သည်။ သူတို့သည်လည်း လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်တုန်းက မီးဘေးဒုက္ခသည် ဖြစ်ခဲ့ဖူးသည်။

*

သာညွန့်သည် မီးဘေးဒုက္ခသည်များကို ယာယီနေရာချထားပေးသည့် မူလတန်းကျောင်းထဲက သူ့အခွတ်ရထားသော နေရာကလေးထဲမှာလှဲနေသည်။ သူသည် စွပ်ကျယ်အကျီအသစ်တစ်ထည်ကို ဝတ်ထားသည်။ မနက်က ကယ်ဆယ်ရေးပစ္စည်းတွေ ဝေငှသည်။ ပုဆိုးကြမ်းတစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ မျက်နှာသုတ်ပဝါ၊ ရေခွက်၊ ရွှေဝါဆပ်ပြာ တစ်ပိုင်းတို့ ပါဝင်သည်။

"ထမင်းထုပ်ဝေမယ်တဲ့"
တစ်စုံတစ်ယောက်က သတင်းပေးသဖြင့် ထမင်းထုပ်ဝေရာနေရာသို့ သူလာခဲ့သည်။ ရပ်ကွက်လူကြီးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လမ်းစဉ်လူငယ်များက ကူညီဝေငှပေးကြသည်။ သူ့ကိုမြင်သောအခါ လမ်းစဉ်လူငယ် မိန်းကလေးက ထမင်းထုပ် ခပ်ကြီးကြီးကို လှမ်းပေးသည်။ သူသည် ရေအိုးစင်နှင့်နီးရာ သစ်ပင်တစ်ပင်အောက်မှာ ချိုင်းထောက်ကို ဘေးချပြီး ထိုင်လိုက်သည်။ ထမင်းထုပ်ကို ဖြေသည်။ အမဲသားဟင်း၊ ငါးထောင်းလည်းပါသည်။ ထမင်းတွေကြားမှာ မြုပ်နေသော ပလတ်စတစ်အိတ်ကလေးတစ်အိတ်ကို တွေ့သဖြင့် ဆွဲထုတ်လိုက်သည်။ အိတ်မှာ စွန်းနေသော ဟင်းဆီများကိုထမင်းနှင့်သုတ်ပြီး ကြည့်သည်။ ပလတ်စတစ်အိမ်ထဲမှာ သကြားလုံးနှစ်လုံးနှင့် တစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ကို တွေ့ရ၏။

(မြတ်လေး ၊ ဇူလိုင် ၊ ၁၉၈၆)

## အသုံးမကျတဲ့မိန်းမ

"ခင်ဗျားကို ကျုပ်မိန်းမအကြောင်း ပြောပြချင်နေတာကြာပြီ"
ဟု ဆိုင်မှာထိုင်ပြီးပြီးချင်း ပြောသည်။ ပြီးတော့ ဆိုင်ရှင်ကို ...
"တစ်လုံးပေးဗျာ၊ ပဲကြမ်းကြော်သုပ်တစ်ပွဲနဲ့ အမဲကြော် နှစ်တုံးပါပေး"
ဆိုင်ရှင်က အရက်ဖြူတစ်လုံး၊ ဖန်ခွက်သေးနှစ်ခွက်၊ ရေတစ်ခွက် အရင်ချပေးသည်။ သူသည် ဖန်ခွက်နှစ်လုံးထဲသို့ အရက်တစ်ဝက်သာသာစီ ငှဲ့ထည့်သည်။ ဖန်ခွက်တစ်ခွက်ကို သူ့ဘက်ဆွဲယူသည်။ ရေနည်းနည်းရောသည်။ တစ်ငုံ ငုံသည်။ သူ့တစ်ငုံက ဖန်ခွက်တစ်ဝက် ကျိုးသွား၏။
"လုပ်လေဗျာ၊ သြော် ... ဟုတ်သားပဲ၊ ခင်ဗျားက အမြည်းလေးနည်းနည်းစားပြီးမှ သောက်တက်တာပဲ၊ ပဲကြမ်းကြော် မြန်မြန်လေးဗျို့၊ အမဲသားအရင်ပေးလေဗျာ။ ဒီလိုလုပ်၊ ဘဲဥသုပ်ပါတစ်ပွဲ"
ဟု ဆိုင်ရှင်ကို တစ်လက်စတည်းမှာသည်။ ဆိုင်ရှင်က သတ္တုပန်းကန် သေးသေးလေးတွင် အမဲသားကြော်နှစ်တုံးထည့်၍ လာချပေးသည်။ ထိုအချိန်တွင် သူ့ဖန်ခွက်ထဲက လက်ကျန်ကို ရှင်းပြီးနေပြီ။
ထပ်ငှဲ့ရင်း ...
"ခင်ဗျားနဲ့ တွေ့ချင်နေတာကြာပြီ။ စကားပြောချင်လို့၊ ပြောချင်တာတွေကတော့ အများကြီးပဲဗျာ။ ခံနေရတဲ့အကြောင်းတွေပေါ့။ ဒီလိုကိစ္စမျိုးဆိုတာကလည်း တခြားလူတွေကို ပြောလို့မကောင်းဘူးဗျ။ ခင်ဗျားလို အကြောင်းသိချင်းမှ ပြောချင်တာ။ ခင်ဗျားကတော့ ကျွန်တော်နဲ့ စိတ်သဘောထားချင်းလည်း တော်တော်များများ တိုက်ဆိုင်တယ် မဟုတ်လား"
စောစောကလို ရေနည်းနည်းရော ခပ်များများ တစ်ငုံ ငုံသည်။
"ကျွန်တော့် မိန်းမက တော်တော်အသုံးမကျတာဗျ။ ဟဲ ... ဟဲ အဲဒီလိုပြောလိုက်တော့ ခင်ဗျားအံ့သြသွားမယ်။ ဒါမှမဟုတ် ကျွန်တော် အရက်သောက်တာများလို့ ကြောင်သွားပြီလို့ ထင်ချင်ထင်မယ်။ တကယ်ပြောတာဗျ။ ကျွန်တော်ပြောပြရင်းနဲ့ တဖြည်းဖြည်း ဇာတ်ရည်လည်သွားလိမ့်မယ်"
"ဒီလိုဗျာ၊ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမဟာ လူကြီးတွေ ပေးစားလို့ရခဲ့တာမဟုတ်ဘူး။ ကျွန်တော်တို့ချင်းကြိုက်ပြီး ယူကြတယ်ဆိုတာ ခင်ဗျားလည်းအသိပဲလေ။ အဲဒီတုန်းကဆိုရင်"
ဆိုင်ရှင်က ပဲကြမ်းကြော်သုပ်နှင့် ဘဲဥပန်းကန်များ လာချပေးသဖြင့် စကားစပြတ်သွားသည်။ သူက
"အရက်တစ်လုံး ဘယ်လောက်လဲဗျ" ဟု ဆိုင်ရှင်ကို မေးသည်။
"နှစ်ဆယ့်ခြောက်ပါ ဆရာ"
"ဟာ ... ဘယ်လိုဖြစ်တာလဲ၊ ဈေးကလည်း မနေ့က နှစ်ဆယ့်လေးပဲရှိတာ"
"ဟုတ်တယ်ဆရာ၊ ဒီနေ့ ဆိုင်ကြီးကိုတောင် နည်းနည်းပဲဝင်တာ။ ဒါကြောင့် အစောကြီးပိတ်သွားတာပေါ့။ ကျွန်တော်တောင် မနေ့ကတည်းက စုထားလို့ ဒီနေ့ရောင်းနိုင်တာ"
"ခက်တာပဲဗျာ၊ ကျွန်တော်တို့မှာ ဖိမ်ခံစရာဆိုလို့ ဒီအဖြူကလေးပဲရှိတာ။ ဒီလောက်ဈေးတွေတက်နေရင် ဘယ်လိုလုပ်မလဲ" ဆိုပြီး အရက်ရှားပါးနေသည့်အကြောင်း ဆက်ပြောနေသဖြင့် စောစောက စကားဆက်ပြတ်သွားသည်။ အရက်ပုလင်း တစ်ဝက်ကျိုးသွားပြီ။ သူသည် ခုထိ ဘာအမြည်းမှမစားသေး။
"အင်း ... ဘာပဲဖြစ်ဖြစ် ဒီလိုလမ်းဘေးဆိုင်မှာ သောက်ရတာ နည်းနည်းတော့ အကုန်အကျသက်သာတာ အမှန်ပဲ။ စားသောက်ဆိုင်ကြီးတွေမှာဆိုရင် ကန်စွန်းရွက်ကြော်တစ်ပွဲတောင် ခုနစ်ကျပ်၊ ရှစ်ကျပ်၊ တစ်ဆယ် ပေးနေရတာ၊ အင်း ... အင်း စားပါတယ်ဗျ"
ပဲကြမ်းကြော်တစ်စေ့ကိုယူသည်။ တစ်ဝက်ဖဲ့ပြီး ကိုက်သည်။ ပြီးမှ ကျန်တစ်ဖဲ့ကို ဆက်စားသည်။ ထို့နောက် ...
"ကျွန်တော်က အရက်သိပ်သောက်ရင် အမြည်းကို သိပ်မစားပေမယ့် အိမ်ပြန်ရောက်ရင်တော့ ထမင်းကို မပျက်မကွက် စားပါတယ်ဗျ။ ကျွန်တော့်မိန်းမ ဟင်းချက်ကောင်းတာလည်း ခင်ဗျားအသိပဲ။ အဲ ... ဟုတ်ပါရဲ့၊ ခုနစကား ပြန်ဆက်ရဦးမယ်။ ကျုပ်က မိန်းမကို အသုံးမကျဘူးလည်းပြောသေး၊ ဟင်းချက်ကောင်းကြောင်းလည်း ချီးကျူးလိုက်သေးဆိုတော့ ရှေ့နောက် မညီညွတ်ဘူးလို့ ခင်ဗျားထင်မယ်။ ဟင်းချက်ကောင်းတာကတော့ တကယ်ပဲဗျ။ ဟင်းချက်ကောင်းတယ်ဆိုရာမှာ ငါးမြင်းတို့၊ ပုစွန်တုပ်တို့ကို ဆီလှိုင်လှိုင်သုံးပြီး ချက်နိုင်တာမျိုး မဟုတ်ဘူး။ ဈေးဖိုးသိပ်မကုန်ဘဲ ရှိတဲ့ သားငါးလေး အနည်းအကျဉ်းကို ဟင်းသီးဟင်းရွက်ကလေးနဲ့ စားလို့ကောင်းအောင် ချက်နိုင်တာကို ပြောတာ။ ခုကာလမှာတော့ ဒီလို ချက်တက်တာကို ဟင်းချက်ကောင်းတယ်လို့ ဆိုရမှာပဲမဟုတ်လား။ အဲဗျာ ... ပြောရင်းဆိုရင်းနဲ့ မိန်းမကို ချီးကျူးတဲ့အကြောင်းအရာတစ်ခု တိုးလာပြန်ပြီ။ ဈေးဖိုးချွေတာတက်တဲ့

အကြောင်းလေ။ အသုံးအစွဲ စေ့စပ်တာကတော့ အမှန်ပဲဗျို့. ဒါကြောင့်လည်း အခြေမပျက်ရုံလေးနေနိုင်တာပေါ့။ ဒါတောင် တစ်ခါတစ်ခါ မျက်ဖြူဆိုက်ရတာတွေ ရှိသေးတယ်"

အရက်တစ်ကျိုက်မော့သည်။ ဘဲဥသုပ်ထဲက ကြက်သွန်ဖတ်ကို ရွေး၍စားသည်။

"ခင်ဗျားက အမြည်းစားတက်တဲ့လူ၊ စားလေဗျာ။ အမဲကြော်ကောင်းပါတယ်ဗျ။ အင်း ... အင်း ဒီလိုဗျာ၊ ခုနပြောသလို ကျွန်တော်တို့နှစ်ယောက်က တက္ကသိုလ်ကျောင်းမှာတွေပြီး ကြိုက်ကြတာ။ အဲဒီတုန်းက ကျွန်တော်ဟာ ဘာကောင်မှ မဟုတ်သေးဘူး။ ဘာကောင်ဖြစ်လာမယ်ဆိုတာလည်း မခန့်မှန်းနိုင်သေးဘူး။ ဟုတ်တယ်လေ၊ ကျွန်တော်က ဘူမိဗေဒအဓိက ဆိုပေမယ့် ဘွဲ့ရပြီးရင် သမဝါယမမှာ ဝင်လုပ်ချင်လုပ်ရမယ်။ ငါးလုပ်ငန်းဘက် ရောက်ချင်လည်းရောက်မယ်။ ဒါမှမဟုတ် အလုပ်မရလို့ ယောင်တောင်တောင် ဖြစ်ချင်ဖြစ်မယ်။ အဲဒီလိုကောင်ကိုမှ သူကကြိုက်ခဲ့တာ။ ဒီလိုလေဗျာ၊ တက္ကသိုလ်ကျောင်းသား မျှော်လင့်ချက်ကလေးတော့ ရှိမှာပေါ့လို့ ဆိုချင်ဆိုနိုင်တယ်။ ဒါပေမယ့် ကျွန်တော်က ချိချွတ်ွတဲ့နဲ့ ကျောင်းတက်ရတာဗျ။ ဒီအချိန်မှာ သူ့ကိုကြိုက်နေတဲ့ ကောင်တွေထဲမှာ ဆရာဝန်လောင်းလည်းပါတယ်။ သူဌေးသားလည်းပါတယ်။ ဒီကြားထဲက ကျုပ်လိုကောင်ကို ကြိုက်တယ်ဆိုတာ တော်ရုံတန်ရုံ မေတ္တာမဟုတ်ဘူးနော်။ အဲ ... ညားပြီးကြတော့လည်း" အခေ့ခနဲ လေချဉ်တစ်ချက် တက်လာသဖြင့် စကားစပြတ်သွားသည်။ သလိပ်ခတ်ပြီး ထွေးထုတ်သည်။ ပြီးမှ ... "ညားပြီးကြတော့လည်း မယားဝတ္တရားငါးပါးနဲ့ ပြည့်စုံရှာတယ်ဗျာ။ ကျွန်တော့်အပေါ်မှာလည်း တော်တော်သည်းညည်းခံတယ်။ ယူခါစတုန်းက ကျွန်တော်တို့ တော်တော်ဒုက္ခရောက်လိုက်သေးတယ် မဟုတ်လား။ ငှားနေတဲ့ အိမ်ခန်းတွေက အဆင်မပြေလို့၊ တစ်အိမ်ပြီးတစ်အိမ် လှော့ာက်ပြောင်းရတာတွေ။ အင်း ... ညားခါစက ဒုက္ခရောက်တယ်ဆိုလို့ ခုတော့ အဆင်ပြေနေပြီလို့ မထင်လိုက်နဲ့ဦး။ သိတဲ့အတိုင်းပဲ၊ နောက်ပြီး အဲဒီတုန်းက ကလေးမွေးတဲ့အခါ ရိုးရိုးမမွေးနိုင်လို့ ဗိုက်ခွဲရသေးတယ်မဟုတ်လား။ ပိုက်ဆံပိုကုန်တာပေါ့လေ။ ဒါပေမယ့် တစ်ခုတော့ ကောင်းသွားတယ်ဗျ။ ဗိုက်ခွဲရတဲ့လူဆိုတော့ ကလေးသုံးယောက်ထက် ပိုယူလို့မရတော့ဘူး။ အဲဒါပြောတာပေါ့။ ကျွန်တော့်မိန်းမက ကလေးမွေးတာတောင် ချွေတာတက်တယ်" သူ့စကားသူ တော်တော်သဘောကျသွားပြီး တဟဲဟဲရယ်သည်။ အရက်ဖော ဖောစပြုနေသော သူ့မျက်နှာသည် အဆီပြန်နေ၏။ ဘက်ထရီမီးလုံးရောင်အောက်မှာ ရောင်ပြန်ထွက်နေသည်။

"ကျွန်တော့်မိန်းမက ခန္တီပါရမီနဲ့ ပြည့်စုံတာဗျ။ ရှန်းရကန်ရ လုပ်ရှားရပေမယ့် တစ်ချက်ကလေးမညည်းဘူး။ ကျုပ်နေချင်သလိုနေ၊ ဆူဆူပူပူမလုပ်ဘူး။ မပြေလည်တာတွေရှိပေမယ့် တစ်စက်ကလေးမှ မျက်နှာမပျက်ဘူး။ ခင်ဗျား စိတ်ရှုပ်နေပြီလား။ ကျုပ် အူကြောင်ကြောင်တွေ လှော့ာက်ပြောနေတယ်လို့ မထင်ဘူးလား။ လာမယ်၊ လာမယ်။" ဆေးပေါ့လိပ် တစ်လိပ်ကိုယူ၍ မီးညှိသည်။ ခပ်ပြင်းပြင်းဖွာရှိုက်သည်။ မီးခိုးများကို ဟူးခနဲ အသံမြည်အောင် မှုတ်ထုတ်ပြီး ...

"အခု ကျုပ်ရောက်နေတဲ့ နေရာက နယ်နယ်ရရမဟုတ်ဘူးဗျ။ အဲ ... နယ်နယ်ရရ မဟုတ်တဲ့လူက လမ်းဘေးအဖြူဆိုင်မှာ လာသောက်နေရတယ်လို့ ပြောလို့လည်းရတယ်။ ဘာမှမဟုတ်လောက်ပေမယ့် လုပ်တက်ကိုင်တက်ရင် တော်တော်ဝင်ငွေ ကောင်းနိုင်တယ်ဆိုတာလည်း ခင်ဗျားသိတယ်။ ကျုပ်လောက်တောင် မဟုတ်တဲ့ကောင်က ဆိုင်ကယ်တစီးစီနဲ့ ကျုပ်နဲ့ တန်းတူလောက်ရှိတဲ့ လူတွေက အိမ်ဆောက်တဲ့လူနဲ့ မိန်းမကိုစိန်နားကပ် ဝယ်ပေးတဲ့လူနဲ့၊ ခယ်မကို ဆိုင်ခန်းထောင်ပေးတဲ့လူနဲ့ ကျုပ်သာ မြောင်းထဲရောက်နေတာ"

သူသည် အရက်ကုန်နေသော ဖန်ခွက်ကို မြှောက်ပြီး ကြည့်သည်။ ဖန်ခွက်သည် နုတ်ခမ်းနည်းနည်းပဲ့နေ၏။ သူက လှောင်သလို ပြုံးလိုက်သည်။ "ကျုပ်ပြောချင်တာကတော့ ကျုပ်ဟာ မိန်းမကို သိပ်ချစ်တဲ့လူ၊ မိန်းမက လာတိုက်တွန်းရင်၊ နားပူနားဆာလုပ်ရင် ဘာမဆိုလုပ်မယ့်ကောင်၊ ကျုပ်မိန်းမကသာ တိုက်နဲ့ကားနဲ့ နေချင်တယ်၊ စိန်နားကပ်ပန်ချင်တယ်ဆိုရင် ကျုပ်ဘာ ဒီလိုနေမလဲဗျာ။ ရအောင်လုပ်မှာပေါ့။ ဒါပေမယ့် သူက လုံးဝ အဲဒီလို မပူဆာဘူးဗျာ။ သိပ်ခံနိုင်ရည်ရှိလွန်းတယ်။ ဒါကြောင့် အသုံးမကျတဲ့ မိန်းမလို့ ပြောတာပေါ့ဗျ"

ဟု ဆိုပြီးလျှင် ပုလင်းထဲမှ လက်တစ်လုံးလောက်သာ ကျန်နေသော အရက်ကို အကုန်လောင်းထည့်သည်။ ထို့နောက် ရေမရောတော့ဘဲ တစ်ရှိန်ထိုး မော့ချလိုက်လေ၏။ ဘက်ထရီမီးရောင်သည် ရုတ်တရက် နည်းနည်းမှိန်သွားသည်။ ဆိုင်ရှင်က ဘက်ထရီအားနည်းလာပြီဟု ပြောသည်။

( မြတ်လေး ၊ မေ ၊ ၁၉၈၇)

# ကလေးတစ်ဦး

ကလေးတစ်ဦး
သူရူးတစ်မည်
သဘင်သည်တစ်ယောက် ...
ဆိုသော စကားရှိသည်။ ကျွန်တော် နားလည်သလောက်တော့ ကလေးငယ်များ၊ သူရူးများနှင့် သဘင်သည်များသည် စကားသုံးခွန်းပြောလျှင် တစ်ခွန်းမှန်တက်သည်ဟု ဆိုခြင်း ဖြစ်သည်။ သဘင်သည်ဆိုသည်မှာ အနုပညာသည်များ၏ ကိုယ်စားပြု အမှတ်အသားဟုထင်သည်။
ထိုသူသုံးမျိုးသည် စကားတော့ အများကြီး ပြောတက်သော သဘာဝရှိသည်။ ထို့ကြောင့် သုံးခွန်းတစ်ခွန်းဟု ဆိုသလားမသိ။ ဤတွင်စဉ်းစားစရာရှိလာသည်။ ထိုသုံးဦး၏စကားသည် သုံးခွန်းမှာ တစ်ခွန်းမှန်သည်ဟု ဆိုသောကြောင့် ကျန်နှစ်ခွန်းကတော့ မှားသည်ဟု ပြောရာရောက်နေကြသည်။ သူတို့စကားဆိုလျှင် သုံးခွက်တစ်ခွက်တင်ကျိုပြီး သုံးနဲ့စားပြီးမှယုံ။ တိတိကျကျပြောလျှင် သူတို့စကားသည် သုံးဆယ့်သုံးဒသမ သုံးသုံး ရာခိုင်နှုန်းသာ မှန်သည်ဟု ဆိုရမလို ဖြစ်နေ၏။ သို့ရာတွင် ဘယ်အရာမဆို နှိုင်းယှည်မှုပြုလိုက်လျှင် တန်ဖိုးပြောင်းလဲသွားတက်စမြဲ ဖြစ်သည်။ ထမင်းလုံး တစ်စေ့သည် လူတစ်ယောက်အဖို့ ဘာမျှမဟုတ်လောက်သော်လည်း ပုရွက်ဆိတ်တစ်ကောင်အတွက်ဆိုလျှင် ရက်ပေါင်း အတော်ကြာအောင် အစာအဖြစ် ဖူလုံနိုင်လေသည်။
ထိုကဲ့သို့ပင် စကားဆယ်ခွန်းမှာမှ တစ်ခွန်းမှန်ခြင်းနှင့်စာလျှင် သုံးခွန်းတစ်ခွန်းမှန်ခြင်းက ဂုဏ်ယူဖွယ်ပင် ဖြစ်၏။ တကယ်တော့လည်း လောကတွင် တန်ဖိုးရှိသော မှန်ကန်သောအရာတို့သည် အနည်းစုသာဖြစ်တက်သည် မဟုတ်လား။

*

ကျွန်တော်ပြောလိုသည်မှာ အရူးတစ်ယောက်အကြောင်းမဟုတ်ချေ။ သဘင်သည်တစ်ယောက်အကြောင်းလည်း မဟုတ်ပါ။ ကလေးအကြောင်းသာ ဖြစ်ပါသည်။ ကလေးတစ်ဦး၏ စကားသာ ဖြစ်ပါသည်။ ကလေးများသည် စကားတွေအများကြီး ပြောကြသည်။ အမျိုးစုံအောင် ပြောကြသည်။ သူတို့စကားများသည် အဓိပ္ပါယ်မရှိချင်သာနေမည်။ အပြစ်ကင်းစင်တာတော့ အမှန်ပဲဟု ထင်သည်။ သူတို့၏ စကားသုံးခွန်းသည် တစ်ခွန်းကမှန်သည်ဆိုလျှင် ကျန်နှစ်ခွန်းသည် မမှန်သော်လည်း အမှားမဟုတ်။ အဓိပ္ပါယ်လွဲချော်နေခြင်းသာ ဖြစ်လိမ့်မည်။ လူကြီးတွေအဖို့ သူတို့စကားကို ဉာဏ်မမီနိုင်ခြင်းသာ ဖြစ်လိမ့်မည်။ အကယ်၍ ကလေးတစ်ယောက် မှားသည်ဆိုလျှင် သူမှားခြင်းမဟုတ်။ လူကြီးတစ်ယောက်၏ အမှားတစ်ခုခုကို အတုယူမိခြင်းသာ ဖြစ်လိမ့်မည်။ အတုယူခြင်းသည် ကလေးတစ်ယောက်အဖို့တော့ အမှန်တရား ဖြစ်သည်။

ကလေးငယ်တစ်ဦးအတွက် နောက်ဆုံးမှ သင်ကြားတက်မြောက်သောအရာသည် လိမ်လည်ခြင်းပင် ဖြစ်၏။ ကျွန်တော့်သမီးကြီးသည် သုံးနှစ်ခွဲအရွယ် ဖြစ်သည်။ သောကြာသမီးဖြစ်၍ စကားအလွန်များသည်။ အမေးအမြန်းလည်း ထူသည်။ တစ်ခါတစ်ခါ သူမေးသော မေးခွန်းကြောင့် ဦးနှောက်ခြောက်ရ၏။
"ဖေဖေ့မှာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ရှိတယ်။ မေမေ့မှာတော့ ဘာဖြစ်လို့မရှိတာလဲ" ဆိုတာမျိုး။ ကျွန်တော် ဆေးလိပ်သောက်တာကိုကြည့်ပြီး " ဖေဖေက ဘာဖြစ်လို့ မီးခိုးတွေကို စားနေရတာလဲ" ဆိုသော မေးခွန်းမျိုး။ သူ့မေးခွန်းများသည် အဖြေရခက်သော်လည်း စဉ်းစားစရာ အတွေးစကလေးတွေ ဖြစ်လာတာတော့ အမှန်ပင်။

*

ယောက္ခမများအိမ်သို့ တစ်ပတ်တစ်ခါ သွားလည်တက်သည်။ အိမ်ချင်း သိပ်ဝေးလှသည် မဟုတ်သဖြင့် ကားကျပ်သည့်အခါ ဆိုက်ကားဖြင့် သွားကြသည်။ သမီးက ဆိုက်ကားစီးရတာကို အလွန်သဘောကျသည်။ ဘတ်စကားတွေ အမြန်ကားတွေလို လှောင်ပိတ်ပူအိုက်ခြင်း မရှိသောကြောင့်လည်း ဖြစ်သည်။ ဆိုက်ကားစီးရင်း လမ်းဘေးကိုကြည့်၍ ဟိုဟာကဘာလဲ၊ ဒီဟာကဘာဖြစ်တာလဲ စသည်ဖြင့် စူးစမ်းမေးမြန်းလို့ရသောကြောင့်လည်း ဖြစ်သည်။ ထိုအခါ ... "ထီပေါက်ရင် ဆိုက်ကားဝယ်ပေးနော်ဖေဖေ" ဟု ပူဆာလေတော့သည်။ တစ်ရက်တွင် ဘတ်စကားတွေနည်းနည်းချောင်နေသည်။ သမီးကတော့ ဆိုက်ကားနဲ့ပဲ သွားချင်နေသည်။ ကျွန်တော်က ... "ဆိုက်ကားတွေ သွားလို့မရဘူး သမီးရဲ့ လမ်းဆိုးလို့" လမ်းဆိုးတယ်ဆိုတာ ဘာလဲ" ဟု မေးသည်။ ကျွန်တော်က ချိုင့်တွေဖြစ်နေသော လမ်းကို ပြသည်။ သူဘာမျှမပြောတော့။ နောက်တစ်ပတ်ကျတော့ လမ်းပေါ်က ချိုင့်ကျင်းတွေ ဖာပြီးသွားသည်။ သမီးက မြင်သွားပြီး ...

"ဒီနေ့တော့ ဆိုက်ကားနဲ့ပဲသွားမယ်နော်၊ လမ်းကမဆိုးတော့ဘူး။ လိမ္မာသွားပြီ" ဟုပြောသည်။ ကဗျာဝါသနာပါသော ကျွန်တော် ဖျတ်ခနဲအတွေးပေါက်သွားသည်။ "လိမ္မာသောလမ်း" ။ အလွန်ကောင်းသော စကားလုံးကလေးတစ်ခု။ သက်ရှိတို့၏ ဂုဏ်ရည်ကို သက်မဲ့တွင် တင်စားခြင်း သမာဓိဂုဏ် ။

*

သူ့အမေနှင့် ကျွန်တော် မင်္ဂလာဆောင်တုန်းက ဓါတ်ပုံတွေ ပြန်ကြည့်နေတုန်း သူရောက်လာသည်။ ဒါက ဖေဖေ့ပုံ၊ ဒါက ဘွားဘွား၊ ဒါက ဘဘ စသည်ဖြင့် ပြောရင်း ...
"သမီးပုံတော့မပါဘူး" ဟု ဆိုသည်။ ကျွန်တော်ပြုံးမိသည်။
"ဘယ်ပါမလဲ သမီးရဲ့ အဲဒီတုန်းက သမီးမှမမွေးသေးဘဲ" သူ မကျေနပ်၊ သူ့အစ်ကို၊ အစ်မဝမ်းကွဲတွေပုံကို လက်နှင့်ထောက်ပြီး ... "ကိုကိုတို့၊ မမတို့တောင် ပါသေးတယ်။ သူတို့မွေးပြီးပြီဆိုရင် သမီးလည်း မွေးရမှာပေါ့"
ကျွန်တော် ဘယ်လိုပြန်ရှင်းပြရမှန်းမသိ။ တစ်ခါတော့ ပန်းအိုးထဲကျနေသော ပဲကြီးစေ့တစ်စေ့က အညောက်ထွက်ပြီး အပင်ပေါက်လာသည်ကို သူတွေ့သည်။ ကျွန်တော့်ကိုမေးသည်။ ကျွန်တော်က ပဲကြီးစေ့ အပင်ပေါက်လာပြီးနောက် ပဲသီးတွေသီးမည်။ ခူးပြီး ဟင်းချက်စားလို့ရမည်ဟု ပြောသည်။
နောက် နှစ်ရက်သုံးရက်အကြာတွင် ကျွန်တော့်ကိုခေါ်ပြီး ပန်းအိုးထဲသို့ပြသည်။ ဘယ်ကရမှန်းမသိသော ဆယ်ပြားစေ့တစ်စေ့ကို မြေကြီးထဲ တစ်ဝက်လောက် မြှုပ်ထားသည်။ "သမီး ပိုက်ဆံပင်စိုက်ထားတယ်။ ဖေဖေကြည့်နေ၊ နောက် အပင်ကလေးပေါက်ပြီး ပိုက်ဆံသီးတွေ သီးလာရင် ခူးပြီး ဆိုက်ကားဝယ်မယ်"ဟု ပြောသည်။ ပိုက်ဆံက အပင်မပေါက်နိုင်ကြောင်း ကျွန်တော် မပြောတော့။ နောက် သူ့ဘာသာသိလာတော့မှ ရှင်းပြတော့မည်။ သူဘာဆက်လုပ်မလဲဟု စောင့်ကြည့်နေလိုက်သည်။ သမီးသည် မနက်တိုင်း ဆယ်ပြားစေ့ကို ရေလောင်းပေးသည်။ အရိပ်တကြည့်ကြည့်နှင့် နေလိုက်သည်။ သူဘယ်လောက် မျှော်လင့်နေမလဲမသိ။ ကျွန်တော်ပင်လျှင် ပိုက်ဆံပင်သာစိုက်လို့ရရင် ကောင်းမှာပဲဟု သိသိကြီးနှင့် စိတ်ကူးယဉ်မိပါသေးသည်။

*

သူ့အမေက ရောင်စုံအရုပ်ကလေးတွေပါသော စာအုပ်တွေ ဝယ်လာတက်သည်။ အထဲကပုံတွေကိုပြပြီး မေးသည်။ သမီးသည် သူ့ပတ်ဝန်းကျင်မှာ မြင်ဖူးသော အရာများဆိုလျှင် မှန်အောင်ပြောသည်။ မသိတာဆိုလျှင် မေးပြီး မှတ်ထားသည်။
"ဒါကဘာလဲ သမီး"
"ခွေး"
"ဒါကကော"
"ရေခွက်"
သူ့အမေက လယ်ထွန်စက်ပုံကို လက်ညှိုးနှင့်ထောက်ပြီး ...
"ဒါကကော"
"အမှိုက်သိမ်းတဲ့ကား"
"လယ်ထွန်စက်ပါ သမီးရဲ့"
"အမှိုက်သိမ်းတဲ့ကားပါ။ လမ်းထိပ်မှာ အမှိုက်တွေလာသိမ်းတာ ဒါမျိုးပဲ။ သမီးမြင်ဖူးတယ်"
သူလယ်ထွန်တာကို မမြင်ဘူးသေး။ လယ်ထွန်စက်ကို နောက်တွဲတပ်ပြီး အမှိုက်သိမ်းတာတော့ မြင်ဖူးသည်။ သူ့အမေက ရယ်၍ ...
"အေး ... အေး၊ သမီးပြောတာ မှန်တယ်"

*

ကျွန်တော်တို့ငယ်ငယ်က မီးပျက်လျှင် အလွန်ကြောက်သည်။ မှောင်ကြီးမည်းကြီးထဲမှာ မနေရဲ။ မေမေရေ လာခေါ်ပါဟု အော်တက်သည်။ တစ်ခါတစ်ရံ ညီအစ်ကိုတစ်စု တချောင်ချောင်မှာ ပူးကပ်တိုးဝှေ့ထိုင်ရင်း ငြိမ်ကုပ်နေတက်သည်။ သရဲများ ခြေထောက်လာဆွဲမလား၊ ပသျှူးခေါင်းဖြတ်ဆိုတာများ လာမလားဟု စကားတောင်မှ ဟဟ မပြောဝံ့ချေ။ သမီးကျတော့ ဒီလိုမဟုတ်။ ရုတ်တရက် မီးပျက်သွားလျှင် ...
"ဟော မီးပျက်သွားပြီ၊ ဖယောင်းတိုင်ထွန်းလိုက် မေမေ"
ဟု ခပ်အေးအေးပင် ပြော၏။
တစ်နေ့ မီးပျက်နေသဖြင့် သမီးနှင့်ကျွန်တော် ပြတင်းပေါက်နားမှာထိုင်ရင်း အပြင်ကို ကြည့်နေကြသည်။

"ဖေဖေ ဟိုမှာ ဖိုးလမင်းကြီး"
"အေး ဟုတ်တယ်၊ ဟိုမှာ ကြယ်ကလေးတွေကောတွေ့လား"
"ကြယ်ဆိုတာ ဘာလဲဟင်"
"ကြယ်ဆိုတာ သိကြားမင်းကြီးနေတဲ့နေရာမှာ ထွန်းထားတဲ့မီးလုံးလေးတွေပေါ့ သမီးရဲ့"
သမီးသည် ကြယ်ကလေးတွေကိုကြည့်ရင် ...
"သူတို့ဆီမှာတော့ မီးမပျက်ဘူးနော်" ဟုပြောသည်။

*

ကလေးကို ရိုက်နှက်ခြင်းနှင့်ပတ်သတ်၍ ပညာရှင်တို့ အဆိုအမိန့်ကို ဖတ်ဖူးမှတ်ဖူးသည်။ ကလေးကို ရိုက်ခြင်း၏ ရည်ရွယ်ချက်မှာ လိမ္မာလိုစေလိုခြင်းကြောင့်သာ ဖြစ်သော်လည်း ထိုရည်ရွယ်ချက်မှာ တစ်စိတ်တစ်ပိုင်းသာ ပါဝင်သည်ဟု ဆိုသည်။ လူတို့တွင် တစ်ဖက်သားကို နှိပ်စက်လိုသော၊ အနိုင်ယူလိုသော စိတ်ရိုင်းတစ်မျိုး ဖြစ်နေတတ်သည်။ ပြစ်မှုနှင့်ပြစ်ဒဏ် မမျှတအောင် ကလေးကိုရက်ရက်စက်စက် ရိုက်နှက်တတ်သော မိဘမျိုးတွင်း ထိုစိတ်ရိုင်းမျိုးဝင်နေသောကြောင့် ဖြစ်သည်။ ထိုစိတ်ရိုင်း၏ဆန္ဒ ပြည့်ဝအောင် ပြုလုပ်လိုက်ခြင်းက တစ်စိတ်တစ်ပိုင်းပါနေသည်ဟု မှတ်ဖူးသည်။ လူတို့မှာ ကြောက်စရာတွေများလှသည်။ နေ့စဉ်ဘဝကိုပဲကြည့်။ အလုပ်ထဲမှာ ကိုယ့်အလုပ်ရှင်ကို၊ အထက်လူကြီးကို ကြောက်ရသည်။ ဈေးဝယ်တော့ အရောင်းဈေးသည်ကို ကြောက်ရသည်။ ဘတ်စကားပေါ်ကျတော့ စပယ်ယာကိုကြောက်ရသည်။ ကိုယ့်ကိုကြောက်ရမည့်သူ၊ ကိုယ်ကနိုင်ရမည့်သူကို ရှာသောအခါ ကလေးကို သွားတွေ့သည်။ ကလေးကိုရိုက်သောအခါ ကြောက်ပါပြီဟု အော်သောအသံကို အရသာတွေ့လာသည်။ ဤသို့ဖြင့် ထိုအသံ နားထောင်နိုင်ရန် ကလေးကို ခဏခဏရိုက်တက်လာသည်။
ပြီးတော့ ရှိသေးသည်။ ကလေးကို ရက်ရက်စက်စက်လည်း ရိုက်သေးသည်။ ကလေးက နာလို့ အော်ငိုပြန်တော့လည်း "တိတ်စမ်း ၊ အသံတစ်စက်မှ မထွက်နဲ့" လို့လည်း ပြောသေးသည်။ တရားမျှတမှုမရှိဟု ကျွန်တော်ထင်သည်။
ကျွန်တော်သည် သမီးကိုရိုက်လေ့မရှိပါ။ နားလည်အောင် ရှင်းပြသည်။ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးသည်။ ကလေးသည် အရိုက်ခံရခြင်းထက် ဒဏ်ပေးခံရခြင်းကို ပို၍ကြောက်တက်သည်ဟု ထင်၏။ တစ်ရက်တွင် စားပွဲမှာထိုင်ပြီး စာရေးဖို့ ကြိုးစားနေသည်။ ရေးစရာပေးစရာတွေက အများကြီး။ ကောင်းကောင်းနေမကောင်းသဖြင့် စိတ်ကမရှင်၊ စိတ်ကူးဉာဏ်မထွက်ဘဲ ဖြစ်နေသည်။ ဝါကျတစ်ကြောင်းရဖို့ ခေါင်းခြောက်လောက်အောင် စဉ်းစားရသည်။ ဆေးလိပ်သောက်မည်ဆိုပြီး မီးခြစ်ရှာတော့ မတွေ့၊ ခုန သမီးအနားလာတာ သတိရသဖြင့် ... "သမီး မီးခြစ်ယူသလား" သမီးက ပြေးလာပြီး ... "ယူတယ် ဖေဖေ၊ သမီးဝှက်ထားတယ်" "ဘာဖြစ်လို့ဝှက်ထားတာလဲ၊ သွားယူခဲ့" "သကြားလုံးတစ်လုံးပေးမှ သွားယူပေးမယ်" ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ အကျပ်ကိုင်ပြီး အခွင့်အရေးတောင်းသည့် အကျင့်ကို သူက ဘယ်က အတုခိုးမိသလဲ။ ထိုအကျင့်ဆိုးမျိုးကို ကျွန်တော်မကြိုက်။ စွဲသွားလျှင် သူကြီးလာတော့ ... "ဒီမှာသမီး၊ သေသေချာချာနားထောင်၊ သကြားလုံးစားချင်ရင် ရိုးရိုးတောင်၊ အဲဒီလိုလုပ်တာ ဖေဖေမကြိုက်ဘူး။ သွား ... မီးခြစ်သွားယူ"

"သကြားလုံးပေးလေ"
"မပေးဘူး"
"မပေးရင် ဖေဖေ့မီးခြစ်လည်း မပေးဘူး" ကျွန်တော် စိတ်တိုလက်စနှင့် သူ့တင်ပါးကို လက်ဝါးနှင့် ဖြန်းခနဲ တစ်ချက်ရိုက်လိုက်သည်။ သူသည် အရိုက်မခံဘူးသဖြင့် ရုတ်တရုတ်အံ့သြသွားသည်။ ပြီးမှ ဝါးခနဲအော်ငိုလိုက်၏။ တော်တော်ကြာအောင် ကျွန်တော့်နားမကပ်ဘဲနေသည်။ ပြီးမှ မီးခြစ်ကို သူဝှက်ထားရာမှ ထုတ်ယူပြီး လာပေးသည်။ ထို့နောက် ကျွန်တော့်ပေါင်ပေါ် လက်ထောက်၍မှီပြီး သမီး သကြားလုံး စားချင်တယ် ဖေဖေဟု ပြောသည်။ ညနေ သူ့အမေ ရုံးက ပြန်လာသောအခါ ... "သမီး၊ ဒီနေ့ အရိုက်ခံရတယ် မေမေ" ဟု ပြောသည်။ သူ့လေသံမှာ တိုင်တန်းပုံမျိုးမဟုတ်၊ ဂုဏ်ယူသည့် လေသံ။ သမီးသည် တခြားကလေးတွေ အရိုက်ခံရတာကို ကျိတ်၍ အားကျနေသလား။ အရိုက်ခံရခြင်းသည် ကလေးတို့ရသင့်သော အခွင့်အရေးဟု ထင်နေသလား ကျွန်တော် အံ့သြရသည်။

*

သမီးနှင့် သူ့အမေ အချီအချပြောနေကြသည်။
"သမီး နို့ဆီစားချင်တယ် မေမေ"

"သမီး ခုနက ရှောက်သီးဆေးပြားစားထားတယ်၊ မဟုတ်လား။ အချဉ်နဲ့ နို့ဆီနဲ့ မတည့်ဘူး"
"မတည့်ရင် ဘာဖြစ်သလဲ"
"သေတတ်တယ်"
"သေလားမသေလား စားကြည့်ချင်တယ် မေမေ"
"အံမယ်၊ သေမယ်ဆိုတာ စမ်းကြည့်လို့ရတာမျိုး မဟုတ်ဘူးဟဲ့"
"သေတယ်ဆိုတာ ဘာလဲဟင်"
သူဒ္ဒာမေ ခေါင်းကုတ်သည်။
"သေတယ်ဆိုတာ ဟိုအမေကြီး ဒေါ်အုံး ဖြစ်သလိုမျိုးပေါ့"
"သြော် ... သေတ္တာအကြီးကြီးထဲ ဝင်အိပ်ရတာလေ"
"အင်း ဟုတ်တယ်"
"ပြီးတော့ ကားဖြူဖြူကြီးလည်း စီးရတယ်လေ ဖိမ်ပဲ"
"ဟဲ့ ... ဖိမ်မဟုတ်ဘူး"
"မေမေပဲပြောတယ်၊ အမေကြီး ဒေါ်အုံးက ဟိုမိုးပေါ် ရောက်သွားတာဆို၊ အဲဒါဆိုရင် ဖိမ်ပဲပေါ့"
သူဒ္ဒာမေ မျက်လုံးပြူးလေပြီ။ ဘာပြောရမှန်းမသိ။ လူတို့သည် သေရမှာကို အလွန်ကြောက်ကြသည်။ မသေအောင် အမျိုးမျိုး ကြိုးစားရုန်းကန်ကြသည်။ ထို့ကြောင့် သေခြင်းတရားကို မကြောက်မရွံ့ဘဲ ရင်ဆိုင်နိုင်အောင် ကြိုးစားအားထုတ်ကြပြန်သည်။ ကြိုးစားရင်းကပင် ကြောက်နေကြပြန်သည်။
ကလေးကတော့ သေရမှာကို မကြောက် ဖိမ်ပဲဟု ဆိုသည်။ သေခြင်းတရားကို မကြောက်မရွံ့ခြင်းသည် စိတ်ငြိမ်းချမ်းမှုပဲ မဟုတ်လား။ သူရရှိနေသည့် ငြိမ်းချမ်းမှုကို ဘယ်လိုလုပ်ကြမလဲ။
မတက်နိုင်ပါ။ လောလောဆယ်မှာတော့ သေခြင်းကို ကြောက်လန့်အောင် မလွှဲမရှောင်သာဘဲ ခြောက်ရလှန့်ရပေဦးတော့မည်။ ထို့ကြောင့် ကျွန်တော် ဝင်၍ပြောသည်။
"သေတယ်ဆိုတာ မကောင်းဘူး သမီးရဲ့ သေတယ်ဆိုတာလေ ဟိုဟာဖြစ်တာပေါ့၊ ဟိုဟာလေ ဘာလဲဆိုတော့"

(သဘင် ၊ စက်တင်ဘာ ၊ ၁၉၈၇)

## အိပ်မက်၌ပင်

ဘောလုံးကန်သည့် အိပ်မက်ကို ခဏခဏမက်သည်။ မက်သည့်အခါတိုင်းလည်း သူက ဘောလုံးကို တအားကျုံးကန်ထည့်လိုက်သည့် အခန်းက စသည်ချည်း ဖြစ်၏။ ဘောလုံးသည် အရှိန်ပြင်းစွာ ဝှီးခနဲထွက်သွားပြီး ဂိုးပေါက်ထဲသို့ တန်းတန်းမတ်မတ်ဝင်သွားသည်။

ဂိုးသမားလည်း ဘာမှမတက်နိုင်။ ဂိုး။ ပရိသတ်၏ အားပေးသံက ဆူညံသွားသည်။ ကစားဖော်တွေက သူ့ကို ပွေ့ဖက်ချီးကျူးကြသည်။ ထို့နောက် သူသည် လမ်းမပေါ်မှာ အားသွန်ပြေးနေပြန်သည်။

မြန်လွန်းသဖြင့် ကားတွေကိုတောင် ကျော်တက်နိုင်သည်။ လုံးဝမောပန်းခြင်းလည်းမရှိ။ ရှေ့မှာ ချောင်းကျယ်ကျယ်တစ်စင်း ခံနေသည်။ သူက အသာကလေးပင် လွှားခနဲ ခုန်ကျော်လိုက်သည်။

လေထဲတွင် သာသာကလေး ငြိမ့်ခနဲ ဝဲပြီး တစ်ဖက်ကမ်းပေါ်ကျသည်။ ထိုအချိန်မှာပင် သူ့ခြေထောက်များက ဆာတာတာဖြစ်လာပြီး မြေပြင်ပေါ်ထောက်၍ မရပ်နိုင်တော့။ ခွေခနဲကျသွားသည်။ လူးလဲပြီးပြန်ထဖို့ ကြိုးစားသည်။ မရချေ။

အိပ်မက် ပြီးဆုံးတော့မည်။ သူလန့်နိုးလာတော့မည်။ ဟင့်အင်း၊ အိပ်မက် မပြီးစေချင်သေး။ နိုးထခြင်းကို သူအကြောက်အကန် ငြင်းဆန်သည်။ ထိုအခိုက်တွင် သူနိုးလာသည်။ ထိုအခါတွင်လည်း ခါတိုင်းလိုပင် ငိုရပြန်၏။

သူသည် မွေးလာကာစတုန်းက ကျန်းမာသန်စွမ်းသော ကလေးတစ်ယောက်ပဲ ဖြစ်သည်။ သူကတောင် တခြားကလေးတွေထက် ပိုပြီးကြံ့ခိုင်ခဲ့သေးသည်။ မွေးမွေးချင်း ကိုယ်အလေးချိန် ရှစ်ပေါင်ကျော်သည်။ မှောက်ခြင်း၊ ဝမ်းလျားထိုးခြင်း၊ လေးဖက်သွားခြင်း၊ ထိုင်ခြင်း၊ မတ်တပ်စမ်းခြင်းတို့တွင် အခြားကလေးများထက် သူက ပို၍စောသည်။ ဆယ့်တစ်လအရွယ်တွင် လမ်းလျှောက်သည်။ တစ်နှစ်သားကျော်ကျော်မှစ၍ ဒေါင်ဒေါင်မြည်အောင် ပြေးလွှားဆော့ကစားသည်။

အနာရောဂါကင်း၍ ကျန်းမာသည်။ မာလွန်းသဖြင့် သူ့မိဘများက သံချောင်းဟု အမည်ပေးခဲ့ကြခြင်း ဖြစ်၏။ သို့ရာတွင် လူတစ်ယောက်၏ ဘဝကို မျက်စိနှင့်မမြင်နိုင်သော ပိုးမွှားကလေးများက ပြုပြင်ဖန်တီးနိုင်လေသလား။ သို့တည်းမဟုတ် ကုဗစင်တီမီတာ အနည်းငယ်မျှရှိသော ကာကွယ်ဆေးရည်များက ပြဋ္ဌာန်းနိုင်လေသလား။ သံချောင်း ငါးနှစ်သားအရွယ်တွင် သူ့ဘဝ၌ ပထမဆုံးအကြိမ်အဖြစ် အကြီးအကျယ်ဖျားသည်။ နာလန်ထစ အားနည်းနေစဉ်တွင် ကစားရင်းချော်လဲသည်။ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်။ ခြေထောက်နည်းနည်း နာသွားရုံသာရှိသည်။ အမှတ်တမဲ့နေခဲ့ရာမှ ခြေထောက်တွေ ဆာတာတာဖြစ်လာသည်။ အကြောတွေ ဆိုင်းလာသည်။ ခြေထောက်တွေ တဖြည်းဖြည်းသိမ်လာသည်။ လမ်းလျှောက်လို့မရတော့။

သူ့မိဘတွေက ချည့်သွားသည်ဟူ၍သာ သိသည်။ ဆေးရုံဆေးခန်းတွေ မသွားဖြစ်ခဲ့။ မြန်မာဆေးဆရာနှင့် ကုသည်။ တိုင်းရင်းမြန်မာဆေးဆရာ ဆိုသော်လည်း စနစ်တကျကုသည့် သမားတော်မျိုးမဟုတ်။ အနီးအနားက ဆေးဆရာဟုဆိုသော သူထံ ပြခြင်းသာ ဖြစ်သည်။

ကြာရှည်စွဲပြီး ကုသနိုင်ခြင်းလည်းမရှိ။ သူ့မိဘများမှာ သားသမီးခုနစ်ယောက်တို့၏ စားဝတ်နေရေးအတွက် အဓိကထားလုံးပန်း နေကြရသူများဖြစ်၍ သူတစ်ယောက်တည်းကို ကွက်ပြီး ဂရုမစိုက်နိုင်။ ဤကဲ့သို့ဖြင့် သံချောင်းသည် ဒုက္ခိတကလေးငယ်တစ်ယောက် ဖြစ်လာခဲ့ရသည်။

သူ့အဖေက ပန်းရန်ဆရာဖြစ်သည်။ ထုံးစံအတိုင်း ဆရာဟု နာမည်တပ်သည့်တိုင် ဆရာအဆင့်တော့ မဟုတ်ချေ။ နေ့စားနောက်လိုက်သာ ဖြစ်သည်။ သူ့အမေက အုတ်သယ်၊ မဆလာသယ်ရသည်။

သံချောင်း၏အထက်မှာ အစ်မ သုံးယောက်ရှိသည်။ သုံးယောက်စလုံးမှာ နှစ်တန်းသုံးတန်းလောက်ထိ ကျောင်းနေပြီး ဆက်မတက်နိုင်သဖြင့် ကျောင်းထွက်ထားရသူများ ဖြစ်ကြသည်။ အစ်မအကြီးဆုံးက မိဘများနှင့်လိုက်ပြီး အလုပ်လုပ်သည်။ ဒုတိယအစ်မက အိမ်မှာ ချက်ပြုတ် လျှော်ဖွပ်လုပ်ရသည်။ တတိယအစ်မက မုန့်ဟင်းခါးဆိုင် တစ်ဆိုင်မှာ တောက်တိုမည်ရ ကူလုပ်ရသည်။

သူ့အောက်မှာ နမတစ်ယောက်နှင့် ညီငယ်နှစ်ယောက်ရှိသည်။ နမက အငယ်နှစ်ယောက်ကို ထိန်းရသည်။ ညီတစ်ယောက်က ကျောင်းနေသည်။ တစ်ယောက်က ငယ်သေးလို့ ကျောင်းမနေသေး။ ခုဆိုလျှင် သံချောင်းအသက် ကိုးနှစ်ရှိပြီ။ ကျောင်းတော့နေလို့မရ။ သူတို့နားက မူလတန်းကျောင်းကလေးကို သွားသည့်လမ်းမှာ တော်တော်ဆိုးသည်။ ရွှံ့တွေဗွက်တွေထဲ ဖြတ်ရသည်။ ခနော်နီခနော်နဲ့ ဝါးတံတားကလေးကို ဖြတ်ရသည်။ သူကျောင်းမနေရသည့်အတွက် ဘယ်သူကမှထူးပြီး ဝမ်းမနည်းခဲ့ကြချေ။ သူ့လို ဒုက္ခိတက အတန်းတွေအောင်လို့ကော ဘာအသုံးကျမှာလဲ။ သူ့အစ်မများက ကြုံလျှင်ကြုံသလို သင်ပေးသဖြင့် စာလုံးပေါင်းဖတ်တက်နေတာလောက်နှင့် လုံလောက်ပြီ။

*

သံချောင်း၏ရောဂါသည် ပိုလီယိုခေါ်အကြောသေရောဂါဖြစ်ကြောင်း သူ့ဘာသာသူလည်းမသိ။ သူ့မိဘတွေကလည်းမသိ။ သိအောင် စုံစမ်းဖို့လည်း အချိန်မရှိ။ သိတော့ကော ဘာထူးမှာလဲ။ ထို့ကြောင့် သူ့ရောဂါမဖြစ်ခင် ငယ်ငယ်က ကျန်းမာရေးဌာနမှ ရပ်ကွက်ထဲမှာ ကာကွယ်ဆေးလာထိုးစဉ် ပုန်းရှောင်နေခဲ့မိသည့်အတွက် နောင်တရဖို့လည်း စိတ်ကူးထဲထည့်နေစရာ မလိုတော့ချေ။
သူသည် ဒုက္ခိတဖြစ်နေသည့်တိုင် အိမ်မှာ အခွင့်အရေး ပိုမရခဲ့။ ပေးစရာအခွင့်အရေး ဘာမျှမရှိဘဲ သူ့အစ်မတွေလို အလုပ်လုပ်ခြင်းကိုသာ အထူးအခွင့်အရေးဟု ဆိုလိုက ဆိုနိုင်၏။
သူ့ခြေထောက်များသည် ခွေးတစ်ကောင်၏ အမြီးလောက်မှ အသုံးမကျချေ။ ပျော့ဖတ်ခွေခေါက်ပြီး တွဲလောင်းကျနေသည်။ သူ့ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် ဘာမျှမဆိုင်သော အပိုပစ္စည်းတစ်ခုလို တန်းလန်းတိုးလိုး ဖြစ်နေ၏။
သူလမ်းလျှောက်လျှင် လက်ဖနောင့်နှစ်ဖက် မြေမှာထောက်ပြီး ဖင်တရွတ်ဆွဲ၍ သွားရသည်။ သူ့လက်များသည် သူ့ခြေထောက်များအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်ရသည်။ လက်ကို အားပြုရဖန်များသဖြင့် သူ့လက်ဖျံများသည် ပုံမှန်ထက် နှစ်ဆခွဲလောက် ကြီးနေသည်။ သူ့လက်ဖနောင့်သားတွေက အသားမာတက်ပြီး တော်ရုံတန်ရုံ ခဲလုံးစူးတာလောက်တော့ မမှုပြီ။ သူသည် ဖိနပ်စီးစရာမလိုသဖြင့် ဖိနပ်ဖိုးမကုန်ကျချေ။ ဤသည်မှာ သူ့မိဘအပေါ် တစ်ခုတည်းသော ကျေးဇူးပြုခြင်းပင် ဖြစ်တန်ရာသည်။ သံချောင်းသည် ကလေးတစ်ယောက်သာ ဖြစ်သဖြင့် အများသူငါလို ဆော့ကစားချင်သည်။ အိမ်ထဲမှာချည်း မနေနိုင်။ သူ့ညီတွေနှင့်တော့ ကစားလို့မဖြစ်။ သူတို့က ငယ်ငယ်လေးတွေ ရှိသေးသည်။ ကစားဘက်ဖြစ်လောက်သည့်အရွယ်မဟုတ်။ ရွယ်တူအချင်းချင်းပဲ ကစားချင်သည်။ ဒီလိုကစားတော့ကော အတူပါဝင်ကစားရသည်ထက် ဘေးကထိုင်ကြည့်ရတာကသာ များသည်။ သူတို့ကစားကြလျှင် ယောက်ျားလေးပီပီ ပြေးလွှားခုန်ပေါက်ရသော ကစားနည်းမျိုးတွေချည်း ဖြစ်သည်။ တစ်ခါတလေမှ သူပါခွင့်ရသည်။ ဘောလုံးကန်သည့်အခါမျိုး သူက ဂိုးဖမ်းရသည်။ ထိုအခါ သူပါသည့်ဘက်က စားသာသည်။ သူဖမ်းရသည့် ဂိုးပေါက်ကို ကျဉ်းကျဉ်းထားကြသည်။ ပြီးတော့ ကစားရာတွင် ဂိုးတိုင်မရှိသဖြင့် ကန်သည့်ဘောလုံး ဂိုးသမားလက်တစ်ဆန့်ထက် ကျော်သွားလျှင် မဂိုးဘူးဟု စည်းကမ်းရှိသည်။ သူက ထိုင်လျက်ဂိုးဖမ်းခြင်းဖြစ်၍ သူ့လက်တစ်ဆန့်သည် နိမ့်နိမ့်လေး။ တစ်ဖက်လူများ မြှောက်ဘောကန်သွင်းလျှင် မဂိုးသည်က များသည်။ ထို့ကြောင့် ဘောလုံးကန်ရာမှာတော့ သူ့ကို နှစ်ဖက်စလုံးက ဂိုးဖမ်းခိုင်းချင်တက်ကြလေသည်။ တစ်ခုပဲရှိသည်။ သူက လျင်မြန်စွာ ရွေ့လျားနိုင်ခြင်းမရှိသဖြင့် မျက်နှာကို ဘောလုံးခဏခဏမှန်သည်။ သေနတ်ပစ်တမ်း၊ စိန်ပြေးတမ်း၊ ခွက်ခေါက်တမ်း ကစားကြပြီဆိုလျှင်တော့ သူပါလို့မရတော့။ ထိုအခါမျိုးတွင် ဘေးက ပွဲကြည့်ပရိသတ်အဖြစ် ထိုင်ကြည့်နေရုံသာရှိ၏။ ကြည့်ရင်းက ဟိုကောင်က ညစ်ပတ်တက်တယ်၊ ဒီကောင်က ကြောက်တက်တယ် စသည်ဖြင့် စိတ်ထဲက မှတ်ချက်ချရင်း အာသာဖြေရသည်။
ပြည်ထောင်စုနေ့ ချီတက်ပွဲကို သူတို့ ထွက်ကြည့်ကြသည်။ အထူးသဖြင့် ဘင်ခရာတီးဝိုင်းကို မျှော်ကြသည်။ ဘင်ခရာအဖွဲ့ထဲမှာ သူတို့ သူငယ်ချင်း အောင်ကိုကို ပါသောကြောင့် ဖြစ်သည်။ ခဏအကြာတွင် တီးဝိုင်းအဖွဲ့ ချီတက်လာသည်။ ရှေ့ဆုံးက လူငယ်တစ်ယောက်က တုတ်ရှည်ရှည်တစ်ချောင်းကို ဝှေ့ယမ်းလာသည်။ ဘင်တီးသူ၊ လင်ကွင်းတီးသူ၊ လေမှုတ်ကိရိယာမှုတ်သူတွေ နောက်က ပလွေအဖွဲ့ ဖြစ်သည်။
ကက်ဦးထုပ်အဖြူ၊ အကျီအဖြူ၊ ဘောင်းဘီအဖြူ၊ ဖိနပ်အဖြူ၊ လက်အိတ်အဖြူ ဆင်တူတွေနှင့် အရမ်းသားနားသည်။ အောင်ကိုကိုက ပလွေမှုတ်ရင်း သူတို့ဘက်လှည့်ကြည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြသွားသည်။ သူတို့ လက်ခုပ်တီးကြ၏။ အောင်ကိုကိုတို့ မိဘတွေက ပိုက်ဆံရှိသည်။ ရပ်ကွက်ထဲမှာတော့ သူတို့ အချမ်းသာဆုံးပင် ဖြစ်သည်။ အောင်ကိုကိုကိုလည်း အလိုလိုက်ကြသည်။ သူ့မှာစက်ဘီးရှိသည်။ သေနတ်ပစ်တမ်းကစားကြလျှင် တခြားကောင်တွေက သစ်သားသေနတ်၊ ဝါးသေနတ်၊ သကြန်ရေပက်သည့်သေနတ်တို့သာ ကိုင်ရသည်။ အောင်ကိုကိုကတော့ တကယ်မြည့်ပြီး တကယ့်စက်သေနတ်နှင့်တူသော နိုင်ငံခြားဖြစ်ကို ကိုင်လေ့ရှိသည်။ ဘောလုံးကန်ကြပြီဆိုတော့လည်း အောင်ကိုကို၏ ဘောလုံးကိုသာ အားကိုးကြသည်။ အောင်ကိုကိုကြောင့်ပင် သံချောင်း ဘောလုံးကစားခွင့်ရခဲ့ခြင်း ဖြစ်၏။ ဘောလုံးကန်ရာတွင် သံချောင်းပါဖို့ကို တခြားကောင်တွေက ကန့်ကွက်ကြသည်။
"ဒီကောင် ခြေထောက်မှ မသန်တာ၊ ဘယ်လိုလုပ်ကစားမှာလဲ" "ဂိုးဖမ်းခိုင်းရင် ရတာပေါ့" ဟု အောင်ကိုကိုက ပြောသည်။ "ဟာ ... မဖြစ်နိုင်တာ၊ ဂိုးသမားဆိုတာ အရပ်မြင့်မှကွ။ ဒီကောင်က ထိုင်ပြီးဖမ်းမယ့်ဟာ" ဆိုပြီး သံချောင်းမပါရဟု ပြောကြသောအခါ အောင်ကိုကိုက ... "သံချောင်းမပါရင် ငါ့ဘောလုံးနဲ့ မကစားကြနဲ့" ဟု အကျပ်ကိုင်သဖြင့် သံချောင်းပါခွင့်ရခဲ့ခြင်းပင်။ အောင်ကိုကိုက သံချောင်းကို ခင်သည်။ သံချောင်းနှင့် စကားလာလာပြောလေ့ရှိသည်။ "နိုင်ငံခြားမှာဆိုရင် မင်းတို့လို ခြေထောက်မသန်တဲ့ လူတွေအတွက် စပါယ်ရှယ်လုပ်ထားတဲ့ ကုလားထိုင် ရှိတယ်ကွ။ ဘီးတပ်ထားတာ။ ခလုတ်နှိပ်လိုက်တာနဲ့ သူ့အလိုလို သွားတယ်။ ကားလည်း မောင်းလို့ရတယ်" "ကားမောင်းတယ် ဟုတ်လား" "အေး ... ခုနပြောတဲ့ ဘီးတပ်ကုလားထိုင်ကို ကားထဲထိ မောင်းဝင်သွားလို့ရတယ်။ ပြီးတော့ စတီယာရင်ရှေ့မှာထိုင်ပြီး မောင်းရုံပဲ။ ကားကလည်း ခြေထောက်မသန်တဲ့ လူတွေမောင်းလို့ရအောင် စပါယ်ရှယ်လုပ်ထားတာပဲ"

"ငါသာ နိုင်ငံခြားမှာဆိုရင် သိပ်ကောင်းမှာပဲကွာ" ဟု သံချောင်းက ပြောသည်။ အောင်ကိုကိုက တစ်စုံတစ်ခု စဉ်းစားမိသွားပြီး …"သံချောင်း မင်း ချိုင်းထောက်နဲ့ဆို လမ်းလျှောက်လို့ရမှာပေါ့" ထိုအကြောင်းကို တစ်ခါမှ သူမစဉ်းစားခဲ့မိဖူးချေ။ သူ့အတွက် ချိုင်းထောက်လိုအပ်သည်ဆိုလျှင် သူ့အဖေက ဝယ်ပေးခဲ့မှာပဲ။ မလိုအပ်လို့ ဝယ်မပေးခဲ့တာပေါ့။နောက်ပြီး ချိုင်းထောက်ဝယ်စရာ ပိုက်ဆံလည်း အဖေတို့မှာရှိချင်မှ ရှိမည်။ သူသည် အဖေတို့ အမေတို့ကို တစ်ခါမှ မပူဆာခဲ့ဖူးချေ။ ခုလည်း ချိုင်းထောက်ဝယ်ပေးပါဟု သူမပြော။ အိပ်မက်ထဲမှာသာ ချိုင်းထောက်နှင့် လမ်းလျှောက်ရကြောင်း ခဏခဏထည့်မက်ဖြစ်ခဲ့၏။

*

အောင်ကိုကိုတို့အိမ်မှာ ရုပ်မြင်သံကြားစက် ဝယ်လိုက်သည်။ အောင်ကိုကိုက …"ညကျရင် မင်းတို့လာကြည့်ကြကွာ၊ တီဗွီက တံခါးပေါက်ဘက်ကိုလှည့်ထားတာ၊ အပြင်ကနေ ရပ်ကြည့်လို့ရတယ်" ဟု ဖိတ်ကြားခဲ့သည်။ ညကျတော့ အောင်ကိုကိုတို့ အိမ်တံခါးပေါက်ရှေ့မှာ ကလေးတွေ စုပြုံတိုးကြသည်။ အောင်ကိုကိုတို့အမေက … "ပရိသတ်က များလှချည်လား" ဟု ပြောရာ အောင်ကိုကိုက … "သားသူငယ်ချင်းတွေ" ဟုဆိုသဖြင့် သူ့အမေက … "သြော် … ကောင်းကောင်းကြည့်ကြနော်၊ မဆူနဲ့ သိလား" ဟု ခွင့်ပြုချက် ပေးလိုက်သည်။ အောင်ကိုကိုတို့ အိမ်တံခါးပေါက်က နှစ်ထပ် ဖြစ်သည်။ အပြင်က သံတံခါးနှင့် အတွင်းက သစ်သားတံခါး တစ်ထပ်ရှိသည်။ သစ်သားတံခါးကို ဖွင့်ထားသဖြင့် သံပန်းတံခါးကြားမှ ချောင်းကြည့်လို့ရသည်။ သံချောင်းကတော့ မတ်တပ်မရပ်နိုင်သဖြင့် ထိုင်ကြည့်ရသည်။ အိမ်ထဲမှ လူတွေက ကုလားထိုင်ဖြင့် ထိုင်ကြသောကြောင့် မြင်ကွင်းကို ကွယ်နေသည်။ ကတ်သီးကတ်သတ်ကလေးကျန်နေသော ထိုင်ခုံနှစ်လုံးကြား ကွက်လပ်ကလေးမှသာ တစ်ပိုင်းတစ်စကို မြင်ရသည်။ တစ်ခါတစ်ခါ ထိုင်နေသူများ လှုပ်ရှားလိုက်လျှင် ကွယ်ကွယ်သွားသေးသည်။ ဒေါ်လာခြောက်သန်းတန် လူသားဇာတ်လမ်း စပြသောအချိန်မှာပင် အောင်ကိုကိုတို့ အဖေက ထိုင်ခုံကို ရွှေ့လိုက်သဖြင့် မြင်ကွင်း လုံးဝကွယ်သွားသည်။ သံချောင်းမမြင်ရတော့။ အသံက ကြားနေရသည်။ တခြားကောင်တွေက … "ဟား … အရမ်းသားနားတယ်ကွာ" "ရေရေလည်လည်ပဲကွာ" "ဟော … တိုက်ကြီးပေါ် ခုန်တက်သွားပြီ" ဆိုသောအခါ သံချောင်း ယောင်ပြီး အပေါ်ကို မော့ကြည့်မိသည်။ နောက်နေ့ကျတော့ ညကကြည့်ခဲ့သည့် ဇာတ်လမ်းအကြောင်း ပြောကြသည်။ မင်းသားက အလွန်သန်စွမ်းသည်။ လက်တွေ ခြေထောက်တွေက သံမဏိနှင့် လုပ်ထားသည်ဟုဆိုသည်။ သံချောင်းကြီးတွေကို ကွေးနိုင်သည်။ ကားထက်မြန်အောင် ပြေးနိုင်သည်။ ဟိုးအမြင့်ကြီးကို ခုန်တက်နိုင်သည်။ သံချောင်းကတော့ ချိုင်းထောက်တစ်ခုကို အပြင်းအထန် လိုချင်လာတော့သည်။ သူ့အဖေနှင့် အမေကိုတော့ ဘာမျှမပြော။ သူ့ဘာသာ ချိုင်းထောက်လုပ်သည်။ ဝါးလုံးမာမာ နှစ်ချောင်းကို ထိပ်က ချိုင်းကြားညှပ်ရန် တစ်ထွာလောက်ရှိသည့် ဝါးလုံးတိုတိုလေးများ တပ်သည်။ ထိုချိုင်းထောက်ဖြင့် စမ်းပြီးရပ်ကြည့်သည်။ မလွယ်လှ။ တစ်ခုခုကို အားပြုကိုင်ပြီး ရပ်လျှင်တော့ ရသည်။ သူ့အဖေက ချိုင်းထောက်ကို တွေ့သွားသည်။ အကြာကြီးကြည့်နေသည်။ ဘာမျှမပြော။ သူ့အမေကတော့ … "အင်း ငါတို့မှာ ပိုက်ဆံမရှိဘဲကိုး" ဟူ၍သာ ပြော၏။

*

ဘာပဲဖြစ်ဖြစ် သူရုပ်မြင်သံကြားကြည့်လို့ ရသွားပြီ။ ချိုင်းထောက်ကိုထောက် သံပန်းတံခါးကို အားပြုသောအခါ မတ်တပ်ရပ်လို့ ရသွားသည်။ အစီအစဉ်အစအဆုံး ကြည့်သည်။ သတင်းကြေညာသည့်အချိန်မှာ တခြားလူတွေ ဟိုသွားဒီသွားသည့်တိုင် သူကတော့ စွဲစွဲမြဲမြဲရပ်လျက်။ ထိုနေ့ကပြသော ဇာတ်လမ်းသည် သူအလွန်ကြည့်ချင်နေသော သူတို့အခေါ် သံမဏိလူသားဇာတ်လမ်း။ ထိုနေ့ညက သူသည် အိပ်မက်ထဲမှာ သံမဏိလူသား ဖြစ်သွားသည်။ အိပ်မက်ဆုံးခါနီးတွင် ထုံးစံအတိုင်း သူ့ခွေလဲသွားသည်။ အိပ်ရာက လန့်နိုးတော့ ညက ချိုင်းထောက်ကို အားပြု၍ မရပ်စဖူး အချိန်ကြာမြင့်စွာ ရပ်ခဲ့ရသဖြင့် တစ်ကိုယ်လုံး နာကျင်နေသည်။ နောက်ပြီး သူ့ချိုင်းထောက်ကလေးများသည်လည်း သူ့ညီနှစ်ယောက် ယူဆော့သဖြင့် ကျိုးပဲ့ပျက်စီးနေပြီ။ သူငိုနေရပြန်၏။

*

သူ့အဖေသည် လုံထမ်းလာခြင်းမဟုတ်။ ကံထမ်းလာခြင်းလည်း မဟုတ်။ ချိုင်းထောက်ထမ်းလာခြင်းသာဖြစ်၏။ သံချောင်းအဖို့တော့ အဖေ ရွှေအိုးထမ်းလာတာ မြင်ရခြင်းကဲ့သို့သာတည်း။ သူ့ဘဝတွင် အပျော်ဆုံးနေ့တစ်နေ့။ သူသည် ချိုင်းထောက်နှင့် လမ်းလျှောက်နိုင်အောင် အပြင်းအထန် လေ့ကျင့်သည်။ သစ်သားနှင့် စနစ်တကျပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ချိုင်းမှာညှပ်ရတာ၊ ထောက်ရတာ၊ ကိုယ်ကိုထိန်းရတာ အဆင်ပြေသည်။ သူသည် ရက်အနည်းငယ်အတွင်းမှာပင် ချိုင်းထောက်နှင့် လမ်းလျှောက်နိုင်သွားသည်။

သူက ညဘက်ကျမှ ကျိတ်ပြီး ကျင့်သောကြောင့် တခြားကောင်တွေက သူချိုင်းထောက်ကို မမြင်ဖူးကြသေး။ ကောင်းကောင်း လျှောက်နိုင်ပြီဆိုတော့မှ ချိုင်းထောက်ကို ဟန်ပါပါထောက်ပြီး လမ်းလျှောက်ထွက်သည်။ မြင်သည့်ကောင်တိုင်းက ...

"ဟာ သံချောင်း၊ မင်းက ချိုင်းထောက်နဲ့ဆိုတော့ တယ်ဟုတ်ပါလား" ဟု ချီးကျူးကြသည်။ သူက ဂုဏ်ယူဝင့်ကြွားစွာ ပြုံးပြသည်။ ညကျတော့ ရုပ်မြင်သံကြား သွားကြည့်သည်။ သံပန်းသံတံခါးရှေ့မှာ သူရပ်လိုက်သောအခါ အောင်ကိုကိုက ... "ဟေ့ကောင် သံချောင်း၊ဒီနေ့ညတော့ မင်းအိမ်ထဲမှာ ထိုင်ကြည့်တော့။ မင်းခြေထောက်မသန်ဘူးလို့ ငါတို့အဖေကို ပြောပြီးပြီ။ ဖေဖေက မင်းကို အိမ်ထဲက ကြည့်ခွင့်ပေးလိုက်ပြီကွ" သံချောင်းက ... "နေပါစေကွာ၊ ငါအပြင်ကပဲကြည့်မယ်။ အခု ငါကောင်းကောင်းရပ်နိုင်ပြီကွ" ဆိုပြီး သူချိုင်းထောက်ကိုပြသည်။ အောင်ကိုကိုက ခုမှမြင်သွားပြီး ... "ဟာ ... ဟုတ်သားပဲ မင်းတို့အဖေ ဝယ်ပေးတာလား" "အေးပေါ့ကွ"
ထိုစဉ်တွင် အောင်ကိုကို၏ညီ အောင်ညီညီ အနားရောက်လာပြီး ... "ကိုကိုအောင် ၊ အဲဒါဘာလဲ" ဟုချိုင်းထောက်ကို ကိုက်ကြည့်ရင်း မေးသည်။ "ချိုင်းထောက်လို့ခေါ်တယ်ကွ" သံချောင်းက ဝင်ပြောသည်။ အောင်ညီညီက ... "ညီညီလည်း လိုချင်တယ်" ဟု ပြောသည်။ "ဟာ ... ဒါကစားစရာမဟုတ်ဘူးကွ။ သံချောင်းက ခြေထောက်မသန်လို့" "ဟာ ... ဘာပဲဖြစ်ဖြစ် လိုချင်တယ်ကွ၊ သိပ်သားနားတာပဲ" အောင်ညီညီကပြောပြီး အိမ်ထဲသို့ပြေးဝင်သွားသည်။ သူ့အမေကို ပြေးဖက်ပြီး ... "မေမေ သားကို ချိုင်းထောက်ဝယ်ပေးနော်" ဟု ပူဆာနေသည်။ သံချောင်းပြုံးလိုက်သည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် အခြားသူတစ်ယောက်၏ အားကျမှုကို ခံရခြင်းပင် ဖြစ်၏။ ထိုနေ့ညက အိပ်မက်ထဲမှာ ချိုင်းထောက်များကို အတောင်ပံလို ခတ်ပြီး မိုးပေါ်ပျံတက်သွားရာ တိမ်တိုက်တွေကြားထဲထိ ရောက်သွားသည်။

(ပန် ၊ နိုဝင်ဘာ ၊ ၁၉၈၇)

## အပ်ဖျားတို့ဆုံတွေ့ရာဒေသ

နှစ်ထပ်တိုက် အဆောက်အအုံကလေးမှာ အမျိုးသမီး ပြင်ပလူနာဌာန ဖြစ်သည်။ မနက်အစောကြီးကတည်းကပင် လူနာတွေ အများကြီး ရောက်ရှိနေပြီး သံတံခါးဖွင့်မည့် အချိန်ကို စောင့်နေကြသည်။ တချို့က သံတံခါးရှေ့က လှေကားထစ်မှာ ထိုင်သည်။ တချို့က ဆင်ဝင်အောက်မှာ ရပ်လျက်။ တချို့ကတော့ ကွန်ကရစ်လမ်း၏ တစ်ဖက်တစ်ချက်ရှိ ကပ်တုံးများပေါ်မှာ ထိုင်နေကြသည်။ ယောကျ်ားနည်းသည်၊ မိန်းမများသည်။ အများစုက ကိုယ်ဝန်ဆောင်များ ဖြစ်သည်။ တချို့က ကလေးတွေပါ ခေါ်လာကြသည်။ လူတွေက အမျိုးမျိုး။ သားသားနားနား ဝတ်စားထားသူတွေ၊ နွမ်းနွမ်းပါးပါး ဝတ်စားထားသူတွေ ရောထွေးနေသည်။ တချို့က ဖိနပ်တောင်မပါ။ အဆောက်အအုံဘေး ကွက်လပ်တွင်ကားတွေ ရပ်ထားသည်။ ခပ်လတ်လတ်၊ တစ်ပတ်ရစ်၊ အသစ်စက်စက်။ ဝင်ပေါက်နားတွင် ဆေးလိပ်၊ ကွမ်းယာဆိုင်နှင့် ရုပ်ပြကာတွန်းငှားသော ဆိုင်ကလေးရှိသည်။ တချို့က ဆေးလိပ်သောက်သည်။ တချို့က ကွမ်းယာဝယ်စားသည်။ တချို့က ရုပ်ပြငှားဖတ်ကြသည်။ ကိုယ်ဝန်ဆောင် တစ်ယောက်၊ အဖော်မိန်းမကြီး နှစ်ယောက်၊ ယောကျ်ား တစ်ယောက်၊ ကလေး သုံးယောက် ပါဝင်သော အုပ်စုသည် သူတို့ဘာသာစကားဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆို ငြင်းခုံနေကြသည်။

ကလေးတွေက ပြေးလွှားဆော့ကစားနေကြသည်။ ကားတစ်စင်းက အရှိန်မလျှော့ဘဲ မောင်းဝင်လာသည်။ ကလေးတစ်ယောက်က ကားရှေ့ဖြတ်ပြေးသဖြင့် ကျွီခနဲ ဘရိတ်အုပ်သည်။ အာမေဍိတ်သံများနှင့်အတူ ရုတ်ရုတ်သဲသဲ တစ်ချက်ဖြစ်သွားသည်။ ငြင်းခုံပြောဆိုနေကြသူတွေထဲမှ မိန်းမကြီးတစ်ယောက်က ကလေးကို ပြေးဆွဲလိုက်ပြီးနောက် တင်ပါးကို တစ်ချက်ရိုက်လိုက်သည်။ ကလေးက စီခနဲ အော်ငိုသည်။ ကိုယ်ဝန်ဆောင်အကျီ ခပ်နွမ်းနွမ်းဝတ်ထားသော မိန်းမနှစ်ယောက်က ပြောလက်စစကားကို ပြန်ဆက်သည်။

"ဘာဆေးတွေသောက်လဲ"

အသက်ပိုကြီးသော မိန်းမက မေးသည်။ မိန်းမငယ်က "ဆေးတွေက ဈေးကြီးလွန်းလို့ ဘာမှမသောက်ပါဘူး အစ်မရယ်။ ထမင်းပဲ အားပြုစားနေရတာပဲ။ စားချင်သောက်ချင်စိတ်လည်း သိပ်မရှိလှပါဘူး" "တခြားဆေး မသောက်ချင်နေ၊ ကမ္ဗဇလေနှင်ဆေးတော့ သောက်အေ့။ မွေးဖွားရ လွယ်တယ်။ ဒါနဲ့ အိမ်ထောင်သက်က ဘယ်နနှစ်ရှိပြီလဲ" "ငါးနှစ်" "အားပါး ၊ ငါးနှစ် လေးယောက်ဆိုတော့ ကလေးနီးတာပေ့ါ"

"ဒါတော့ ဘယ်တက်နိုင်ပါမလဲ""သားကြောဖြတ်ဖို့ လျှောက်လွှာတင်ပါလား" "အဲဒါကလည်း လျှောက်လွှာရဖို့တောင် မလွယ်ဘူးဆို" "အေး ... ဟုတ်တယ်၊ စည်းကမ်းချက်တွေနဲ့ ကိုက်ညီမှတဲ့။ စည်းကမ်းချက်တွေကလည်း များလိုက်တာ။ ငါတို့ကတော့ ကံကောင်းတယ်။ ဗိုက်ခွဲရတာဆိုတော့ ဒီတစ်ယောက်ပြီးရင် အော်တိုမစ်တစ် ဖြတ်ပေးမှာပဲ။ သုံးယောက်ပဲ ယူရတာကိုး"

*

ကိုယ်ဝန်ဆောင်အားလုံးလိုလို တံခါးပေါက်နားမှာ ရုံးစုရုံးစု ရှိနေကြပြီ။ ခဏအကြာတွင် အလုပ်သမားတစ်ယောက် သံတံခါးနား လာရပ်သည်။

လှုပ်လှုပ်ရွရွဖြစ်ပြီး ဝင်ဖို့တာစူကြပြီ။

"သိပ်မတိုးကြနဲ့နော်၊ တစ်ယောက်စီဝင်"

သံဘာဂျာတံခါးကို လူတစ်ယောက်စာ ဖွင့်သည်။ စုပြုံတိုးကြလေသည်။

"ယောကျ်ားတွေ အပြင်မှာစောင့်နော်၊ မဝင်ရဘူး"

ဟိုအပေါက်စောင့် အလုပ်သမားက အော်နေသည်။ မိန်းမတစ်ယောက်က ကလေးငယ်တစ်ယောက်ကိုပါ လက်ဆွဲပြီး ဝင်မည်ပြုသည်။

"ကလေး အထဲကို မခေါ်ရဘူး"

"ဟင် ... မခေါ်လို့ ဘယ်ဖြစ်မလဲ၊ အပြင်မှာ တစ်ယောက်တည်း ထားခဲ့ရမှာပေ့ါ"

"ဟာ ... ခက်တာပဲ၊ ဘာဖြစ်လို့ ကလေးခေါ်လာရသလဲဗျ"

"အို ... အိမ်မှာ ကြည့်မယ့်လူမှရှိဘဲ "

"ဒါတော့ မတက်နိုင်ဘူးဗျာ၊ အပြင်က တစ်ယောက်ယောက်ကို အပ်ခဲ့"

မိန်းမက သူ့ကလေးကို ...

"ကဲ ... မဝင်ရဘူးတဲ့၊ ဟိုနားမှာ ထိုင်စောင့်နေ ဟုတ်လား"

"ဟာ ... အမေရာ လိုက်မှာပဲ"

"လိုက်လို့ မရပါဘူးဆိုမှ"
"လိုက်မှာပဲ၊ လိုက်မှာပဲ"
"တယ် ၊ ငါလုပ်လိုက်ရ ၊ ဟိုမှာ နင့်ပထွေးက မဝင်ရဘူးလို့ ပြောနေတာ မကြားဘူးလား"
အပေါက်စောင့်၏ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

*

အထဲရောက်တော့ ခုံတန်းလျားမှာ ထိုင်စောင့်ရသည်။ စောင့်ရင်းနီးစပ်ရာ စကားပြောကြဆိုကြ၊ မသိတာမေးကြ၊ ရှင်းပြကြနှင့် အသံတွေတဝေါဝေါ ထွက်နေသည်။ မိန်းမတစ်ယောက်က သူ့ဘေးမှာ ထိုင်နေသူကို လက်တို့၍ ရှေ့တန်းမှ သားသားနားနား ဝတ်စားထားသူတစ်ယောက်ကို မေးငေ့ါပြပြီး ...
"ဗိုက်လာအပ်တာကလည်း မင်္ဂလာဆောင်သွားမှာ ကျနေတာပဲ။ ဝတ်စားလာလိုက်တာ" "သူတို့က ဒီမှာ ဗိုက်အပ်ရုံပဲ၊ တစ်ခါပဲလာရတာ။ နောက်ကျတော့ သူတို့ စပါယ်ရှယ်လစ်ရဲ့ဆေးခန်းမှာ ဆက်ပြရုံပဲ။ ကျွန်မတို့သာ မမွေးမချင်း ဒီမှာ လာဒုက္ခခံရဦးမှာ"
ဆရာမများ ရောက်ရှိလာသည်။ စားပွဲမှာထိုင်သည်။ အလုပ်သမားတစ်ယောက်က "ကဲ" ဟု ဆိုရုံရှိသေး အားလုံး တဝုန်းဝုန်းထကြသည်။ "နေကြပါဦး ၊ ဒီရှေ့ခုံတန်းက အရင်စမယ်။ ကဲ ... တန်းစီပါ။ ဟိုနောက်ဆုံးခုံတွေက နေကြဦး" သူ့စကားကို ဂရုမစိုက်ကြချေ။ နောက်ဘက် လူတချို့ကလည်း ခုံတန်းတွေကို ကျော်လွှားပြီး တိုးဝှေ့တန်းစီကြသည်။ ဝရုန်းသုန်းကားဖြစ်ကုန်၏။ သူများနှင့် ယှဉ်မတိုးနိုင်သူများမှာ လူတန်း၏ အပြင်ဘက်ကို စဉ်ထွက်သွားကြသည်။ မကျေမနပ် ပြောကြဆိုကြသံ၊ ဗိုက်ချင်းတိုက်မိသဖြင့် တအင့်အင့် မြည်သံတွေ ထွက်ပေါ်လာသည်။ ပိန်ပိန်သေးသေး မိန်းကလေးတစ်ယောက်မှာ တံတောင်နှင့် အတွက်ခံလိုက်ရသော ဗိုက်လုံးလုံးကလေးကို နှိပ်ရင်း စမ်းသပ်နေသည်။ ခဏအကြာတွင် မညီညာသော လူတန်းတစ်ခု ဖြစ်သွား၏။ ဝင်မတိုးနိုင်သူများမှာ ခုံတန်းများတွင် ပြန်ထိုင်ရသည်။ ကလေးတွေလည်း လူမဖြစ်ခင် ဗိုက်ထဲမှာကတည်းက တိုးဝှေ့နေရပြီဟု တစ်ယောက်ကညည်းသည်။
ဆရာမများထံမှာ စာရင်းပေးသွင်းရသည်။ ပြီးတော့ ပေါင်ချိန်၊ အရပ်တိုင်း၊ သွေးဖောက်၊ ဆီးစစ်သည့် အခန်းကိုကူး၊ နောက်တစ်ဆင့်က ဆရာဝန်ထံသွားရခြင်းဖြစ်သည်။ ဆရာဝန်က သွေးပေါင်ချိန်ပြီး မွေးဖွားမှု ရာဇဝင်ကို မေးသည်။

"ဒါ သားဦးလား၊ ဘယ်နယောက်မြောက်လဲ" ဆရာဝန်က ရှေ့မှာထိုင်နေသော မိန်းမတစ်ယောက်ကို မေးသည်။ "သုံးယောက်" "အရင်က ရောဂါကြီးကြီးမားမား ဘာဖြစ်ဖူးလဲ" "ဟင့်အင်၊ အပရိကလောက်ပါပဲ" "ကိုယ်ဝန်ရှိကာစတုန်းက ပြင်းပြင်းထန်ထန် ဖျားတာ၊ နာတာ" ခေါင်းခါပြသည်။ "အရင်ကလေးတွေတုန်းက အော်ပရေးရှင်းလုပ်ရတာတို့၊ ဖော့ဆက် သုံးရတာတို့ ရှိလား" "ရှင်" "ဩော် ... ဗိုက်ခွဲရတာတို့၊ ညှပ်ဆွဲရတာတို့" "မရှိပါဘူး" "မွေးရတာ ခက်လား လွယ်လား" "ဟာ ... လွယ်လိုက်တာမှ ဆရာမရယ်၊ စမြင်းတုံး ညှစ်ရတာကမှ ခက်ချင်ခက်ဦးမယ်" အမျိုးသမီးဆရာဝန်သည် လက်ကိုင်ပဝါဖြင့် ပါးစပ်နှင့် နှာခေါင်းမသိမသာ အုပ်လိုက်သည်။

*

အပေါ်ထပ်ရှိ အခန်းတစ်ခန်းရှေ့တွင် မိန်းမတစ်သိုက် ထိုင်စောင့်နေကြသည်။ နီးစပ်ရာအချင်းချင်း စကားစမြည် ပြောကြသည်။
"သားကြောဖြတ်ဖို့ လျှောက်လွှာက ပေးမှပေးပဲ့မလား မသိဘူး"
တစ်ယောက်က ညည်းလိုက်သည်။ ဘေးမှ တစ်ယောက်က ...
"လွယ်တော့မလွယ်ဘူး၊ ဒါပေမယ့် ဒီလိုပဲကြည့်ကောင်းအောင် လျှောက်ပြောရတာပဲ။ ယောက်ျားက ဘာလုပ်လဲ"
"ရုံးအုပ်"
"ညီမကရော"
"ဟို စည်ပင်သာယာမှာဆိုပါတော့"
"အစိုးရ အလုပ်လုပ်တယ်လို့ မပြောနဲ့။ အဲဒါဆို ရုံးက ထောက်ခံစာတွေ ဘာတွေယူခိုင်းနေမယ်။ ပုံကျစျေးသည် လို့သာပြော၊ ကလေးတွေဘယ်နယောက်ရှိပြီလဲ"
"လေးယောက်"
"ဟာ ... လေးယောက်လို့မပြောနဲ့၊ ခြောက်ယောက်လို့ပြော"
"ဟင် ... တကယ်မှမဟုတ်တာ"
"အို ... သူတို့မသိပါဘူး၊ လျှောက်ရဖို့သာ အရေးကြီးတာ။ တစ်ယောက်က ပျက်သွားတယ်။ တစ်ယောက်က ဆုံးသွားတယ်။ ဒါကြောင့်လေးယောက်ကျန်တာလို့ပြော"

"ဆေးရုံက စာရင်းမှာ"
"အမလေး ၊ ဒါများ လွယ်လွယ်လေး၊  အဲဒီနှစ်ယောက်က တောမှာအရပ်လက်သည်နဲ့ မွေးတာလို့ ပြောပေါ့"

*

အခန်းထဲတွင် အမျိုးသမီးဆရာဝန်တစ်ယောက်က မိန်းမ တစ်ယောက်ကို မေးနေသည်။
"သားကြောဖြတ်ဖို့ လျှောက်လွှာလိုချင်တယ်၊ ဟုတ်လား။ အဲဒါက ဒီအတိုင်းမပေးဘူး။ စည်းကမ်းနဲ့ ညီညွတ်မှ၊ အသက်ဘယ်လောက်ရှိပြီလဲ"
"သုံးဆယ့်သုံးနှစ်ပါ"
"ကလေးကရော ဘယ်နယောက်လဲ"
"သုံးယောက်"
"အခုကိုယ်ဝန်ပါနေ့မှ သုံးယောက်ပေါ့"
"ဟုတ်ကဲ့"
"ဗိုက်ခွဲဖူးလား"
ခေါင်းခါပြသည်။
"ဆေးရုံတက်ဖူးလား"
"တက်ဖူးတယ်"
"ဟုတ်ပြီ ၊ ဘယ်တုန်းကလဲ"
"အရင်ကလေးတွေ မွေးတုန်းက"
"အဲဒါပြောတာ မဟုတ်ဘူးလေ၊ တခြားရောဂါတစ်ခုခုနဲ့"
"လက်ကျိုးတုန်းကတော့ ဆေးရုံမှာ တစ်ည အိပ်ဖူးတယ်"
"ဟာ ... အဲဒါလည်း မဟုတ်သေးဘူး၊ နလုံးရောဂါ၊ ကျောက်ကပ်၊ အသည်း၊ အာရုံကြော၊ အင်း ... တက်တာတို့ ၊ ဝက်ရူးပြန်တာတို့ ဖြစ်ဖူးလား"
"ဟို ... ဟို မဖြစ်ဖူးပါဘူး"
"ဒါဆိုရင်တော့ အစ်မက စည်းကမ်းနဲ့ မညီညွတ်ဘူး"
"လျှောက်လွှာလေးတော့ ပေးလိုက်ပါ ဆရာမရယ်၊ ကျေးဇူးမမေ့ပါဘူး"
"ဩော် ... ကျွန်မက မပေးချင်လို့ကပ်နေတာ မဟုတ်ဘူး။ လျှောက်လွှာတင်ရုံနဲ့လည်း ပြီးတာမဟုတ်သေးဘူး။ ဆရာဝန်ကြီးတွေက စစ်ဆေးဦးမှာ။ အစ်မရဲ့အခြေအနေက ခွင့်ပြုချက်ရမှာလည်းမဟုတ်ဘူး။ အစ်မလည်း သက်သက်ပင်ပန်းဦးမယ်။ စစ်ဆေးရတဲ့ ဆရာဝန်ကြီးတွေလည်း အချိန်ကုန်ပြီး အလုပ်ပိုဦးမယ်။ ဒါကြောင့် စေတနာနဲ့ပြောတာ။ အစ်မအသက်လည်း သိပ်ကြီးမားလှသေးတာ မဟုတ်ဘူး။ ကလေးများတယ်လည်း မဆိုနိုင်သေးဘူး။ ရောဂါကြီးကြီးမားမားလည်းမရှိဘူး"
"ဒါပေမယ့် ကျွန်မက သိပ်ဆင်းရဲပါတယ် ဆရာမရယ်။ အခုမွေးပြီးသား နှစ်ယောက်တောင် မနည်းရုန်းကန် ရှာဖွေကျွေးနေရတာပါ။ ဒီမှာ နောက်တစ်ယောက်လာဦးမယ်၊ ပြီးတော့"
"အင်း ... ဆင်းရဲတာကို ရောဂါဆိုးတစ်ခုလို့ သတ်မှတ်လို့ရရင်လည်း ကောင်းသားပေါ့။ ကဲပါလေ ကျွန်မ လျှောက်လွှာတော့ ပေးလိုက်ပါ့မယ်။ ဆရာဝန်ကြီးတွေကို ပြောကြည့်ပေါ့။ တစ်ခုတော့ရှိတယ်။ အခု ဒီကထွက်သွားလို့ အခန်းပြင်ရောက်ရင် လျှောက်လွှာရခဲ့ပြီဆိုပြီးတော့ လျှောက်မကြွားနဲ့နော်။ တစ်ခါတည်း တန်းပြန် ဟုတ်လား"
"ကျေးဇူးကြီးလှပါပြီ အစ်မရယ်"
ဆရာဝန်မကြီး၏ အခန်းထဲတွင် အမျိုးသမီးတစ်ယောက် ထိုင်နေသည်။ အတော်သားသားနားနား ဝတ်စားထားသည်။ လက်စွပ်၊ နားကပ်၊ ဆွဲကြိုး၊ နာရီ အပြည့်အစုံ ဆင်ယင်ထားသည်။ အသားဖြူဖြူ၊ ကိုယ်လုံးထည်ထည်၊ ရုပ်ချောချော၊ အသက်သုံးဆယ်ခန့်။ သူက ...
"မနေ့က မမရဲ့ဆေးခန်းတောင် ရောက်သေးတယ်။ တိုကင်တစ်ရက် ကြိုယူရတယ်ဆိုလို့။ အဲဒါနဲ့ ဒီကိုပဲလာခဲ့တာပါ"
"ဟုတ်လား၊ ဆိုပါဦး"
ဆရာဝန်မကြီးက စကားထောက်ပေးသည်။
"ကျွန်မ ... ကျွန်မ ကလေးလိုချင်လို့ပါ"
"ဩော် ... ကလေးမရလို့ပေါ့၊ အိမ်ထောင်ကျတာ ဘယ်လောက်ရှိပြီလဲ"

"သုံးနှစ်ကျော်ပါပြီ မမ"
"တားဆေးတွေဘာတွေ သုံးခဲ့ဖူးလား"
"ဟင့်အင်း၊ ဘာမှမသုံးပါဘူး၊ အိမ်ထောင်ကျကတည်းက ကလေးလိုချင်ခဲ့တာ"
"မှန်မှန်ရောလာရဲ့လား"
"တချို့လတွေတော့ မမှန်ဘူးမမ"
"တစ်ခုရှိသေးတယ်၊ ကလေးမရတာက အမျိုးသားဘက်က ချွတ်ယွင်းတာလည်း ဖြစ်နိုင်သေးတယ်"
"ကျွန်မ အမျိုးသားကတော့ ချွတ်ယွင်းချက်မရှိပါဘူး မမ"
"ဘယ်လိုလုပ်သိလဲ"
အမျိုးသမီးက မျက်လွှာချ၍ ...
"သူ့အရင် အိမ်ထောင်နဲ့ ကလေးနှစ်ယောက် ရဖူးပါတယ်"
"သြော် ... ဒါဆိုကောင်းတာပေါ့"
"ရှင်"
"မဟုတ်ဘူးလေ၊ သူ့ဘက်က ချွတ်ယွင်းချက်မရှိဘူးဆိုတာ သေချာသွားတာကို ပြောတာ။ ကောင်းပြီလေ၊ ကျွန်မစမ်းကြည့်ပေးမယ်။ သားအိမ်တို့ ဘာတို့ အနေအထားကောင်းရင် ဖြစ်နိုင်စရာရှိပါတယ်"
"ဖြစ်အောင်သာ လုပ်ပေးပါ မမရယ်။ ဘယ်လောက်ကုန်ကုန်ပါ။ ကလေးတစ်ယောက်ရရင် ကျေနပ်ပါပြီ"
ဆရာဝန်မကြီးက ပြုံး၍
"ငွေမကုန်မှာတော့ မပူပါနဲ့၊ လိုအပ်ရင် သုံးရမယ့် ဆေးတွေက ဈေးသိပ်ကြီးတယ်။ အပြင်မှာ ရှာဝယ်ရလိမ့်မယ်"
အမျိုးသမီးထွက်သွားသောအခါ ဆရာဝန်မကြီးက ...
"အင်း ... ကျွေးနိုင်မွေးနိုင်တဲ့လူကျတော့လည်း ကလေးမရ၊ ဆင်းရဲတဲ့လူတွေ ကျတော့လည်း"
ဟု ရေရွတ်နေတုန်း အဝတ်အစား ခပ်နွမ်းနွမ်း ဝတ်ထားသော မိန်းမကြီးတစ်ဦး ဝင်လာပြီး စားပွဲရှေ့မှာ ယို့ယို့လေးရပ်သည်။ ဆရာဝန်မကြီးက ...
"ကဲထိုင်၊ ဘယ်လိုလဲ၊ ပြီးခဲ့တဲ့လကတည်းက လာခဲ့ပါလို့ ကျွန်မ သေသေချာချာမှာတာ၊ ဘာဖြစ်လို့ မလာသလဲ။ ဘာလဲ၊ ဆေးရုံတက်ရမှာကြောက်လို့လား၊ မကြောက်ပါနဲ့နော်၊ ဆေးရုံတက်မှပျောက်မှာ"
"ကြောက်လို့မဟုတ်ပါဘူး၊ ဆရာမကြီးတို့က ကောင်းစေချင်လို့ ပြောတာ သိပါတယ်။ ဆရာမကြီးရဲ့ စေတနာကို စော်ကားတာ မဟုတ်ပါဘူး။ ဟိုလေ ... ဟို ဒီကိုလာဖို့ လမ်းစရိတ်မရှိတာနဲ့ ပဲကလေး နှမ်းကလေးပေါ်အောင် စောင့်နေရတာပါ။ ရန်ကုန် တစ်ခေါက်လာရတာကလည်း မလွယ်ဘူး မဟုတ်လား"
ဟု ရှိသေစွာ ပြော၏။

(ရုပ်ရှင်အမြုတေ ၊ မတ် ၊ ၁၉၈၁)

## တက္ကသိုလ်နောက်ခံ ဗယာကြော်ဇာတ်လမ်း

ကျောင်းတက်ခါစ တစ်ယောက်တည်း အဖော်မဲ့နေစဉ်မှာ သူနှင့်စတင်တွေ့ဆုံ သိကျွမ်းရခြင်း ဖြစ်၏။ ကျွန်တော်တို့ကျောင်းမှ ဆယ်တန်းအောင်သူအနည်းငယ်တွင် တခြားတက္ကသိုလ်ရောက်သူရောက် ၊ လုပ်သား ကောလိပ်တက်သူ တက်ကြသောကြောင့် ဝိဇ္ဇာသိပ္ပံမှာ အနည်းငယ်ထက်နည်းသော အရေအတွက် သာရှိသည်။
ထိုအထဲတွင် ကျွန်တော်နှင့် သိပ်ရင်းနှီးသူတွေမပါချေ ။ ဒီကြားထဲသိပ္ပံဘာသာတွဲဖြင့်အောင်ပြီး ဝိဇ္ဇာလိုင်းလိုက်သော ကျွန်တော်က ပို၍အထီးကျန်ဆန်နေသည်။ ကျောင်းရောက်စဖြစ်သဖြင့် အတန်းထဲမှာလည်း အပေါင်းအသင်း မဖြစ်သေး ။ မုန့်စားလွှတ်ချိန်ဆိုလျှင် ကျွန်တော်တစ်ယောက်တည်း ယောင်ချာချာ ဖြစ်နေတတ်၏။
လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး အချိန်ဖြုန်းရသည်။ တစ်ခါတစ်ရံ ဟိုလျှောက် ဒီလျှောက် ၊ ဟိုကြည့်ဒီကြည့်။ စီးကရက် စမ်းသောက်ကြည့်လာမိသည်။
ကြားမှာ တစ်ချိန်လွတ်ပြီးမှ ညနေပိုင်း နည်းပြတန်းရှိသောအခါမျိုးဆိုလျှင် ပို၍ပြီးငွေ့ဖွယ်ကောင်းသည်။ ပထမနှစ်ဖြစ်သဖြင့် အတန်းလစ်ပြီးတော့လည်း အိမ်မပြန်ရဲသေး။
ပျင်းရိသူတို့ ထုံးစံအတိုင်း ဆာလောင်လာတတ်သည်။ ထမင်းဘူးကလည်း ၁၁ နာရီလောက်မှာ စားပစ်လိုက်ပြီးပြီ။ ကျွန်တော်ရသည့် မုန့်ဖိုးမှာ ဘတ်စကားခ၊ လက်ဖက်ရည်ဖိုး၊ စီးကရက် တစ်လိပ်ဖိုးအပြင် သိပ်ပိုပိုသာသာမရှိ။ မုန့်ဟင်းခါးတို့၊ ဝက်သားလိပ်တို့ မစားနိုင်။ ထိုစဉ်အခါတွင် ...
"ဗယာကြော်ပူပူလေး၊ စားဦးမလား အစ်ကို"
"လာဦးကွ"
စကြံအုတ်ခုံပေါ်မှာ ထိုင်နေရင်းက လှမ်းခေါ်လိုက်သည်။ ဗယာကြော်သည် ကုလားလေးက ဗန်းကလေးကိုင်ပြီး လာရပ်သည်။
"ဘယ်လိုရောင်းလဲ"
"တစ်ခု ဆယ်ပြား၊ နှစ်ခု ဆယ့်ငါးပြား"
မဆိုးလှ၊ သူ့ဗယာကြော်က အတော်အတန်ကြီးသည်။ နှစ်ခုဝယ်လိုက်သည်။ ကျွန်တော်က နောက်ချင်သဖြင့် ...
"မင်း ခုနကအော်တုန်းက ပူပူလေးဆို၊ အခု အေးနေပါလားကွ"
သူက ပြုံးဖြဲဖြဲလုပ်ပြီး ...
"ကြော်နေတုန်းက ပူတာကို ပြောတာပါ အစ်ကိုရ"
သွက်လက်ချက်ချာပုံကို သဘောကျမိ၏။
နောက်ရက်များတွင်လည်း သူ့ဆီက ဗယာကြော် ဝယ်စားသည်။ တချို့ရက်တွေ ဝယ်မစားဖြစ်သည့်တိုင် သူနှင့် စကားစမြည်ပြောဖြစ်သည်။ တက္ကသိုလ်မှာ ကျွန်တော်နှင့် ပထမဆုံး အပေါင်းအသင်းဖြစ်ခဲ့သူမှာ သူပင် ဖြစ်၏။ သူ့ နာမည်က သံဂေါ်လီ ဖြစ်၏။ သူ့နာမည်မခေါ်တက်သဖြင့် အလွယ်တကူ ခေါ်လိုက်ခြင်းပင်။ သူတို့အဖေက ကျောင်းမှာ သန့်ရှင်းရေး အလုပ်သမား။ သူ့အမေက ဝိဇ္ဇာဆောင်နှင့် ရွှေဘိုဆောင်ကို ဆက်ထားသော စင်္ကြံဘေးမှာ ဗယာကြော် ကြော်ရောင်းသည်။ သံဂေါ်လီကလည်း ဗယာကြော်တွေ ဗန်းနှင့်ထည့်ပြီး ကျောင်းထဲမှာ လှည့်ရောင်းရသည်။
ကျွန်တော်သည် လအတန်ကြာသောအခါ အတန်းဖော် သူငယ်ချင်းတွေနှင့် တွဲမိလာသည်။ သို့တိုင်အောင် သံဂေါ်လီဆီက ဗယာကြော်ကို ဝယ်စားမြဲ။ သူနှင့်စကားပြောဖြစ်မြဲပင်။
ကျွန်တော့်သူငယ်ချင်းများ ဖြစ်ကြသော တင်မြင့်တို့၊ ဖော်လင်းတို့နှင့်ပါ အဖွဲ့ကျလာသည်။ ကျွန်တော်တို့ သူ့ကိုစလျှင် စိတ်မဆိုးတက်။ ရယ်ကျဲကျဲသာ လုပ်နေတတ်သည်။ သံဂေါ်လီ၏ ဈေးကွက်နယ်မြေများမှာ ဝိဇ္ဇာဆောင်၊ စီးပွားရေးတက္ကသိုလ်အပြင် အင်းလျားကိုလည်း ကြုံသလိုလှည့်တက်သည်။
ထို့ကြောင့် ကန်စပ်ချုံကြားက အတွဲတွေကို တွေ့ဖူးနေသည်။ သူက ဗယာကြော်သည် ကုလားလေးဖြစ်သဖြင့် အတွဲတွေက ဂရုမစိုက်ဘဲ နေချင်သလို နေကြဟန်တူသည်။ အတွဲချောင်းတာ ဝါသနာပါသော တင်မြင့်ထက်ပင် သူက ပို၍သိနေသေးသည်။

"ပြောစမ်းပါဦးကွ၊ ဒီနေ့ ဘယ်နတွဲတွေ့သလဲ" "ဟာ ... အများကြီးပဲအစ်ကိုရေ့" "လုပ်စမ်းပါဦး ဘာတွေတွေ့ရသလဲ" "မပြောချင်ပါဘူး ညစ်ပတ်တယ်" တင်မြင့်က ပိုစိတ်ဝင်စားလာပြီး အတင်းမေးသည်။ ဖော်လင်းကတော့ ရှက်တက်သူဖြစ်သဖြင့် မျက်နှာကြီးနီပြီး ... "ဟေ့ကောင်၊ ညစ်ပတ်ပါတယ်ဆိုမှ ဖွတ်မေးနေရသလား" ဟု ဟန့်သည်။ ကျွန်တော်က တင်မြင့်ဘက်ကလိုက်ပြီး ...

"ပြောကွာ၊ မပြောရင် နောက် မင်းဗယာကြော် ဝယ်မစားတော့ဘူး" ဆိုတော့မှ ... "အစ်ကိုကြီးတစ်ယောက်နဲ့ အစ်မကြီးတစ်ယောက် ကိုက်နေကြတယ်"

"ဘာ ... ကိုက်နေကြတယ် ဟုတ်လား" "ဟုတ်တယ်၊ အစ်မကြီးရဲ့ ပါးစပ်နော် အစ်ကိုကြီးရဲ့ ပါးစပ်ထဲဝင်နေတယ်" တင်မြင့်ကရယ်ပြီး ... "အဲဒါ ကစ်စ်ပေးတာကွ၊ မင်း အင်္ဂလိပ်ကားတွေထဲမှာ မကြည့်ဖူးဘူးလား" "အာယို၊ အာပုပ်စော်နံမှာပေါ့" "မကောင်းဘူး မကောင်းဘူးနဲ့ မင်းအားကျနေတယ် မဟုတ်လား" "ထပ်သရီး၊ လူတွေမြင်တဲ့နေရာမှာ ရှက်စရာကောင်းပါတယ် အစ်ကိုရေ" ကဲ ... ကုလားလေးက ရှက်စရာကောင်းပါသတဲ့၊ ဟိုအတွဲတွေသာ သူ့စကားကြားလျှင် ဘယ်လိုနေမလဲမသိ။

*

သံဂေါ်လီက မြန်မာတွေကို အထင်ကြီးသည်။ အားကျသည်။ ကုလားဖြစ်ရတာ အောက်ကျနောက်ကျနိုင်သည်ဟု ထင်နေသည်။ သူ့ပတ်ဝန်းကျင်ရှိ သူတို့လူမျိုးတွေကလည်း သန့်ရှင်းရေး၊ ညစောင့်၊ မာလီ စသည်တို့ချည်း မဟုတ်လား။

"ကုလားဖြစ်တာ မကောင်းဘူးအစ်ကို" ဟု သူက ပြောတက်သည်။

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်လို့လဲဆိုတော့ အသားမည်းတာပေါ့"

"ဟာ ငါလည်း မည်းတာပဲကွ"

ကျွန်တော်က ပြောသည်။ သူက ...

"ကျွန်တော်သာ မြန်မာဖြစ်ရင် အစ်ကိုတို့လို တက္ကသိုလ်ကျောင်းနေရမှာ"

"ဘာဆိုင်လဲကွာ၊ တို့ကျောင်းသားတွေထဲမှာလည်း မင်းတို့လိုကုလားတွေ ရှိတာပဲ"

"မတူဘူး အစ်ကို၊ သူတို့က အပေါ်ရောက်တယ်"

သူတို့လူမျိုးထုံးစံ ဇာတ်အနိမ့်အမြင့် ကွာခြားခြင်းကို ဆိုလိုခြင်း ဖြစ်လိမ့်မည်။

"ကဲကွာ၊ ငါတို့ မြန်မာတွေထဲမှာကော တူလို့လား၊ ဟိုစီးကရက်လိုက်ရောင်းတဲ့ ကောင်မလေးဆိုရင် ဘယ်မှာ ကျောင်းနေနိုင်လို့လဲ"

"သူကတော့ ဆင်းရဲတာကိုး"

"အေး ... ဒါပဲလေ၊ မြန်မာဖြစ်ဖြစ်၊ ကုလားဖြစ်ဖြစ် အတူတူပဲကွ၊ ဆင်းရဲတာနဲ့ ချမ်းသာတာပဲ ကွာတယ်"

"ဘာလဲကွ"

"ကျွန်တော်သေသွားပြီးရင် ဟိုညစ္စာ အစ်ကိုရာ"

အတန်ကြာ ခေါင်းကုတ်ပြီး ...

"ကျွန်တော် ပြန်ရှိနိုင်သလား"

"ဩော် ... နောက်ဘဝကျရင် လူပြန်ဖြစ်နိုင်သလားလို့ မေးတာလား"

"အား ဟုတ်တယ် အစ်ကို"

"ဖြစ်နိုင်တာပေါ့"

"အဲဒီနောက် ဘာလဲ"

"နောက်ဘဝ"

"အင်း ... နောက်ဘဝကျရင် မြန်မာဖြစ်နိုင်မလား"

သူကျေနပ်အောင် ဖြစ်နိုင်တာပေါ့ဟု ပြောလိုက်သည်။

"နောက်ပြီး အိန္ဒိယမှာသွားပြီး လူဖြစ်နိုင်သလား"

"ဖြစ်နိုင်တယ်ဟ နေဦးကွ၊ မင်းက မြန်မာလည်း ဖြစ်ချင်တယ်။ အိန္ဒိယမှာလည်း လူဖြစ်ချင်တယ်ဆိုတော့ အိန္ဒိယမှာ မြန်မာသွားဖြစ်ရင် ဘယ်နှယ့်လုပ်မလဲ"

သူနှုတ်ဖူးသူ လက်ဝါးနှင့် ဖြန်းခနဲရိုက်၍

"ဟုတ်တယ် အစ်ကိုရေ့၊ အဲဒါမှ ဒုက္ခရမယ်"

*

သူက မြန်မာစာသင်ပေးပါဟု ပူဆာသည်။ ထို့ကြောင့် နွေကျောင်းပိတ်ရက်တုန်းက အသုံးလုံး လုပ်အားပေးလိုက်ဖူးသော ဖော်လင်းက အားသည့်အချိန်မှာ သင်ပေးသည်။ သံဂေါ်လီက ဉာဏ်ကောင်းသည်။ ကြိုးစားလည်း ကြိုးစားသည်။ တစ်လကျော်ကျော်လောက်မှာပင် အတော်အတန် ရေးတက်ဖတ်တက်လာသည်။

တစ်နေ့တွင် သူသည် စာတစ်စောင်ရေးပြီး ကျွန်တော့်ကို လာပြသည်။ ဖတ်ကြည့်ပြီးပြင်ပေးပါဆို၏။ ထိုစာကို တွေ့ဖတ်မှပင် ဒီကောင် ဘာကြောင့် ဒီလောက်တောင် အပြင်းအထန် စာသင်ချင်နေသလဲဆိုတာ သိရတော့သည်။ သူရေးထားသော စာမှာ ... "ကျနုပ်နာမယ် သံဂေါလီ ဖြစ်ပါသည်။ ကျနုပ် စံဒီမားကို ကြိတ်ပါသည်။ စံဒီမား ကျနုပ် ကြိတ်ပါး" "စံဒီမားဆိုတာ ဘယ်သူလဲကွ" သူရှက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။ အတင်းမေးတော့မှ ပြောပြသည်။ စီးပွားရေးတက္ကသိုလ်ဘက်မှာ စီးကရက်တို့၊ ချိုချဉ်တို့ရောင်းသော ကောင်မလေးတဲ့။

"နေစမ်းပါဦး သံဂေါလီရ၊ မင်းက ရည်းစားထားချင်ရအောင် အသက်ဘယ်လောက်ရှိသေးလို့လဲ" "၁၆ နှစ်ရှိပြီ အစ်ကို" ကျွန်တော်တို့ အံ့သြရသည်။ သူ့အရပ်အမောင်း သူ့ကိုယ်လုံးညှက်ညှက်ကိုကြည့်၍ ဆယ့်သုံးနှစ်လောက် ထင်ထားခဲ့သောကြောင့် ဖြစ်၏။ နေ့တိုင်း ဇယားကြော်နှင့်သာ ထမင်းစားနေခဲ့ရသည်ကို ကျွန်တော်ထည့်မစဉ်းစားမိ။ သူဒီလောက် သေးညှက်နေတာ ဘာမှုမဆန်း။ သူ့စာကို ကျွန်တော် စိတ်ကြိုက်ဖြစ်အောင် မပြင်တော့ပါ။ အရေးကြီးတာက စံဒီမားဆိုသော ကောင်မလေးနားလည်ဖို့သာ ဖြစ်၏။ ထိုစာသည် ပညာတက် တက္ကသိုလ်ကျောင်းသူတစ်ယောက်ကို ပေးဖို့မှ မဟုတ်ဘဲ။ ထို့ကြောင့် သတ်ပုံပြင်ပေးခြင်း၊ စာချောအောင် တည်းဖြတ်ပေးခြင်းလောက်သာ လုပ်ပေးလိုက်၏။ နောက်တစ်နေ့ မုန့်စားဆင်းချိန်မှာ သူရောက်လာသည်။ မျက်နှာ အမူအရာကြည့်ကတည်းက ဟန်မကျခဲ့ကြောင်း သိသာ၏။ "ဘယ်လိုလဲ၊ စာပေးလိုက်ပြီလား" "ပေးခဲ့ပြီ အစ်ကို" "တယ်ဟုတ်ပါလား၊ ဒါကြောင့်လည်း သံဂေါလီလို့ ကျော်ပေတာပဲ" "မဟုတ်ဘူးအစ်ကို၊ ကျွန်တော်စာပေးတာမယူဘူး။ ဒါနဲ့ အတင်းပေးတော့ ယူပြီး ဆွဲဆုတ်ပစ်လိုက်တယ်"

"ဟေ"

"ပြီးတော့ ပြောသေးတယ်အစ်ကို၊ ကျွန်တော် ပြန်မပြောတက်ဘူး။ အမဲသားကို ဟင်းအိုးထဲထည့်လို့ မရဘူးတဲ့" ကျွန်တော်တို့ ဝါးခနဲရယ်မိသည်။ သူက မျက်နှာသေကလေးဖြင့် ကြည့်နေသဖြင့် ကျွန်တော် သနားသွားသည်။ မျက်နှာပိုးသတ်လိုက်ပြီး ... "အမဲရိုးက ဟင်းအိုးမှ အားမနာဘူးလို့ ပြောတာပါကွ" "ဟုတ်တယ်၊ ဟုတ်တယ် အဲဒါဘာပြောတာလဲ" "တန်ရာတန်ရာ မလုပ်ဘူးဆိုတဲ့ သဘောပေါ့" "ဟုတ်ပါတယ်လေ၊ သူတို့က လူမျိုးမြင့်တာကိုး" ကောင်မလေးက ဇာတ်မြင့်တာကို ပြောခြင်းဖြစ်၏။ သူက ဆက်၍ ... "နောက်ပြီး သူတို့အမေက သူ့ဌေးအိမ်မှာ အဝတ်လျှော်လို့ သူက လူဝါးဝနေတာ" "ဒီမှာ သံဂေါလီ နောက်တစ်ခါတွေ့ရင် ပြောလိုက်၊ မြန်မာပြည်မှာ လူတန်းစားခွဲခြားမှု မရှိဘူးလို့" နိုင်ငံရေးစကားလုံးဖြင့် ဇော်လင်းက ပြောလိုက်သည်။ သို့ရာတွင် သူ့အကြံပေးမှုက မအောင်မြင်။ သံဂေါလီက ကောင်မလေးနှင့် တွေ့ရာတွင် "လူတန်းစား" ကို မပြောတက်ဘဲ "မြန်မာပြည်မှာ လူသားစားတာမရှိဘူး" ဟု ပြောလိုက်သောကြောင့် ဖြစ်၏။

*

သူစကားလိုက်ပြောမည်။ အဖော်လိုက်ခဲ့ပါဆိုသဖြင့် ကျွန်တော်တို့ပါသွားရသည်။ ယုဒသန်မျှော်စင်နားမှာ စောင့်နေကြရာ အတန်ကြာတွင် ... "ဟော ... လာပြီ၊ ကျွန်တော့် ဇယားကြော်ဗန်း ခဏယူထားပါ" ကျွန်တော့်လက်ထဲ ဗန်းကိုထည့်ပြီး သူထွက်သွားသည်။ ကောင်မလေးကို မြင်ရသည်။ မဆိုးလှ။ ကြည့်ပျော်သည်။ သံဂေါလီလိုအသားမမည်း။ နည်းနည်းလတ်သည်။ သံဂေါလီထက် အသက်နည်းနည်းကြီးပုံရသည်။ ဒီကောင်က ညှက်နေလို့လည်း ဖြစ်ချင်ဖြစ်မည်။ ပြီးတော့ သံဂေါလီထက်စာလျှင် အဝတ်အစားတွေ ပို၍သားနားသည်။ သံဂေါလီ ကောင်မလေးကိုမီသွားသည်။ ဘာတွေပြောမှန်းမသိ။ ကောင်မလေးက ရန်တွေ့နေပုံရသည်။ ခပ်သွက်သွက်လျှောက်သည်။ သံဂေါလီလိုက်သည်။ "ဟာ ... ဒီကောင် လုပ်ပြီ" တင်မြင့်အသံ ထွက်လာသည်။ သံဂေါလီ ကောင်မလေးလက်ကို လှမ်းဆွဲလိုက်သောကြောင့် ဖြစ်၏။ ကောင်မလေးက လက်ကို ဆောင့်ရုန်းလိုက်ပြီး ...

သံဂေါလီ၏ ပါးကို ဖျောင်းခနဲရိုက်လိုက်သည်။ တကယ် အင်နှင့်အားနှင့် ဖြစ်၏။ သံဂေါလီ လည်ထွက်သွားသည်။ ကောင်မလေးက ရင့်ရင့်သီးသီး ဖြစ်ဟန်တူသော စကားများပြောပြီး ထွက်သွားသည်။ သံဂေါလီ အတော်ကြာအောင် ကောင်မလေးကို ငေးကြည့်ရင်း ကျန်ခဲ့သည်။ သူ့မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်သည်။ ပြီးတော့ ရေတမာပင်၏ ပင်စည်ကို လက်သီးနှင့်ထိုးသည်။ ဘေးမှ ဖြတ်လျှောက်သွားသော ကျောင်းသူနှစ်ယောက်က အထူးအဆန်းလှည့်ကြည့်သွားသည်။ ကျွန်တော်တို့ သူ့ခွဲပြေးသွားကြ၏။ နောက်တစ်နေ့မှစ၍ သံဂေါလီကို မတွေ့ကြရတော့ပေ။ သူရှက်လို့ရှောင်နေတာ ဖြစ်မှာပဲဟု ထင်မိသေးသည်။ တစ်လလောက်ထိပျောက်နေတော့မှ သူ့အမေ ဇယားကြော်ဆိုင်မှာ သွားမေးသည်။ သူတောကို ထွက်သွားပြီဟု သိရသည်။ သူတို့ အမျိုးတွေဆီမှာနေပြီး လယ်သူရင်းငှား လုပ်မည်ဆိုသည်။ ကျွန်တော်တို့သည် သူ့အကြောင်းကို မကြာခဏ ပြောဖြစ်ကြသေးသည်။ ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။ နှစ်တွေ ကြာလာသည်။ ကျောင်းက ဘွဲ့ရပြီးနောက် ကျွန်တော်စာပေနယ်ထဲရောက်သည်။ တင်မြင့်တို့ ဇော်လင်းတို့က နယ်ကောလိပ်တွေမှာ ဆရာဖြစ်ကုန်ကြသည်။

*

ဆယ့်ငါးနှစ်ဆိုသောအချိန်သည် တစ်ခါတစ်ရံ ကုန်ခဲသည်ထင်ပြီး တစ်ခါတစ်ရံ ဘာမှမကြာလိုက်ဟု ထင်မှတ်ရင်း ကုန်ဆုံးခဲ့သည်။ တက္ကသိုလ်ထဲ မရောက်တာကြာပြီ၊ ဇော်လင်း ရန်ကုန်ကို ပြောင်းလာပြီဆိုသဖြင့် တွေ့ရန်သွားသည်။ အပြောင်းအလဲများစွာကို အံ့သြငေးမောရင် လျှောက်အလာ ...

"ဗယာကြော် ပူပူလေး"

ဖျတ်ခနဲကြည့်မိသည်။ ဟင် ... သံဂေါ်လီ၊ ခေါ်မိတော့မလို ဖြစ်သွားသည်။ ချက်ချင်းသတိရသည်။ ဒီကောင်လေးက ဆယ်နှစ် ဆယ့်တစ်နှစ်ရှိဦးမည်။ သံဂေါ်လီက ခုချိန်မှာ သုံးဆယ်ကျော်ပြီ။ ထူးဆန်းတာက ခုတွေ့နေရသော ဗယာကြော်သည်လေးသည် သံဂေါ်လီငယ်ငယ်ကနှင့် တစ်ပုံစံတည်း။

"လာပါဦးကွ"

"ဗယာကြော်လားဆရာ၊ တစ်ခု သုံးဆယ့်ငါးပြား။ တစ်ကျပ်ဖိုးသုံးခု"

"မဟုတ်ပါဘူးကွ၊ မေးစရာရှိလို့ပါ။ မင်းအဖေနာမည် ဘယ်သူလဲ"

ကောင်လေးက ပြောသည်။ ကျွန်တော် မခေါ်တက်ခဲ့သောနာမည်။ သံဂေါ်လီ၏ နာမည်။

"မင်းအဖေ အခု ဘယ်မှာနေလဲ"

"ဆိုင်မှာရှိတယ်ဆရာ"

"ငါ့ကိုလိုက်ပြစမ်း"

ကောင်လေးနောက်က လိုက်သွားသည်။ ရွှေဘိုဆောင်ဘေးမှဖြတ်၍ စကြံအတိုင်း။ ဘာကြောင့်မှန်းမသိ၊ သံဂေါ်လီနှင့် တွေ့ရတော့မည်ဆို၍ ကျွန်တော်ရင်တွေ ခုန်နေမိသည်။

"ဟိုမှာဆရာ"

အရင်က သံဂေါ်လီတို့အမေ ဗယာကြော်ကြော်ခဲ့သော နေရာမှာပင် ကုလားမတစ်ယောက်ကြော်နေသည်ကို တွေ့ရသည်။ ဘေးမှာ သံဂေါ်လီ ရပ်နေ၏။ သူသည် အသက်သုံးဆယ်ကျော်သာရှိသေးသော်လည်း တကယ့်လူကြီးတစ်ယောက်လို ရင့်ရော်နေပြီ။ သူ့သားက ပြ၍ သံဂေါ်လီပဲဟု သိရခြင်းဖြစ်၏။ သို့မဟုတ်လျှင်မမှတ်မိနိုင်။ အချိန်ကာလသည် သူတစ်ယောက်တည်းအပေါ် ကွက်၍သက်ရောက်သလားဟု ထင်ရ၏။

"ဟေ့ကောင် သံဂေါ်လီ"

ကျွန်တော် မနေနိုင်တော့ဘဲ အော်ခေါ်လိုက်သည်။ သူလှည့်ကြည့်သည်။ ချက်ချင်းမှတ်မိသည်။ ဝမ်းသာအားရ ပြေးလာသည်။ ကျွန်တော့်လက်ကို သူ့လက်ကြမ်းကြမ်းကြီးဖြင့် ဆုပ်ကိုင် လှမ်းပေးရင်း ...

"အစ်ကို အစ်ကို" ဟု ရေရွတ်နေသည်။

"မင်း မိန်းမရနေပြီပေါ့"

"ဟုတ်တယ်အစ်ကို၊ ကလေးငါးယောက်"

သူ့မိန်းမကို လှမ်းကြည့်သည်။ သူ့လိုပင် အသားမည်းသည်။ ရုပ်ဆိုးသည်။ ရင့်ရော်သည်။ ဗယာကြော် ကြော်ရင်းက အပူရှိန်နှင့် ဆီပူငွေ့ကြောင့် မျက်နှာကို ရှုံ့မဲ့၍ မျက်လုံးမှေးထားသည်။

ကျွန်တော် တစ်စုံတစ်ခု သတိရသွားသဖြင့်

"ဟေ့ကောင်၊ မင်းရဲ့ စံ့ဒီမားရောကွ သတိရသေးလား"

သူက မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီးမှ သြော်... ဆိုပြီး တဟားဟား ရယ်သည်။

"ကျွန်တော် မေ့တောင်နေတယ် ဟား ... ဟား၊ ငယ်ငယ်က အရူးထတာပါ။ သူနဲ့မရတာ ကံကောင်းပါတယ်။ စံဒီမားက သိပ်ဘဝင်မြင့်တယ်။ ဆွဲကြိုး ဆွဲချင်တယ်။ ကောင်းကောင်းစားချင်တယ်။ ကောင်းကောင်းဝတ်ချင်တယ်။ သူ့ယောကျ်ားလည်း သူ့ကြောင့် ထောင်ကျတာပဲ။ သူခိုးလို့ အလုပ်ထဲက ပစ္စည်းခိုးတာပေါ့။ ခုကျတော့ သူ့ကို တစ်ခါတလေ တွေ့ရင်တောင် မကြိုက်ချင်တော့ဘူး။ ငါးခြောက်လိုဖြစ်နေပြီ။ ဟား ... ဟား"

သူသည် ကျောင်းမှာ ညစောင့်လုပ်နေသည်ဟုပြောသည်။ ဇော်လင်း ဌာနမှာ ဆရာဖြစ်နေကြောင်း ပြောသဖြင့် သူဝမ်းသာသည်။ ဇော်လင်းကိုခေါ်ပြီး ပြန်လာခဲ့သည်။ ဦးချစ်ဆိုင်မှာ စောင့်နေဟု သူ့ကိုမှာသည်။

*

သံဂေါ်လီနှင့် လမ်းခွဲလာပြီးနောက် ဇော်လင်းဆီအသွား အပန်းဖြေရိပ်သာအနောက်ဘက် အရောက်တွင် ကွန်ကရစ်ခုံတန်းလျားလေးများကို ငေးကြည့်မိသည်။ စိတ်က အတိတ်ဆီသို့ ပြန်သည်။ ဇာတ်အနိမ့်အမြင့်၊ လူတန်းစားအလွှာ ကွာခြားမှုမရှိသော်လည်း နိုင်ငံခြားဖြစ် ဒေါက်မြင့်ဖိနပ်တစ်ရန်နှင့် ကဗျာတစ်ပုဒ်တို့၏ ပဋိပက္ခကြောင့် လမ်းခွဲရသော မိန်းမတစ်ယောက်။ ခုအခါတွင် သူသည် သံအရာရှိကတော်အဖြစ် နိုင်ငံခြား တစ်နေရာရာမှာ အေးချမ်းသာယာစွာ ရှိနေလိမ့်မည်။ ကလေး ဘယ်နယောက်လဲ၊ လှကော လှသေးရဲ့လား။ သံဂေါ်လီပြောသလို ငါးခြောက်ဖြစ်နေမလား။ ပုံပျက်ပန်းပျက် ဝနေမလား။ ကျွန်တော့်မျက်စိထဲမှာတော့ ရှည်လျားနက်မှောင်သော ဆံပင်များကို ဥစ္စာစောင့်တစ်ယောက်လိုဖားလျားချ၍ ကွန်ကရစ်အုတ်ခုံပေါ်မှာထိုင်ရင်း ကျွန်တော်ပေးသော နှင်းဆီပန်း၏ ပွင့်ဖတ်များကို တစ်ချပ်ချင်းခြွေချနေသော သူ့ရုပ်လွှာကိုသာ မြင်မက်နေဆဲ။ ကျွန်တော် သူ့ကိုမမေ့။ ခုထိ လွမ်းမိုးတုန်း။ ခုထိ ချစ်ဆဲ။ သံဂေါ်လီနှင့် ပြန်တွေ့လို့ အစ်ကိုကော မိန်းမရပြီလားဟု မေးလာလျှင် ဘယ်လိုဖြေရမည် မသိချေ။

(ရန်နှံ့သစ် ၊ မေ ၊ ၁၉၈၈)

## ဇာတ်ဝင်ခန်း

ဝပ်နစ်ထောင်နှင့် ဝပ်ငါးထောင်အားရှိသော မီးမောင်းကြီးများ၏ အလင်းရောင်မှာ အလေ့အကျင့်မရှိသူဆိုလျှင် မျက်စိတွေပြာပြီး ကျိန်းစပ်ကုန်လိမ့်မည်။ မင်းသားတွေကတော့ မီးထိုးလိုက်ခါစမှာပင် မျက်လုံးတွေပိုပြီး အရောင်တောက်လာသေးသည်။ "ရိုက်မယ်၊ အားလုံးငြိမ်ပါ၊ စတတ်" အသံဖမ်းဆရာက အချက်ပေးလိုက်သည်။ ကင်မရာဆရာက ခလုတ်ဖွင့်ပြီး ကလက်ဟုအော်သည်။ ဂျပ်ရိုက်သမားသည် ကတ်ဆဲဗင်းဟု အော်ပြီး ရိုက်ကူးမည့် အခန်းနံပါတ်စဉ်ပြသော ကလက်ခေါ် သစ်သားပြား၏ အပေါ်မှ လျှာလေးကို ဒေါက်ခနဲမြည်အောင် ရိုက်လိုက်သည်။ သူထွက်သွားသောအခါ မင်းသား အမူအရာစလုပ်သည်။ သရော်တော်တော် မခိုးမခန့် ရယ်လိုက်ပြီး ... "အနီးကပ်ဆုံးလူဟာ နောက်ဆုံးမှ သတင်းကြားရတယ်ဆိုတာ သိပ်မှန်ပါလား ခင်သူဇာ" "ကတ်" ဒါရိုက်တာက အော်လိုက်သည်။ တစ်ခန်းပြီးသွားပြီ။ မီးမောင်းတွေ မှိတ်သွားသည်။ "ဘယ်လိုလဲဆရာ၊ ကြိုက်ရဲ့လား" မင်းသားကမေး၏။ ဒါရိုက်တာက အိုကေဟု ပြောသည်။ သူ့လက်ထောက်ဆီမှ ဇာတ်ညွှန်းစာအုပ် ဆွဲယူပြီး ... "ကတ်ကျော်ရိုက်မယ် ကိုစိုးရေ၊ ကင်မရာ ရွှေနည်းနည်းတိုးမယ်၊ ဘတ်စ်ယူမယ်နော်" ဓါတ်ပုံအဖွဲ့သားများက ကင်မရာကြီးကို ရွှေ့ကြသည်။ ဒါရိုက်တာက မင်းသားကို ပြောရမည့်စကားများနှင့် အမူအရာကို ပြနေသည်။ ရုပ်ရှင်ရိုက်ရာတွင် ဇာတ်လမ်းအစဉ်အဆက်အတိုင်း ရိုက်လေ့မရှိ။ ဥပမာ ခုလို မင်းသားမင်းသမီး အချီအချစကားပြောခန်းကို အစီအစဉ် အတိုင်း မင်းသားတစ်လှည့်၊ မင်းသမီးတစ်လှည့် ရိုက်နေလျှင် ကင်မရာကို ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက် လုပ်ရမည်။ အချိန်ကုန် လူပင်ပန်းဖြစ်မည်။ ထို့ကြောင့် မင်းသား အခန်းတွေချည်း ဆက်တိုက်ရိုက်သည်။ ပြီးမှ မင်းသမီးအလှည့်၊ နှစ်ယောက်တွဲခန်းပါလျှင် အလျဉ်းသင့်သလို ရိုက်သွားသည်။ ဒါ ကတ်ကျော်ရိုက်သည်ဟု ခေါ်၏။ ကားဆက်သည့် အခါကျမှ ဖလင်ကို ဖြတ်ပြီး အစီအစဉ်အတိုင်း ပြန်ဆက်ယူခြင်း ဖြစ်၏။ တစ်ခါတလေ နောက်ဆုံးမှ ပြရမည့် အခန်းကို အရင်ရိုက်ချင် ရိုက်တက်သည်။ ရုပ်ရှင်ရိုက်တာ မမြင်ဖူး၍ လာကြည့်သူများမှာ မင်းသားမင်းသမီး ကြည့်ရတာလောက်သာ အရသာရှိသည်။ ရုပ်ရှင်ပြသည့်အခါ ငါးစက္ကန့်လောက်သာ ကြည့်ရမည့် အခန်းကို ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက် ပြင်ဆင်နေရတာမြင်ပြီး ပျင်းရိငြီးငွေ့သွားတက်သည်။ ရိုက်သည့်အခန်းတွေကလည်း ဟိုခုန်ဒီကျော်နှင့် ဘယ်လိုခံစားရမည်မှန်းမသိ။ တချို့ဆိုလျှင် ထိုင်ရတာကြာတော့ ညောင်းညာပြီး တသမ်းသမ်းတဝေဝေ ဖြစ်စပြုလာ၏။ ခုရိုက်နေသည့်အခန်းမှာ မင်းသမီးကို မင်းသားက သစ္စာမရှိကြောင်း စွပ်စွဲနေသည့်အခန်းဖြစ်၏။ စကားလုံးတွေ ပိုကြမ်းလာသလို တစ်ခန်းပြီးတစ်ခန်း ကင်မရာရွေ့တိုးတိုးပြီး ရိုက်သွားသည်။ တတိယအခန်း ရိုက်ပြီးချိန်တွင် မင်းသမီး ရောက်လာသည်။ "နောက်ကျလှချည်လား" ဟု မင်းသားက ဆီး၍နှုတ်ဆက်သည်။ "မင်းသမီးရှင့်၊ ပြင်ရဆင်ရသေးတယ်။ အစ်ကို့လို ဟိုတယ် ဘားကောင်တာကနေ တန်းလာပြီး ရိုက်လို့ရတာမဟုတ်ဘူး"

ဟု ပြန်ပက်သည်။ "ပြင်ရဆင်ရတယ်ဆိုပြီး ဘာမှလည်း မလုပ်ရသေးပါလား" မင်းသမီးက ပြန်ပြောမနေတော့ဘဲ ဒါရိုက်တာဘက်လှည့်၍ ... "ဆံပင်ပုံစံ ဒီအတိုင်းကောင်းတယ်မဟုတ်လား" ဒါရိုက်တာက အသံတိမ်တိမ်ဖြင့် ... "ရိုးရိုးလေးပဲကောင်းပါတယ်" "ဘီးဆံပတ်လုပ်ရမလား" ဟု မင်းသမီးက ရိသည်။ ဒါမျိုး ကြုံဖူးပေါင်းများ၍ အရေထူနေပြီဖြစ်သော ဒါရိုက်တာက ... "အလိမ်အတွန့်လေးတွေ နည်းနည်းဖြုတ်လိုက်ရင်ရပါပြီ" "သေလိုက်ပါတော့ ဒီအလိမ်လေးတွေလုပ်ဖို့ တစ်နာရီလောက် ဒုက္ခခံခဲ့ရတာ" "ပလေးဘက်ကျတော့ လုပ်ပေ့ါကွာ" ဒါရိုက်တာက ချော့လိုက်၏။ မင်းသမီးက မိတ်ကပ်လုပ်ဦးမယ်ဆိုပြီး လှည့်အထွက် ဒါရိုက်တာက အကျီလက်ရှည်နော်ဟု လှမ်းသတိပေးသည်။ မင်းသမီးက ရက်စ်ဟု ပြောင်စပ်စပ်ပြောသွား၏။ မင်းသားအခန်းတွေ ဆက်ရိုက်သည်။ ပြီးသွားတော့ ဒါရိုက်တာက ... "မင်းသား မပြန်နဲ့ဦးနော် ၊ မင်းသမီးနဲ့ အဆုံကလေး ရိုက်စရာရှိသေးတယ်" မင်းသားက မျက်ခုံးနည်းနည်း တွန့်သွားပြီး သူ့တပည့်လက်မှ နာရီကို ကြည့်လိုက်၏။ ထိုစဉ်မှာ ဇာတ်ကားထုတ်လုပ်သူ မိန်းမကြီး အနားရောက်လာပြီး ... "ငါ့မောင် မောသွားပြီထင်တယ် ၊ ဟိုဘက်နားသွားနားပါလား။ ဒရင်းဘတ် ခင်းထားတယ်။ ရေခဲဘူးလည်း အဆင်သင့်ပဲ" ဟု ပြောလိုက်၏။ ထိုအခါကျမှ မင်းသားမျက်နှာ ကြည်သွားသည်။ ဒရင်းဘတ်၏ဘေးမှာ စားပွဲပုပုလေးတစ်လုံး။ ရေခဲဘူးကြီးတစ်လုံးနှင့်အတူ ကဏန်းလက်မကြော်၊ ပြည်ကြီးငါးသုပ်၊ အာလူးကြော်ပန်းကန်များပါ တွေ့ရ၏။ မင်းသားက ရေခဲဘူးကိုဖွင့်ပြီး ဘီယာတစ်ဘူး ထုတ်ယူလိုက်သည်။ သူ့အကြိုက် အဆာဟိဘီယာပင် ဖြစ်၏။

*

"ဒီလောက်ဆို ရတယ်မဟုတ်လား ဆရာ" ဟု မင်းသမီးကပြောရင်း အနားလာရပ်သည်။ မင်းသမီးပြင်ဆင်လာပုံမှာ မဆိုးလှ။ ဆံပင်ပုံစံကတော့ နည်းနည်းလွန်နေသည်။ ဒီလောက်တော့ အလိုလိုက်ရမှာပေ့ါဟု ဒါရိုက်တာက တွေးသည်။ ဘာပဲဖြစ်ဖြစ် ဒီမင်းသားမင်းသမီးတွေနှင့် အလုပ်လုပ်ရတာ မဆိုးလှ ။ စူပါတွေပီပီ နည်းနည်းအထွန့်တက်ချင်တာသော်လည်း အလုပ်ကျတော့ ပီပြင်အောင် လုပ်တက်၏။

"ကဲ ... ရိုက်ရအောင်"
ဟု ပြောပြီးမှ ဒါရိုက်တာ မျက်မှောင် ကုတ်သွား၏။
"မင်းသမီး ဆံွကြိုးမပါဘူးလား ၊ အသည်းပုံလော့ကတ်နဲ့ဟာ"
"အဲဒါ ကျွန်မဟာ မဟုတ်ဘူးလေ၊ ကုမ္ပဏီကထုတ်ပေးတာ သူတို့ဆီမှာ ရှိမှာပေါ့"
ရိုက်ကွင်းမန်နေဂျာကို မေးသည်။ ပါမလာဘူးဟု မျက်နှာပျက်ပျက်နှင့် ဖြေသည်။
"မပါလို့ရမလား၊ ဒီနေ့အခန်းက အဲဒီဆွဲကြိုး ပြန်ပေးရမယ့်အခန်း၊ ဒါမပါရင် ဘယ်လိုလုပ်ရိုက်မလဲ"
ဇာတ်ကားထုတ်လုပ်သူ မိန်းမကြီးရောက်လာပြီး ဘာဖြစ်တာလဲဟု ပြူးပြူးပျာပျာမေးသည်။ ပြီးတော့ ရိုက်ကွင်းမန်နေဂျာကို ကြိမ်းလေတော့သည်။
"မင်းတို့က ဒီအလုပ်လုပ်တာပဲ အိုသေတော့မယ်။ လိုတဲ့ပစ္စည်းအကုန်လုံး အဆင်သင့်ဖြစ်အောင် လုပ်ထားမှပေါ့။ ဒီမှာ အချိန်ကို ငွေနဲ့စက်ဝယ်ပြီး လုပ်နေရတာ" ရိုက်ကွင်းပေါ်မှာ လိုအပ်သည့် ပစ္စည်းမှန်သမျှ ရိုက်ကွင်းမန်နေဂျာ၏ တာဝန်ဖြစ်၏။ သို့ရာတွင် သူကလည်း သူနိုင်သောသူကို လှည့်ဟောက်သည်။ ဇာတ်လမ်းမှတ်တမ်းတင်သည့် ကောင်လေးကို ...
"မင်းကို ငါသေသေချာချာပြောတယ်၊ ဒီနေ့ရိုက်မယ့် အခန်းအတွက်လိုတဲ့စာရင်းအပြည့်အစုံ လုပ်ထားပါလို့"
ဇာတ်လမ်းမှတ်တမ်းတင်သည့် ကောင်လေးကတော့ လှည့်ဟောက်စရာ လူမရှိ။ သူ့နောက်မှာ နံရံပဲရှိတော့သည်။ ဆွဲကြိုးနှင့် လော့ကတ်ကို သွားယူရသည်။ ဘယ်လောက်မြန်အောင်သွားသွား နာရီဝက်လောက်တော့ အချိန်ပုပ်သွား၏။ ဒီနေ့အခန်းက အရေးကြီးသည်။ ဇာတ်ဝင်ခန်းအရ အရေးကြီးသလို အချိန်အရလည်း အရေးကြီးသည်။ ဒီအခန်းကို ဒီနေ့ပြတ်အောင် ရိုက်ရမည်။ ဒီအခန်းပြီးလျှင် ဇာတ်ကားတစ်ခုလုံး ပြီးပြတ်ပြီး အမြန်ဆုံး ကူး၊ ဆေး၊ အသံသွင်း၊ တည်းဖြတ်ပြီး ဆင်ဆာတင်ဖို့သာ ရှိ၏။ ဒီနေ့ မပြတ်လျှင်တော့ အကုန်လုံး ကသီလင်တ ဖြစ်ရတော့မည်။
အကြောင်းမှာ နက်ဖြန်ဆိုလျှင် မင်းသားရော မင်းသမီးပါ တခြားဇာတ်ကားတွေရိုက်ဖို့ နယ်ထွက်ရမည်။ ပြန်လာတော့လည်း တခြားရက်ချိန်းတွေအပြည့်။ လုပ်ငန်းတစ်လလောက် ဖင့်နွှေးသွားနိုင်၏။ ထို့ကြောင့် ဒီနေ့ မပြီးပြီးအောင် ရိုက်ရမည်။
မင်းသားမင်းသမီး နှစ်ယောက်တွဲခန်းတွေ ရိုက်သည်။ အားလုံး အဆင်ပြေပြေပြီးသွား၏။ နှစ်ယောက်စလုံး ကြိုးကြိုးစားစား သရုပ်ဆောင်ကြသဖြင့် ကျေနပ်အားရစရာကောင်းသည်။ မင်းသားသည် ဘီယာတစ်ဘူးလက်ကကိုင်ရင်း တာ့တာလုပ်ပြီး ပြန်သွား၏။ မင်းသမီးအခန်းတွေ ကျန်သေးသည်။ ပထမတစ်ခန်းရိုက်ရမှာပင် ကင်မရာပျက်သွားသည်။ ကလောပင်နီယံဆိုတာ ကြွေသွားခြင်းဖြစ်၏။ အပိုပစ္စည်း အဆင်သင့်ပါလို့ တော်သေးသည်။ ဖြုတ်တာတပ်တာနှင့် အချိန်တော့ လင့်ရပြန်သည်။
ဒါရိုက်တာ စိတ်တိုလာပြီ။ ထုတ်လုပ်သူ မိန်းမကြီး စိတ်ပူလာပြီ။ မင်းသမီး ညည်းညူစပြုလာပြီ။ ရိုက်ကွင်းမန်နေဂျာ ပျာယာခတ်လာပြီ။ ညဦးနက်စပြုလာပြီ။ ကင်မရာပြင်ပြီးတော့ ဆက်တိုက်ရိုက်ဖို့ ပြင်ဆင်သည်။ ထိုအခန်းက အရေးကြီးသည်။ မင်းသမီး အကယ်အမီရနိုင်သည့်အခန်း ဖြစ်၏။ စကားလုံးအရှည်ကြီး ဆက်တိုက်ပြောရမည်။ ပြီးတော့ ဆွဲကြိုးလေးကို ဆွဲဖြုတ်ပေးရမည်။ မင်းသမီးသည် ဈာန်ဝင်စားအောင် အတော်ကြိုးစားနေသည်။ ချောင်တစ်ချောင်မှာ တစ်ယောက်တည်းထိုင်ပြီး ပြောရမည့်စကားလုံးတွေ တတွက်တွက်ရွတ်ရင်း လေ့ကျင့်နေ၏။ အတော်ကြာတော့မှ ရပြီဆိုပြီး ရိုက်ကွင်းပေါ်တက်လာသည်။ မင်းသမီး၏ အခြေအနေကိုကြည့်ပြီး ဒါရိုက်တာ ကျေနပ်သွားသည်။ တကယ်လုပ်တော့မည်။
မီးမောင်းကြီးတွေ ထိုးလိုက်သည်။ အသံဖမ်းဆရာ အချက်ပေးသည်။ ကင်မရာမောင်းသည်။ ကလက်။ ပြီးတော့ ...
"ဒီမှာကိုကို၊ ကိုကို့ကို လူကြီးတွေသဘောတူလို့ ယူခဲ့ရတယ်ဆိုပေမယ့် သူဇာ တစ်သက်လုံး ကိုကို့အပေါ်မှာ သစ္စာရှိခဲ့ပါတယ်။ ဒါကို မယုံဘူး မဟုတ်လားဟင်"
ကင်မရာက တဖြည်းဖြည်း အနီးကပ်ဆွဲယူနေသည်။ မင်းသမီး၏ နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်လာသည်။ မျက်ရည်ဝဲလာ၏။ ကျလုကျခင်မှာ ခေါင်းကို တစ်ချက်မော့ပြီး ထိန်းသည်။ ချက်ချင်း မျက်နှာထားကို တင်း၍ ...
"အခုတော့ သူဇာရဲ့အချစ်၊ သူဇာရဲ့ သစ္စာတရားတွေဟာ"
ထိုစဉ်မှာပင် "အောက်အီးအီးအွတ်" ဟူ၍ ကြက်တွန်သံပေါ်လာသည်။
"ဟိုး"
တစ်ယောက်တစ်မျိုး ရေရွတ်လိုက်သည့် အသံတွေထဲက ဒါရိုက်တာ၏အသံ အကျယ်ဆုံး ထွက်လာသည်။
"ဘယ်ကကြက်လဲဟေ့"
"ဦးစံပရဲ့ကြက် ဆရာ"
"ခေါ်စမ်း ဦးစံပ"
ဦးစံပ ရောက်လာသောအခါ ဒါရိုက်တာ ဘာမှမပြောနိုင်ခင် ထုတ်လုပ်သူ မိန်းမကြီးက ဦးအောင်ဟောက်လိုက်သည်။

"ဒီကြက်က ဘယ်ကရောက်လာတာလဲ"
ဦးစံပမျက်နှာသေလေးနှင့် ...
"ကျွန်တော် တောကအပြန် ယူလာတာပါ"
"ရှင်ဟာ ရုပ်ရှင်ခြံထဲနေပြီး ဒီလောက်မှ နားမလည်ဘူးလား"
"ကဲ ... ကဲ ပြန်ရိုက်မယ်"
ဒါရိုက်တာက ဝင်ပြော၏။ မင်းသမီးက ...
"မုဒ်ဝင်အောင်လုပ်ရတာ လွယ်တာမဟုတ်ဘူး"
ဟု သုန်မှုန်စွာပြောသည်။
မီးမောင်းတွေပြန်ဖွင်၊ ရယ်ဒီ မောင်း၊ ကလက်၊ မင်းသမီး၊ စကားစပြော။
"အောက်အီးအီးအွတ်"
"ဟာ"
"လုပ်ပြန်ပြီ"
"သွားပါပြီ"
"ကိုစံပ"
အသံတွေ တစ်ပြိုင်တည်း ထွက်လာသည်။ ထုတ်လုပ်သူ မိန်းမကြီးသည် ကိုစံပကို ဝင်းဝင်းတောက်သော မျက်လုံးများနှင့် ကြည့်ပြီး ...
"ရှင့်ကြက်ကို သွားရှင်းပစ်လိုက်"
"ဟုတ် ... ဟုတ်ကဲ့"
ကိုစံပသည် ရုပ်ရှင်ခြံ၏ အစောင့်ကြီးဖြစ်၏။ သူဌေး၏ အမိန့်ကို နာခံရန်မှလွဲ၍ တခြားမရှိ။ ခဏကြာတော့ သူပြန်ရောက်လာသည်။ လက်ကလေးနောက်ပစ်၍ ယို့ယို့လေးရပ်ရင်း ...
"ပြီးပါပြီ"
ဟုပြောသည်။
"အိုကေ စမယ်"
မီးမောင်းတွေ ပြန်ဖွင့်ပြီး ရိုက်လက်စ အခန်းကို ဆက်ရိုက်သည်။ ကတ်ဆိုသော ဒါရိုက်တာ၏ အသံနှင့် အကယ်အမီရှော့ပဲဆိုသော ထုတ်လုပ်သူ၏အသံတို့ ရှေ့ဆင့်နောက်ဆင့် ပေါ်လာသည်။ မင်းသမီးသည် မျက်ရည်တွေတို့ရင်း ပြုံးနေ၏။ ကိုစံပကတော့ လည်လိမ်ဖတ်ကျိုးပြီး မရှူမလှ သေဆုံးခဲ့ရရှာသော သူ့ကြက်ကလေးကိုသာ မြင်ယောင်နေလေသည်။ ကြက်ဖကလေးမှာ မန်ကျည်းစေ့ရောင်ဖြစ်၏။ ခွပ်လက်ချပြီးခါစ မျိုးကောင်းတိုက်ကြက်ကလေး။ နှုတ်သီး ရေတံလျှောက်၊ အမြီးတံစဉ်ကောက်၊ အသံ ပုဆိန်ပေါက် ဆိုသော စာဆိုနှင့်ညီသည့် ကြက်ပျိုကလေး။ ကယ်တော့ ကြက်ဖကလေးမှာ ရုပ်ရှင်ရိုက်တာကို အနှောင့်အယှက် ပေးလို၍မဟုတ်ပါ။ သူ့မှာ လက်ပတ်နာရီမရှိသည့်တိုင် အချိန်ကျလာလျှင် မတွန်ဘဲ မနေနိုင်သော ဗီဇက သွေးထဲသားထဲက ပါလာခြင်းဖြစ်၏။ ထို့အပြင် ကြက်ဖလေးသည် ရုပ်ရှင်ကိုလည်း တစ်ခါမှ ကြည့်ဖူးရှာသူ မဟုတ်ပါ။

(ရှင်ခုန်ပွင့်၊ မေ ၊ ၁၉၉၀)

အခုဆိုရင် ကျွန်တော်ရိုက်တင်နေတဲ့ မင်းလူရဲ့ လမ်းဖြတ်ကူးသောဝတ္ထုတိုများဆိုတဲ့ ဝတ္ထုတိုစုလေးဟာ တစ်အုပ်လုံးပြီးဆုံးသွားခဲ့ပါပြီ ..။ ဘယ်သူဖတ်သည် ဖြစ်စေ မဖတ်သည် ဖြစ်စေ ကျွန်တော်ကတော့ ဖတ်စေချင်တဲ့ စေတနာကြောင့် တစ်အုပ်လုံးရိုက်တင်ပေးခဲ့ပါပြီ ..။ အားလုံး ၂၅ ပုဒ်ရှိပါတယ် ..။ လူ့သဘာဝနဲ့ နီးစပ်တဲ့ ဝတ္ထုတိုလေးတွေပါ ..။ အခု Best Seller ဖြစ်နေတဲ့ မင်းလူရဲ့ စာရေးဆရာဘဝအစက ဝတ္ထုလေးတွေလဲဖြစ်ပါတယ် ..။ ပြီးတော့ ပထမဆုံးဖော်ပြခဲ့တဲ့ မဂ္ဂဇင်းနဲ့ ထုတ်ဝေတဲ့ လ ၊ ခုနှစ်ပါ ဖော်ပြပေးထားနိုင်တဲ့ အတွက် ဝတ္ထုတွေရဲ့ သက်တမ်းကိုပါ လေ့လာနိုင်ပါတယ် ..။ အဲဒါနဲ့ တဆက်တည်း အဲဒီခေတ်က အခြေအနေ (ဥပမာ .. ငွေကြေးတန်ဖိုး ) အစရှိသဖြင့်သိနိုင်ပါတယ် ..။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မြန်မာဆိုက်ဘာရဲ့ စာအုပ်စင်ကြီးအတွက် အထိုက်အလျောက်အကျိုးရှိတာ တစ်ခုပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ် ခင်ဗျာ ..။

With Respect
အင်ဒီ